# ထားဝယ်ရာဇဝင်သမိုင်း



စာရေးဆရာကြီး

ရွှေဝယ်ဧ

ဒုတိယအကြိမ်

## ဤစာအုပ်သည်

တားဝယ်၏ - ဘာသာရေး

- သာသနာရေး
- ရိုးရာဓလေ့ထုံးစံများ
- စကားအပြောအဆိုအသုံးအနှု
- စာပေအရေးအသား
- အဆောက်အဦးများ
- တက္ကသိုလ်နှင့် ကောလိပ်
  ကျောင်းသူကျောင်းသားများ
  စာသင်ကျောင်းများ
  စာကြည့်တိုက်များ
- ဌာနဆိုင်ရာများ

အစရှိသည့် ယဉ်ကျေးမှု အမွေအနှစ်များကို ဖေါ်ထုတ်
သမိုင်း ရာဇဝင် ဖြစ်ရပ်များကို စိတ်ဝင်စားဖွယ်ရာ နှ
ဗဟုသုတရဖွယ် အတိအကျ တင်ပြထားသဖြင့် သုတေ
အပေါင်းတို့သည် အမှတ်တရ ထိန်းသိမ်းထားသင့်သေ
သမိုင်းကြောင်း စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

စာရေးဆရာကြီး

ရွှေဝယ်ဧ

၏

# "ထားဝယ်ရာဇဝင်သမိုင်း"

ကြီးပွားရေးစာအုပ်တိုက်

ကြီးပွားရေးမီနီမတ်ကက်

မြန်မာ့ကြီးပွားရေးကုန်မာတိုက်

တို့တွင်

ရနိုင်ပါသည်။

အမှတ်(၁၈)၊ အာဇာနည်လမ်းနှင့် ဦးကျော်ရင်

လမ်းထောင့်၊ မင်္ဂလာဈေးသစ်ကြီး၊ မြေညီထပ်၊

တနင်္သာရီတိုင်း၊ ထားဝယ်မြို့။

ဖုန်း–၀၅၉–၂၁၇၃၀၊ ၂၁၀၉၁၊ ၂၁၄၇၈

# ထားဝယ်ရာဇဝင်သမိုင်း

မှ -

-----------------------------------

-----------------------------------

-----------------------------------

သို့ -

-----------------------------------

-----------------------------------

-----------------------------------

နေ့စွဲ -------------------

မေတ္တာလက်ဆောင်ပေးပါသည်။

## ဒို့တာဝန်အရေး ၃ ပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် ၄ ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် ၄ ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာရေးဆရာကြီး "ရွှေဝယ်ဇ"

⇩

# ထားဝယ်ရာဇဝင်သမိုင်း

တနင်္သာရီတိုင်း ထားဝယ်ခရိုင်၏ ကျက်သရေဆောင်

သမိုင်းဝင်ဘုရားများ၊ ဓာတ်တော်ပေါင်းများစွာ၊ အမျိုးမျိုးသော
ယဉ်ကျေးမှု အမွေအနှစ်များ စုပေါင်း ပါဝင်သည်။

ဖြန့်ချိမှုလုံးဝတာဝန်ခံ

**ကြီးပွားရေးစာအုပ်တိုက်**

မင်္ဂလာဈေးသစ်ကြီး

အမှတ် (၁၈)၊ အာဇာနည်လမ်း၊ ဦးကျော်ရင်လမ်းထောင့်၊ မြေညီထပ်
တနင်္သာရီတိုင်း၊ ထားဝယ်မြို့။

ဖုန်း - ၀၅၉-၂၁၇၃၀၊ ၂၁၀၉၁၊ ၂၁၄၇၈

ကောဇာ - ၁၃၆၇ သာသနာ ၂၅၄၉ ခရစ် - ၂၀၀၅

# "ပုံနှိပ်မှတ်တမ်း"


✣ စာမူခွင့်ပြုချက်အမှတ် - ၃၂၀၃၂၅၀၅၀၅

✣ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၄၀၉၀၅၀၇

✣ မျက်နှာဖုံးပန်းချီ - ဦးသောင်းဟန်

✣ အတွင်းဖလင် - ဦးထွန်းဆိုင်

✣ အတွင်းစာစီ - **ပုံရိပ်** ကွန်ပျူတာ
၁၇၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့။ ဖုန်း - ၃၇၉၅၀၄

✣ စာအုပ်ချုပ် -

✣ ပုံနှိပ်ခြင်း - ၁၉၇၄ ခု၊ အောက်တိုဘာလ (ပထမအကြိမ်)
- ၂၀၀၅ ခု၊ ဩဂုတ်လ (ဒုတိယအကြိမ်)

✣ ထုတ်ဝေခြင်း - ၂၀၀၅ ခု၊ ဩဂုတ်လ

✣ အုပ်ရေ - (၁၀၀၀)အုပ်

✣ တန်ဖိုး -

✣ ထုတ်ဝေသူ - ဒေါ်မိမိလှိုင်၊ မိုးကျော်စာပေ
အမှတ် (၁၂၉)၊ မိးဒုံးလမ်း၊ သုဝဏ္ဏ

✣ ပုံနှိပ်သူ - ဒေါ်ကြည်ကြည်အေး (မြဲ ၀၃၂၅၅)
ဘီ-၁၈၊ အဏ္ဏဝါလမ်းသွယ် (၁)၊
ညောင်တန်းအိမ်ရာ၊ ဖုန်း - ၂၀၁၁၇၁

✣ ဖြန့်ချိရေး - **ကြီးပွားရေးစာအုပ်တိုက်**
အမှတ်(၁၈)၊ မြေညီထပ်၊ မင်္ဂလာဈေးသစ်ကြီး၊
အာဇာနည်လမ်း ၊ ဦးကျော်ရင်လမ်းထောင့်၊
ထားဝယ်မြို့ တနင်္သာရီတိုင်း။
ဖုန်း ၀၅၉ - ၂၁၇၃၀၊ ၂၁၀၉၁၊ ၂၁၄၇၈

## ဤ ထားဝယ်ရာဇဝင်သမိုင်းစာအုပ်

ဖြစ်မြောက်ပေါ်ထွက်ရေးအတွက် အဘက်ဘက်က ကူညီကြသော ပုဂ္ဂိုလ်များနှင့် အထူးသဖြင့် ကွယ်လွန်ကြကုန်သော စာရေးဆရာကြီး “ရွှေဝယ်ဇ”နှင့် ပထမဦးဆုံး တနင်္သာရီတိုင်း၏ ဥက္ကဋ္ဌကြီး နိုင်ငံတော်ကောင်စီဝင် “ဗိုလ်မှူးကြီးကျော်ဝင်း”တို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

## ဆန္ဒမွန်

ဤ "ထားဝယ်ရာဇဝင်သမိုင်း"သည်

မင်းစဉ် မင်းဆက်ကိုပြသော ရာဇဝင်ကြောင်းများနှင့် ခေတ်ရဲ့ ရေစီးကြောင်းအတိုင်း ဖြစ်ပေါ်လာသော သမိုင်းကြောင်းဖြစ်ရပ်မှန်များကို ရာဇဝင်လိုက်စားသူများ၊ သမိုင်းကြောင်းလေ့လာသူများသာမက **"ဘာသာဝင်၊ သာသနာဝင်၊ ဓာတုဝင်"** တို့ကို လေ့လာလိုက်စားသူ ဗဟုသုတ ရှာဖွေစုဆောင်းသူ သုတေသီပုဂ္ဂိုလ်များအတွက်-

ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ ကိုယ့်ထီးကိုယ့်နန်းနှင့် တစ်ပြည်ထောင် စိုးစံလာကြသည့် ထားဝယ် မင်းဆက်များကို ဇာတ်ကောင်များနှင့် ကိုယ်တိုင်တွေ့နေရသလို ဖော်ပြထားသည့်အပြင် မြန်မာရာဇဝင်ကို တိုးချဲ့ထားခြင်း။

မြန်မာ (၇)မျိုးတွင် တစ်မျိုး၊ မင်းနေပြည် (၂၀)တွင် တစ်ပြည် အပါအဝင်ဖြစ်သည့် **"ထားဝယ်ဘုရင် မင်းတရား"** ထီးနန်း တည်ထောင်စိုးစံပုံ၊ ၎င်း၏ ခမည်းတော်သည် ထားဝယ်မှတက်ရောက် အင်းဝနေပြည်တော် အရိုက်အရာ ထီးနန်းကို မည်သို့ရယူ၍ **"မင်းခေါင်"** ဘွဲ့အမည် ခံယူပြီး စိုးစံပုံ။

အနော်ရထာဘုရင်နှင့် ခေတ်ပြိုင် ထီးနန်းစိုးစံသော ရှင်ဇံ၊ ရှင်စော၊ စောမြဒေဝီမင်းတို့အကြောင်းမှစ၍-

ပေါက္ကံပြည်ရှင် အလောင်းစည်သူ မင်းကြီး၏ အနွယ်များ ဖြစ်သော ထောင့်ကွယ်မြို့ကို (ယခု ကြက်လွတ်ရွာ) တည်ထောင်ကြသော ကနိကဝတ်မင်းဆက်ကအစ စောသူရမင်း လက်ထက်အထိ၊ ၎င်းမှ တစ်ဖန် ပြောင်းရွှေ့၍ ဝေဒီမြို့ကို တည်ထောင်ကြပုံ၊ တဖန် မင်း အဆက်ဆက် စိုးစံပြီး ဗလစောရန်နိုင်ခေါ် စောသီလမင်း လက်ထက် အထိ အကြောင်းစုံ ဖော်ပြထားခြင်း။

မွန်နှင့်မြန်မာ ချစ်ကြည်ရေး ပေါင်းကူးတံတား တည်ဆောက်ထားခြင်း။

မင်းတုန်းမင်းကြီးက ထားဝယ်သူ မိဖုရားကြီး၏ မွေးရပ်ဇာတိမြေတွင် ကုသိုလ်အညွန့် တလွန့်လွန့် ကွန့်မြူးစေရန် ရည်သန်လျက် လျှူဒါန်းသော ဆုတောင်းပြည့် **"လောကမာရဇိန်"** ဘုရားကြီး၊ အုံ့ခြီးမကုန်ကမ္ဘာတွင် အကြီးဆုံးသော **"လောကသရဖူ ကျောင်းတော်မှု"** ရုပ်ပွားတော်စသည်များနှင့် ဓာတ်တော်ပေါင်းများစွာကို ဖော်ပြထားခြင်း။

တစ်နေရာမှ ရိုးရာဓလေ့ ယဉ်ကျေးမှုများကို မပျောက်မပျက်ရှင်သန်သစ်ဆန်းနေစေရန်နှင့် တခြားတစ်နေရာ တစ်ပြည်လုံးသို့ ပြန့်ပွား၊ သိ၊ ကြား၊ ဗဟုသုတ ကြွယ်ဝစေလိုခြင်း။

ခေတ်အလိုက် ထားဝယ်၏ သာယာရွှင်မြူး ကြည်နူးဖွယ်ရာများဖြစ်သော မောင်းမကန် ပင်လယ်စခန်း၊ ရေပူစမ်း၊ ဟိန္ဒားသတ္တုတွင်းများအကြောင်းကို ဖော်ပြထားခြင်း။

အထက်ပါအကြောင်းအရာ အဖြာဖြာတို့ကို သိစေလို၊ ကြားစေလို၊ ပြန့်ပွားစေလိုသော **"ဆန္ဒ"** ပင် ဖြစ်ပါသည်။

**အားလုံးကို ထပ်မံကျေးဇူးတင်ပါသည်။**

## ဆရာတော် ဦးဝိမလ၏ အမှာစာ

ထားဝယ်မြို့ ကြီးပွားရေးစာအုပ်တိုက်ပိုင်ရှင် ဦးတိုးစိန်ထံမှ ပေးပို့ထားသော စာရေးဆရာကြီး ရွှေဝယ်ဇ ရေးသားထားသည့် **"ထားဝယ်ရာဇဝင်သမိုင်း"** စာမူကို ကြည့်ရှုရာ -

လွန်ခဲ့သောနှစ်ပေါင်း ၄၀-လောက်က ဆရာတော် ထားဝယ်တွင် ရှိနေစဉ် ဦးဇင်းဘာ ရေးသားဖူးသော ထားဝယ်ရာဇဝင်ကဲ့သို့ ဖြစ်နေမလားဟု အထင်အမြင် သေးမိ၏။

အသေအချာ ကြည့်ရှုသောအခါ စာရေးဆရာကြီး ရွှေဝယ်ဇ ရေးသားထားသော ထားဝယ်ရာဇဝင် သမိုင်းကား အလွန်ခေတ်မီပါသည်။ ခေတ်မီပုံကား တနင်္သာရီတိုင်း၏မြို့တော် ထားဝယ်မြို့နှင့် ပတ်ဝန်းကျင်ရှိ မြို့, ရွာ, တောတောင်ဒေသတို့တွင် သာသနာရေးမျက်စိနှင့်ကြည့်က စေတီတော်, ပုထိုးတော်, ရုပ်ပွား ဆင်းတုတော်များ၊ သိမ်, တန်ဆောင်း, ကျောင်းကန်ဇရပ်များ၊ ရာဇဝင်မျက်စိနှင့်ကြည့်က ယွန်းမင်း, ရှမ်းမင်း, မွန်မြန်မာမင်းအဆက်ဆက် စိုးစံခဲ့သော မြို့ဟောင်း, မြို့ရိုး, ကျုံးစသော ရှေးယဉ်ကျေးမှုများ တောတောင် ဒေသအသီးသီး သမိုင်းဝင်များကို ဓာတ်ပုံ ၃၀-ကျော်ပါ ထည့်သွင်း ညွှန်ပြထားခြင်း -

ထားဝယ်ရာဇဝင်သမိုင်းစာအုပ်ကို လှန်ပြီး ဖတ်ရှုလိုက်သည်နှင့်ပင် စာရေးဆရာကြီး ရွှေဝယ်ဇကိုယ်တိုင် လိုက်ပြနေသည့်အလား စိတ်ဝင်စားပြီး ထားဝယ်သို့ တစ်ခါတစ်ခေါက်မှ မရောက်ဖူးသော သူများနှင့် ထားဝယ်သူ ထားဝယ်သားများပင် မကြားဖူး မတွေ့ဖူးသော ထားဝယ်ပတ်ဝန်းကျင် တောတောင်ဒေသ ဌာနအသီးသီးသို့ ရောက်နေသည့်အလား ဖြစ်ပေသည်။

ဆရာတော်ကိုယ်တိုင်ပင် အထူးစိတ်ဝင်စားပြီး သိလိုသော ထားဝယ်မြို့ ရွှေမုဋ္ဌောနားတွင် လှည်းကြောင်းတောစေတီသည် ထီးတော်တင်တိုင်း မိုးကြိုးခတာ ဘာကြောင့် မိုးကြိုးခသည်ကို ဤရာဇဝင်သမိုင်းတွင် တွေ့မြင်ရသဖြင့် အလွန်ဝမ်းမြောက်မိ၏။

လှည်းကြောင်းတောစေတီကို လွန်ခဲ့သောနှစ်ပေါင်း ၄၀-ကျော်က အသစ်ထပ်မံ တည်ဆောက်ပြီး ထီးတော်တင်ရာ မိုးကြိုးမခတော့ကြောင်း၊ မခရခြင်းကား ဆရာတော်ကြီးတစ်ပါးက မိုးကြိုးလွှဲအန္တရာယ်ကင်း အင်းကို အုတ်မြတ်ချရာတွင် ထည့်သွင်းထားမှုကြောင့်ဟု သိရပြီး **ထားဝယ် ဘုမ္မော်ဆရာတော် ဦးရေဝတထံမှ** လွန်ခဲ့သော ၅-နှစ်လောက်က ထိုအင်းကို ရထားသဖြင့် ဆရာတော် နာယကအနေဖြင့် ချင်းပြည်နယ်၊ မွန်ပြည်နယ် များတွင် စေတီတော်တည်ရာ၌ အုတ်မြစ်ချရာတွင် ထည့်သွင်း ဌာပနာရပါသည်။ ထိုစေတီတော်ကို မိုးကြိုးဘာကြောင့် မခသည်ကို ဤရာဇဝင်သမိုင်းတွင် တွေ့မြင်ရပါသောကြောင့် စာရေးဆရာကြီး ရွှေဝယ်ဇအား အထူးကျေးဇူးတင်ပါကြောင်း။

**ဆရာတော် ဦးဝိမလ**

မင်းကျောင်းသစ်

သရက်တောကျောင်းတိုက်

လမ်းမတော်၊ ရန်ကုန်မြို့။

ဆရာတော်ဦးဝိမလသည် လွန်ခဲ့သော နှစ်ပေါင်း(၄၀) လောက်က ထားဝယ်မြို့၊ ဆင်ဆိပ်ကျောင်းသစ် ဆင်ဆိပ်ဆရာတော်ကြီး ထံတွင် ဆည်းကပ်ခါ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ဓာတ်စာ ပညာများကို ၁၅ နှစ်ကျော် ခန့်မျှ လေ့လာသင်ကြားရင်းပင်လျှင် ထားဝယ်၏ဒေသန္တရ ရာဇဝင်သမိုင်း ဗဟုသုတများကို စုံစမ်းရှာဖွေ လေ့လာတော်မူသော ဆရာတော်တစ်ပါးဖြစ်ပါသည်။

**ရွှေဝယ်ဇ**

ထားဝယ်ရာဇဝင်သမိုင်း



စာရေးဆရာကြီး "ရွှေဝယ်" အသက် ၈၂ - နှစ်ပုံ။

## စာရေးသူ၏ နောက်ခံအကြောင်း

ဤစာအုပ်ရေးသားသူမှာ ထားဝယ်မြို့၊ ဇရစ်ရပ် ကုန်သည် ဦးရွှေသောင်-ဒေါ်မြိုင်သူ မိဘနှစ်ဦးမှ မွေးဖွားသည့် သားယောကျ်ား ၃-ယောက်အနက် သားလတ်ဖြစ်ပါသည်။ အစ်ကိုမှာ ယစ်မျိုးအရာရှိ အငြိမ်းစား ဘဝနှင့် ရန်ကုန်မြို့၌လည်းကောင်း၊ ညီမှာ မြေတိုင်းရုံးစာရေးကြီး အငြိမ်းစားဘဝနှင့် ထားဝယ်မြို့၌လည်းကောင်း ကွယ်လွန်ကြပါသည်။

ဤစာရေးသူမှာ ကောဇာသက္ကရာဇ် ၁၂၅၄-ခုနှစ် တန်ခူး လဆန်း ၈-ရက်နေ့တွင် မွေးဖွား၍ ပညာ အရည်အချင်းမှာ မြန်မာ သတ္တမတန်းနှင့် အလယ်တန်းဆရာအဖြစ် စာမေးပွဲအောင်မြင်ပြီး ကျောင်းဆရာအလုပ်ဖြင့် အမှုထမ်းခဲ့ရာ ခရစ်သက္ကရာဇ် ၁၉၅၂-ခုနှစ်တွင် အငြိမ်းစားရရှိပါသည်။ အမည်ရင်းမှာ ဦးဘအေး ဖြစ်ပါသည်။

ကျောင်းဆရာဘဝနှင့် လုပ်ကိုင်နေရင်း ခရစ်သက္ကရာဇ် ၁၉၁၂-ခုနှစ်ကစ၍ ရန်ကုန်မြို့ ဟံသာဝတီ သတင်းစာတွင် အဦးအစ ထားဝယ်သူ **"မပြုံးကြည်"** ကလောင်အမည်ဖြင့် ရေးသားပြီး ယင်းခေတ်ထုတ် စာနယ်ဇင်းများအချို့တွင် ကြိုးကြားကြိုးကြား ရေးသားခဲ့ပါသည်။

ယင်းနောက် ဒုတိယကမ္ဘာစစ် (ဂျပန်ဝင်ခါနီး) အချိန်တွင် လူထု ဦးလှနှင့်တကွ စာရေးဆရာအချို့တို့က မိန်းမကလောင်အမည်နှင့် မရေးဘဲ ယောကျ်ားကလောင်အမည်နှင့် ရေးသားမှ သဘာဝကျမည် ဟူ၍ အကြံဉာဏ် ပေးကြသည့်အတိုင်း ထားဝယ်သူ မပြုံးကြည် အမည်မှ **"ရွှေဝယ်ဓ"** ကလောင်အမည်သို့ ပြောင်းကာ လူထုဦးလှ၏ ကြီးပွားရေး မဂ္ဂဇင်းမှ အစပြု၍ ရေးသားခဲ့ရာ ယခုတိုင်ပင်ဖြစ်၍ အသက် ၈၂-နှစ် ရှိပြီဖြစ်သော်လည်း ယနေ့အထိ သတင်းစာ မဂ္ဂဇင်း ဂျာနယ်များတွင် ဆောင်းပါးများ အဆက်မပြတ် ရေးသားလျက် ထားဝယ်မြို့ ရှမ်းမ လည်ဆွဲရပ် နေအိမ်တွင် ကျန်းမာရွှင်လန်းစွာ နေထိုင်လျက် ရှိပါသည်။

အမည်နှင့်လိုက်အောင် အေးအေးဆေးဆေး သွားလာနေထိုင် တတ်သော လူပျိုကြီး ဆရာကြီးရွှေဝယ်ဓ ဖြစ်ပါသည်။

# စာရေးသူ၏ နောက်ခံအကျဉ်း

ဤစာအုပ်ရေးသားသူမှာ ထားဝယ်မြို့၊ ဇရစ်ရပ် ကုန်သည် ဦးရွှေသောင်-ဒေါ်မြိုင်သူ မိဘနှစ်ဦးမှ မွေးဖွားသည့် သားယောကျ်ား ၃-ယောက်အနက် သားလတ်ဖြစ်ပါသည်။ အစ်ကိုမှာ ယစ်မျိုးအရာရှိ အငြိမ်းစား ဘဝနှင့် ရန်ကုန်မြို့၌လည်းကောင်း၊ ညီမှာ မြေတိုင်းရုံးစာရေးကြီး အငြိမ်းစားဘဝနှင့် ထားဝယ်မြို့၌လည်းကောင်း ကွယ်လွန်ကြပါသည်။

ဤစာရေးသူမှာ ကောဇာသက္ကရာဇ် ၁၂၅၄-ခုနှစ် တန်ခူး လဆန်း ၈-ရက်နေ့တွင် မွေးဖွား၍ ပညာ အရည်အချင်းမှာ မြန်မာ သတ္တမတန်းနှင့် အလယ်တန်းဆရာအဖြစ် စာမေးပွဲအောင်မြင်ပြီး ကျောင်းဆရာအလုပ်ဖြင့် အမှုထမ်းခဲ့ရာ ခရစ်သက္ကရာဇ် ၁၉၅၂-ခုနှစ်တွင် အငြိမ်းစားရရှိပါသည်။ အမည်ရင်းမှာ ဦးဘအေး ဖြစ်ပါသည်။

ကျောင်းဆရာဘဝနှင့် လုပ်ကိုင်နေရင်း ခရစ်သက္ကရာဇ် ၁၉၁၂-ခုနှစ်ကစ၍ ရန်ကုန်မြို့ ဟံသာဝတီ သတင်းစာတွင် အဦးအစ ထားဝယ်သူ **"မပြုံးကြည်"** ကလောင်အမည်ဖြင့် ရေးသားပြီး ယင်းခေတ်ထုတ် စာနယ်ဇင်းများအချို့တွင် ကြိုးကြားကြိုးကြား ရေးသားခဲ့ပါသည်။

ယင်းနောက် ဒုတိယကမ္ဘာစစ် (ဂျပန်ဝင်ခါနီး) အချိန်တွင် လူထု ဦးလှနှင့်တကွ စာရေးဆရာအချို့တို့က မိန်းမကလောင်အမည်နှင့် မရေးဘဲ ယောကျ်ားကလောင်အမည်နှင့် ရေးသားမှ သဘာဝကျမည် ဟူ၍ အကြံဉာဏ် ပေးကြသည့်အတိုင်း ထားဝယ်သူ မပြုံးကြည် အမည်မှ **"ရွှေဝယ်ဧ"** ကလောင်အမည်သို့ ပြောင်းကာ လူထုဦးလှ၏ ကြီးပွားရေး မဂ္ဂဇင်းမှ အစပြု၍ ရေးသားခဲ့ရာ ယခုတိုင်ပင်ဖြစ်၍ အသက် ၈၂-နှစ် ရှိပြီဖြစ်သော်လည်း ယနေ့အထိ သတင်းစာ မဂ္ဂဇင်း ဂျာနယ်များတွင် ဆောင်းပါးများ အဆက်မပြတ် ရေးသားလျက် ထားဝယ်မြို့ ရှမ်းမ လည်ဆွဲရပ် နေအိမ်တွင် ကျန်းမာရွှင်လန်းစွာ နေထိုင်လျက် ရှိပါသည်။

အမည်နှင့်လိုက်အောင် အေးအေးဆေးဆေး သွားလာနေထိုင် တတ်သော လူပျိုကြီး ဆရာကြီးရွှေဝယ်ဧ ဖြစ်ပါသည်။

## နိဒါန်း

**"ထားဝယ်ရာဇဝင်သမိုင်း"** ကို ရိုက်နှိပ်ဖြန့်ချိမည်ဟု ယခင်ကပင် ကြော်ငြာထားပြီး စာမူများ၊ ဓာတ်ပုံများ ပြည့်စုံနေသော်လည်း ရှားပါးသော စက္ကူအခြေအနေကြောင့် စောင့်ဆိုင်းနေခဲ့ရပါသည်။ တစ်ပြည်လုံးမှ စာဖတ်ပရိသတ်များ၊ ထားဝယ်မြို့နှင့် နယ်မှစာဖတ်ပရိသတ်များ အမှာစာနှင့်မေးမြန်းစာပေးပို့ကြသည့် နယ်ကိုယ်စားလှယ်များလည်း မနည်းပင် ဖြစ်ပါသည်။

**"ထားဝယ်ရာဇဝင်သမိုင်း စာအုပ်သည်"** သမိုင်းတင်မဟုတ်ဘဲ သာသနာဝင်ပါ ပါရှိနေသည်ကိုတွေ့ရှိရပါသည်။ သာသနာဝင် ဆိုသည်မှာ အရှင်ဂေါတမသာသနာပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤထားဝယ် ရာဇဝင်သမိုင်းစာအုပ်အစတွင် အရှင်ဂေါတမမြတ်စွာဘုရား ၁၁-ဝါမြောက်တွင် ချွတ်ထိုက်သော ဝေနေယျာတို့ကို ဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူရာ မြောက်ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံသွားပြီး အပြန်တွင် ဝေမိဿကတောင် (ယခု ကျောက်ထောင့်ရွာအနီး ကနန်းတောင်)၌ ဂဝံပတေ့ရသေ့၊ ဒူရကနတ်သား၊ ကုမ္ဘဏ္ဍာ နတ်ဘီလူးတို့ကို မြင်တော်မူ၍ ကြွတော်မူပြီးလျှင် ဂဝံပတေ့ရသေ့အား တရားဟောတော်မူ၍ ဟုတ်မှန်သော တရားတော်အတိုင်း အားထုတ်ရာ ဂဝံပတေ့ရသေ့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသွားကြောင်း၊ ပြီးနောက် မြတ်စွာဘုရားသခင်သည် ဦးခေါင်းတော်ကို သုံးသပ်၍ "ဒူရကနတ်သားနှင့် ကုမ္ဘဏ္ဍာနတ်ဘီလူးတို့အား ဆံတော်ဓာတ် ၃-ဆူကို ပေးအပ်ပြီး ဤဝေမိဿကတောင်၏မြောက်ဘက် ကုမ္ဘဏ္ဍာနတ်ဘီလူး၏ နေရာအနီး ဝေဿဝဏ္ဏကုန်းမြေ၌ ဌာပနာ ထားကြောင်း ၎င်းဌာပနာနေရာကို ကျောက်ကြီး၊ ကျောက်ငယ်တို့ဖြင့် အထပ်ထပ် လွှမ်းအုပ်၍ ထားရှိကြောင်းများ အဆိုရှိလေသည်။

နောင်အခါ၌ ၎င်းဆံတော်ဓာတ် ဌာပနာနေရာကို ကျောက်စေတီတည်၍ ထားရှိကြောင်း၊ ၎င်းကျောက် စေတီသည် ဆုတောင်းတိုင်း

ပြည့်စုံသည့်အတွက် **"ဆုတောင်းပြည့်ဆံတော်ရှင်စေတီတော်"** တွင် ကြောင်းနှင့် ဓာတုဝင်အဖြစ်ဖြင့်လည်း ကျွန်ုပ်တို့ ဖတ်ရှုရမည့်အပြင် ရာဇဝင်နှင့် သမိုင်းကြောင်းများကိုလည်း ကွက်ကွက် ကွင်းကွင်းနှင့် အထင်းသား အရှင်းသား ဆရာကြီး၏ စာပေရသများကို ခံစားဖတ်ရှု ရပေမည်။

ယခု ကျွန်ုပ်တို့ မျက်မြင်တွေ့နေရသော မြို့ရပ်ကွက်, ကျေးရွာများ၏ အမည်များ, စေတီရုပ်ပွားတော် များ၏ အမည်များ ဖြစ်ရင်းအစက ဘယ်လို နောင်ကာလ ရွေ့လျောလာသည့်အတွက် ဤသို့ဖြစ်လာသည်၊ (ဥပမာ) **"ဒေါင်းကူး"** မှ **"ဒေါင်းငူ"** ဖြစ်လာပုံ။

**"လုံးထွေး"** မှ **"လောင်းလုံး"** ဖြစ်လာပုံ စသည် စသည်ဖြင့် ကျွန်ုပ်တို့ ဖတ်ရှုကြရမည် ဖြစ်ပါသည်။

ထိုသို့ ထုတ်လုပ်ပုံနှိပ်ဖြန့်ချိ ဖတ်ရှုနိုင်ကြရန်မှာလည်း ရာဇဝင် သမိုင်းဆိုသည်မှာ ခုနှစ်သက္ကရာဇ်ကို တိတိကျကျ မှန်ကန်ရန် အရေးကြီး သဖြင့် ယခင့်ယခင်က ရိုက်နှိပ်ဖြန့်ချိလာခဲ့သည့် ရာဇဝင်သမိုင်း အရပ်ရပ်, အထပ်ထပ်သော ပေမူ, အဆူဆူသော ပုရပိုက်, မှတ်ထိုက် မှတ်သင့်ရာ လက်ရေးစာမူများနှင့် မှန်ကန် တိကျနိုင်သရွေ့ မှန်ကန် တိကျခြင်း ဖြစ်ရလေအောင် ကြိုးဆောင်ပြုပြင်ရေးသားထားခြင်းသည် ဆရာကြီး၏ ဇွဲဝီရိယကို သိမြင်နိုင်ပေသည်။

၎င်းပြင်,ဆရာကြီး၏ ပြောင်မြောက်သော စာမူတစ်ခုဖြစ်သည် နှင့်အညီ **"ကဗျာ"** - **"ဟာသ"** များပါ စွက်ဖက်ပြီး ဇာတ်လမ်းမိအောင် ရေးသားထားပုံများမှာ "ထားဝယ်၏ သာသနာရေး, ဘာသာရေး, ရိုးရာဓလေ့ ထုံးစံများ စကားအသုံးအနှုန်း ပြောဆိုမှု စာပေယဉ်ကျေးမှု များကို ကွက်ကွက်ကွင်းကွင်းမြင်ရမည်ဖြစ်ပြီး ထားဝယ်မြို့သို့ လူကိုယ်တိုင် ရောက်၍ ဘုရားများကို ဖူးမြော်ရသလို ရင်တွင်း၌ ခံစားဖတ်ရှုရမည့် အပြင် ယခု မျက်မှောက်ခေတ်၏ နောက်တွဲကလေးများအဖြစ် ထားဝယ်၏ ကျက်သရေဆောင် အခန်းကလေးများပါ ထည့်သွင်း

တင်ပြထားရာ တစ်ခါတစ်ခေါက် မရောက်ဖူးသူများအတွက် ဗဟုသုတ ဖြစ်ဖွယ် အဖိုးတန်လှပေသည်။

ဤကဲ့သို့ ပြည့်ပြည့်စုံစုံနှင့် **"ကျမ်းရင်းကြီးတစ်ကျမ်း"** ကဲ့သို့ ဖတ်ရှုနိုင်ကြစေရန် စာအုပ်တစ်အုပ် ဖြစ်မြောက် လာအောင် ငွေကုန် လူအပန်းခံပြီး စေတနာအရင်းခံထား၍ အားထုတ်ပေသော **"ထားဝယ်မြို့ ကြီးပွားရေး စာအုပ်တိုက်ရှင် ဦးတိုးစိန်"** ကလည်း အဘက်ဘက်က ပြည့်စုံသထက် ပြည့်စုံအောင် ရှားပါးသော ဓာတ်ပုံများ, ပါသင့် ပါထိုက်သော ဓာတ်ပုံများ, ဓာတ်ပုံဘလောက်ပေါင်း ၃၀-ကျော်ကို စာအုပ်အတွင်း သင့်ရာသင့်ရာ နေရာ စာမျက်နှာများတွင် ထည့်သွင်း ထားသည်ကိုလည်း ကျွန်ုပ်တို့ တွေ့မြင်ရမည် ဖတ်ရှုရမည်ဖြစ်သော **"ဤထားဝယ် ရာဇဝင်သမိုင်း"** သည် ဗဟုသုတ ဟင်းလေးအိုးကြီးသဖွယ် **အဘက်ဘက်မှပြည့်စုံသော စာအုပ်ကောင်းတစ်အုပ် ဖြစ်ကြောင်း** မှတ်တမ်းတင်အပ်ပါသည်။

ရေးသားစီစဉ်ထားသည့် စာမူ ဖတ်ရှုရသူအချို့ကလည်း "ဆရာတော်ဦးဝိမလ" ကဲ့သို့ပင် အမှာစာများ ရေးပို့ကြပါသည်။ သို့သော် ခက်ခဲရှားပါးသော စက္ကူကို ငဲ့ညှာရသဖြင့် အမှာစာများကို အားလုံး ထည့်သွင်း ဖော်မပြနိုင်သည်ကို သည်းခံကြပါရန် မေတ္တာရပ်ခံပါသည်။

ထို့ကြောင့် -

**ဖက်မတူ၊**
**စက္ကူက ခက်ခဲ။**
**တွေးဆကာ၊**
**ရေးရတာ မစုံစေ့တယ် -**
**ချုံးရွေ့သဘဲ။ ။**

## **မှီငြမ်းပြုသော စာအုပ်များ**

(၁) ကောဇာသက္ကရာဇ် ၁၂၅၇-ခုနှစ် ရန်ကုန်မြို့ ပုဇွန်တောင် ဆရာခရေးသည့် **"ထားဝယ်ရာဇဝင်ပြဇာတ်"**

(၂) ကောဇာသက္ကရာဇ် ၁၂၈၄-ခုနှစ် ဦးဇင်းဘာ (ခေါ်) ဦးစောလှိုင်ရေးသားသည့် **"ထားဝယ် ရာဇဝင်တော်ကြီး"**

(၃) ကောဇာသက္ကရာဇ် ၁၂၈၅-ခုနှစ် ဆရာမောင်ကြီး ရေးသားသည့် **"ရွှေမုဋ္ဌောဘုရားသမိုင်း"**

(၄) ကောဇာသက္ကရာဇ် ၁၂၈၆-ခုနှစ် ဦးဇင်းဘာ (ခေါ်) ဦးစောလှိုင်ရေးသားသည့် **"ဘုရားသမိုင်းတော်ကြီး ပေါင်းချုပ်"**

(၅) ကောဇာသက္ကရာဇ် ၁၂၈၆-ခုနှစ် ဆရာမောင်ကြီး ရေးသားသည့် **"ထားဝယ်ရာဇဝင် အကျဉ်းချုပ်"**

(၆) ခရစ်သက္ကရာဇ် ၁၉၃၇-ခုနှစ် ပညာဝန် ဦးဖိုးကျား ရေးသားသည့် **"ခေတ်မီမြန်မာရာဇဝင်အကျဉ်း"**

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| | **ဒူရကတိုင်း အောင်သာဝတီပြည် ကလိန်အောင်မြို့တည်ခြင်း** | |
| ၁ | ဆွမ်းကပ်လှူတော်မူကြခြင်း | ၁ |
| ၂ | ရှင်တော်ဘုရား ဗျာဒိတ်ကြား | ၂ |
| ၃ | ပတ္တမြားစေတီကြုတ် | ၃ |
| ၄ | ဆုတောင်းပြည့် ဆံတော်ရှင်သမိုင်း | ၄ |
| ၅ | ဆံတော်ရှင်စေတီတော်၏ ဌာပနာတိုက်ဖွင့်ခြင်း | ၇ |
| ၆ | ဆက်လက်ပြုပြင် ကုသိုလ်ရှင် | ၈ |
| | **ဆုတောင်းပြည့်မျှော်ရစ် (တစ်နည်း-မော်ရစ်)** | |
| ၁ | ဆံတော်ရှင်စေတီဘုရားသမိုင်းအကျဉ်း | ၁၂ |
| | **မှီအုံးတောင် ဘုရားစေတီတော်သမိုင်း** | |
| ၁ | စစ်မက်မပွားရန် သိကြားမင်းလျှောက်ထားခြင်း | ၁၉ |
| ၂ | ယောသိတရဟန္တာအား မင်း ၄-ပါး ဆွမ်းကပ်လှူခြင်း | |
| ၃ | မင်း ၄-ပါး မှီအုံးတောင်တွင် စေတီတော်တည်ခြင်း | ၂၃ |
| ၄ | တံခွန်စိုက်လူမျိုး ကျွန်သီးတော် | ၂၄ |
| | **သာဂရမြို့တည်ခြင်း** | |
| ၁ | ဘူမိဒေဝနဂရမြို့ | ၂၆ |
| ၂ | ဥဒေါင်းရာဇာ တောသာယာ | |
| ၃ | မောင်နွားမည်ရ လုဒ္ဒက | ၂၇ |
| ၄ | မုဆိုးမောင်နွား ဒေါင်းဖမ်းထွက်ခြင်း | |

၅ ဒေါင်းဖမ်းတွင်ထွန်း ရွာမော်ကွန်း ၂၈
၆ သရက်ချောင်းမြို့ ၃၀

ရှင်တောင့်ပုံ စေတီတော်သမိုင်း

၁ ရှင်တောင့်ပုံ ထားဝယ်ဒိန်းသံသီချင်း ၃၇
၂ ကလိန္ဒြတောင်မှ မှိုအုံးတောင်ခေါ်တွင်လာခြင်း ၃၈

သမန္တလျောင်းလျှာ စက္ကပါ

၁ သားကျွဲထီးကလေးမွေးခြင်း ၄၀
၂ လောင်းလုံးမြို့ ၄၂

နဘုလယ် စက်တော်ရာ ဘုရားသမိုင်း

၁ လက်ဝဲခြေတော်ရာတစ်ဆူ ချတော်မူခြင်း ၄၄
၂ ရေဖြူမြို့ ၄၇

စုမဒ္ဒီဒေဝီမိဖုရား သားတော်မွေးဖွားခြင်း

၁ ဘူမိဒေဝနဂရ မြို့တော်၌ ကောင်းကင်နိမိတ်ပြခြင်း ၄၈
၂ သားတော် သမန္တမင်းသားအား ထီးနန်းလွှဲအပ်ခြင်း ၄၉

သာဂရမြို့သစ်တည်ခြင်း

၁ နိဗ္ဗာန်လက်ဆောင်များ စေတီတော်တည်ခြင်း ၅၁

ရှင်ရသေ့နှင့် ငါးခုံးမကြီး

၁ နတ်သက်ကြွေ၍ ငါးခုံးမဖြစ်ရခြင်း ၅၃
၂ အိပ်မက်အရ ကလေး၂-ယောက်ကို ကောက်ယူမွေးမြူခြင်း ၅၄
၃ ငါးခုံးမ နတ်စိမ်းငို လေးချိုး ၅၇
၄ ငါးခုံးမသေကိုကြည့်၍ ဂေါဝိန္ဒရသေ့ ပြောဆိုပုံ ၅၉
၅ မောင်ဇံ, မယ်ဇော အမည်မှည့်ခြင်း ၆၁

## ရှင်ဇံ - ရှင်ဇော အမြွာမောင်နှမ


၁ ဖိုးသူတော်နှင့် မယ်ဇော, မောင်ဇံ ၆၃
၂ မိရင်းဖရင်းကို ဖွင့်ဟရန် ဆရာတော်အား မေး လျှောက်ခြင်း ၆၄
၃ မူလဇာတိကို သိရသဖြင့် မောင်နှမ ၂-ဦး ငိုကြွေးခြင်း ၆၅
၄ မောင်ဇံငို ဒွေးချိုး
၅ မယ်ဇောငို လေးချိုး ၆၆


## ရှင်ခေတ်ဝဲ စေတီတော်သမိုင်း


၁ ရှင်အရဟံ ကြွရောက်တော်မူလာခြင်း ၆၉
၂ မောင်နှမ ၂-ဦးအား စွယ်တော်ခေတ်တစ်ဆူ ချီးမြှင့်ခြင်း
၃ ခေတ်တော်လှူကြ မောင်နှမ ၇၀
၄ ခံတောင်မြင့် (ရပ်ခံတောင်) စေတီတော် ၇၃
၅ မောင်နှမ ၂-ယောက် ဘုရားတည်ကြခြင်း ၇၄
၆ ရှင်သလွန်စေတီတော် ၇၅


## သမန္တရာဇာ နတ်ရွာစံတော်မူခြင်း


၁ မင်းလောင်းရှာရန် ဝန်ကြီးများ ဆွေးနွေးခန်း ၇၆
၂ ဂေါဝိန္ဒရှင်ရသေ့ထံ ဝန်ကြီးများ လျှောက်ထားခြင်း ၇၈


## ဘုရင်သမ္မန်, ရှင်ဇံ, နန္ဒိယ


၁ ကုသိုလ်တော် ရှင်ခေတ်ဝဲဘုရားကို ထပ်မံ ပြုပြင်ခြင်း ၈၁
၂ ကော်ထောင်း ထားဝယ် တေးသီချင်းများ ၈၂
၃ ကော်စပ်နည်း ၈၄
၄ ထားဝယ် ဒိန်းသီချင်းများ ၈၅

**မယ်ဇောအား မိဖုရားမြှောက်ရန် ကြံစည်ခြင်း**

၁ မယ်ဇောငို လေးချိုး ၉၀
၂ မောင်မရှောင်ရှာဟု ခေါ်တွင်ခြင်း

**ကောက္ကသန်နှင့် မင်းသမ္ပန် ဆက်ဆံ မဟာမိတ်**

၁ ကောက္ကသန်မင်းနှင့် မယ်ဇော သဘောညီကြခြင်း ၉၂
၂ ဇလွန်းစေတီတော်တည်ခြင်း ၉၇

**ငါးခုံမ ရေသွန်းပွဲ**

၁ မယ်တော် ငါးခုံးမနတ်စိမ်းဝင်ပူးငို လေးချိုး ၉၈
၂ မယ်တော်နတ်မ ရေမြုးကစားခြင်း ၁၀၁
၃ ထားဝယ် မိုးခေါ်သီချင်း ၁၀၂

**ဖားထီး, ဖားမ မိုးခေါ်ပွဲ ကျင်းပခြင်း**

၁ ငါးရံ့မင်းအိုင် ၁၀၇
၂ ဆန်းချီရပ်မှ ဦးကြီး, ကျောက်မော်ရပ်မှ အမေအိုတို့ ဖားသင်္ဂြိုဟ်ကြခြင်း ၁၀၈
၃ ပွဲလာပရိသတ်များ ပွဲကျင်းပစဉ် ထီး, ဦးထုပ် မဆောင်းရ ၁၀၉

**ယွန်းမောင်နှမ နန်းလုကြ**

၁ တကူမင်းကြီး၏ အဆုံးအဖြတ်ကို ခံယူခြင်း ၁၁၁
၂ ဘုရားပြိုင်တည်ခြင်း
၃ "ဂျော" ဘုရား မိုးကြိုးခ ပြိုလဲခြင်း ၁၁၂

**ရွှေဂူတောင် စေတီတော်သမိုင်း**

၁ ရှင်ဇောက ကုသိုလ်တော် ရွှေအလှူ ပါဝင်ခြင်း ၁၁၅

## လှည်းကြောင်းတော စေတီတော်သမိုင်း


၁ “ဂျောဘုရား” (လှည်းကြောင်းတော) စေတီတော် မိုးကြိုးစက်မှ ကင်းလွတ်တော်မူခြင်း ၁၁၉
၂ ရွှေဂူတောင်စေတီတော်ကို ထပ်မံပြုပြင်ခြင်း ၁၂၀


## တကူမင်းကြီးနှင့် ချိုးဥမယ်


၁ သတိုးဥပရာဇာမင်းသား ဇင်းကျိုက်ဆရာတော်ထံ ပညာသင်ကြားခြင်း ၁၂၁
၂ သတိုးဥပရာဇာ, မဟာဗလ, ပညာဗလတို့ မိဘ ရပ်ထံ ပြန်ကြခြင်း ၁၂၂
၃ သတိုးဥပရာဇာနှင့် ချိုးဥမယ်တို့ ကြည်ဖြူကြခြင်း
၄ ချိုးဥမယ်ကို သိမ်းပိုက်ရန် တကူမင်းကြီး ကြံစည် တော်မူခြင်း ၁၂၅
၅ ချိုးဥမယ်အား ဆောင်ကြဉ်း၍ မင်းကြီးထံ ဆက်သခြင်း ၁၂၆
၆ စတုဒိသာ အလှူကြီးပေးရန် ခွင့်ပြုခြင်း ၁၂၇
၇ သတိုးဥပရာဇာနှင့် ချိုးဥမယ် လွတ်မြောက်ခြင်း


## ဝေဒီမြို့တည်ခြင်း


၁ ဝေဒီမြို့ကို မင်းအဆက်ဆက် စိုးစံအုပ်ချုပ်ခြင်း ၁၂၉
၂ စောသီလမင်းနှင့် မောင်ဗအဲ ကြက်တည်သွား ကြခြင်း ၁၃၀
၃ စောသီလမင်းကြီး စောပညာကို သိမ်းပိုက်ရန် အားထုတ်ခြင်း ၁၃၂
၄ ထားဝယ်ရိုး ကြက်ကိုး


## အလောင်းစည်သူမင်းကြီး ရောက်ရှိတော်မူခြင်း


၁ သင်းဖူးကျွန်းကို ဖောင်တော်နှင့်တိုက်ခြင်း ၁၃၄

၂ ကျွန်သီးတော် (ဘုရားကျွန်)
၃ ပိဋကတ်ကျွန်, ကျောင်းကျွန် ၁၃၅
၄ သထုံမနူဟာမင်းကို အခြွေအရံနှင့်တကွ ဘုရားသို့ လှူခြင်း ၁၃၇
၅ မိမိကိုယ်ကို ဘုရားသို့ လှူဒါန်းခြင်း ၁၃၈
၆ မွန်နှင့်မြန်မာ သွေးရင်းသားရင်းပါ ၁၄၀

## ရွှေမုဋ္ဌောဘုရားသမိုင်း

၁ အရှင်မဟာ အရဟံ ရဟန္တာအရှင်မြတ်သည် ရုပ်ပွားတော်မြတ်လေးဆူတို့အား ဓာတ်တော် သွင်းပြီး သစ္စာအဓိဋ္ဌာန်ပြု၍ မျှောလွှတ်တော်မူခြင်း ၁၄၃
၂ လေးဆူသော ရုပ်ပွားတော်များ ရောက်ရှိသည့် ဒေသများ ၁၄၇
၃ တစ်ဆူသော ရုပ်ပွားတော်သည် ထားဝယ်ချောင်းဝ သို့ မျောဝင် ကြွရောက်တော်မူခြင်း ၁၄၈
၄ ဝေတီ (ဝေဒီ) မင်းကြီး စောသီလသည် ရုပ်ပွား တော်မြတ်အား ပင့်ဆောင်သော်လည်းမပါဘဲရှိခြင်း
၅ ညောင်စင်ရွာ ၁၄၉
၆ ဖွားသီလရှင် အမှူးပြု၍ မုဋ္ဌောမြို့သူ မြို့သား များသည် ရုပ်ပွားတော်မြတ်အား ပင့်ဆောင်တော်မူခြင်း ၁၅၀

## မုတ္တသုခနဂရမြို့အကြောင်း

၁ မင်းဆွေနှင့် ဆံရှည်မ ၁၅၁
၂ မင်းဆွေနှင့် မဆံရှည်ကို မိဘများက သဘောတူ ကြခြင်း ၁၅၄
၃ သားလှရွှေသွေး လူကလေး ၁၅၅
၄ ဘုတ်မွေး ရင်သက်, တက်နက်, မောက်ချွန်း, မြီးဝန်း, တောင်ပံဖြူ ၁၅၆

၅ အင်းဝပြည်သွား ဆံရှည်မသား ၁၅၇
၆ ကြက်တိုက်မင်းသား ခရီးသွား

**မင်းဆွေမှာ မင်းခေါင်ကြီး အမည်နှင့် ဘုရင်ဖြစ်ရခြင်းအကြောင်း**

၁ နောင်တော်ဆင်ဖြူရှင် တရဖျားမင်း နတ်ရွာစံလွန်ခြင်း ၁၆၀
၂ အင်းဝရောက် မင်းသား ၁၆၂
၃ မြို့စောင့်နတ် အိပ်မက်ပေးပုံ
၄ မင်းခေါင်အား နတ်တို့ ခြိမ်းခြောက်ခြင်း ၁၆၄
၅ လူထူးလူဆန်း လူစွမ်းကောင်း ၁၆၅
၆ သားတော် "မင်းသား" အား ဒူရကတိုင်းသို့ ပြန်လွှတ်၍ မြို့ရွာ တည်ထောင်ခွင့်ပြုခြင်း ၁၆၇
၇ မုတ္တာသုခ နဂရမြို့တည်ခြင်း ၁၆၈
၈ "မင်းတရား" ဘွဲ့အမည်ခံယူ၍ ထီးဖြူအုပ်မိုး စိုးစံတော်မူခြင်း ၁၆၉
၉ မိဖုရားကြီးအကြံ ဝက်ဥာဏ် ၁၇၀
၁၀ မုတ်ဆေးထိ၍ မင်းတရား ရှူးသွပ်ခြင်း ၁၇၁
၁၁ တွေ့ရာသချိုင်း ဓားမဆိုင်း
၁၂ တစ်နပ်စာစီတောင် ၁၇၄
၁၃ မင်းတရားအား စောပညာက ဆေးကုသခြင်း ၁၇၅
၁၄ ဆေးတော်သစ္စာ ရွှေသဘော်နှင့် မျော၍လာ ၁၇၆
၁၅ မင်းတရား အရှူးပျောက်၍ ဆုတောင်းပြည့် ဘုရားကြီး တည်ထားကိုးကွယ်ခြင်း ၁၇၇
၁၆ မင်းတရားသည် စောပညာထံသို့ သွားခြင်း
၁၇ မင်းတရားနှင့် စောပညာ ၁၇၈
၁၈ မုတ္တာသုခ နဂရမြို့ အမည်ပျောက်၍ ရှင်မုတ္ထီးရွာဟု အမည်တွင်ခြင်း ၁၈၃

## ရှင်မော် စေတီတော် သမိုင်း


၁ မဟာဗန္ဓဝ, စူဠဗန္ဓဝ ညီနောင်မထေရ် ၂-ပါး သာသနာပြုရန် ကြွရောက်လာခြင်း ၁၈၄
၂ ဓမ္မသေနမင်း, ကောရမ္မမင်း, ဝါသုလဒေဝ နဂါးမင်း ၃-ပါးတို့ အံတော်ဓာတ်မြတ်ကို ဌာပနာ၍ စေတီတော်တည်ခြင်း ၁၈၉
၃ တောင်စောင့်နတ်များ ကိုယ်ထင်ပြခြင်း ၁၉၂
၄ ထပ်မံပြုပြင် ကုသိုလ်ရှင် ၁၉၃


## ရွှေတောင်စား စေတီတော်ကြီးသမိုင်း


၁ ရာဇဝင်သမိုင်းများ မပျောက်မပျက်စေရန် စာအုပ်အဖြစ် ပုံနှိပ်ဖြန့်ချိရခြင်း ၁၉၆
၂ ဂေါတမဘုရားရှင်၏ ဓာတ်တော်ကို ဌာပနာ၍ စေတီငယ်တည်ခြင်း ၁၉၉
၃ ဥဩအော်သည် ထားဝယ်တည်
၄ ဥဩကြော်လှစ် ရွှေတောင်စား သက္ကရာဇ် ၂၀၀


## ဗဒ္ဓသိမ်ကြီး သမုတ်ပြီး


၁ ဒါယကာအဆက်ဆက် ပြုပြင်ထိန်းသိမ်းလာခြင်း ၂၀၂
၂ ဆင်ဖြူရှင် ဘုရင်လက်ထက် ၂၀၃
၃ အောက်ကသံကြော် ရွှေထီးတော် ၂၀၄
၄ အောက်ကထိန်ညီး ရွှေတောင်စားထီး
၅ နိဗ္ဗာန်ဆော် ဦးဘကြီး ၂၀၅
၆ ဂျပန်လက်ထက် ကျရောက်လတ်သော်
၇ ဂျပန်ထွက်ပြီး အခါဝယ် ၂၀၆
၈ လေမုန်တိုင်းဒဏ်ကြောင့်

၉ အသစ်တဖန် စေတီတော် ရွှေချ စိန်ဖူးတော်
တင်လှူ ပူဇော်ခြင်း

**လောကမာရဇိန် ရုပ်ပွားတော်ကြီးသမိုင်း**

၁ ရုပ်ပွားတော်မြတ် အလှူခံရန် မင်းတုန်းဘုရင်ကြီးထံ စေလွှတ်ခြင်း ၂၀၈
၂ ရုပ်ပွားတော်ကို ထားဝယ်သို့ ပင့်ဆောင်တော်မူခြင်း ၂၁၁

**ကမ္ဘာပေါ်တွင် အကြီးဆုံးသော လောကသရဖူ ကျောင်းတော်မူ ရုပ်ပွားတော်ကြီးသမိုင်း**

၁ ပိဋကတ်တိုက် ဆရာတော်ဘုရားကြီး ဦးဣန္ဒဝံသ ၂၁၄
၂ ဘုရားမတည်မီ ပုဗ္ဗနိမိတ် ၂၁၉
၃ ဘုရားတည်ဆောက်ရန် အစည်းအဝေးပြုလုပ်ကြခြင်း ၂၂၀
၄ တစ်ကမ္ဘာလုံးတွင် အကြီးဆုံး ကျောင်းတော်မူ ရုပ်ပွားတော်ကြီး ၂၂၀

**ကမြောကင်းတံတားကြီး အုတ်မြစ်ချပွဲ**

၁ တိုင် ၉-ခွင် အရှည်ပေ ၁၀၀၀ ၂၂၅
၂ တံတား အုတ်မြစ်ချ ပျော်ပွဲရွှင်ပွဲများ ၂၂၆

**ရှုခင်းသာဟန် မောင်းမကန်**

၁ မောင်းမကန် ရေချိုး ဆွေးမျိုးကို မေ့တယ် ၂၂၉

**ထားဝယ် ခဲ, သံ သတ္တုတွင်းများ**

၁ ဟိန္ဒားသတ္တုတွင်း ၂၃၅
၂ ကံဘောက်သတ္တုတွင်း ၂၃၆

## ရှင်ပင်ခရုဘုရားသမိုင်းအကျဉ်း


၁ ခရေပင် (ရှားပင်) နှစ်ပင်အကြား ၂၄၅
ရောမခရုကြီးတစ်ကောင်

၂ ခရုအခွံကြီးပေါ် ဘုရားတည်ခြင်း ၂၄၅

၃ ရှားပင်ခရုဘုရားဟု ဘွဲ့တော်သခြင်း ၂၄၅

၄ ကာလကြာတော့ (ရှင်ပင်ခရုဘုရား)ဟု ၂၄၅
အမည်တွင်လာသည်


## တောင်ကရပ်ပြင်ရပ် မီးလောင်ခြင်း


၁ ဘုရားစေတီနှင့် သိမ်တော်ကြီးပါ ပရဝဏ်တစ်ခုလုံး ၂၄၆
မီးမခဘဲ ကွင်း၍ ကျော်သွားခြင်း

၂ စေတီကြီးမှ စိန်ဖူးတော်အား သူခိုးခိုးခံရခြင်းမှ ၂၄၆
သူခိုးဖမ်းမိပြီး ပြန်ရခြင်း

၃ ဘုရားတန်ခိုးတော် ပို၍ပို၍ ပွင့်လင်းလာခြင်း ၂၄၆


## ရှင်တောက်ထိန်ဘုရားသမိုင်းအကျဉ်း


၁ ပေါ်တော်မူဘုရား (ဝါ) ဓာတ်ဘုရား (ဝါ) ၂၄၉
မြေပေါက်ဘုရား

၂ ရုပ်ရှင်တော် (ဉာဏ်တော် တဖြည်းဖြည်းမြင့်လာခြင်း) ၂၄၉

၃ တန်ခိုးပြာဋိဟာ မကြာမကြာ ပြတော်မူခြင်း ၂၄၉

## ရှင်ဥသြဘုရားသမိုင်းအကျဉ်း


၁ မင်းရှင်ဇော် (ရွှေတောင်စားမင်း) နန်းတော်တည်ခြင်း ၂၅၃

၂ ရှင်ဥသြဘုရား (ပထမ နန်းဦးဘုရား)ကို တည်ခြင်း ၂၅၃

၃ ရွှေတောင်စား (ဒုတိယ စေတီ)ကို တည်ခြင်း ၂၅၃

၄ နန်းတော်ဟောင်းကို ကျောင်းအဖြစ် လှူဒါန်း ၂၅၃
"ရွှေကျောင်းကြီး" ဟု အမည်တွင်သည်

၅ "ရှင်ဥသြဘုရားသည်" ရွှေကျောင်းကြီးဝင်းအတွင်း ၂၅၄
တည်ရှိနေခြင်း



မာတိကာ ပြီးပြီ။



ထားဝယ်မြို့အဝင် လှပသော
ရှုခင်းပုံကို တွေ့ရစဉ်။



ခရစ်သက္ကရာဇ် ၁၉၂၈-ခုနှစ်တွင် တည်ဆောက်သော
တနင်္သာရီတိုင်း ထားဝယ်မြို့တော် "တိုင်းပြည်သူ့ကောင်စီရုံးကြီး" ပုံ။



၁၉၄၁ - ခုနှစ်တွင် အုတ်မြစ်ချတည်ဆောက်သော
"ထားဝယ် မြူနီစီပါယ်မြို့တော်ခန်းမ"ပုံ။

# ထေရဝါဒပါဠိတော်ရိုးရာပါဠိသင်တန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဉ္စဂုဏံ အပဟံ ဝန္ဒာမိ

## ဒုရကတိုင်း အောင်သာဝတီပြည်

## ကလိန်အောင်မြို့တည်ခြင်း

ဂေါတမဗုဒ္ဓ ရှင်တော်မြတ်ဘုရား ၁၁-ဝါမြောက်တွင် ချွတ်ထိုက်သော ဝေနေယျတို့ကို ဉာဏ်စက္ခုတော်ဖြင့် ရှုတော်မူလတ်သော် ဝေမိဿကတောင် (ယခု ကျောက်ထောင့်ရွာအနီး ကနန်းတောင်)၌ **"ဂဝံပတေ့"** ရသေ့ကို လည်းကောင်း, **"ဒူရကနတ်သား"** ကိုလည်းကောင်း, **"ကုမ္ဘဏ္ဍနတ်ဘီလူး"** ကိုလည်းကောင်း ဗျာဒိတ်တော် ထားအပ်သော အကြောင်းကို မြင်တော်မူ၍ မြသပိတ်တော်ကို ဆောင်တော်မူပြီးလျှင် မြောက်ဥတ္တရကုရုသို့ ဆွမ်းခံကြွတော်မူပြီး အပြန် ဈာန်ယာဉ်ခရီးဖြင့် မြတ်စောထီး ကြွတော်မူလာသည်ကို နတ်ဘီလူး ဦးစွာမြင်လတ်က ထက်ကြပ်မကွာ လိုက်လာ၍ ဝေမိဿကတောင်တွင် ဖူးတွေ့ရလေ၏။

ဂဝံပတေ့ရသေ့သည် သစ်သီးရှာရာမှ အပြန် ဒူရက နတ်သား လည်း နတ်သစ်သီး အလှူလာခိုက် ၃-ဦးသား ကြုံကြိုက်ကြလေ၏။

### ၁။ ဆွမ်းကပ်လှူတော်မူကြခြင်း

ယင်းအခါ ဂဝံပတေ့ရသေ့က လျှောက်ထားသည်မှာ -

**"အရှင်ဘုရား - ဤတော, ဤပြည်, ဤနေရာသည် အဘယ် ဘုရားလက်ထက်တော် အခါကပင် တည်ရှိပါ သနည်း၊ နောင်သောအခါ**

ဤနေရာ၌ အဘယ်သို့ ဖြစ်ပါအံ့နည်း၊ ဘုရားတပည့်တော်အား သနားသဖြင့် ဤသစ်သီးဆွမ်းကို ဘုဉ်းပေးတော်မူပါဘုရား" ဟု လျှောက်ထား ဆက်ကပ်လေ၏။

ဒူရကနတ်သားကလည်း မိမိ၌ ပါလာသော နတ်သစ်သီးကို ဆက်ကပ်လေ၏။

ကုမ္ဘဏ္ဍာ နတ်ဘီလူးကလည်း **"စုမ္ဗိယ"** မည်သော နတ်သစ်သီးကို ဆက်ကပ်လေသည်။

**"ဒူးရင်း စုမ္ဗဒ ထားဝယ်အစ"** ဒူရကနတ်သား ဆက်ကပ် လှူဒါန်းသည့် နတ်သစ်သီး၏ မျိုးစေ့ကို လူတို့ စိုက်ပျိုးကြရာမှ ထိုအသီးကို **"ဒူရကသီး"** ယခုအခါ အခေါ် ရွေ့လျော၍ **"ဒူးရင်းသီး"** ဟု ခေါ်ကြ၏။

ကုမ္ဘဏ္ဍာနတ်ဘီလူး ဆက်ကပ်လှူဒါန်းသည့် နတ်သုဒ္ဓါ ပိန္နဲသီးကို **"စုမ္ဗိယသီး"** ယခုအခါ အခေါ် ရွေ့လျော၍ **"စုမ္ဗဒသီး"** ထားဝယ်အခေါ် **"စောင်ပဒသီး"** တွင်လေသည်။

## ၂။ ရှင်တော်ဘုရား ဗျာဒိတ်ကြား

ရှင်တော်ဘုရားသည် သစ်သီးဆွမ်းများကို ဘုဉ်းပေးတော်မူ ပြီးနောက် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူစေခြင်းငှာ -

**"ချစ်သား ဂဝံပတေ့ သင်ချစ်သားသည် ငါဘုရား ဟောကြား တော်မူသည့် တရားတော်ကို နာယူပါမူ ရဟန္တာ ဖြစ်လတ့်၊ ဤအရပ်၌ပင် သင်ချစ်သား နိဗ္ဗာန်ဝင်လတ္တံ့"**ဟူ၍ ဟောကြားတော်မူသော တရားတော်ကို နာယူပြီး အဆုံး၌ ဂဝံပတေ့ရသေ့သည် ရဟန္တာ ဖြစ်တော်မူလေ၏။

ယင်းနောက် ဆံတော်မြတ် ၃-ဆူကို သုံးသပ်တော်မူ၍ -

**"ချစ်သား ဒူရကနတ်သား ဤ ငါ၏ဆံတော်မြတ် ၃-ဆူကို ဆက်လက်ခံယူလေလော့"** ဟု ပေးအပ်တော် မူပြီးလျှင် "ဤဝေမိသဿက တောင်မှ မြောက်ဘက်သို့ လက်ညှိုးညွှန်တော်မူ၍ ကုမ္ဘဏ္ဍာနတ်ဘီလူး၏

နေရာအနီး ဝေဿဝဏ္ဏတောင်ကုန်း၌ ကကုသန်, ကောဏာဂုံ, ကဿပ တည်းဟူသော ရှေးနောင်တော်သခင် ကျေးဇူးရှင်တို့သည် ဤတောင် ကုန်းဝယ် ဆံတော်ဓာတ်မြတ်တို့ကို ဌာပနာမြဲပင်၊ ငါ၏ဆံတော် ၃-ဆူ ကိုလည်း ဘီလူးမင်းအား အပ်၍ ယင်းတောင်ကုန်း၌ပင် ဌာပနာလေ၊ ဘီလူးမင်းသည် ငါဘုရားနှင့်တကွ ဆံတော်ဓာတ်တို့ကို ကြည်ညိုရသော ကုသိုလ်ကောင်းမှုကြောင့် ငါဘုရား နိဗ္ဗာန်မဝင်မီ သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည်ဝယ် **“သီဟရာဇာမင်းကြီး” ၏ သားတော် “ဘာနုရာဇာ”** အမည်ရှိသော မင်းဖြစ်၍ ထီးနန်းစည်းစိမ် စံတော်မူပြီးလျှင် ငါဘုရား ပရိနိဗ္ဗာန်စံလွန်ပြီး တစ်နှစ်မြောက်၌ ထိုမင်း၏ မိဖုရား **“သုဝဏ္ဏမဟေသီ”** ၏ ဝမ်း၌ သန္ဓေတည်နေပြီး ဖွားမြင်လတ္တံ့၊ ထိုအခါ နာမထင်ရှား အသင်နတ်သားကို ဖွားမြင်ပြီး အသင်နတ်သား၏အမည်ကို အစွဲပြုကာ ဒူရကတိုင်း **အောင်သာဝတီပြည် ကလိန်အောင်မြို့**ကို တည်၍ အသင်နတ်သားသည် **“နရူတိမင်း”** အမည်ဖြင့် စိုးစံရလတ္တံ့၊ အသင်အား သိကြားနတ်တို့ ကူညီစောင်မ ကြည့်ရှုကုန်လတ္တံ့၊ အနောက်မဇ္ဈိမမှ ငါဘုရား၏ တရားတော်ကို နာခံရသော အမတ်ပညာရှိများ ခစား ရောက်လတ့်၊ ဂန္ဓာရတိုင်းမှ ငါဘုရား၏ တပည့်သား ရဟန္တာတို့ ကြွလာကြ ကုန်၍ သာသနာတော်ကို ပြုစုပေါကြားကြကုန်လတ္တံ့.” ဟူ၍ ဗျာဒိတ် ထားတော်မူခဲ့ပြီး ရှင်တော်မြတ်စွာသည် ဒေသစာရီ ပြန်လည် ကြွမြန်း တော်မူ၏။

## ၃။ ပတ္တမြားစေတီကြုတ်

ရှင်တော်ဘုရား ဗျာဒိတ်ထားတော်မူပြီး အဆုံး၌ ယင်းဆံတော် ဓာတ် ၃-ဆူကို ဒူရကနတ်သားနှင့် ကုမ္ဘဏ္ဍ နတ်ဘီလူးတို့သည် ဝေဿဝဏ္ဏ စသော နတ်မင်းကြီး ၄-ပါးတို့ကို **“ရွှေပန်းတောင်းနှင့် လာကြစေသတည်း”**ဟု တ,လိုက်သောအခါ ထိုနတ်မင်းကြီး ၄-ပါးတို့သည် နဝရတ် ၉-ပါးဖြင့် ချယ်လှယ်အပ်သော ရွှေပန်းတောင်းကို

ယူလာကုန်၍ ရှိသေစွာ ဒူးတုပ်လျက် ဆံတော်မြတ်ကို ခံယူကာ ယက္ခသေနဘီလူးမင်းနှင့် နတ်မင်းကြီး ၄-ပါးတို့ကို ထည့်လိုက်၍ တောင်သမုဒ္ဒရာဝယ် လုံးပတ်ထွာဆိုင် အလျားတောင်ဆုပ် ပမာဏရှိသော ပတ္တမြား စေတီကြုတ်ကို ယူဆောင်ခဲ့လေသည်။

ယင်းနောက် ကြုတ်တော်အတွင်း ဆံတော်ဓာတ်မြတ်ကို သွင်းထည့်ပြီး ဘီလူးမင်းကြီးအား အပ်နှင်းလေ၏။


ဘီလူးမင်းကြီးနှင့်တကွ ပြည်သူပြည်သားတို့လည်း အလွန်ဆန်းကြယ်သော မဏ္ဍပ်ကြီးအတွင်းသို့ ပင့်ဆောင်တင်သွင်း၍ အချိန် အခွက် နှစ်ရာစီးသော ရွှေသားစေတီတော်ကို နဝရတ် ၉-ပါး ချယ်လှယ်လျက် ပတ္တမြားစေတီတော်ကို ငုံ၍ ရွှေကလပ်ပေါ်တင်ပြီး ၃-လပတ်လုံး သဘင် အတီး အမှုတ် အက အခုန်တို့ဖြင့် ပူဇော်ပွဲကြီး ကျင်းပတော်မူလေ၏။

## ၄။ ဆုတောင်းပြည့် ဆံတော်ရှင်သမိုင်း

ဝေဿဝဏ္ဏတောင်ကုန်းကိုလည်း စောက်အတောင် ၄၀၊ အနံအလျား အတောင် ၃၀ တူးပြီးမှ ကျောက်အင်္ဂတေတို့ဖြင့် ချောမွေ့သေသပ်စွာ ပြုလုပ်စေပြီးလျှင် နဝရတ် ၉-ပါး ချယ်လှယ်သော တံခွန်ကြက်လျှာ ထီးတို့ဖြင့် ဆင်မြန်းတော်မူလေသည်။

ယင်းစေတီတော်ကို ကျောက်စားပွဲ၌တင်၍ ဒူရကနတ်သား ဝေဿဝဏ္ဏ စသော နတ်မင်းကြီး ၄-ပါးတို့နှင့် ကုမ္ဘဏ္ဍာဘီလူးမင်းတို့က ဌာပနာသွင်းနှံကြလေကုန်၏။ ယင်းနောက် ကျောက်ကြီး, ကျောက်ငယ် အသွယ်သွယ်တို့ဖြင့်ရံကာ ဉာဏ်တော် ၁၅-တောင်ခန့်ရှိသည့် ကျောက်စေတီကို အပေါ်က တည်ထားလေသည်။

ဤဘုရားစေတီတော်သည် ဆုတောင်းတိုင်း ပြည့်စုံသည့်အတွက် "ဆုတောင်းပြည့် ဆံတော်ရှင်" တွင်လေသည်။



ဆံတော်အစစ် ကိန်းဝပ်တော်မူရာ
ကလိန်အောင် "ဆုတောင်းပြည့် ဆံတော်ရှင် စေတီတော်" ကို
တောင်ထိပ်တွင် လှမ်းဖူးမျှော်ရပုံ

**"ရာဇာနရုတိ မည်ရှိထင်စွာ"** ရှင်တော်မြတ်စွာ၏ ဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူကြရသည့်အတိုင်း ကုမ္ဘဏ္ဍနတ်ဘီလူး ကွယ်လွန်ပြီး သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည့်ရှင် သီဟရာဇာမင်း၏ သားတော် ဘာနုရာဇာ အမည်ရှိသော မင်းဖြစ်၍ ရှင်တော်မြတ်စွာ ပရိနိဗ္ဗာန်စံဝင်ပြီး တစ်နှစ်မြောက်တွင် ဒူရကနတ်သား စုတေသဖြင့် ထိုမင်း၏ မိဖုရားဝမ်း၌ ကိန်းပိုက် သန္ဓေတည်ကာ ဖွားမြင်တော်မူလေ၍ ဒူရကတိုင်း အောင်သာဝတီပြည် ကလိန်အောင်မြို့ကို အုပ်စိုးသည့် **ရာဇာနရုတိ မည်ရှိထင်စွာ** ဘုန်းသမ္ဘာနှင့် ပြည့်စုံသော မင်းမြတ်ဖြစ်တော်မူ လေသည်။

## ၅။ ဆံတော်ရှင်စေတီတော်၏ ဌာပနာတိုက် ဖွင့်ခြင်း

နရုတိမင်းမြတ်သည် ရတနာသုံးပါးကို အလွန်ကြည်ညို လေးစားတော်မူသည်နှင့် ရှေးယခင် ဒူရက နတ်သားဘဝက ဌာပနာတော်မူခဲ့သည့် ဆံတော်ဓာတ်မြတ်ကို ဆရာတော် သံဃာတော် အရှင်မြတ်တို့နှင့် လျှောက်ထားတိုင်ပင်တော်မူလျက် သာသနာတော် သက္ကရာဇ် ၂၄-ခုနှစ် ပြာသိုလဆန်း ၂-ရက် ကြာသပတေးနေ့ နေဝန်းပေါ်အချိန် ဆံတော်ဓာတ်တည်တော်မူသည့် ဌာပနာတိုက်ကို ဖွင့်ဖောက်တော်မူပြီးလျှင် ရှေးဘီလူးမင်း, ဂဝံပတေ့ရဟန္တာ, ဒူရကနတ်သားတို့ ဌာပနာထားခဲ့သည့် ရတနာရွှေသားစေတီတော်ကို ကျောက်စားပွဲတွင် တင်ထားလျက် ရတနာထီးဖြူတော်ကို အုပ်မိုးကာ ဖွင့်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက် ရောင်ခြည်တော် ခြောက်သွယ်တို့သည် မိုးလယ်ကွန့်မြူး အထူးဆန်းကြယ် တင့်တယ်လွန်ဖြိုး အမျိုးမျိုးစပ်ယှက် တစ်လက်လက် တစ်ဝင်းဝင်း နေရောင်ကင်းပျောက် ထွင်းဖောက်ဖီလာ ဒေသစာ ကြွချီ ဆယ်ဒိသာ မလပ် တစ်လျှပ်လျှပ်စိုး တန်ခိုးပြဋ္ဌိဟာ ပြတော်မူ၍ မင်း, မှူးမတ်, သူဌေး, သူကြွယ်, ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် အလွန်ကြည်ညို ကြသောကြောင့် ဦးတိုက်၍မငြီး ချီးမွမ်း၍ မရောင့်ရဲနိုင် တန်ဆောင်တိုင် ဆီမီး သစ်သီးချိုချဉ် ဆွမ်းဘောဇဉ် မပြတ် အထပ်ထပ် ရတနာ ပူဇာသက္က နေ့ညမပြတ် မလပ်မနား သက်တော်ထင်ရှား မြတ်ဘုရား ကြွရောက်

လာဘိ သောပမာ လွန်စွာဆည်းကပ်ပူဇော် ကိုးကွယ်ကြလေကုန်၏။

တပေါင်းလပြည့် အင်္ဂါနေ့ ကျရောက်လတ်သော် ရတနာစေတီနှင့် ပတ္တမြားစေတီတော်များကို ဖွင့်တော်မူ၍ ဆံတော်ဓာတ် ၃-ဆူကို အမွှေးရေအမျိုးစုံတို့ဖြင့် သပ္ပာယ်တော်မူပြီး ပြန်လည်သွင်းတော်မူလေသည်။

ယင်းနောက် ရုပ်ပွားဆင်းတုတော်အမျိုးမျိုး နရုတိမင်းမြတ်၏ ဘိုးတော်၊ ဘွားတော်၊ ခမည်းတော်၊ မယ်တော်တို့၏ ရွှေကိုယ်လေးရုပ်ပုံတော်များ၊ နရုတိမင်းမြတ်နှင့် မိဖုရားတို့၏ ရွှေကိုယ်လေးရုပ်ပုံတော်၊ သားတော် အိမ်ရှေ့မင်း၏ ရွှေကိုယ်လေးရုပ်ပုံတော် စသည်တို့ကို ဌာပနာပြီး အစောင့်အကြပ် ဝိဇ္ဇာရုပ်များဖြင့် စီမံပြီး ဌာပနာတိုက်ပိတ်တော်မူလေသည်။

## ၆။ ဆက်လက်ပြုပြင် ကုသိုလ်ရှင်

ဆုတောင်းပြည့် ဆံတော်ရှင် စေတီတော်မြတ်ကို ထပ်မံပြုပြင်ရွှေထီးတော်ပါ တင်လှူပူဇော်ကြသည့် ကုသိုလ်ရှင်များကား -

၁၉၈-ခုနှစ်တွင် ဓမ္မသေနမင်းမြတ်သည်လည်းကောင်း၊

၅၅၈-ခုနှစ်တွင် ဓမ္မဝိဇယမင်းမြတ်သည်လည်းကောင်း၊

၈၈၅-ခုနှစ်တွင် သာဂရမြို့ (ယခုမြို့ဟောင်း) ရှင်ဖုံမင်းသည်လည်းကောင်း၊

၁၁၁၆-ခုနှစ်တွင် အလောင်းမင်းတရားကြီး (ဦးအောင်ဇေယျ) သည်လည်းကောင်း အသီးအသီးသော မင်းအဆက်ဆက်တို့ ပြုပြင်တော်မူကြလေသည်။

နှောင်းခေတ် မျက်မြင်ပြုပြင်သည်မှာကား -

"ဂန္ဓာလရာဇ်သွေး၊ တရုတ်မြေး၊ မနေးထိုခါ ပေါ်လတ္တံ့၊

ထိုသူကားပေါ်၊ စေတီတော်၊ ရှိန်စော်တန်ခိုး ထွက်လတ္တံ့။"



ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ တည်ဆောက်ပြီးစီးခဲ့သော
တနင်္သာရီတိုင်း ထားဝယ်ခရိုင်၏ အကြီးဆုံးနှင့်
အလှဆုံး ထားဝယ်-ရေး ကားလမ်း "ကလိန်အောင်တံတားကြီး" ပုံ

ဟူသော ရှေးတဘောင်လာအတိုင်း တိုက်ဆိုင်ညီညွတ်ပါသဖြင့် ကောဇာသက္ကရာဇ် ၁၂၈၄-ခုနှစ်တွင် ထားဝယ်မြို့ မြို့တွင်းရပ်နေ ဂန္ဓာလရာဇ် တရုတ်သွေး တရုတ်မြေးများဖြစ်ကြသော ဘုရားဒါယကာ ခူဂေါ်ဒင် ဇနီး ဒေါ်မြသိန်းမေတို့က ကြခတ်ပင်တိုက်ကျောင်းဆရာတော် ဦးတေဇအရှင်သူမြတ်နှင့် တိုင်ပင်လျက် ဆံတော်ရှင် စေတီတော်ကို အရင်းခံပြုပြီးနောက် အသစ်တဖန် မွမ်းမံချယ်လှယ်ကာ ၁၂၉၂-ခုနှစ် တန်ခူး လပြည့်နေ့ နံနက် နေဝန်းပေါ်အချိန်တွင် ရွှေထီးတော်ကို တင်လှူပူဇော်ထားတော်မူသည်မှာ ယခု ဖူးမြင်ရသည့် အတိုင်းပင်။

ယင်းဆုတောင်းပြည့် ကလိန်အောင်ဆံတော်ရှင်စေတီတော်မြတ်သည်ကား ထားဝယ်မြို့မှ မြောက်ဘက် ၄၇-မိုင်ခရီးအကွာ ထားဝယ်မြို့နှင့် ရေးမြို့သွား မော်တော်ကားလမ်းပေါ်ရှိ ကလိန်အောင်ရွာကြီး အနောက်ဘက် ထားဝယ်မြစ်ကမ်းရှိ တောင်ပေါ်တွင် တည်ရှိလေသည်။

နှစ်စဉ် တပို့တွဲလပြည့် ကျရောက်တိုင်း ဘုရားပွဲတော်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ကြလေသည်။

**"ထားဝယ်ခေါ်ကြ ရင်းအစ"** ဝေမိသကတောင် (ကနန်းတောင်ထိပ်)ဝယ် ရှင်တော်မြတ်စွာ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေတော်မူသည်ကို အစွဲပြု၍ ယွန်း, ရှမ်း, ယိုးဒယားတို့ ဘာသာဖြင့် **"ထဝါ"** ပြုတော်မူသည်ဟု သမုတ်ကြသောကြောင့် ထဝါဒေသကို **"ထဝါတိုင်း"** တွင်သည်၊ ကာလရှည်လျားလတ်သော် ဝ,အက္ခရာ၌ ဟထိုး ပျောက်ပြီး **"ထားဝယ်"** ဟူ၍ ယနေ့တိုင် အများခေါ်ဝေါ်ကြလေသည်။


## ဆံတော်အစစ် ကိန်းဝပ်တည်ထားသော နဂါးရစ် (တစ်နည်း) မျှော်ရစ် ယခုအခေါ် မော်ရစ်ဘုရားစေတီ

## (သမိုင်းအကျဉ်း)

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ မဇ္ဈိမတိုင်းတွင် အရှင်ဂေါတမဗုဒ္ဓသည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်ကာ သဗ္ဗညုတရွှေဉာဏ်တော်ရရှိလျက် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူလေသည်။ ဗုဒ္ဓမြတ်စွာသည် သတ္တာဟလင်းလွန်းပင်ရင်းဝယ် သမာပတ်ဝင်စားပြီး သမာပတ်မှထတော်မူစဉ် ရာမညတိုင်း ဥက္ကလာပပြည်တောင်ဘက် ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးတို့သည် ကုန်စည်ကူးသန်းသွားစဉ် ဘုရားရှင်ထံ ဆိုက်ရောက်လျက် သဒ္ဓါကြည်ညို၍ ပျားရည်ဆမ်းသော မုန့်ဆွမ်းများကို လှူဒါန်းပြီး ဒွေဝါစိကသရဏဂုံတည်ကြလေသည်။ အနာဂတ် သာသနာထွန်းလင်းမည်ကိုမြင်၍ ကုန်သည်ညီနောင်တို့အား ဇီဝကေ သဓာတု သက်ရှိဆံတော် ဓာတ်တော် (၈)ဆူကို ပေးသနားလိုက်လေသည်။ ညီနောင်တို့၏ အပြန်ခရီးတွင် မဇ္ဈိမတိုင်း အဇတ္တနာဂရ ပြည်ရှင်မင်းသည် တဖုဿနှင့် ဘလ္လိကတို့အား တောင်းပန်၍ ဆံတော် (၂)ဆူကို ပူဇော်လေသည်။ ကျန်ဆံတော် (၆)ဆူကို ပင့်ဆောင်ကာ ရာမညတိုင်းသို့ သင်္ဘောလွှင့်ခဲ့ကြသည်။ အစဉ်တစိုက် သင်္ဘောလွှင့်ခဲ့ရာ သမုဒ္ဒရာ၌ လှိုင်းလေ အဆင်မသင့်သဖြင့် နဂါးရစ်မော်သို့ သင်္ဘောဆိုက်ရောက်ပြီးလျှင် တစ်ညတာမျှ ရပ်နားကြသည်။ ထိုစဉ် တောင်စောင့်နတ်နဂါးတို့က ဆံတော် (၂)ဆူကို ပင့်ယူပူဇော်ခဲ့ကြသည်။ ဆံတော်မြတ်ကို နတ်နဂါးများ ရစ်ပတ်စောင့်ရှောက် ကိုးကွယ်ပူဇော်ထားကြသဖြင့် နဂါးရစ်မော်ဟု ခေါ်တွင်ခဲ့သည်။ [စကားချပ်- ဆံတော် (၄)ဆူမှာ ရာမညတိုင်းသို့ ရောက်သည့်အခါ ဥက္ကလာပမင်းကြီးက



ဆံတော်အစစ်ကိန်းဝပ်တည်ထားသော
နဂါးရစ်(တနည်း)မျှော်ရစ်
ယခုအခေါ် - မော်ရစ်ဘုရားစေတီ
အဝေးတနေရာမှ ဖူးမျှော်ရပုံ



ဆံတော်အစစ်ကိန်းဝပ်တော်မူသော
မျှော်ရစ်(တစ်နည်း)မော်ရစ်
ဘုရားစေတီတော်ပုံ

သိင်္ဂုတ္တရကုန်း၌ ဌာပနာလျက် ရွှေတိဂုံစေတီတော်ကြီးကို တည်ထား ကိုးကွယ်လေသည်။]

နဂါးရစ်မော်ရှိ နတ်နဂါးတို့ ကိုးကွယ်ထားသော ဆံတော် (၂)ဆူသည် အလောင်းစည်သူဘုရင် ဖောင်စကြာဖြင့် လှည့်လည်လာစဉ်၊ သိကြားမင်းက ညွှန်ကြားသဖြင့် သိရှိ၍ တက်ရောက်ဖူးမြော်လျက် ဆံတော်ဌာပနာတိုက်ပေါ်၌ စေတီတစ်ဆူ တည်ခဲ့လေသည်။ ၎င်းနေရာ၌ ဘုရင့်နောက်ပါအချို့ တိုင်းပြည်ကို လွမ်းဆွတ် ညည်းညူသံကို ဘုရင်ကြားလျှင်၊ ထိုသူတို့အား ရာဇဒဏ်ချထားပြီး၊ ဖောင်စကြာ ထွက်သွား၍ ငေးမျှော်လျက် ကျန်ရစ်ကြသောကြောင့် မျှော်ရစ်ဟု တွင်ပြန်လေသည်။ ယခုအခါတွင်မူကား ဤနေရာကို တံငါလှေများ ရစ်ပတ် သွားလာနေသော မော်အငူကလေးဖြစ်၍ မော်ရစ်ဟု ခေါ်တွင် ပြန်သည်။ (စကားချပ် - မော်ရစ်နှင့် မလှမ်းမကမ်းရှိ မောင်းမကန် ရေချိုးဆိပ်သည် အလောင်းစည်သူမင်း ဖောင်စကြာဆိုက်ရောက်ခိုက် မောင်းမမိသံများ သွားရောက် ရေကစားသည်ကို အစွဲပြု၍ မောင်းမကန် ဟု ခေါ်တွင်ခဲ့လေသည်။)

## မှီအုံးတောင်ဘုရား စေတီတော်သမိုင်း

အထက်ကဖော်ပြခဲ့ပြီးသည့် ဝေမိသကတောင် (ကနန်းတောင်) ဝယ် ဂဝံပတ္တေရသေ့, ဒူရကနတ်သား, ကုမ္ဘဏ္ဍနတ်ဘီလူးတို့အား အသီးသီး ဗျာဒိတ်ကြားတော်မူပြီးသည့်နောက် အရှေ့အရပ်ကို လက်ညှိုးညွှန်တော်မူကာ ဣသိန္ဒြတောင် (ယခု မှီအုံးတောင်) ကုန်းကို ပြတော်မူ၍ "ငါ၏ သရီရဓာတ်တော်ကို ဇင်းမယ်မင်း, ယိုးဒယားမင်း, ယွန်းမင်းနှင့် နောင်နရုတိမင်းဖြစ်မည့် အသင်နတ်သားပါ မင်း ၄-ပါးတို့ စစ်ကြီးခင်းလျက် ပေါင်းစည်းကြပြီး စေတီတည်ထားကိုးကွယ်ကြလတ္တံ့" ဟူသော ရှင်တော်မြတ်စွာ၏ ဗျာဒိတ်စကား ထားရှိတော်မူသည့်အတိုင်း -

ဇင်းမယ်မင်း, ယိုးဒယားမင်း, ယွန်းမင်း ၃-ပါးတို့ စုပေါင်းလျက် အသိန်း, အသန်းမကသော ဗိုလ်မှူး စစ်သားတို့နှင့်တကွ ဒူရကတိုင်း အောင်သာဝတီပြည်တော်သို့ ဘုရင့်ထံ အခွင့်မပန်ကြားကြဘဲ နယ်လွန်ကျူးကျော် နင်းလာရာ မေတ္တာမြို့သို့ ရောက်ရှိကြလေ၏။

ယင်းအခါ ဆိုင်ရာဝန်ရှင်တော်မင်းကြီးက **"အသိန်း, အသန်းမကသော ဗိုလ်မှူးစစ်သူရဲတို့နှင့်တကွ မင်း ၃-ပါး ဣသိန္ဒြတောင်၌ ဘုရားတည်ရန် လာကြပါကြောင်း"** ဟူသော တင်လျှာနှင့်တကွ မြင်းသည်ကျော်တို့ကို စေလွှတ်လိုက်လေ၏။

နရုတိမင်းမြတ် သိရှိတော်မူလတ်သော် ဦးလေးတော် စစ်သူကြီးနှင့်တကွ ဝိဇ္ဇာမိုရ်ရဲတို့က လျှောက်တင် ကြသည်မှာ **"ထိုမင်းတို့ ဆန္ဒအတိုင်း လိုအပ်သောအရပ်၌ နေကြပါစေ စိုးရိမ်ဖွယ်မရှိပါ။ ဤဇမ္ဗူဒိပါကျွန်း၌ ရှိကုန်သော မင်းနှင့်တကွကုန်သော စစ်မက် ရန်သူ ဗိုလ်ခြေ စုရုံး၍ တိုက်ဖျက်ငြားသော်လည်း ထိုသူတို့၏ ဦးခေါင်းတို့ကို မြေသို့ကျစေလျက် အရိုး, အသား တောင်တရှိမျှ စုပုံအောင် သုတ်သင်နိုင်ပါသည်"** ဟု လျှောက်ကြလေ၏။

ဘုရင်မင်းမြတ်လည်း သဘောတူသဖြင့် **"လိုရာအရပ်သို့ ဝင်စေ"**

ဟု အမိန့်တော်မှတ်လေလျှင် နေမျိုးသင်္ခယာ သံတော်ဆင့်က အမိန့်တော်စာရေး၍ မေတ္တာမြို့မင်းကြီးထံ ပြန်ကြားလေလျှင် ထိုမင်း ၃-ပါး တို့လည်း ဣသိန္ဒြတောင်သို့ ချီတက်လာရောက် တည်းနန်းဆောက်လျက် တောင်ကုန်းကို သုတ်သင်ရှင်းလင် နေကြလေ၏။

ယင်းအခါ ဗလဒေဝစစ်ဝန်ချုပ်မင်းကြီးသည် သေနင်္ဗျူဟာကျမ်းနှင့်အညီ ဗျူဟာ ၄-ပါး ခင်းကျင်းကာ နတ်စစ်သည်နှင့်တူသော သူရဲကောင်းတို့အား စစ်သူကြီး ၅-ဦးတို့ ကြီးကြပ်၍ စစ်ထွက်မည် ကြံစည်နေခိုက် -

### ၁။ စစ်မက်မပွားရန် သိကြားမင်း လျှောက်ထားခြင်း

သိကြားမင်းသည် သတ္တဝါအပေါင်းတို့ ပျက်စီးကြမည်ကို မြင်တော်မူသဖြင့် ဂန္ဓာလရာဇ်တိုင်း ယောသိတ ရဟန္တာအရှင်မြတ်ထံ သွား၍ -

**"အရှင်ဘုရား ဒူရကတိုင်း အောင်သာဝတီပြည်တော်၌ ဇင်းမယ်, ယိုးဒယား, ယွန်း, နရုတိ ထိုမင်း ၄-ပါးတို့ စစ်ဖြစ်ကုန်လတ္တံ့၊ ထိုရှမ်းမင်းတို့ ပျက်စီးအံ့သောအကြောင်းသည် လျင်မြန်စွာ ဖြစ်ကုန်လတ္တံ့၊ သို့ကြောင့် အရှင်သူမြတ်ဘုရားသည် ယင်းရန်စစ်ကြီးကို ပြေငြိမ်းအောင် ကြွရောက်ဆုံးမ ဟောကြားတော်မူပါလျှင် ရန်ပြေ မာန်ပြေ ဘုရားတည်ရန်ကိုလည်း မြင်ပါသောကြောင့် မြတ်စွာဘုရား၏ သရီရဓာတ်တော်စစ် ၄-ဆူကို သနား ချီးမြှင့်တော်မူပါဘုရား"** ဟု လျှောက်ထားပြီးလျှင် သိကြားမင်း ကွယ်ပျောက်သွားလေ၏။

### ၂။ ယောသိတရဟန္တာအား မင်း ၄-ပါး ဆွမ်းကပ်လှူခြင်း

နံနက် အရုဏ်တက်လျှင် ရဟန္တာအရှင်မြတ်သည် ဈာန်ယာဉ်ခရီးဖြင့် ထိုမင်း သုံးပါးတို့နေရာ ဣသိန္ဒြ တောင် (မှီအုံးတောင်)သို့ ကြွရောက်လျက် ရှေးဦးစွာ ဇင်းမယ်မင်းထံ ဆွမ်းရပ်တော်မူလေ၏။

ဇင်းမယ်မင်းလည်း ယောသိတ ရဟန္တာအရှင်မြတ်မှန်း သိရကား အလွန်ကြည်ညိုလေးစားစွာဖြင့် -

**"အရှင်ဘုရား ဘုရားတပည့်တော်၏ သက္ကစ္စဆွမ်း ဘောဇဉ်ကို ကြည်ရွှင်နှစ်သက်သော စိတ်တော်မြတ်ဖြင့် ဘုဉ်းပေးတော်မူပါဘုရား"**

**"ငါ ဟောကြားအပ်သောတရားကို နာယူပါမူ ငါဘုဉ်းပေးအံ့။"**

**"ရိုသေလေးမြတ်စွာ နာယူပါမည်ဘုရား။"**

**"သာဓု သာဓု သာဓု ကောင်းပြီ"** ဟု မိန့်တော်မူပြီးနောက် ယိုးဒယားမင်းထံ ထိုနည်းအတူပင် ဆွမ်းရပ်ခံ၍ အာမခံလိုက်၏။ ယွန်းမင်းထံမှလည်း ထိုနည်းအတူပင် အာမခံလိုက်၏။

နရုတိမင်းမြတ်သည် စစ်သူကြီး ၅-ဦးနှင့် စစ်ချီတော်မူလာသည့် အခိုက်တွင် ယောသိတ ရဟန္တာ အရှင်သူမြတ် ကြွလာတော်မူသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် ဆင်ဖြူတော်ပေါ်မှ သက်ဆင်းကာ မြေ၌ ဝပ်လျက် ရှိခိုးပြီး **"အရှင်သူမြတ် ဆွမ်းဘုဉ်းပေးတော်မူပါ ဘုရား"** ဟု လျှောက်လေ၏။

**"ကောင်းပြီ အသင်မင်းမြတ် မင်းလေးပါး ဆွမ်းလေးအုပ် တစ်ပြိုင်နက် တစ်နေရာတည်း လှူဒါန်းသည်ကို ငါဘုဉ်းပေးလိုပါသည်"**

**"အရှင်ဘုရား သီတင်းသုံးရာအရပ်သို့ ဆွမ်းနှင့်တကွ ရောက်ပါမည်ဘုရား"** ဟု လျှောက်လေ၏။

ရဟန္တာအရှင်မြတ်သည် မင်း ၃-ပါးတို့ တည်းစံနေတော်မူသော မင်္ဂလာမဟာမဏ္ဍပ်ကြီးအတွင်း၌ မင်း ၃-ပါးတို့အား တရားဟောတော်မူနေစဉ်အခိုက် နရုတိမင်းမြတ်သည် စစ်သည်တပ်သားများမပါဘဲ ကိုယ်ရံတော်သား တစ်ရာခန့်နှင့်သာ ဝင်လာလေ၏။ ဝိဇ္ဇာမိုရ်ရစစ်သူကြီး ၄-ယောက်တို့လည်း စစ်ဝတ်တန်ဆာတို့ကို ဆင်ယင်ကာ ရွှေဓား တစ်လက်စီ နှင့် မင်းကြီး၏ရှေ့မှ ၂-ယောက်, ရွှေလှံတစ်စင်းစီနှင့်



ထားဝယ်–ရေး သွား ကားလမ်းပေါ်မှ လှမ်းမြင်ရသော
မောင်မယ်ရှောင်ရွာအနီး
လွမ်းဆွတ်ကြည်နူးဖွယ် "မှီအုံးတောင်" ရှုခင်းပုံ။
(တောင်ထိပ်တွင် စေတီ၊ ဇရပ်များရှိသည်။)

နောက်မှ ၂-ယောက် ခြံရံလျက် မဏ္ဍပ်အတွင်းသို့ ဝင်တော်မူ၍ ဆွမ်းကပ်လှူလေ၏။

ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ဒကာတော် မင်း ၄-ပါးတို့အား တရားဓမ္မ ဩဝါဒ ဟောတော်မူပြီးသော အဆုံး၌ ဝိဇ္ဇာဓိုရ် ၄-ယောက်တို့ ပျောက်ကွယ်သွားသည်ကို မင်း, မှူးမတ်အပေါင်းတို့ မြင်လတ်သော် အလွန်အံ့ဩခြင်း ဖြစ်ကြလေ၏။ တခဏမျှကြာလျှင် ယင်းဝိဇ္ဇာဓိုရ် စစ်သူကြီး ၄-ယောက်တို့သည် ဓားကိုယ်စီ ထမ်းလျက် ရန်သူဖြစ်သော မင်း ၃-ပါးတို့အနီး၌ တည်နေသည်ကိုမြင်လျှင် ရဟန္တာအရှင်မြတ်က တစ်ဖန် အနတ္တလက္ခဏသုတ်ကို ဟောတော်မူပြီးသောအဆုံး၌ ဝိဇ္ဇာဓိုရ် ၄-ယောက်တို့ ပျောက်ကွယ်သွားပြီး နရုတိမင်း ထံ၌ပင် ခစားမြဲ ခစားကြလေ၏။

ရန်သူမင်း ၃-ပါးတို့လည်း လွန်စွာထိတ်လန့်ကြောက်ရွံ့ကြ ကုန်ရကား -

**"မင်းမြတ်၏ နိုင်ငံတော်ကို မပန်မကြားဘဲ တရားမဲ့ ဝင်လာကြခြင်းမှာ အကျွန်ုပ်တို့ပင် ကျူးလွန်ပါသည် သည်းခံတော်မူပါ"** ဟု နရုတိမင်းထံ တောင်းပန်ကြလေ၏။

## ၃။ မင်း ၄-ပါး မှိုအုံးတောင်တွင် စေတီတော်တည်ခြင်း

မင်း ၄-ပါးတို့ ညီညွတ်ကြပြီးလတ်သော် ရဟန္တာအရှင်မြတ်က သရီရဓာတ်တော်စစ် ၄-ဆူကို တစ်ဆူစီ ပေးအပ်တော်မူလေ၏။

ထိုအခါ ဇင်းမယ်မင်းက ဉာဏ်တော် ၆-လက်မရှိ မြသား ရုပ်ပွားတော်တစ်ဆူကို နဝရတ် ၉-ပါးချယ်လှယ်သော ရွှေသားစေတီတော်နှင့် အုပ်လျက် သရီရဓာတ်တော်ကို သွင်းနှံ၌ာပနာ၍လည်းကောင်း၊

ယိုးဒယားမင်းက ဉာဏ်တော် ၁၀-လက်မရှိ မြသားစေတီတော်ကို စိန်ထီးတင်၍ နဝရတ် ၉-ပါး ချယ်လှယ်သော ရွှေသားစေတီတော်နှင့် အုပ်လျက် သရီရဓာတ်တော်ကို သွင်းနှံ၌ာပနာ၍လည်းကောင်း၊

နောက်မှ ၂-ယောက် ခြံရံလျက် မဏ္ဍပ်အတွင်းသို့ ဝင်တော်မူ၍ ဆွမ်းကပ်လှူလေ၏။

ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ဒကာတော် မင်း ၄-ပါးတို့အား တရားဓမ္မ ဩဝါဒ ဟောတော်မူပြီးသော အဆုံး၌ ဝိဇ္ဇာမိုရ် ၄-ယောက်တို့ ပျောက်ကွယ်သွားသည်ကို မင်း, မှူးမတ်အပေါင်းတို့ မြင်လတ်သော် အလွန်အံ့ဩခြင်း ဖြစ်ကြလေ၏။ တခဏမျှကြာလျှင် ယင်းဝိဇ္ဇာမိုရ်၏ စစ်သူကြီး ၄-ယောက်တို့သည် ဓားကိုယ်စီ ထမ်းလျက် ရန်သူဖြစ်သော မင်း ၃-ပါးတို့အနီး၌ တည်နေသည်ကိုမြင်လျှင် ရဟန္တာအရှင်မြတ်က တစ်ဖန် အနတ္တလက္ခဏသုတ်ကို ဟောတော်မူပြီးသောအဆုံး၌ ဝိဇ္ဇာမိုရ် ၄-ယောက်တို့ ပျောက်ကွယ်သွားပြီး နရုတိမင်း ထံ၌ပင် ခစားမြဲ ခစားကြလေ၏။

ရန်သူမင်း ၃-ပါးတို့လည်း လွန်စွာထိတ်လန့်ကြောက်ရွံ့ကြ ကုန်ရကား -

**"မင်းမြတ်၏ နိုင်ငံတော်ကို မပန်မကြားဘဲ တရားမဲ့ ဝင်လာကြခြင်းမှာ အကျွန်ုပ်တို့ပင် ကျူးလွန်ပါသည် သည်းခံတော်မူပါ"** ဟု နရုတိမင်းထံ တောင်းပန်ကြလေ၏။

## ၃။ မင်း ၄-ပါး မှီအုံးတောင်တွင် စေတီတော်တည်ခြင်း

မင်း ၄-ပါးတို့ ညီညွတ်ကြပြီးလတ်သော် ရဟန္တာအရှင်မြတ်က သရီရဓာတ်တော်စစ် ၄-ဆူကို တစ်ဆူစီ ပေးအပ်တော်မူလေ၏။

ထိုအခါ ဇင်းမယ်မင်းက ဉာဏ်တော် ၆-လက်မရှိ မြသား ရုပ်ပွားတော်တစ်ဆူကို နဝရတ် ၉-ပါးချယ်လှယ်သော ရွှေသားစေတီတော်နှင့် အုပ်လျက် သရီရဓာတ်တော်ကို သွင်းနှံ၌ဌာပနာ၍လည်းကောင်း၊

ယိုးဒယားမင်းက ဉာဏ်တော် ၁၀-လက်မရှိ မြသားစေတီတော်ကို စိန်ထီးတင်၍ နဝရတ် ၉-ပါး ချယ်လှယ်သော ရွှေသားစေတီတော်နှင့် အုပ်လျက် သရီရဓာတ်တော်ကို သွင်းနှံ၌ဌာပနာ၍လည်းကောင်း၊

ယွန်းမင်းကလည်း ဉာဏ်တော် ၆-လက်မရှိ မိလ္လာရုပ်ပွားတော်ကို နဝရတ် ၉-ပါးချယ်လှယ်သော ရွှေသား စေတီတော်နှင့်အုပ်လျက် သရီရဓာတ်တော်ကို သွင်းနှံ့ဌာပနာ၍လည်းကောင်း၊

နရုတိမင်းကလည်း ဉာဏ်တော် ၆-လက်မရှိ သံသေ ရုပ်ပွားတော်ကို ပတ္တမြားပလ္လင်ထက်တင်ကာ မြသား ဗောဓိပင်စိုက်လျက် နဝရတ် ၉-ပါး ချယ်လှယ်သော ရွှေသားစေတီတော်နှင့်အုပ်ပြီး စိန်ထီးတင်လျက် သရီရ ဓာတ်တော်ကို သွင်းနှံ့ဌာပနာ၍လည်းကောင်း စီစဉ်ခင်းကျင်း လှူဒါန်းတော်မူကြပြီး ရေစက်သွန်းချ အမျှပေးဝေ ကြလေသည်။

ယင်းနောက် အလျား အတောင် ၆ဝ၊ အနံ အတောင် ၃ဝ၊ စောက် ၂၅-တောင် ပမာဏရှိသည့် ဌာပနာတိုက်ကို ကျောက်ပြား၊ ကျောက်အင်္ဂတေတို့ဖြင့် သေချာစေ့စပ်စွာ ပြုလုပ်၍ ကျောက်ကြီး ကျောက်ငယ် အသွယ်သွယ်တို့ကို ယင်းတောင်၏အထက်သို့ အတောင်တစ်ရာမျှမြင့်အောင် ဖို့လေ၏။ ယင်းနောက် ဉာဏ်တော် ၃၅-တောင်မြင့်သည့် စေတီတော်ကို တည်တော်မူလျက် အမျိုးမျိုးသော ပစ္စည်းများကိုပါ ဌာပနာပြီးလျှင် သက္ကရာဇ် ၃၅-နှစ်၊ တပေါင်းလပြည့် အင်္ဂါနေ့တွင် ဌာပနာတိုက် ပိတ်တော်မူလေ၏။ တန်ခူးလပြည့်နေ့ တွင်ကား ခဲထီး တင်လှူတော်မူလေသည်။ တန်ခူးလပြည့်ကျော် ၃-ရက် နေ့တွင် ဧည့်သည်တော် မင်း ၃-ပါးတို့သည် နရုတိ မင်းမြတ်အား နှုတ်ခွန်းဆက်ကြပြီး နေပြည်တော်သို့ ပြန်လည်သွားကြလေ၏။

## ၄။ တံခွန်စိုက်လူမျိုး ကျွန်သီးတော်

ရှမ်း, ဆယ်အိမ်ထောင်သားတို့ကို ဘုရားစေတီတော်တို့၌ အမြဲဝတ်ပြုရန်အတွက် ကလိန်အောင် ဆုတောင်းပြည့် ဆံတော်ရှင် စေတီတော်၌ ငါးအိမ်ထောင်၊ ကြ္လာသိန္ဒြ (မှီအုံးတောင်) စေတီတော်၌ ငါးအိမ်ထောင်တို့ကို ကျွန်သီးတော်အဖြစ် ရေစက်သွန်းချ လှူဒါန်းတော်

မူလေသည်။ ဆယ်အိမ်ထောင်သား ရှမ်းတို့၏ နေရာ ရပ်ကွက်၌ တံခွန်ကြက်လျှာ အမြဲစိုက်ထားရသဖြင့် ယခုတိုင် **"တံစိုက်လူမျိုး"** (ဝါ) **"တံခွန်စိုက်လူမျိုး ကျွန်သီးတော်"**ဟု ခေါ်ကြလေသည်။ အချို့ကလည်း **"ဘုရားကျွန်"** ဟူ၍ ခေါ်ကြလေသည်။

(မှီအုံးတောင်ကား ထားဝယ်မြို့ မြောက်ဘက်ခရီး ၇-မိုင် ကျော်ခန့်အကွာ ထားဝယ်နှင့် ရေးမြို့သွား မော်တော်ကားလမ်းအနီးတွင် တည်ရှိလေသည်။)

ဒုရကတိုင်း အောင်သာဝတီပြည် ကလိန်အောင်မြို့ မင်းဆက်ကား - **"နရုတိမင်း, နရာဒိပမင်း, ဓမ္မသေနမင်း, ဓမ္မဝိဇယမင်း"** တို့ပေတည်း။

## သာဂရမြို့တည်ခြင်း

သမန္တရာဇာမင်း လက်ထက်တိုင် ရောက်လတ်သော် သက္ကရာဇ် ၁၁၃-ခုနှစ်တွင် ကလိန်အောင်မြို့မှ ရွှေ့ပြောင်းကာ **"သာဂရမြို့"** ကို တည်ထောင် အုပ်စိုးလေသည်။

(ယင်း သာဂရမြို့ကား ထားဝယ်မြို့မှ အနောက်မြောက်ဘက် ထားဝယ်မြစ် အနောက်ဘက်ကမ်း ခရီး ၇-မိုင်ခန့်အကွာတွင်ရှိ၍ ယခုအခါ **"မြို့ဟောင်းရွာ"** ပင်တည်း။)

### ၁။ ဘူမိဒေဝနဂရမြို့

ယခု ထားဝယ်မြို့မှ အရှေ့ဘက် ၁၀-မိုင် ခရီးအကွာ **မှိုင်းကာရီမြို့** (ယခု ပကာရီသတ္တုတွင်းရွာ) အနီးရှိ ဘူမိဒေဝနဂရမြို့ကို ရန်တပိုမင်းခေါ် **"ရာဇာတဗိုလ်မင်း"** တည်ထောင်၍ မင်းပြု၏။ ထိုမင်းသည် ဘုန်းသမ္ဘာ တောက်ပ ဆင်ဖြူတော်ရသောကြောင့် ပဋ္ဌမဘွဲ့တော်ပျောက်၍ **"ဆင်ဖြူရှင် မဟာနရိန္ဒ"** ဟူသော ဘွဲ့သစ်ဖြင့် သောင်းခေတ်ကြေညာ တေဇာလွှမ်းမိုး တန်ခိုးစွမ်းရည် စမ်းအကြည်ကဲ့သို့ နန်းတည်လျက် ရှိလေ၏။

### ၂။ ဥဒေါင်းရာဇာ တောသာယာ

တစ်နေ့သ၌ ဆင်ဖြူရှင် မဟာနရိန္ဒမင်းမြတ်သည် (မိစုမ) ခေါ် **"စုမဒ္ဒီဒေဝီ"** မိဖုရားကြီးနှင့်တကွ စစ်သည် ဗိုလ်ပါ မောင်းမမိဿံ အခြွေအရံတို့ပါ တောသာယာ မြိုင်စခန်းသို့ ကြွမြန်းလှည့်လည် ရှုစားတော်မူသည်တွင် အခြံအရံများစွာနှင့် ကျက်စားနေသည့် ရွှေအဆင်းရှိသော ဥဒေါင်းမင်းကို မြင်လတ်သော် မိဖုရားကြီးက နှစ်သက်တော်မူလှရကား - **"ဤရွှေဥဒေါင်းကို ထောင်ဖမ်းယူပြီး နန်းတော်အတွင်း ရွှေချိုင့်နှင့်ထည့်၍ မွေးမြူ ထားလိုပါကြောင်း"** ဘုရင်မင်းမြတ်ထံ ပူဆာလေ၏။

## ၃။ မောင်နွားမည်ရ လုဒ္ဒက

နန်းတော်သို့ ပြန်ရောက်လတ်သော် ဘုရင်မင်းမြတ်သည် မိဖုရား၏ အလိုဆန္ဒ ပြည့်ဝစေကြောင်းဖြင့် ရွှေဥဒေါင်းမင်းကို ဖမ်းရန် အတွက် လုဒ္ဒက မုဆိုးကျော်များကို စုံစမ်းစေရာ ဆင်ဖြူကျွန်းရွာမှ ဆင်ဝန် မောင်မဲ ဝန်ကတော် မမင်းဖြူ တို့၏သား မုဆိုး **"မောင်နွား"** အား ဘုရင့် ရှေ့တော်သို့ သွင်းစေ၏။

ဘုရင်မင်းမြတ်က မိန့်တော်မူသည်မှာ **"အမောင်လုဒ္ဒက တောသာယာအရပ်၌ ယခုတလော ပေါ်ပေါက် ကျက်စားနေသည့် ရွှေဥဒေါင်းငှက်ကို အရှင်ဖမ်းယူ ဆက်သနိုင်ပါမူ ဆုလာဘ်များစွာနှင့် ရွာလေးရွာကို အပိုင်စားပေးမည်"** ဟု မိန့်တော်မူ၏။

**"အရှင်မင်းမြတ် အလိုဆန္ဒတော်ရှိသည့်အတိုင်း ရွှေဥဒေါင်း ငှက်ကို လက်တော်ရောက် ကျွန်တော်မျိုး ဆက်ပါမည်ဘုရား"** ဟု ရဲဝံ့စွာ ဝန်ခံပြီးလျှင် နန်းတော်မှ ထွက်ခဲ့၍ မိမိ၏တပည့် **"ကွာစိ"** နှင့် တိုင်ပင် ညီညွတ်ကာ လေး, မြား, လက်နက်, ကောင်းကင်ပိုက်, ညွှတ်ကြိုး, ညွှတ်ငယ်, ဒေါင်းလှော်အိမ်, ဒေါင်းမငယ်တစ်ကောင်နှင့် တကွ အစားရိက္ခာ စသည်တို့ကိုပါ ရှာဖွေစုဆောင်းထားရှိလေ၏။

## ၄။ မုဆိုးမောင်နွား ဒေါင်းဖမ်းထွက်ခြင်း

နောက်တစ်နေ့ ကျရောက်လတ်သော် -

**လက်နက်စုံ မောင်ထမ်းလို့၊**
**ဒေါင်းဖမ်းကွဲ့ ထွက်တော့မယ်။**
**ကြောင်းဆန်းတဲ့ မက်စဖွယ်၊**
**တစ်သက်ဝယ် ကြုံဘူး။**
**ဘုရင်မြတ် ဆုလာဘ်တော်မှာ၊**
**တုမှတ်သော် နှိုင်းမဲ့ဂုဏ်ထူး။**

မုဆိုးမောင်နှွားသည် ဝမ်းသာအားရစွာဖြင့် အထက်ပါ ဗုံထောက်သံသီချင်းကို ရှေ့ကသီဆိုလျက် သွားကာ တပည့် ကွာစိက နောက်မှလိုက်၍ တောသာယာ မြိုင်စခန်းသို့ ဆရာတပည့်နှစ်ဖော် ရွှင်ပျော်ပျော် ဒေါင်းဖမ်းရန် ထွက်သွားကြလေတော့၏။

တောသာယာသို့ ရောက်ရှိလတ်သော် ညွှတ်ကြီး, ညွှတ်ငယ် အသွယ်သွယ်တို့ကို ချယ်လှယ်ချထားပြီးလျှင် လှပချောမွေ့စွာသော ဒေါင်းမငယ်ကို အလယ်က လှောင်အိမ်နှင့်သွင်း၍ ကောင်းကင်ပိုက် အုပ်လျက် စီရင်ထားပြီး ဆရာတပည့်နှစ်ယောက် ထောင်ထိပ် တစ်နေရာ မှ တက်၍ ကြည့်ရှုနေကြလေ၏။

ယင်းအခါ ရွှေဥဒေါင်းမင်းနှင့်တကွ များစွာသော ဒေါင်းငှက် တို့သည် ဘာသာဘာဝ တွန်ကျူးကြွေးကြော် ကြကာ တောင်ခြေမှ လှည့်လည်ကြရာ လှောင်အိမ်အတွင်းမှ ဒေါင်းမငယ်ကို မြင်လတ်သော် တပ်မက်သော စိတ်ဖြင့် တိုးဝင်ချဉ်းကပ်လာကြရာ အချို့သောဒေါင်းငှက် များမှာ ညွှတ်ကြီး, ညွှတ်ငယ်တို့၌ ငြိကပ်ကုန်ကြ၏။ အချို့မှာလည်း ကောင်းကင်ပိုက်၌ ငြိကြကုန်၏။

ဥဒေါင်းမင်းမှာမူ သတိ, ဝီရိယနှင့် ပြည့်စုံသောကြောင့် ညွှတ်ပိုက် အန္တရာယ် မငြိတွယ်ဘဲ များစွာသော ဒေါင်းငှက်တို့ကိုသာ အားစိုက်ကာ ရုန်းစေရာ ညွှတ်တိုင်ပြုတ်၍ ရွေ့လျားပြီးလျှင် ဒေါင်းနှင့်ညွှတ် ထွေး ယှက်လျက် နေလေတော့၏။

## ၅။ ဒေါင်းဖမ်းတွင်ထွန်း ရွာမော်ကွန်း

ဆရာတပည့် နှစ်ယောက်တို့သည် တောင်ထိပ်မှ သက်ဆင်းကာ ညွှတ်၌မိနေသော ဒေါင်းငှက်ကိုဖမ်းရန် အတင်းလိုက်လေရာ ဒေါင်း ခြေမှာ ညွှတ်ထွေးလျက်နှင့် ပြေးကြရလေ၏။ ယင်းနေရာကို **"ညွှတ်ထွေး"** တွင်ခဲ့စေ၏။ ယခုအခါ ကာလရှည်လျား၍ အခေါ်ပျက်ပြားသဖြင့် **"ညင်းထွေးရွာ"** ဟု ထင်ရှားခေါ်ကြလေသည်။

ယင်းမှတဖန် လိုက်ကြပြန်ရာ တစ်နေရာ၌ ဒေါင်းများကို လျှောင်မိပြီဟု ထင်မှတ်ကာ တွေ့သောနေရာကို **"ဒေါင်းလျှောင်"** ယခုအခါ၌ကား **"ဒေါက်လောက်ရွာ"** ဟု ထင်ရှားခေါ်ကြလေသည်။

ယင်းနေရာမှ တဖန် ဥဒေါင်းမင်းသည် မိမိ၏ အဖော်ပါ ဒေါင်းငှက်အပေါင်းတို့ကို ရှေ့ဦးစွာ ပျံစေလျက် မိမိမှာမူ မုဆိုးနှင့် မနီး, မဝေး ပျံဝဲကာ အသွားတွင် ဆရာတပည့်နှစ်ယောက်တို့ အသာလိုက်ကြရာ သာဂရမြို့ အနောက်ဘက် ကမ်းနဖူး သောင်စပ်သို့ ပျံကူးသွားလေတော့သည်။ ယင်းသို့ ပျံကူးသွားပြီး နားနေရာဒေသကို **"ဒေါင်းကူးရွာ"** ယခုအခါ **"ဒေါင်းငူ"** (ဝါ) **"ဒေါင်းငူရပ်"** ခေါ်ဝေါ်ကြလေသည်။

ဆရာတပည့်နှစ်ယောက်တို့ တစ်ဖက်ကမ်းသို့ကူးရန် လှေရှာ၍ မတွေ့သဖြင့် သစ်ပင်ဝါးပင်များကို ဖောင်ဖွဲ့၍ ကူးကြရလေသည်။ ဒေါင်းမင်းကို မတွေ့ရ၍ စိတ်ဆိုးကာ မြားနှင့်လေးကို ဒူးပေါ်တွင် ချိန်လျက် တစ်တောလုံး သိမ့်သိမ့်ညံအောင် အရမ်းပစ်ခတ်လေရာ ယင်းနေရာ၌ ကျက်စားနေကြသော ဇရက် (ဆက်ရက်) ငှက်ကလေးများ ပျံပြေးကြလေသည်။ ယင်းဒေသ ဇရက်ငှက်ကို အစွဲပြု၍ **"ဇရက်ရွာ"** တွင်ခဲ့စေသည်။ ယခုအခါ **"ဇရစ်ရွာ"** (ဝါ) **"ဇရစ်ရပ်"** ဟူ၍ ထင်ရှားခေါ်ကြလေသည်။

ထိုမှတဖန် ဒေါင်းပျံသွားရာသို့ လိုက်ကြပြန်လေရာ နေရာတစ်ခု၌ အမှန်မိနေပြီဟု ထင်မှတ်ကာ ဝမ်းသာ အားရစွာဖြင့် ဖမ်းမည်အပြုတွင် ဒေါင်းလွတ်၍ ပျံလေ၏။ ယင်းနေရာကို **"ဒေါင်းလွတ်ရွာ"** တွင်စေခဲ့ရာမှ ယခုအခါ **"ဇလွတ်ရွာ"** ဟု ခေါ်ကြလေသည်။

ထိုမှတဖန် ဆက်လက်၍ လိုက်ကြပြန်ရာ မြစ်ကမ်းပါးအနီးရှိ ကျောက်လုံးတို့အကြား၌ ဒေါင်းမင်း၂-ကြိမ်ဝပ်သည့် နေရာကို **"အထက်ကျောက်ဝပ်ရွာ"** နှင့် **"အောက်ကျောက်ဝပ်ရွာ"** ဟူ၍ ခေါ်ကြလေသည်။

ယင်းနေရာမှတဖန် မြစ်အရှေ့ဘက်သို့ ဒေါင်းမင်း ပျံကူးသွား

သဖြင့် ဆရာတပည့်နှစ်ယောက်တို့ လှေနှင့် ကူး၍ လိုက်ကြပြန်လေသော် ဒေါင်းမင်းပင်ပန်း၍ ဝပ်သောနေရာကို **"ပန်းဝပ်ရွာ"** ယခုမှာမူ **"ပဝပ်ရွာ"** ဟု ခေါ်ကြလေသည်။

ဒေါင်းမင်း ပန်း၍ နားသော တောချုံနေရာကို ကား **"ပန်းတောရွာ"** ယခုမှာမူ **"ပတောရွာ"** ဟု ခေါ်ကြ လေသည်။

ယင်းနေရာ၌ မုဆိုးအမျက်ထွက်၍ ဒေါင်းမင်းအား လေးနှင့် ပစ်ပြန်ရာ ဒေါင်းမင်းကို မမှန်ဘဲ အနီးအပါးတွင် ကျက်စားနေကြသည့် တီတွတ်ငှက်များ လန့်၍ ပျံ့ကြသည့်နေရာကို **"တီတွတ်ပျံ့ရွာ"** ယခုအခါ၌ မူကား **"ပျံ့"** မှ **"ပြင်"** သို့ ပြောင်းလဲပြီး **"တီတွတ်ပြင်ရွာ"** ဟု ခေါ်ကြ လေသည်။

ယင်းနောက် ဒေါင်းမင်း ကွယ်ပျောက်သွားသောကြောင့် ထိုနေရာကို **"ဒေါင်းပျောက်ရွာ"** ယခုအခါ **"တောင်ပျောက်ရွာ"** ဟု ခေါ်ကြလေသည်။

(၎င်းနေရာ၌ တောနတ်ရဲတို့ ပေါများသဖြင့် ထိုနေရာသို့ ရောက်ရှိကြသူတို့၏စိတ်တွင် မြင်ပြီးသော တောင်တို့သည် တဖန် ထပ်မံ၍ကြည့်လျှင် ပျောက်ဘိသကဲ့သို့ မှတ်ထင်ရသောကြောင့်လည်း **"တောင်ပျောက်ရွာ"** ဟူ၍ ခေါ်ကြောင်း အဆိုရှိလေသည်။)

### ၆။ သရက်ချောင်းမြို့

ယင်းသို့ ဒေါင်းမင်း ကွယ်ပျောက်လေလျှင် မုဆိုး မောင်န္တားက တပည့် ကွာစိအား စိတ်ပျက်၍ ပြောဆိုသည်မှာ -

**"တပည့်ရေ - ငါ့မှာ ဘုရင်မင်းမြတ်ထံ ရွှေဥဒေါင်းမင်းကို ရပါစိမ့်မည်ဟု ပရိသတ်ဗိုလ်ထုအလယ်၌ ရဲရင့်စွာ ဝန်ခံခဲ့ပြီး ယခုမှာ လက်ဆောင်တော် ရွှေဥဒေါင်းမပါဘဲ တိုင်းပြည်သို့ ပြန်ရန်အတွက် ရှက်စရာ ကောင်းလှပါတကား ကွာစိရေ"** ဟု မသက်မသာ ညှိုးငယ်သော မျက်နှာနှင့် ညည်းညူမြည်တမ်းကာ တစ်ခုသော ချောင်းကို ကူးလေရာ



သရက်ချောင်းမြို့အနီး တောင်ထိပ်တွင် တည်ထားကိုးကွယ်သော
"ရှင်တောင့်ပုံစေတီ" ပုံ။
(ဂေါဝိန္ဒ ရှင်ရသေ့သည် တောင်း၊ ပလုံး၊ ဒူးလေး၊ မြားတို့ကို ပုံချ၍
တည်ထား ဌာပနာသည်။)

ယင်းချောင်းကို **"ရှက်ချောင်း"** ဟူ၍ တွင်စေခဲ့၏။ ယခုအခါ **"သရက်ချောင်းမြို့"** ခေါ်ကြ လေသည်။

(ယင်းသရက်ချောင်းမြို့ကား ထားဝယ်ခရိုင်တွင် မြို့ပိုင်ရုံးစိုက်သော မြို့ကလေးတစ်မြို့ဖြစ်၍ ထားဝယ် မြို့မှ အရှေ့တောင်ဘက်ခရီး ၁၆-မိုင်အကွာ ထားဝယ်နှင့် မြိတ်မြို့သွား မော်တော်ကားလမ်းပေါ်တွင် တည်ရှိလေသည်။)

ယင်းနောက် မုဆိုး မောင်နွားသည် တပည့် ကွာစိအား ပြောဆိုပြန်သည်မှာ -

"တပည့်ရေ-ငါ့မှာ တိုင်းပြည်သို့ပြန်ဖို့ ရှက်တာထက် ကြောက်စရာအချက်တစ်ခုက အရေးကြီးနေ ပြန်ပေါ့။ ဒီလိုကွဲ့ တပည့်ရဲ့ - "ဘုရင်တို့ မျက်စောင်း အကြောင်းသုံးပါး မရွေးဘူး"တဲ့၊ အသင်မုဆိုးငါ့အား ရွှေဥဒေါင်း ရပါစိမ့်မည်ဟု ရဲဝံ့စွာ ဝန်ခံပြီးမှ ယခု ဘယ်အတွက်မရတာလဲ၊ အသင်လိန်ညာဏ်နှောပြီး ပြောဆို တင်လျှောက်ရမလားလို့ ရာဇမာန်ပွားကာ ရွှေဓားနဲ့ လတ်လတ် အသေသတ်ချင်လည်း သတ်လိမ့်မည်။ သို့အတွက် "ဘယာတွေ့မှ ဓမ္မာမွေ့" ဆိုသလို ဘုရင်မင်းမြတ်၏ အပြစ်ဘယာဘေးမှ ကင်းဝေးစေရန် ငါတို့ ဆရာတပည့်နှစ်ဦး အေး,အတူပူ,အမျှ ဤတောင်ပေါ်တက်ကြပြီး သူတော်သူမြတ်လုပ်ကာ တရားဓမ္မအားထုတ်ကြစို့ရဲ့" ဆိုပြီး ဒေဝပဗ္ဗတ (နတ်တောင်) ပေါ်သို့ ဆရာ တပည့် ၂-ဖော် တက်ကြလေ၏။

## ရှင်တောင့်ပုံ စေတီတော်သမိုင်း

တောင်ပေါ်တွင် "ဂိရိပစ္စယ" ရှင်ရသေ့ကြီးနှင့်တွေ့၍ အကြောင်းကို မေးမြန်းရာ မောင်န္တာကက မိမိ၏ ဖြစ်ကြောင်းကုန်စင် စုံ,အလင်ကို လျှောက်တင်လေလျှင် တရားဓမ္မ ဟောပြ၍ စိတ်နှလုံး နူးညံ့စေ၏။ မုဆိုး မောင်န္တာလည်း တရားနှစ်သက်သဖြင့် လေး, မြား, ပိုက်ကွန် လက်နက်ကိရိယာထည့်သော မုဆိုးတို့အသုံး တောင့်, ပလုံးတို့ကို စုပုံ၍ မီးရှို့ပြီး ရသေ့လုပ်လေ၏။ တပည့် ကွာစိကား ဖိုးသူတော် လုပ်လေ၏။

ဂိရိပစ္စယရသေ့က မုဆိုးအား ငယ်နာမည်ကိုမေးရာ မောင်န္တာ အမည်တွင်ကြောင်း လျှောက်လတ်သော် သင်၏ ငယ်နာမည်နှင့် မကင်း စကောင်းဟုဆိုပြီး "ဂေါဝိန္ဒ" ဟူသော ဘွဲ့အမည် မှည့်လေ၏။

(မုဆိုး၏ အသုံးအဆောင် လက်နက်ကိရိယာ ထည့်သော တောင့်, ပလုံးတို့ကို ပုံ၍ မီးတိုက် ရှို့သောနေရာ၌ အထိမ်းအမှတ်ဖြင့် စေတီတည်၏။ ယင်းစေတီတော်ကို **"ရှင်တောင့်ပုံစေတီ"** ဟု ရှေးအခေါ်မပျက် ယခုတိုင် ထင်ရှား လေသည်။

တောင့် (ပေါရာဏ) = မြားပုံး, မြားပလုံး, မြားကျည် တောက်အိတ်၊ မြားထည့်သောပလုံးကို ရှေးသူဟောင်း တို့သည် "တောင့်" ဟူ၍ ခေါ်ကြ၏။ မြားပုံး, မြားပလုံး, မြားကျည် တောက်, မြားအိတ် ခေါ်ကြသည်မှာ နောက်မှ ဖြစ်သော စကားတည်း။)

တောင်ခြေရင်း၌ သရက်ချောင်းမြို့တည်ရှိသည့် **"ရှင်တောင့်ပုံ တောင်"** ကား အမြင့်ပေပေါင်း ၂၀၀၀-ကျော်ခန့်ရှိ၍ ရှေးအခါက တောင်တက်လမ်း တစ်မိုင်ခန့်မှာ လမ်း၏ ၃-ပုံ ၁-ပုံခန့်မျှသာ ပြေပြစ်၍ ကျန် ၂-ပုံမှာ မတ်စောက်သဖြင့် အဖိုးကြီး, အဖွားကြီးများနှင့် တက်နိုင်စွမ်း



ရှင်တောင့်ပုံ စေတီတော်အနီး
နောက်ထပ်တည်ထားကိုးကွယ်သော
"ရှင်ကိုးရှင် သမိုင်းဝင် ရှင်တောင့်ပုံစေတီတော်" ပုံ။

မရှိသူတို့အတွက် တောင်ပေါ်ရှိ တောင်စောင့်နတ်ကြီးအား ကိုးကွယ်ပူဇော်ကာ ဆုတောင်းဆုယူပြုကြစေရန် ထိုလမ်း၏ ၃-ပုံ ၁-ပုံခန့်နေရာ၌ ယာယီနတ်ကွန်း ဆောက်လုပ်ထားရှိလေသည်။ (ထိုယာယီနတ်ကွန်းနေရာကွက်လပ်မှာ ယခုတိုင်ရှိလေသည်) ယခုအခါ နတ်ကွန်းမှာ တောင်ပေါ်တွင် ဖြစ်လေသည်။ ယင်းယာယီနတ်ကွန်း၌ ကန်တော့ပွဲ, ပန်း, ဆီမီးများနှင့် ရွှေပြားများကပ်ကာ တင်ကာ ပူဇော်ကြရသည့်အကြောင်းကို ယင်းခေတ် စာဆိုသူ ပညာရှိတစ်ဦးက ဖွဲ့စပ် သီဆိုထားရှိသည့် **"ထားဝယ်ဒိန်းသံ သီချင်း"** ကား -

၁။ ရှင်တောင့်ပုံ ထားဝယ် ဒိန်းသံသီချင်း

"တောန်ပေါင် တောန်ပေါင် ရှင်တောန်ပေါင်
တောန်ပေါင် မတ်စော့က်။ တတ်မရော့က်၊
အော့က်က ကွန်းယာ။ ရွှေပ္လါးန ပူဇော်ပါကိုလေး၊
အို့ မယ်ဝေး မဝါလွမ်းစလေး။"

ဟူ၍ ဖြစ်ပေသည်။

| | | |
|---|---|---|
| မှတ်ချက် ။ တောန်ပေါင် | - | တောင်းပုံ၊ |
| မတ်စော့က် | - | မတ်စောက်၊ |
| တတ်မရော့က် | - | တက်မရောက်၊ |
| အော့က်က ကွန်းယာ | - | အောက်က ယာယီ နတ်ကွန်း၊ |
| ရွှေပ္လါးန | - | ရွှေပြားနှင့်၊ |
| အို့မယ်ဝေး | - | အို အမရေ |
| မဝါလွမ်းစလေး | - | ကျွန်မတို့ရွာကို လွမ်းလှသည်။ |

ယင်း ဒိန်းသံသီချင်းကို မြန်မာလိုပြန်ဆိုရမူ -

"တောင်းပုံ တောင်းပုံ ရှင်တောင်းပုံ၊

တောင်းပုံမတ်စောက်။ တက်မရောက်၊
အောက်က ကွန်းယာ၊ ရွှေပြားနှင့် ပူဇော်ပါကိုလေး၊
အို အမရေ - ကျွန်မတို့ရွာကို လွမ်းလှသလေး။"

ဟူ၍ ဖြစ်ပေသည်။ (ယင်း ရှင်တောင်းပုံ ဒိန်းသံသီချင်းကို အသံလွှင့်ဌာန၌လည်း ကျွန်ုပ်တို့ သွားရောက်၍ သွင်းထားလေသည်။)

ယင်း ရှင်တောင်းပုံတောင်ကို ရှေးအခါက ဒေဝပဗ္ဗတ (နတ်တောင်) ဟု ခေါ်တွင်ကြသည်အတိုင်း နတ်များ အထူးစောင့်ရှောက်နေကြရာ တောင်ပေါ်တောင်တန်း၊ တောင်ခါးပန်း၊ တောင်တက်လမ်းစသည် နေရာများ၌ ယုတ်မာညစ်ညမ်း ကြမ်းတမ်းသမှု ပြုလုပ်ကြသူ လူကြီး လူငယ် ကျား၊ မများအား နတ်များဖမ်းစား အပြစ်အန္တရာယ်ပေးလေ့ရှိကြောင်း ဒိဋ္ဌကြုံဖူးသူများရှိကြသဖြင့် ယနေ့တိုင် တောင်ပေါ်ဘုရားဖူးတက်ကြသူများ အထူး အလေးမူကြရလေသည်။

ယခုခေတ်အခါ တောင်တက်လမ်းများကို ပြေပြစ်စွာ တက်ဆင်းနိုင်ကြစေရန် ပြင်ဆင်ပြုလုပ်ကြသဖြင့် လူတိုင်းလိုလိုပင် တက်နိုင်၊ ဆင်းနိုင်ကြသည့်အပြင် သရက်ချောင်းမြို့ဘက်မှ တစ်လမ်း၊ ကျောက်မြောင်း ရွာဘက်မှ တစ်လမ်းအားဖြင့် တောင်တက်လမ်း ၂-လမ်းရှိလေသည်။ ယင်းလမ်း ၂-လမ်း၏ အစအကွာအဝေးမှာ မိုင်ဝက်ခန့်ရှိလေသည်။

ယခုအခါ ရှင်တောင်းပုံတောင်ပေါ်၌ ဂေါဝိန္ဒရသေ့ (မုဆိုးမောင်နွား) တည်ထားခဲ့သည့် စေတီကြီး တစ်ဆူနှင့် စေတီငယ်တစ်ဆူ၊ ဘုရားသိမ်၊ ကျောင်း၊ ဇရပ်၊ နတ်ကွန်း၊ ရေကန်များ ရှိလေသည်။ ဘုရားဖူးလာကြ သူတို့လည်း အများအပြားပင် ရှိကြလေသည်။

## ၂။ ကုသိန္ဒြတောင်မှ မှီအုံးတောင် ခေါ်တွင်လာခြင်း

ဂေါဝိန္ဒရသေ့သည် မိမိ၏ဆရာဖြစ်သော ဂိရိပစ္စယ ရသေ့ကြီးထံ၌ နေ့ရှည်လများ ဆည်းကပ်နေထိုင်ကာ တရားဓမ္မများကို လေ့လာပြီး

နောက် ဆရာရသေ့ကြီးထံ အခွင့်ပန်လျက် ယခင်က နရုတိမင်းနှင့် ရှမ်းမင်း ၃-ပါးတို့ စေတီတော်တည်ထားခဲ့သည့် ကလ္လသိန္ဒြတောင်သို့ ဆရာတပည့် ၂-ပါး သွားရောက်အမှီပြု၍ တရားအားထုတ်နေထိုင်ကြလေ၏။

ယင်းကလ္လသိန္ဒြတောင်တွင် ဂေါဝိန္ဒရသေ့ အမှီပြု၍နေသဖြင့် ကလ္လသိန္ဒြတောင်အမည်မှ **"မှီအုံးတောင်"** ဟူ၍ ခေါ်တွင်လာကြသည်မှာ ယနေ့တိုင်ပင် ဖြစ်လေသည်။

## သမန္တလောင်းလျှော စက္ကုပါ

ယခု မြို့ဟောင်းခေါ်သော သာဂရမြို့ကို အုပ်စိုးသည့် သမန္တရာဇာလောင်းလျှာသည် အတိတ်အခါက စက္ကပါလကျွဲမင်းဘဝမှ အတ္တုပ္ပတ်ကို သတ်မှတ်တွင်ထွန်း ရှာမော်ကွန်းပါ ဖော်ညွှန်းတင်ပြပါအံ့။

သမန္တရာဇာ လောင်းလျှာသည် ဟိမဝန္တာ မဟာဂနိုင် တောမြိုင်အတွင်းဝယ် ဂေါတမရှင်တော်မြတ်စွာ ပွင့်တော်မမူမီအခါ၌ မဟိသကျွဲမင်း တစ်ကြိမ်ဖြစ်ပြီးနောက် ဂေါတမရှင်တော်မြတ်စွာ လက်ထက်တော်အခါဝယ် **"စက္ကုပါလ"** ကျွဲမင်း တစ်ကြိမ် ဖြစ်ပြန် လေသည်။

ယင်းကျွဲမင်းသည် ပင်လယ်ရေငန်နှင့် ထိတွေ့ပေါက်ရောက် သည့် မြက်များကို စားချင်သော အာသာဆန္ဒ ရှိလှ၍ တစ်နေ့သ၌ ကျွဲမအပေါင်း ခြံရံလျက် တောင်ဘက် သမုဒ္ဒရာကမ်းပါး၌ လာရောက် နေထိုင်လေ၏။ ယင်းနေရာမှတဖန် တရွေ့ရွေ့လာခဲ့ပြန်ရာ ထားဝယ် မြစ်ဝ တစ်နေရာမှ အရှေ့ဘက်ကမ်းသို့ ကူးလာကြလေ၏။ ယင်းနေရာကို **"ကျွဲမင်းကုန်းရွာ"** ဟူ၍ ယနေ့တိုင် ခေါ်ကြ၏။

ကျွဲမင်းကုန်းရွာမှ တဖန် အစာရှားပါးလာသဖြင့် ကျွဲမင်းသည် မိမိ၏ကြင်ဖော် ကျွဲမအပေါင်းနှင့်ပင် ရွှေ့ပြောင်းသွားကာ တောအုပ် တစ်ခု၌ ကျက်စားနေထိုင်၏။ ယင်းနေရာကို **"စက္ကုပါလ"** ဟု ခေါ်တွင် လေသည်။ (ယခုအခါ တောအုပ်အတွင်းဖြစ်၍ မထင်ရှားတော့ချေ။)

တစ်နေ့သ၌ စက္ကုပါလကျွဲမင်းက **"ငါ၏ခင်ပွန်းသည် ကြင်ဖော် များ ဖြစ်ကြသည့် ကျွဲမများမှ ကျွဲမကလေးများမွေးလျှင် ငါမွေးမြူ ထားမည်။ ကျွဲထီးကလေးများမွေးက ငါ့အား သင်းတို့ ကြီးပြင်းလာလျှင် ရန်မူ ကြလိမ့်မည်"** ဟု စိုးရိမ်ကြောင့်ကြသဖြင့် ကျွဲထီးကလေးများမွေးတိုင်း ဝှေ့ခတ်သတ်လေ၏။

## ၁။ သားကျွဲထီးကလေးမွေးခြင်း

အခါတစ်ပါး ကိုယ်ဝန်ရှိသော ကျွဲမတစ်ကောင်က အကြံရသည်မှာ -

**"ငါ၌ သမီးမွေးလျှင် တော်လေစွ၊ သားထီးမွေးမူ ကျွဲမင်းဝှေ့သတ်လျှင် ငါ၌ သောကရောက်စရာ အကြောင်းရှိပေသည်။ သို့ကြောင့် ငါလျှို့ဝှက်ပြီးမွေးမှ တော်မည်"** ဟု အကြံရကာ တစ်ခုသော တောင်ခေါင်း၌ ပြောင်းရွှေ့နေထိုင်လျက် ကျွဲထီးကလေးမွေးပြီး ဝှက်ထားလေ၏။ ယင်းနေရာကို **"သားဝှက်ဂူ"** (ဝါ) **"သားဝှက်ကုန်း"** ဟူ၍ ယနေ့တိုင် ခေါ်တွင်လေသည်။

ယင်းကျွဲထီးကလေးသည် တစ်နေ့တခြား ကြီးပြင်းလာသဖြင့် လေကဲ့သို့ လျင်မြန်စွာ ပြေးစွမ်းနိုင်သောကြောင့် ထားဝယ်အခေါ် **"ကျွဲလေသား" (ကျွဲလေကလေး)** ဟူ၍ အမည်တွင်လေ၏။

ယင်းနောက် မိခင်ကျွဲမကြီးက အကျိုးအကြောင်း ပြောပြရာ ဖခင်ကျွဲမင်းအား စိတ်နာသဖြင့် ခြေရာချင်း တူမျှက အဖအား ခုခံမည်ဟု လျှို့ဝှက်စွာဖြင့် အဖ၏ခြေရာကို အစဉ်မပြတ် တိုင်းထွာလေ့ရှိ၏။ သို့နှင့် ခြေရာချင်း တူမျှလာရကား မိမိနေရာ ဂူမှထွက်၍ အဖကျွဲမင်းပိုင် နယ်နိမိတ်မှ အပဖြစ်သည့် တောင်ကုန်းတစ်ခုသို့ သွားရောက် ကျက်စား နေထိုင်လေ၏။ ယင်းတောင်ကို **"ကျွဲရိုင်းတောင်"** ဟု ယနေ့တိုင် ခေါ်တွင်လေ၏။

များမကြာမီ အဖ စက္ကပါလကျွဲမင်းသည် မိမိပိုင်နယ်အစပ်၌ ကျွဲရိုင်းတစ်ကောင် ပေါ်ပေါက်ကျက်စား နေကြောင်း ကြားသိလေလျှင် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ဝှေ့သတ်ရန်အကြံဖြင့် ကြင်ဖော်များနှင့် သမီးအခြံအရံများကိုထားခဲ့ပြီး ခွဲခြားနေသောတောင်ကို **"ခွဲခြားတောင်"** ခေါ်တွင်ရာမှ ယခုအခါ **"ကွဲခြမ်းတောင်"**ဟု ခေါ်ကြလေသည်။

(ယင်း **"ကွဲခြမ်းတောင်"** ကား ထားဝယ်မြို့မှ အရှေ့

တောင်ဘက် တန်ခိုးကြီးသော **ရွှေမုဋ္ဌော** ဘုရားကြီးနှင့် မနီး,မဝေး ဖြစ်လေသည်။)

တစ်နေ့သ၌ သား,အဖ တွေ့ဆုံကြ၍ အချိန်အတော်ကြာကြာ ဝှေ့ခတ်နေကြရာ အဖကျွဲမင်းမှာ အိုမင်း မစွမ်းရှိသဖြင့် မောပန်း မြောမေ့(အု)လျက် လဲနေလေ၏။ ယင်းနေရာကို **"ကျွဲမင်းအု"** ခေါ်ရာမှ ယခုအခါ **"ကျွဲမင်းအူ"** ဟူ၍ ခေါ်ကြ၏။ ယင်းနေရာကား ရွှေမုဋ္ဌော ဘုရားကြီးသို့ မရောက်မီ ကနိုင်းတာရွာအနီး လယ်ကွင်း၌ ရှိ၍ **"ကျွဲမင်း အူကွင်း"** ဟု ခေါ်ကြ၏။

(**"အုသည်"** ဟူသော ထားဝယ်စကားမှာ မြန်မာလို **"မြောမေ့ သည်"** ဟု ဆိုလိုသည်။)

သားလည်း အဖကျွဲမင်း သေပြီထင်၍ မိမိနေရာသို့ ပြန်သွားစဉ် တအောင့်လောက်ကြာလျှင် ကျွဲမင်း သတိရလာရကား ဒေါသထွက်ကာ သားအား အမြန်လိုက်လေ၏။ သားသည် အဖလိုက်လာမှန်းသိသဖြင့် ထားဝယ်မြစ်သို့ဆင်း၍ အနောက်ဘက်ကမ်းသို့ ကူးပြေးလေ၏။

## ၂။ လောင်းလုံးမြို့

အဖကျွဲမင်းလည်း မြစ်ကိုကူးကာ အနောက်ဘက်ကမ်းသို့ တက်လိုက်လေရာ သား,အဖ တွေ့ဆုံပြီး ထွေးလုံး ဝှေ့ခတ်ကြပြန်ရာ ယင်းနေရာကို **"ထွေးလုံး"** ခေါ်ရာမှ ယခုအခါ **"လောင်းလုံး"** မြို့ဟု ခေါ်ကြ၏။ ယင်းလောင်းလုံးမြို့ကား ထားဝယ်ခရိုင်တွင် မြို့ပိုင်ရုံးစိုက်ရာ မြို့ကလေးတစ်မြို့ပင် ဖြစ်ပေသည်။

ယင်းသို့ သား,အဖ ထွေးလုံးဝှေ့ခတ်ကြရာတွင် အဖကျွဲမင်းမှာ မစွမ်းနိုင်တော့သဖြင့် မောပန်း၍ ပြန်လာသောနေရာကို **"ပြန်ထိန်"** ယခု **"ပြင်းထိန်ရွာ"** ဖြစ်ပေသည်။

ယင်းမှတဖန် တရွေ့ရွေ့ပြောင်းရွှေ့ကာ ပြေးရှောင်လာသော နေရာကို **"ပြေးရှောင်"** ယခုအခါ **"ပိန်းရှောင်ရွာ"** ဟု ခေါ်ကြလေသည်။

စက္ကပါလ ကျွဲမင်းက **"ငါသည် ဤသို့ ဘေးဒုက္ခဖြစ်ရခြင်းကား ငါ့ကြင်ဖော် ကျွဲမယုတ်တစ်ကောင်ကြောင့် ငါ့သားသည် ငါ့အား ရန်မူခြင်း ဖြစ်ပေသည်။ သင်းတို့ ကျွဲမအပေါင်းကို စွန့်ခွာကာ တစ်ကိုယ်တည်း သင့်တော်ရာမှာနေမှ တော်မည်"** ဟု အကြံရလျက် မြောက်စူးစူးသို့ ရှေးရှုသွားပြီး ကျွဲမင်းရပ်တန့် နားနေလေ၏။ ယင်းနေရာကို **"မင်းရပ်ရွာ"** ဟူ၍ ယနေ့တိုင် ခေါ်ကြ၏။

ယင်းမင်းရပ်ရွာမှ တဖန် ကျွဲမင်းသည် မြောက်စူးစူးသို့ ရှေ့ရှုသွားပြန်ရာ ပင်လယ်ကမ်းပါးအနီးသို့ ရောက်လတ်သော် ပင်ပန်းသဖြင့် တောင်ကုန်းတစ်ခုပေါ်သို့တက်၍ အင်းတစ်ခု၌ နားနေ အပန်းဖြေလေ၏။ ယင်းနေရာကို **"ပန်းတက်အင်းရွာ"** ဟူ၍ ယနေ့တိုင် ခေါ်ကြလေ၏။

(ယင်းပန်းတက်အင်းရွာကား မောင်းမကန် ပင်လယ်ကမ်းခြေအနီး၌ စည်ကားထင်ရှားသော ရွာကြီးတစ်ရွာ ဖြစ်ပေသည်။)

ပန်းတက်အင်းရွာမှ တဖန် မြောက်ဘက်သို့ ရှေးရှုသွားပြီး ကုန်းမြင့်တစ်ခုပေါ်၌ စခန်းချ၍ နားနေလေ၏။ ယင်းနေရာကို **"ကုန်းမြင့်ချောင်"** ဟု ခေါ်ကြလေသည်။ ယခုအခါ မထင်ရှားတော့ချေ။

## နဘုလယ် စက်တော်ရာ ဘုရားသမိုင်း

အထက်က ပြဆိုခဲ့ပြီးသည့် ဝေမိဿကတောင် (ကနန်းတောင်) ဝယ် ဂဝံပတေ့ရသေ့, ဒုရကနတ်သား, ကုမ္ဘဏ္ဍာနတ်ဘီလူးတို့အား အသီးသီး ဗျာဒိတ်ကြားတော်မူပြီးနောက် ရှင်တော်မြတ်စွာသည် ညီတော်အာနန္ဒာ နှင့်တကွ (ယခု နဘုလယ်ရွာအနီး) သုဝဏ္ဏဂိရိ သုဝဏ္ဏတောင်ကုန်း၌ ရပ်တော်မူပြန်လေ၏။

### ၁။ လက်ဝဲ ခြေတော်ရာတစ်ဆူ ချတော်မူခြင်း

ယင်းအခါ ရှင်တော်မြတ်စွာသည် အနာဂတံ ရွှေဉာဏ်ဖြင့် သိမြင်တော်မူ၍ ပြုံးတော်မူ၏။ ညီတော် အာနန္ဒာက လျှောက်လျှင် **"ချစ်သား အာနန္ဒာ ဤစက္ကပါလကျွဲမင်းသည် ငါဘုရား၏ အထောက် အပံ့ကိုရ၍ ငါဘုရားအား မြေဇာမြက်ဖြင့် လှူဒါန်းရသောအကျိုးကြောင့် နတ်ပြည်၌ စုတေ၍ တဖန် လူ့ပြည်၌ဖြစ်ပြီးလျှင် သက္ကရာဇ် ၁၁၃- ခုနှစ်တွင် မင်းအဖြစ်ကို ရလတံ့၊ ထိုအခါ ငါဘုရား၏ သာသနာကို ချီးမြှင့်တော်မူလတံ့၊ ယခု ငါဘုရားကြွသွားလျှင် ဤကျွဲမင်းသည် နှလုံးမသက်သာ၍ မကြာမီ လူ့ပြည်၌ စုတေလတံ့၊ ငါဘုရားအား အာရုံ မပြတ် အမှတ်ရစေခြင်းငှာ ဤသန့်ရှင်းသောတောင်ကုန်း၌ ခြေတော်ရာ တစ်ဆူကို ချထားတော်မူအံ့"** ဟု မိန့်ကြားတော်မူပြီး လက်ဝဲခြေတော်ရာ တစ်ဆူကို ချထားတော်မူခဲ့ပြီး ဘုရားရှင် ကြွသွားတော်မူလေ၏။

စက္ကပါလကျွဲမင်းသည် ဘုရားရှင်အား အကြိမ်ကြိမ် မြေဇာမြက် ဖြင့် လှည့်လည် ဖူးခြင်းကြောင့် **"ဖူးလည်"** (ဝါ) **"ဖူးလယ်"** ခေါ်ကြရာမှ ယခုအခါ အခေါ်ပျက်ပြားသဖြင့် **"နဘုလယ်ရွာ"** တွင်လေသည်။

ဘုရားရှင်ကြွသွားတော်မူပြီးနောက် စက္ကပါလကျွဲမင်းသည် ဘုရားရှင်၏ ခြေတော်ရာကို နေ့စဉ်ဦးတိုက် ပူဇော်ကန်တော့လေ၏။ ဘုရားရှင်၏ တရားဓမ္မ အဆုံးအမကို နာယူကာ အစာရေစာ မစား သောက်ဘဲ ကျင့်နေရာမှ ယင်းနေရာ ကျောက်ထက်တွင် နောင်ကာလ



နဘုလယ်ရွာရှိ ဗုဒ္ဓမြတ်စွာ၏ "လက်ဝဲခြေတော်ရာစစ်" ပုံတော်။
(ရေဖြူမြို့နယ် - နဘုလယ်ရွာတွင်ရှိသည်။)
မြားပြထားသောနေရာမှာ ၃ ရက်တိုင်တိုင်
သွေးစိမ်းရှင်ရှင်ထွက်ဖူးသော နေရာဖြစ်သည်။

ရှည်ကြာလတ်သော် သတိအမှတ်ရစေခြင်းငှာ အဓိဋ္ဌာန်လျက် ကျွဲမင်းခြေရာ ချထားခဲ့ပြီးလျှင် ကွယ်လွန်လတ်သော် နိမ္မာနရတိနတ်ပြည်၌ ဖြစ်လေ၏။

နဘုလယ်ခြေတော်ရာနှင့် မနီး,မဝေး တောင်ကုန်းပေါ်၌ စက္ကပါလကျွဲမင်း၏ ခြေရာလည်း ယနေ့တိုင် ထင်ရှားရှိလေသည်။

နှစ်စဉ် ကျင်းပပြုလုပ်သည့် တပေါင်းလပြည့် ဘုရားပွဲတော်လည်း အလွန်ကြီးကျယ် စည်ကားလေသည်။

## ၂။ ရေဖြူမြို့

ယင်း နဘုလယ် စက်တော်ရာဘုရားကား ထားဝယ်မြို့မှ မိုင် ၂၀-ကျော်ခန့် ကွာဝေးသဖြင့် ထားဝယ်မြစ် အနောက်ဘက်ကမ်းမှ ယခုအခါ မော်တော်ကားလမ်း ဖောက်လုပ်ထားရှိလေသည်။

စက်တော်ရာဘုရား တည်ရှိသည့် နဘုလယ်ရွာကား အိမ်ခြေများစွာ စည်ကားသော ရွာကြီးတစ်ရွာဖြစ်၍ ရှေးခေတ်အခါက မြို့ပိုင်ရုံးစိုက်သည့် မြို့ငယ်ကလေးတစ်မြို့ ဖြစ်ခဲ့ဖူးလေသည်။ နောင်သောအခါ ခရီးလမ်းပန်း အဆက်အသွယ် အခြေမကောင်းသဖြင့် ယင်းနဘုလယ်မှ အရှေ့ဘက် ၁၀-မိုင်ခန့် ခရီးအကွာ ရေဖြူရွာသို့ ပြောင်းရွှေ့ရုံးစိုက်သည်မှာ ယနေ့အထိပင် ဖြစ်ပေသည်။ **ရေဖြူမြို့ကား ထားဝယ်မြို့မှ ၁၃-မိုင် ခရီးအကွာ ထားဝယ်နှင့် ရေးမြို့သွား မော်တော်ကားလမ်းအနီး ထားဝယ်မြစ်အနောက်ဘက်ကမ်းတွင် တည်ရှိလေသည်။**

## စုမဒ္ဒီဒေဝီမိဖုရား သားတော်မွေးဖွားခြင်း

စက္ကပါလကျွဲမင်း ကွယ်လွန်၍ နိမ္မာနရတိနတ်ပြည်၌ ခံစား စံစားပြီး သက်တမ်း စေ့ရောက်လတ်သော် ကောဇာသက္ကရာဇ် ၉၇-ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၆-ရက် သောကြာနေ့ နံနက် ၆-နာရီကျော် အချိန်တွင် လူ့ပြည်၌ ဖွားမြင်ရာ သောကြာနေ့ဖွားဖြစ်၍ **"သမန္တမင်းသား"** ဟူ၍ အမည်တွင်လေ၏။

သမန္တမင်းသား ၇-နှစ်အရွယ် ရောက်လတ်သော် ပညာ သင်ကြားရန် ဆရာတော်များထံ အပ်နှံထား လေ၏။

### ၁။ ဘူမိဒေဝနဂရမြို့တော်၌ ကောင်းကင်နိမိတ်ပြခြင်း

ညဥ့်အခါ ကောင်းကင်၌ ကြာသပတေး ကြယ်တံခွန် ပေါ်ထွက် လာသဖြင့် လူအများ အုတ်အုတ် ကျက်ကျက် အံ့သြစွာနှင့် ကြည့်ရှုကြပြီး အမျိုးမျိုးအဖုံဖုံ ပြောဆိုကြလေ၏။ ကလေးများကလည်း လမ်းလျှောက်၍ တေးသီချင်း ဆိုကြသည်မှာ -

**"မောင်မယ်စုံတို့ ကြည့်ရှာကြအများ၊**
**ညဥ့်ခါ ညဥ့်ခါ၊ ငွေလ,ရယ်သာ။**
**သာပါသော်ကော၊ ပျို့, အို မမော။**
**မိုးပေါ်လွှတ်တဲ့ ကြယ်တံခွန်၊**
**ငါတို့အရှင် အရွယ်လွန်၊**
**ဝေးတော့ရှိဖြုန်း၊ ဝေးနေ့-ပြေးရော့။**
**ဒို့ရှင် ဒို့ဖုန်း - ကြည့်လို့ မဆုံး"။**

ဟူ၍ သီဆိုကြလေသည်။

ယင်းကြယ်တံခွန်ကြီးသည် တစ်လခွဲလောက် ကြာရှည်စွာ ကောင်းကင်နိမိတ်ပြပြီး ပျောက်ကွယ်သွား လေ၏။

## ၂။ သားတော် သမန္တမင်းသားအား ထီးနန်းလွှဲအပ်ခြင်း

ကြယ်တံခွန်ကြီး ထွက်ပေါ်ခြင်းအကြောင်းကို ဘုရင်မင်းမြတ်က စိုးရိမ်မကင်းသဖြင့် အကြောင်းအကျိုးကို သိရှိရန် ပညာရှိ အမတ်ကြီးများအား မေးတော်မူရာ ရှေ့မီနောက်မီ အမြော်အမြင်နှင့် ပြည့်စုံသော ပညာရှိ အမတ်တစ်ဦးက ရဲဝံ့စွာ သံတော်ဦး တင်လျှောက်သည်မှာ -

**"မှားလျှင်လည်း အသက်ဘေး ချမ်းသာပေးတော်မူပါ၊ မှန်လျှင်လည်း ယူတော်မူပါဘုရား - ရွှေနားဆင် တော်မူပါ၊ ဤကြယ်တံခွန်ကြီး၏ တိတ်နိမိတ်အလိုကို ထောက်လိုက်သော် ကလေးများ တေးတပေါင် သီဆိုကြရာတွင် နောက်ပိတ်ဆုံး တေး,အစသတ်တွင် "ကြည့်လို့မဆုံး" ဟူ၍ ဆိုခြင်းကို ပြောင်းပြန်ကောက်ယူ လိုက်က "ဆုံးခန်းခြင်း" ဟူသည် အရ ဘုရင်မင်းမြတ်ကြီး၏ ဘေးအန္တရာယ်ရောက်ဖို့ရာ ကြုံကြိုက်သည့် ကိန်း ဖြစ်ကြောင်းပါဘုရား။"**

ဘုရင်မင်းမြတ်က မျက်နှာညှိုးငယ်စွာဖြင့် နောက်ထပ် မေးတော်မူပြန်သည်မှာ - **"အမတ်ကြီး ဤကဲ့သို့သော အကြောင်းအတွက် မည်ကဲ့သို့ ကျိန်ချေရပါမည်နည်း။"**

**"မှန်လှပါဘုရား၊ ကုသိုလ်ဒါန လှူဒါန်းကျွေးမွေးတော်မူပါက ကိုယ်တော်နှင့် ထပ်ကြပ်မကွာ နိဗ္ဗာန်ဘုံသို့ လွယ်ကူစွာ ပါနိုင်ပါမည် ဘုရား။"**

**"ငါအရှင်မြတ်နှင့် အမတ်ကြီးများ အောင်သာဂရရွာကြီးက ပြောင်းရွှေ့လာသောအခါ ရှေးဦးစွာ စခန်းချသောနေရာ တောင်ကုန်း (ယခု ညင်းထွေးရွာအနီး)၌ ရသေ့, ရဟန်းများအတွက် ယခု ဝါဆိုလ လည်းဖြစ်၍ ဝါဆိုကျောင်းအမှတ် ဆောက်လုပ်လှူဒါန်းလိုသည်ဖြစ်၍ ဗိသုကာများအား အမြန်ဆောက်လုပ်စေရမည်"** ဟူ၍ အမိန့်တော် မှတ်လေ၏။

ဘုရင်မင်းမြတ် အမိန့်တော်အရ ၇-ရက်အတွင်း ဝါဆိုကျောင်း ဆောက်လုပ်ပြီးလျှင် ရသေ့, ရဟန်း များအား ပင့်ဖိတ်ပြီး လှူဖွယ်ဝတ္ထု အစုစုတို့နှင့်တကွ ရေစက်သွန်းချ အမျှပေးဝေလေ၏။ ယင်းအခါ ငလျှင်လှုပ် လေ၏။

(ညင်းထွေးရွာတွင် ရှေးက အဆက်မီလိုက်ကြသော သံဃာတော် အရှင်သူမြတ်တို့သည် **"ဝါဆိုကုန်း"** ဟူ၍ ခေါ်ဆိုကြရာ ယခုတိုင် ရှိလေသည်။)

ယင်းနောက် ဘုရင်မင်းမြတ်သည် သားတော် သမန္တမင်းသား အား ဆရာတော်အရှင်သူမြတ်များထံမှ အခွင့်တောင်းပြီး ခေါ်ယူလျက် ထီးနန်းစည်းစိမ်ကို ယာယီလွှဲအပ်ကာ ဥပုသ်ဆောင် ဝင်တော်မူလေ၏။

**"ပဟိုရ်နောင်ဒိုင်း၊ ကြေးစည်ဝိုင်းနှင့်။**
**ပတ်ဆိုင်း ပတ်သာ၊ အငြိမ့်ရှာလို့"** -

ဟူသော သံချပ်ကို အတိုင်အချနှင့် ကလေးများ လမ်းလျှောက်သီဆိုကြပြီး များမကြာမီပင် ဆင်ဖြူရှင် မဟာနရိန္ဒ မင်းမြတ်သည် စည်းစိမ်၂၃-နှစ်၊ သက်တော် ၇၀-ပြည့်တွင် နတ်ရွာစံ ကံတော်ကုန်ရှာလေတော့၏။

ယင်းနောက် ၂-နှစ်ကျော် အချိန်တွင်ပင် စုမဒ္ဒီမိဖုရားလည်း နတ်ရွာစံဝင်တော်မူရှာလေသတည်း။

သားတော် သမန္တမင်းသားလည်း ခမည်းတော်၏ ထီးမွေနန်းမွေ ဆက်ခံ စိုးစံအုပ်ချုပ်လေ၏။

## သာဂရမြို့တည်ခြင်း

သမန္တမင်း စိုးစံအုပ်ချုပ်ပြီး များမကြာမီ ဘူမိဒေဝနဂရမြို့သည် ဘူမိနက်သံ မြေခံမညီညွတ်သဖြင့် ပညာရှိအမတ်များနှင့် ညှိနှိုင်းတိုင်ပင်ကာ နန်းတော်အသစ် ဆောက်လုပ်ရန် မြေကို ရွေးချယ်ကြရာ ထားဝယ်မြစ် အနောက်ဘက်ကမ်းအနီး ယခု မြို့ဟောင်းရွာခေါ်သည့် နေရာတွင် ကောဇာသက္ကရာဇ် ၁၅၀-ခုနှစ်၌ ဆောက်လုပ်လျက် **"သာဂရမြို့"** ဟု အမည်သစ်ဖြင့် သမုတ်၍ မြို့သစ်တည်ထောင် စိုးအုပ်စံနေတော်မူလေ၏။

(ယင်းသာဂရမြို့သစ်ကား ယခု ထားဝယ်မြို့မှ ခရီး ၇-မိုင်ခန့် ဝေးကွာလေသည်။)

မင်းမဲ့ဖြစ်နေသည့် ဘူမိဒေဝနဂရမြို့ကို **"စောလွန်းရွှေ"** အမည်ရှိသော ယွန်းမင်းသည် အသစ်တဖန် တည်ထောင်၍ အုပ်စိုးလေသည်။

သမန္တမင်းလက်ထက် လင်္ကာဒီပ သီဟိုဠ်ကျွန်းမှ **"အရှင်သာမိ"** မထေရ်နှင့် **"အရှင်ကစ္စန"** မထေရ် ရဟန္တာ ၂-ပါး ကြွရောက်တော်မူလာ၍ သမန္တမင်းက ပစ္စည်းလေးပါး ဒါယကာခံလျက် ကိုးကွယ်လေသည်။ ယင်းရဟန္တာအရှင်မြတ်များသည် ကြက်ဥတောင်၌ ပရိနိဗ္ဗာန်ပြုတော်မူ၍ အလောင်းတော်ကို သီဟိုဠ်ကျွန်းသို့ ပို့ဆောင်လေသည်။

### ၁။ နိဗ္ဗာန်လက်ဆောင်များ စေတီတော်တည်ခြင်း

ယင်းနောက် ကောက္ကသန်မင်းလက်ထက် သမန္တမင်းနှင့် မဟာမိတ်ဖြစ်ကြ၍ မြတ်စွာဘုရား၏ **"ဓာတ်တော်, ဆံတော်, သလွန်တော်, မြသပိတ်တော်, သတ္တဌာန ရုပ်တုတော်, မြောက်ကျွန်းသို့ ဆွမ်းခံကြွတော် မူဟန် ရုပ်တုတော်များ"** ကို နိဗ္ဗာန်လက်ဆောင်အဖြစ် အကောက်ဝန် **"ရာတွန်ရှည်"** ကို သင်္ဘောနှင့် ပို့လာစေသည်။ သာဂရ

မြို့သို့ရောက်လျှင် ကျိုင်းချောင်း၌ သဘော်ရပ်ဆိုင်း၍ သမန္တမင်းထံ သံတော်ဦးတင်လာသောအခါ ကိုယ်တိုင် ထွက်တော်မူ၍ ရှိခိုးဖူးမြော်ကန်တော့ပြီးလျှင် နိဗ္ဗာန်လက်ဆောင်တော်များကို ဆင်ဖြူတော်ဖြင့် တင်ဆောင်၍ **"နတ်တောင်တွင် စေတီဘုရားတည်ထား ကိုးကွယ်တော်မူလေသည်။"**

**"မြသပိတ်ကို"** မူကား နန္ဒသူဌေးသို့ အပ်၍ သာဂရမြို့အတွင်း မြင်ထင်ကုန်းအရပ်၌ လျောက်ပတ် တင့်တယ်စွာ ဌာပနာပြီး **"မြသပိတ်" စေတီတော်ကို တည်ထား ကိုးကွယ်လေသည်။**

သမန္တမင်းမြတ်သည် ဂေါဝိန္ဒရှင်ရသေ့အားလည်း အမြဲဆည်းကပ် ကိုးကွယ် ပူဇော်လှူဒါန်းတော်မူလေ၏။

❁ ❁ ❁

## ရှင်ရသေ့နှင့် ငါးခုံးမကြီး

ဂေါဝိန္ဒ ရှင်ရသေ့သည် မှိုအုံးတောင်၏ ပတ်ဝန်းကျင်ရှိ ရွာများ၌ အစဉ်သဖြင့် ဆွမ်းခံပြီးလျှင် ဝေဿဝဏ္ဏ ကုန်းစပ်ရှိ နတ်ရေကန်အနား၌ ဆွမ်းဘုဉ်းပေးလေ၏။ ဆွမ်းဘုဉ်းပေးပြီးလတ်သော် အကြွင်းအကျန်များကို နတ်ရေကန်အတွင်းရှိ ရေပိုး, ရေမွှား ငါးတိရစ္ဆာန်များအား ကျွေးမွေးပြီး ရေကန်၏ တစ်ခုသောနေရာဝယ် ရေသုံးသပ်လေ့ရှိလေ၏။

### ၁။ နတ်သက်ကြွေ၍ ငါးခုံးမဖြစ်ရခြင်း

စတုမဟာရာဇ်နတ်ပြည်မှ နတ်သမီးတစ်ဦးသည် နတ်သက်စေ့၍ အကုသိုလ်ကံ ဖိစီးသဖြင့် ယင်းဝေဿဝဏ္ဏ နတ်ရေကန်ဝယ် ငါးခုံးမအဖြစ်နှင့် ကျက်စားနေရှာရလေ၏။ တစ်နေ့သ၌ ငါးခုံမကြီးသည် ရသေ့၏ ကိုယ်မှထွက်သော အညစ်အကြေးတို့ကို စားမိ၍ ပဋိသန္ဓေတည်နေပြီး အချိန်စေ့ရောက်သော ညဥ့်တစ်ညဥ့်ဝယ် လူစင်ယောကျ်ားသားနှင့် သမီးတို့ကို အမွှာဖွားမြင်ပြီး ကျောက်ကမ်းပါးထက်၌ ငါးခုံးမ ရင်ကွဲ၍ သေရှာရလေ၏။

ငါးခုံးမကြီး သေဆုံးသည်၏ အခြားမဲ့၌ အယူတိမ်း၍ နတ်စိမ်းဖြစ်ပြီးလျှင် ညဥ့်ချင်းပင် ဂေါဝိန္ဒရှင်ရသေ့ ကျောင်းသခ်မ်းသို့ သွားရောက်ပြီး အိပ်မက်ပေးသည်မှာ -

“ထုံးဆံကျစ်ခွေ၊ သစ်လျှော်တေနှင့်၊ မော်ကေအစောင်း၊ ပျော်နေအောင်းသည့်၊ ကျင့်ကောင်း သိမ်မွေ့ ကသိုဏ်းချာနင်၊ တိုင်းထွာဆင်ပါတဲ့ ရှင်ရသေ့ဘုရား။

မူလဘူတ၊ ပကတူပမတော့၊ ဒေဝသာကီ - ဘုံထူးမြတ်တဲ့၊ နတ်ဌာနီက၊ နတ်မဒေဝီ ဖြစ်ပါသည်၊ အတည်မကျ အနိစ္စမို့၊ ဘဝတတန် - ဝေဿဝဏ်မြတ်၊ ခွေသွန်ပတ်တဲ့၊ နတ်ရေကန်ဝယ်၊ သဏ္ဌာန် ထူးသစ် - ငါးခုံးမဖြစ်လို့မို့၊

ရှင်ချစ်က္ကသိန်၊ မြတ်ဂေါဝိန်သည်၊ ပူရှိန်ကင်းပြတ်၊ ရေသုံးသပ်
ရာတွင်၊ ဓာတ်စတုန္နဲ - ကိုယ်က ဆင်းတဲ့၊ ကြွင်းအကျန်ဟာ၊
ကန်တွင်ပေါင်းစုံ၊ အခြေပြု ရေဥရေညှိဖြစ်ပါသည်၊ ထိုရေညှိကို၊
စားသောက်မျိုမိလို့၊ ငါးပျိုနုမျစ် - သံဝါဓာတ်ကဲ့သို့၊ သဟဇာတ်
ဖြစ်ပြီးလျှင်၊ ထူးသစ်အမူ- ဇလာဗုဇ်၊ လူသဏ္ဍာန်လို၊ သန္ဓေယူ၍၊
ဇမ္ဗူရွှေစင် - သမီးနှင့်သား၊ နှစ်ယောက်အားကို၊ ပေါက်ဖွား
မြင်က၊ ဝိညာဉ်ပြတ်စဲ - တပည့်တော်မ၊ ငါးမစ္ဆာမှာ၊ ဘဝလွဲ -
နတ်ရဲဖြစ်၍ နေပါသည်၊ ငွေသဲလျှပ်လျှပ် ကျောက်မြေရောပြွမ်း၊
မြရည်ဆမ်းတဲ့၊ ကမ်းအစပ်မှာ၊ ပန်းဇလပ်ခွေ၊ သားနှစ်ထွေကို၊
အခြေပုံထောက်၊ လူလားမြောက်အောင်၊ ကောက်ယူမွေးပါ၊
အကြောင်းကြားလာခဲ့ပါတယ်၊ ကရုဏာသခင် မဟာဂ္ဂုတ်နန်း၊
တက်သုတ်နှင့် လှမ်းလိုသည့်၊ ကမ္ဘဋ္ဌာန်းရှင် ဘုရား။

အရင်းကိုရှာ၊ မကင်းရာ - ဟိုအချက်တွေကြောင့်၊
အိပ်မက်ပြန်ကြား။

ပန်းပေါင်းငယ်ကြိုင်၊ စမ်းချောင်းအိုင် - ရေတံခွန်နှင့်၊
ဝေသဝဏ် တောင်တော်နန်းကို (အမယ်မင်း) မြန်းပေါ့ဘုရား"
ဟူ၍ အိပ်မက်ပေးပြီး ငါးခုံမနတ်စိမ်း ကွယ်လေ၏။

## ၂။ အိပ်မက်အရ ကလေးနှစ်ယောက်ကို ကောက်ယူမွေးမြူခြင်း

ဂေါဝိန္ဒရှင်ရသေ့လည်း အိပ်ရာမှ လန့်နိုး၍ အိပ်မက်၏
အကြောင်းခြင်းရာကို အထပ်ထပ်အခါခါ စဉ်းစား ညည်းညူလျက်
ဝေသဝဏ္ဏကုန်းစပ် နတ်ရေကန်ကမ်းသာ ကလေးများရှိရာသို့ သွားရန်
ဖိုးသူတော် ကွာစိခေါ်ပြီး-

"မြိုင်မော်သေလာ၊ ဟေမဝါသို့၊ ဒေသစာနှောက်၊ အညောင်းပြေ
လျှောက်ရအောင်၊ ငါ့နောက်သို့ လိုက်ခဲ့ရမည် ဖိုးသူတော်" ဟု ဆိုပြီး
ရသေ့နှင့် သူတော်တို့ လျှောက်လာကြရာ နတ်ရေကန်အနီးသို့ ရောက်



ရှင်ဇောနှင့် ရှင်ဇံ အမြှာ မောင်နှမအား မွေးဖွားအပြီး ရင်ကွဲသေဆုံးနေသော မိခင် "ငါးခုံးမကြီး" ပုံ။ (ယခုအခါ ၎င်း သားရိုးရုပ်ဓာတ်ကို ရွှေချပြီး ကောင်းစွာ ထိန်းသိမ်းထားသည်။)

လျှင် ဂေါဝိန္ဒရှင်ရသေ့က ကန်၏ ရှုခင်းအသွယ်သွယ်ကို အံ့ဩဖွယ် ဆိုလိုက်သည်မှာ -

မဟာဂနိုင်၊ နံ့သာမြိုင်မို့၊ ကြိုင်ဂန္ဓာရုံ၊ မြေနီစမ်းချောင်း၊ လမ်းအစောင်းမှာ၊ ပန်းပေါင်းက ထုံသနှင့်၊ ရဂုံတဝိုက်၊ လွန်သိုက်မြိုက်၊ နတ်စိုက်သလို၊ မနိမ့်မမြင့်၊ အဆင်သင့်တဲ့၊ ပင့်နဂိုရ်၊ ဟိုခင်တန်းကွေ့၊ အတော်လောက် ရွှေ့လိုက်တော့၊ ချမ်းမြေ့သုခါ - ဒေါင်းရင်မွေးမြက်၊ ဝေဝေယှက်တဲ့ - မြေကွက်သာ၊ သမင်စာရော - ပိတောက်ဝါမှာ၊ မြေဇာနှောလို့၊ မောရ ဦးစွန်း၊ အထူးရွှန်းလျက်၊ ဝိုက်ဝန်းရစ်ခွေ၊ သွဲ့သွဲ့ သွဲ့သွဲ့၊ တလဲ့လဲ့နှင့် တွဲ့တွဲ့နေ၊ မြင်းသေမြက်ညို၊ ဆင်ငိုမြက်အုပ်၊ နွားစားငုတ်က၊ ဘုတ်လည်ဆံယှက်၊ ငှက်ကမ်းပါးယံမှာ၊ ဖြူဆံမြက်နှင့်၊ ကွန့်လျက်စိမ်းဝါ၊ သည်ကလျှောက်၍၊ တထောက် လာသော်၊ ဒုတ်ထာ တခန်း၊ ဗဟန်းတထပ်၊ ခတ်အမျိုးမျိုး၊ ဇော်ဂျီများ သည်နေရာမှာ၊ ဖိုလာလို့ ထိုးရော့ထင့်၊ လျှိုရိုးကြား အောက်ထပ်က၊ ကျောက်ချပ်နှင့်၊ မြေသံသုံ၊ မီးသွေးပါ ချော်စပ်တွဲပြီး၊ လုံကွဲတွေ ပုံနေရော့၊ နဂါးရုံ - နဂါးသွဲ့၊ နတ်မီးထည့် - မဟူရာ၊ သန္တာနီ သန္တာနက်၊ ဂမုန်းပေါင်း - ပန်းပေါင်းငဲ့ပြင်၊ မင်းပေါင်းသာ ယှက်ကရော့၊ ဂျင်းကျောက် တက်၊ ဂျင်းတိမ်ပြာ၊ ဂျင်းဆူးပေါက် ဥတစ်လုံးနှင့်၊ ဂျင်းစုံးလဲ ပါလိုက်သေး၊ နတ်ဝိဇ္ဇာ ဆေးလက်ညှိုး၊ သံသတ်မျိုး အသွယ်သွယ်၊ ဆေးငါးဖယ်အမည်ဖြာ၊ ကတ္တီပါ ဝက်သခေါက် - ဆေးကမြင်းဆိုတာနှင့်၊ ကိန္နရာဆေးပင်တို့ စီစဉ်၍ပေါက်ကြ၊ အံ့လောက်တဲ့ တောတောင်ပေပဲ ဖိုးသူတော်ရယ်။"

## ၃။ ငါးခုံးမ နတ်စိမ်းငို လေးချိုး

ငါးခုံးမ နတ်စိမ်းသည် ဂေါဝိန္ဒ ရှင်ရသေ့ ကလေးကောက်ရန် လာသည်ကိုမြင်၍ မိမိဖုံးလွှမ်းထားသော ပန်းသစ်ရွက်တို့ကို ဖယ်ရှားပြီး

ငိုရန် လေးချိုး -

**"သဲလျှံဝေ ဆူကာအိအောင်ပ၊ စွဲသန္ဓေ ယူတာကို သိသူက၊ (အမယ်လေး) ပူပါဘိ ရွှေမျက်နှာ။"**

(စကားပြတ်၍ညည်း) ရှက်ဖို့ကောင်းပါဘိတော့ မယ့်ကိုယ်ငယ်၊ ကာမရာဂ သဘာဝတို့ကို တဆိတ်မျှ မငြိစွန်းရဘဲနှင့် ပဋိသန္ဓေ တည်နေစွဲကပ်ပြီး သားသမီးပေါက်ဖွားရသတဲ့။ အရင်းတရားကို စစ်လိုက်တော့လည်း ပဋိသန္ဓေယူနိုင်ခြင်း၏ အကြောင်း ၈-ပါးကလည်း ရှိပေသေးတယ်။ မြတ်စွာဘုရားလက်ထက်တော်ကပင် သမင်မ တစ်ကောင်သည် ရဟန်းတစ်ပါး၏ ကျင်ငယ်ရေကို သောက်မိသော ကြောင့် **ရှင်ဥဒါရီ**ကို ဖွားမြင်ကြောင်း၊ သုဝဏ္ဏသာမဇာတ်တော်၌လည်း **ပါရိကာရသေ့မ**၏ ချက်ကို သိကြားမင်း ညွှန်ကြားသည့်အတိုင်း **ဒုကူလရသေ့**က လက်ညှိုးဖြင့် ၃-ပတ် သုံးသပ်ကာမျှဖြင့် သားရသော **"နာဘိပရာမသန"** (ချက်ကို သုံးသပ်ခြင်း) ပဋိသန္ဓေရှိကြောင်း၊ **အဝန္တိတိုင်း** ဥဇ္ဇေနီပြည်တွင် မိဖုရားဝမ်းပေါ်သို့ ကင်းမြီးကောက်ကျကာမျှဖြင့် သန္ဓေတည်၍ **စဏ္ဍပဇ္ဇောတ မင်းသား**ကို ဖွားမြင်ကြောင်း၊ ဤကဲ့သို့သော ထုံးဟောင်းတို့ကို ထောက်လိုက်ပြန်တော့လည်း ရနိုင်ခြင်းအကြောင်း တို့ကြောင့် ရပေတာပဲ၊ ရထိုက်လို့ ရပေမဲ့ မျက်နှာပြခက် အရှက်ကြီး ရှက်သေးတယ်၊ အရင်းကို စစ်လိုက်တော့ ဘဝထိုထိုများ အဟိုက၊ အကုသိုလ်စရိုက်ကို ကြိုက်ခဲ့လို့ သည်ပုံဖြစ်ရတာပဲ။

အငိုပြန်ကောက် . . . **"သဲလျှံဝေ ဆူကာ အိအောင်ပ၊ စွဲသန္ဓေယူတာကို သိသူက၊ (အမယ်လေး) ပူပါဘိ ရွှေမျက်နှာ။ ။ ရတက်အေးစေဖို့၊ ရှက်ဆေးချေ ဘယ်ပုံပြုရပါ့၊ အမှုသည် - ဟိုတစ်ယောက်မှာ၊ သားကောက်ဖို့လာ။ ။ မမြင်လျှင် ဘဝင်ပျို့ပါငဲ့၊ မြင်လာလျှင် ရင်မှာဆို့တဲ့ပြင်၊ ကြင်နာလို့ မသက်သာ၊ ရှက်တာက တရေး။ ။ သို့ရာတွင် မြန်တိုင်းဘောင် ရာဇဝင်၌၊ သမင်မှာ သန္ဓေမှီတဲ့၊ ဗေဒါရီ သက်သေ ထုံးလို**

(အမယ်မင်း) ဘုန်းကောက်ယူမွေး။"

နတ်စိမ်းမကွယ်၍ သားသမီးတို့အနီးတွင် ရုပ်ဖျောက်နေလေ၏။ ယင်းအခါ ဂေါဝိန္ဒရှင်ရသေ့က **"စိမ်းစော် ဝါးစော် နံလိုက်တာ အမျှ, အမျှ"** ဟု ဆိုပြီး သူတော် ကွာစိနှင့်အတူ ဝေဿဝဏ္ဏကုန်းစပ် နတ်ရေကန်ကမ်းပါးသို့ သွားရောက်ကြည့်ရှုကြရာ ကလေးနှစ်ယောက် တို့သည် နို့ချို ဆာလောင်မွတ်သိပ်သောကြောင့် အူဝဲ, အူဝဲ ဟူ၍ တစာစာ ငိုနေကြသည်ကို တွေ့ရှိရသောအခါ သူတော် ကွာစိက ဆိုသည်မှာ -

**"အမယ်လေး မြတ်ဆရာ၊ မြင်ရပုံ မသက်သာလိုက်လေ၊ ဟိုရွာက ကောင်မကလေးများ မတော်တာ လော်မာညစ်ပြီးတော့ စွန့်ပစ်လို့ ထားကြသလား၊ သို့ကားမဟုတ်၊ နာနာရုပ်ဟု၊ ဖုတ်ဥပါခ (ဘီလူး) လူတို့၏ အသည်းကို စားတတ်တဲ့၊ သရဲများ ကန်ဘောင်မှာ၊ ဟန်ဆောင်၍ ပြရော့ထင့်၊ အတွေးရ ကြပ်လိုက်လေခြင်း ဆရာတော်ဘုရား"** ဟု ဆိုလေ၏။

ယင်းနောက် ဂေါဝိန္ဒရသေ့က ယောကျ်ားလေးကိုလည်းကောင်း၊ သူတော် ကွာစိက မိန်းကလေးကို လည်းကောင်း ကောက်ယူကြပြီးလျှင် ရင်ကွဲ၍ သေဆုံးနေသော ငါးခုံးမကိုကြည့်၍ ဂေါဝိန္ဒရသေ့က ဆိုသည်မှာ-

## ၄။ ငါးခုံးမသေကိုကြည့်၍ ဂေါဝိန္ဒရသေ့ ပြောဆိုပုံ

"သနားစရာကောင်းလေခြင်း သူတော်ရယ်၊ တနဲ ဆန်းပြား၊ သဲကမ်းပါးတွင်၊ ငါးမဖြစ်ထွေ၊ ရင်ကွဲ၍ သေနေပါကလား၊ အခြေ ထောက်ထား၊ ကြံစဉ်းစားလိုက်သော် - ငါ၏ရင်နှစ်၊ ဤကလေးနှစ်တန်၊ အမှန်ပင် ဖြစ်လိမ့်မည်။ အချစ်ကြီးမား သမီးသားကြောင့်၊ ဆီးတားမရ၊ အယူတိမ်းသည့်၊ အစိမ်းဘဝက၊ ငှါထံတွင်သာ၊ ကိုးကွယ်ရာဟု၊ လာ၍ မနေ့း၊ ကောက်ယူကာ မွေးစေဖို့၊ သူပေးသည့်အိပ်မက်၊ ထိုအချက် ကြောင့်၊ ထွက်၍မကြာ၊ ကလေးကို ကောက်မည်ဟု၊ တို့နှစ်ယောက်

လာခဲ့တော့၊ ကြောင်းရာထူးခြား၊ ကန်အပါးတွင်၊ စိမ်းဝါးနဲ့သက်၊ မသန့်ချက်၊ ဖြန့်လျက်တစ်ကြိမ် ပေးလာသည်။ တစ်ဖြာတည့်တည့်၊ ကန်ကိုလှည့်၍၊ ကြည့်ရှုသောအခါ၊ တအာအာနှင့်၊ ဗျာပါကျွမ်းမြွေ၊ ကလေးတွေကို တွေ့တော့လဲ၊ ရှေ့ကမတ်မတ် သဏ္ဌာန်ခြားခြား၊ ဆံဖားဖားနှင့်၊ မားမားရပ်သလို၊ နတ်ပမာသွင်၊ ရိပ်ခနဲမြင်လိုက်ရ၊ ဆင်ခြင်စဉ်းခုတ်၊ အနည်းနည်း ဖွေကြံ၍ မဆနှင့်တော့၊ ဇကေန္တ ဟုတ်ပေပြီ၊ သရုပ်ခြားထွေ၊ ငါးအသေကို၊ အခြေလှလှ ကလေးများ ကြီးပြင်းတော့၊ အမိရင်းစင်စစ် မှန်သည်ဟု၊ သက်သေခံပြရန်ဖို့၊ အာဝါသ သိမ်းချောင်၊ သူ့ကိုလဲ ဆောင်ခဲ့ရမှာပဲ၊ ကျယ်ကျယ်လောင်ရှိုက်ဖို့၊ သည်ကလေး နှစ်ဖြာကလဲ၊ နို့ဆာ၍ ငိုလှချေငဲ့၊ ကံအိုတဲ့ မောင်နှမ၊ နင်တို့ရဲ့ မီးဒုက္ခကို၊ ဂေါဝိန္ဒ တာပသံ၊ စပ်ကြားက ဝင်၍ခံစေဖို့၊ မိဿ, ကံပေါင်းတွယ်၍ စပ်လိုက်ပေ့၊ သောင်းနယ်ရပ် ဇမ္ဗူဘွေမှာ၊ အပူတွေ ကမ္ဘာပြေ့ သော်လည်း၊ မတူချေ၊ ငါရသေ့လို့ဖြင့်၊ နှစ်ဖြာတွေ့ အဆွေးကြွယ်၊ ကလေးငယ် စိန်နှစ်ကွင်းတို့ကို၊ ကြီးပြင်းအောင် ဘယ်ပုံလုပ်ရပ့်၊ ထွေးရှုပ်တဲ့ သံယောဇဉ်ကို၊ အထွင်ရ ခက်လိုက်လေခြင်း သူတော်ရယ်။"

"သို့သော် သေကံမရောက် သက်မပျောက်ဟု မှတ်လောက်တဲ့ စကား ပေါ်ရာဏ - ရှေးသူဟောင်းတို့က ရှုမျှော်၍ ထားခဲ့တယ်၊ တရား လမ်းအမှန် ရှေးပုညနိမိတ်ဖန်, မဖန်ကို အဓိဋ္ဌာန်ပြုစမ်းရအုံးမှာပဲ။"

**"မမ အင်္ဂုလံ ခီရံ ဟောတု"** အာသီသပြုပြီးလျှင် **ယခုခဏ သစ္စာ ချွေလိုက်မယ်၊ ဂရုဓမ္မ မေတ္တာ အခြေကြောင့် ငွေနို့ရေ ရွှေလက်ညှိုးက ဝေယှက်ဖြိုး လျှံလိုက်ပါ"** ဟူ၍ ဆိုလိုက်သော ဂေါဝိန္ဒရှင်ရသေ့၏သစ္စာ၊ ကလေးငယ်တို့၏ ကံပုညာ၊ သဟဇာတ် ထိုနှစ်ဖြာတို့ကြောင့် အရသာ ပြည့်ဖြိုး၍ လက်ညှိုးက နို့ရေထွက်ကာ ကလေး ၂-ယောက်တို့ သောက်စို့ ကြရရှာလေတော့၏။

## ၅။ မောင်ဇံ့, မယ်ဇော အမည်မှည့်ခြင်း

ယင်းနောက် ကလေး ၂-ယောက်တို့နှင့်တကွ မိခင် ငါးခုံးမကြီး အသေကောင်ကိုပါ ဆောင်ယူလျက် ကျောင်းသခ်မ်းသို့ ပြန်လာခဲ့ကြလေ၏။

ကလေး ၂-ယောက်တို့အား **"မောင်ဇံ"** **"မယ်ဇော"** (ဝါ) **"ရှင်ဇံ"** **"ရှင်ဇော"** ဟူ၍ အမည်မှည့်ထားလေ၏။

(မိခင်ငါးခုံးမအသေကိုလည်း မူလအသွင်မပျက်စေရန် ကလေးများအရွယ်ရောက်က သက်သေခံအဖြစ် ပြရလေအောင် အခြောက်လှမ်းပြီး သားရိုးနှင့် သစ်စေး မွမ်းမံကာ ရွှေချလျက် **"အသမ္ဘိန္နခာတ်"** ရိုက်၍ ကျောက်ဂူအတွင်း လုံခြုံစွာ ထားရှိလေ၏။

ထိုစဉ်ကစ၍ ယင်းငါးခုံးမ ရုပ်ခာတ်ကို အစဉ်အဆက် ထိန်းသိမ်း စောင့်ရှောက်ထားခဲ့ရာ ယခုအခါ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၌ရှိလေသည်။ ယင်း ရွှေငါးခုံးမရုပ်ခာတ်ကို တပို့တွဲလပြည့် ကျင်းပသည့် ရွှေသာလျောင်းပွဲတော်အခါ ပြတိုက်၌ ရှင်, လူအများ ကြည့်ရှုရန် ထားရှိလေသည်။)

## ရှင်ဇံ – ရှင်ဇော အမြွှာမောင်နှမ

ဂေါဝိန္ဒရှင်ရသေ့ ကောက်ယူမွေးသဖြင့် ရှင်ဇံ - ရှင်ဇော အမြွှာမောင်နှမ ၂-ဦးတို့မှာ အရွယ်ရောက်၍ လူလားမြောက်ကြလေပြီ။

"တောနယ်ကို - ခုပင် အရှည်မုန်းတာမို့၊
ဇောမယ်ပျို - ရှုလျှင် မကြည်ဆုံးပါဘဲ။
မှီအုံးပဗ္ဗတ - ခေါ်ကြ တောင်သေလာ၊
သည်ကုန်းစပ်က - ကျမ လောင်ပွေတာလေ့။ ။
အကြံလှစ်သော်လဲ၊
ဆံကျစ်ခွေ - သူတော်မြတ်ကိုလ။
မှီကပ်ခါ - ကျောင်းပေါ်၌ ကြီးခဲ့ရ၊
ဘယ်နည်း - ဘယ်အခြေနှင့်။
တွယ်သန္ဓေ - ဘယ်ပုံ ပြုတယ်လို့၊
အမှုကို - မဝေခြမ်းနိုင်ဘူး။
မှန်းတခါခါငယ်ရှင်၊
လမ်းကဖြုဖြာ။ ။
ချိတ်အတွယ် - စိတ်ဝယ် အိုက်တာက၊
သည်းအဆံ - မီးလျှံတိုက်သည့်နှယ်။
မအေးသူ - ဆွေးပူလိုက်ပါဘိ၊
တရှိုက်ရှိုက် ဖိုလို့သာ။
(အို) ညို့ဇာတာက အခြေမလှ, သတ်မှတ်နဲ၊
ငိုဖို့အရာတွေက ထပ်ထပ်ကဲ။ ။
ဘုံဌာနီ ကုမ္မာရီ အရွယ်ရောက်ပါပေါ့၊
လည်လျှောက်ကာ - ဘယ်ကိုမှ မသွားဝံ့ပေဘူး။
ကျောင်းပေါ်မှာ - ဆွမ်းကျန်စားဟာက၊
ခေါင်းမော်ကာ - ပန်းမှန်နှင့် ကြွားသည်ဟု။

အများလူ - ဆိုမည့်ရေးကိုရှင်၊
(အမယ်မင်း) တွေးလို့ စိတ်ကွဲတဲ့မှု။
မလည်မလျှောက် - အရွယ်ရောက်ပေမဲ့၊
ဇယ်တောက်လို့ - နေရတာပါပဲ။"

မောင်ဇံ - မယ်ဇော မောင်နှမ ၂-ယောက်တို့သည် အရွယ်ရောက်ကြလတ်သော် မိမိတို့၏ မိရင်း, ဖရင်းတို့ကို အတည်တကျ မသိရသဖြင့် ပူဆွေး ငိုမြည်တမ်းနေကြလေ၏။

## ၁။ ဖိုးသူတော်နှင့် မယ်ဇော မောင်ဇံ

"အိုဗျာ့ ဦးသူတော်၊ ကျွန်တော်တို့ မောင်နှမ၊ ယောင်တတမှာ သူများနည်းတူ၊ မဟုတ်မူ၍၊ မြိုင်ငူ တောင်တန်း၊ ရသေ့အောင်းတဲ့ ကျောင်းသင်္ခမ်းတွင်၊ နွမ်းနွမ်းလျော်လျော်၊ အမိမဲ့သား၊ အဖမဲ့သားဟု၊ အများခေါ်၊ ခေါင်းမမော်ဝံ့အောင် ဖြစ်နေရပါသည်၊ ရှင်ရသေ့အား၊ မေးပါငြားလည်း၊ တရားလျှောက်ဟော၊ တစ်မျိုးပြောလျက်၊ ဇံ, ဇော မောင်နှမ၊ မပူကြနှင့်၊ သင်္ခါရစက်၊ ဖြစ်လျှင်ပျက်ဟု၊ ကွယ်ဝှက်ထောင့်ခို၊ အမှန်သဘော၊ မပြောလို သောကြောင့်၊ ရှိုက်ငို၍ မောင်နှမ ခုလိုနှင့်ချည်း ထခဲ့ရ၊ မူလက ဘယ်အခြေလို့ဆိုတာ၊ လှစ်ချွေကာ၊ ဖော်စမ်းပါ၊ ဦးသူတော် သိပါလိမ့်မယ်ဗျာ" ဟူ၍ မောင်ဇံက တောင်းပန်လေ၏။

ဖိုးသူတော် ကွာစိက ဟာသနှော၍ ကလေးများ စိတ်ရွှင်အောင် ပြောသည်မှာ -

သေသေချာချာ နားထောင်နော်၊ အစက အဆုံးတိုင်အောင် ဦးသူတော် ပြောပြမယ် . . . "ဧရာဝတီ၊ ထွေကာလည်၊ ရေကြည်ရစ်ဝိုင်း၊ အလျှံဖိတ်ဖိတ်၊ မြန်တံဆိပ်နှင့်၊ တမ္ဗဒိပ်တိုင်းရယ်လို့၊ သမိုင်းဖြိုးကြွယ်၊ ဂေါ်ရင်ဂျီ မောင်ကုလားတို့၊ မြေသွား၍ သယ်ကြရှော့၊ ရှမ်း, လအယ် မောင်နှမ၊ ပဲငပိရောင်းစက၊ ဒေါင်းမနှင့် ရွှေဇီးကွက်၊ တစ်ကိုင်းတည်း အိပ်တန်းတက်ရာတွင် ပက်လက်မြော အညာသား၊ တောင်ငူကို

သွားလေတော့၊ ဗိုက်ကား၍ ငှက်သင့်၊ သိန်းခိုစား ဝေဟင်ယံက၊ လေယာဉ်ပျံ လွင့်တော့မှ၊ **မောင်တင့်တယ်** နတ်စိမ်းဖြစ်၊ **သုံးပန်လှ** ခင်ကညာလဲ၊ ဝမ်းနာလို့ ညစ်ရ တတစ်မျှမထွက်၊ လက်သီးနှင့် ဝမ်းဗိုက်ကို၊ ဗျောရိုက်သလို နှက်ပြီးလျှင်၊ အချက်ကို မဆင်ခြင်၊ ရှမ်းမကလေး **ရှင်မွန်လှ**ကို၊ ည-ညတိုင်း လေလယ်တာကြောင့်၊ **နော်ရထာ**နှင့် လိုက်ကရောဗျာ့၊ ဆဒ္ဒန်ဆင် သူ့ခမြာ - ခြေစွပ်ကို ဘိန်းစားခိုးလေတော့၊ တောတိုး၍ ရှာရာတွင်၊ **မဟာသမ္မဝ** ညီအစ်ကို၊ ပုဆိုးကြီးဒရွတ်တိုက်နှင့်၊ ကျွတ်ကိုက်၍ ငိုလိုက်ကြတာ၊ ရွှေဘိုသား **မောင်ပုနော**င် ပဲလှော်သည် **မကြုတ်**ကို၊ လျှာထုတ်၍ လှောင် သောကြောင့်၊ ရွှေတောင်က အပျိုချော၊ ကြေးထမ်းကြီး **မောင်ဩ**နှင့်၊ ကေနီကော ပါသာဒ်၊ စောင်ကြီးကို ခေါင်းမြီးခြုံ၍၊ ပူနာတုံ အပြု၊ လူနာရုံ တစ်ခုမှာ၊ ချူချာပုံ အမူကြောင့်၊ ကန်စွန်းဉ - အာတာလွတ်၊ သူတွတ်သင့်၊ ငါတွတ်သင့် တရားကြောင်း ထုတ်ပြ၍၊ ပုဒ်မကို ဖွင့်ကြတော့၊ အာပုံနှင့် မုံ့ပေါင်းကြီးက၊ ဘီးဆံပတ် ဗျာဘာဆံ- ပြောင်းဖူး - စိန်နားကပ်ကို၊ တစ်လျှပ်လျှပ်ပန်ပြီး၊ ပေါက္ကံသား **ကျန်ရစ်မင်း**၊ မြို့ရိုးကို လွှားခုန်၍၊ ပြာပုံမှာ ငါးပိနင်းသတဲ့၊ **ကိုမင်းကျော်** ဆိုတဲ့ **နတ်က**၊ **ထိလပ်**ကို ကယ်စောင်မလေတော့၊ **ကောသလ** ဗိုက်ပူ ကြီးဟာ၊ စည်တီးဖို့ အလွန်ကောင်းသောကြောင့်၊ ပုစွန်မြောင်းဆိုတဲ့ အရပ်မှာ၊ ခုံဖိနပ်ဦးကော့စီးလွန်းလို့၊ လှေသူကြီး **မောင်ပီယော**ဟာ၊ ငွေပေါတဲ့ လူတစ်ယောက်မို့၊ ဘင်နာကြီး - ထွားယောင်၍၊ ပါးစောင်မှာ ပေါက်သတဲ့၊ ယွင်းချို့အမှောက် လောင်အကြွတွေနှင့်၊ မင်းတို့နှစ်ယောက် မောင်နှမတို့သည်၊ ကြွေချ၍ မကြည့်ချင်တာဖြင့်၊ ဗေဒင်သာ မေးကြပေတော့ ငါ့တူ, ငါ့တူမတို့ဗျား။"

## ၂။ မိရင်း ဖရင်းကို ဖွင့်ဟရန် ဆရာတော်အား မေးလျှောက်ခြင်း

ယင်းသို့ ဖိုးသူတော်က ဟာသနှော၍ ပြောဆိုရွတ်ပြလိုက်ရာ မောင်နှမ ၂-ဦးမှာ **"ငိုအားထက် ရယ်အားသန်"** ဆိုသကဲ့သို့ များစွာ ရယ်မောကြလေ၏။ ယင်းနောက် ဆရာတော် ဂေါဝိန္ဒထံ မောင်နှမ ၂-

ဦးတို့ ဝင်ရောက်၍ ရှိသေစွာ လျှောက်ထားသည်မှာ -

**"ဆရာတော် အရှင်သူမြတ်ဘုရား၊ တပည့်တော်တို့မှာ အမိ၊ အဖကို မသိရ၊ ဒွိဟဖက်၍၊ အခက်ကြီးဆိုက်၊ ဘဝင်အိုက်၊ ရင်၌ဆို့လျက် နေပါသည်၊ သို့ခြင်းရာကြောင့်၊ ကရုဏာရှေ့ထားပြီး သနားခင်ပါလျှင် ကုန်စင်အောင် သည်အခင်းကို လင်းကျင်းတော် မူသင့်လှပါသည် ဘုရား"** ဟူ၍ တင်လျှောက် တောင်းပန်ကြလေ၏။

ဆရာတော် ရသေ့က မိန့်ကြားသည်မှာ -

"အကြောင်းခြင်းတ စာရင်းရှုပ်တဲ့၊ ခင်းဒုက္ခကို၊ သောကဖြစ်ရန်၊ ငါမပြန်လိုဘူး၊ အမှန်ယခု စာကုံး၍ ထားလိုက်သည်၊ သွား၍ရှု။ သီတုဒကော၊ နတ်ကန်ရေကာ၊ အခြေထူးဘိ၊ မာတာမိမြတ်၊ သမုတ်အပ် သူဟာလဲ၊ ရုပ်ဓာတ်ပါရှိလေရဲ့၊ ကြည့်လေတော့ ထင်အရှား၊ အချိန်လဲ တန်ခဲ့ပြီ၊ ငါဆွမ်းခံသွားအုံးမယ်၊ ပတ္တမြား ဇောတ- စိန်နှစ်ကွင်းတို့ရယ် ကိုင်း . . . ဂူတွင်းသို့ မသွေ၊ ဝင်ကြလေ" ဟူ၍ မိန့်ကြားခဲ့ပြီး ဆရာတော်သည် သူတော် ကွာစိနှင့်အတူ ဆွမ်းခံကြွသွားလေ၏။

### ၃။ မူလဇာတိကို သိရသဖြင့် မောင်နှမ ၂-ဦး ငိုကြွေးခြင်း

မောင်နှမ ၂-ဦးတို့လည်း ဂူတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ မိမိတို့အဖြစ်ကို ရေးသားထားသော စာနှင့် ငါးခုံးမရုပ်ဓာတ်ကို တွေ့လျှင် စာဖတ်၍ ကြည့်ရှုလေသော် မူလဇာတိကို သိကြရသဖြင့် များစွာ ဝမ်းနည်း လှိုက်လှဲ စိတ်ငယ်ခြင်း ပြင်းစွာဖြစ်လျက် -

### ၄။ မောင်ဖဲဝို ဒွေးချိုး

"တန်ခိုးရယ်ငယ်၊ မျိုးနွယ်ကို အမှန်သိတော့မှ၊
မချိအောင် ဗျပါငွေ့တွေနှင့်၊ သာ၍ ပင်ပန်း။ ။
သည်ဖြစ်အင်၊ နောက်နှောင်းကို ကမ္ဘာတွင်လို့၊ ရာဇဝင်
စာတင် ဖွဲ့ကြတော့မယ် (အမယ်မင်း) ထူးတဲ့ဇာတ်လမ်း။ ။

၄။ မယ်ဇောငို လေးချိုး


ဖြစ်ရတာ အကြောင်းကံခေနုပ်လိုက်ပါဘိ၊ လှစ်ပြစာ မကောင်း သန္ဓေရှုပ်ဟာမို့၊ ဖယောင်းစံ ရွှေရုပ်ကယ်က ရှက်အားကြွယ်။ ။

ဩော် . . . စကား မလှပေဘူး၊ ငါးမကို မိခင်လို့ မှတ်ရမတဲ့၊ သောင္ဃသ်ဘောင် ဆယ့်ခြောက် တိုင်းမှာရှင်၊ ရိုင်းသွက်သွက်လယ်။ ။

မရှုချင်၊ အကြံကပ်လှချည့်၊ ယခုပင် အမြန်သတ် ပါတော့၊ ဖန်တတ်တဲ့ အကြောင်းနှယ်၊ စောင်းဖယ်ရွှဲ့ လိမ်ကောက်ကွေး။ ။

ဖြေခက်စွာ၊ ရွှေမျက်နှာ အလွန်ငယ်လှလို့၊ မျိုးနွယ်ကို ကိုးကွယ်ကပ်ရအောင်၊ သေအချာ၊ ရွှေစာကို ဖတ်မိတာ (အမယ်မင်း) မီးထပ်လို့မွှေး။"

ယင်းသို့ မောင်နှမ ၂-ဦး ပူဆွေးငိုမြည်တမ်းကြပြီးနောက် အစ်ကို မောင်ဇံမှာ ဆရာတော်အရှင်မြတ် သင်ကြားပို့ချပေးအပ်သည့် လောကုတ္တရာ စာပေကျမ်းဂန်များကို အတော်အသင့် နှံ့စပ်သူဖြစ်ရကား - တရား သဘောနှင့် နှမ - မယ်ဇောအား ဖျောင်းဖျ နှစ်သိမ့်စေရင်း ဆရာတော်ဆွမ်းခံပြန်ချိန်ကို စောင့်စားမျှော်လင့် နေကြလေ၏။



ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်ဝဲသည့်နေရာတွင် ဓာတ်တော်ကို
ဌာပနာပြီး ရှင်ငံမင်း တည်ထားကိုးကွယ်သော
"ရှင်ဓာတ်ဝဲစေတီတော်" ပုံ
(မောင်မယ်ရှောင်ရွာအနီးတွင်ရှိသည်။)

# ရှင်ခေတ်ဝဲ စေတီတော်သမိုင်း

## ၁။ ရှင်အရဟံ ကြွရောက်တော်မူလာခြင်း

သီရိပစ္စယာ ပေါက္ကံပြည်၌ ဆွမ်းဆော်မင်း၏သားတော် **အနော်ရထာမင်းစောသည်** ကောဇာသက္ကရာဇ် ၄၀၆-ခုနှစ်မှ ၄၃၉-ခုနှစ်အထိ အုပ်စိုးတော်မူ၏။ ထိုမင်းလက်ထက် **ရှင်အရဟံ** ရဟန္တာ ရောက်ရှိတော်မူလာ၍ သာသနာတော်၏ အညစ်အကြေးဖြစ်သော အရည်းရှင်ယောင်ကြီးများကို တိမ်မြုပ်ပျောက်ကွယ်စေလျက် နိယျာနိက - ဓမ္မရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ အံ့ဖွယ်ရှစ်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကို သဟာဿ အရောင် ပြောင်ပြောင်လက်ထိန် ကွက်မမှိန်သော သူရိန္ဒရာဇ် နေ - တက်သစ်ကဲ့သို့ အနှစ်ငါးထောင် ကာလပတ်လုံး အဆုံးတည် ထွန်းတော်မူစေပြီးမှ အဘယ် အရပ်တွင် သာသနာတော် စည်ပင် ပွင့်လင်းရန် ရှိသေးသနည်းဟု ကြည့်ရှုတော်မူသောအခါ **"သေလာ ဆိုင်းဆိုင်း၊ ရေယဉ်ဝိုင်းလျက်၊ နတ်တိုင်းပမာ၊ သမိုင်းဖြာသော၊ ထဂ္ဂါရဋ္ဌ၊ တနာမနှင့် သာဂရမြို့အပိုင်၊ ဂနိုင်ဝေဖြာ၊ သာယာနုပျို့ ရွှန်းစို - ဝေမှောင်၊ မှီအုံးတောင်နရမ်း၊ ကျောက်ခါးပမ်း၌၊ ကျောင်းသခ်မ်း ပြုလုပ်လျက် နေသော ဂေါဝိန္ဒရသေ့ကို မြင်တော်မူလေ၏။"**

## ၂။ မောင်နှမ ၂-ဦးအား စွယ်တော်ခေတ်တစ်ဆူ ချီးမြှင့်ခြင်း

ထိုရသေ့တွင် ယခင်ကြောင်းဟိတ် အတိတ်ဘဝ အဆက်ဆက် တို့က ရေစက်မကင်း နှီးရင်းစပ်တွယ် ခဲ့ကြသော ကုသိုလ်အဟုန်ကြောင့် တွေ့ကြုံတိုက်ဆိုက် သိမ်းပိုက်ကျွေးမွေးထားသော မောင်နှမ ၂-ဦးတို့ကို အထူးမြင်တော်မူပြန်လျှင် ထိုမောင်နှမတို့၏ ဘဝအတိတ်ကို ခွဲစိတ် ဝေဖန်၍ ရှုတော်မူသောအခါ တစ်ခုသော နိဂုံးရွာတွင် သဒ္ဓါကြည်ဖြူ တောင်သူလင်မယားအဖြစ်ကစ၍ ဘဝတိုင်း ဘဝတိုင်း အတူတကွ တွေ့ကြုံရပါစေဟု ပတ္ထနာဆုထူး ပြုဖူးသောကြောင့် ယခုဘဝ၌လည်း

ငါးခုံးမဝမ်းတွင်း၌ မကင်းသော မိဿက, ကံကြောင့် သန္ဓေ တည်ရကြောင်း၊ ၎င်းမောင်နှမတို့ သဒ္ဓါတရားသည် ကြီးမားထက်သန်သည် အဖြစ်ကို သိတော်မူ၍ မဟာသမ္ဗုဒ္ဓ ပဥ္စမာရဇိန် သိရိန္ဒြေ အသရေ အပေါင်းတို့တည်ရာ ပန္နရသီအခါဝယ် စန္ဒာလမင်းနှင့်တူသော မြတ်စွာဘုရား၏ စွယ်တော် (ရာဇဝင်စာစောင်၌ ဆံတော်) ဓာတ်တစ်ဆူကို ပင့်တော်မူခဲ့၍ ထားဝယ်တိုင်းသို့ ရောက်တော်မူသော အခါ ကြက်ဥတောင်မှ သီတင်းသုံးပြီး ရှင်အရဟံသည် ထိုမောင်နှမ ၂-ဦးထံ ကြွရောက်တော်မူလာ၍ သုံးပါးသော သရဏဂုံနှင့် ငါးပါးသီလကို ခံယူစေပြီး **"ဒါယကာ မောင်နှမတို့သည် မမေ့မလျော့ပဲ အရှုည်ကိုးကွယ်ကြလေ"**ဟု မိန့်တော်မူ၍ **စွယ်တော်ဓာတ်တစ်ဆူကို** ပေးအပ်၍ ကြွသွားတော်မူလေ၏။

### ၃။ ဓာတ်တော်လုကြ မောင်နှမ

မောင်ဇံ, မယ်ဇော မောင်နှမ ၂-ယောက်တို့သည် ညွတ်နူးသော စေတနာဖြင့် အတိက္ကန္တာရုံဖြစ်၍ ရှိခိုး ပူဇော် ဖူးမြော်ကန်တော့ကြပြီးလျှင် ယင်းဓာတ်တော်တစ်ဆူကို သူပိုင်သင့်, ငါပိုင်သင့် ပြောဆိုငြင်းခုံနေကြစဉ် ဂေါဝိန္ဒဆရာ ကြွရောက်လာ၍ **"ကြောင်းရာ အသို့နည်း"** ဟု မေးတော်မူလေ၏။

**"ထေရ်ရှင်ရဟန်းတော်တစ်ပါး သနားတော်မူခဲ့သော ဤစွယ်တော် ဓာတ်တစ်ဆူကို သူရသင့်, ငါရသင့် ပြောဆို ငြင်းခုံနေကြပါသည်ဘုရား"** ဟု လျှောက်ထားလေ၏။

ဂေါဝိန္ဒဆရာတော်က **"အသင် မောင်နှမတို့သည် ဤစွယ်တော်ဓာတ်တည်းဟူသော ကုသိုလ်တရားကိုစွဲ၍ မိုက်မဲသော မောဟကြောင့် ဒေါသစွန်းငြိလျှင် အကုသိုလ်ဖြစ်ကြလိမ့်မည်"** ဟု ပြောဆို ဆုံးမပြီးလျှင် **"ဤရဟန်းတော်ကား အဘယ်လမ်းခရီးဖြင့် ကြွသွားသနည်း"** ဟု မေးလတ်သော် **"ဤလမ်းခရီးဖြင့် ကြွသွား ပါသည်"** ဟု ညွှန်ကြားလေ၏။



ရှင်ဇော တည်ထားကိုးကွယ်ခဲ့သော "ရှင်သလွန်စေတီတော်" ပုံ
(ယခု မြို့ဟောင်းရွာတွင်တည်ရှိသည်။)

ဂေါဝိန္ဒရှင်ရသေ့လည်း မောင်နှမတို့ လက်ဝယ်ရှိသော ဓာတ်တော်ကို ယူဆောင်ကာ ရဟန္တာ သွားရာလမ်းကို တမ်းမှန်းလျက် လိုက်လေရာ မြတ်အရဟံ မထေရ်ပျံသည် ဂေါဝိန္ဒရသေ့ လိုက်လာကြောင်းကို သိသဖြင့် မဏိသေလာ စိမ်းပြာဝါမောင်း တစ်ခုသော တောင်စောင်းမှ ကြည့်မျှော်တော်မူလေသည်။

(ယင်းတောင်ကို **"ကြည့်မျှော်တောင်"** ဟူ၍ ယခုတိုင် ဝေါဟာရ မပျက်ပြားဘဲ ထင်ရှားစွာ ရှိလေသည်။ ။ တစ်နည်းမှာ ဂေါဝိန္ဒရသေ့သည် ရှင်အရဟံကို အမှီလိုက်ရာ မျက်ခြေပြတ်သဖြင့် တောင်ထိပ်မှတက်၍ ကြည့်မျှော်သောကြောင့် **"ကြည့်မျှော်တောင်"** တွင်ကြောင်းကိုဆို၏။ နှစ်သက်ရာ ယူကြလေ။)

### ၄။ ခံတောင်မြင့် (ရပ်ခံတောင်) စေတီတော်

ယင်းမှတဖန် မြတ်အရဟံသည် ရပ်ခံတန့်စားလျက်နေသော တောင်ကို **"ရပ်ခံတောင်"** ဟု တွင်၍ ယခုအခါ **"ခံတောင်မြင့်"** ဟု ခေါ်ကြလေသည်။

(ရာဇဝင်တစ်စောင်၌ ဆိုသည်ကား ယင်းရပ်ခံတောင် အနီးရှိ ကနိုင်းငယ်မြို့တွင် စန္ဒသာရ မင်းသည် မွန်တို့၏ရန်ကို ကြောက်၍ တပ်ကြီးတည်လေသည်။ ထိုခံတပ်အတွင်းရှိတောင် မြင့်တစ်ခု ပေါ်တွင် ဘုရားစေတီ တည်ထားကိုးကွယ် သောကြောင့် ထိုဘုရားကို **"ခံတပ်မြင့်ဘုရား"** ဟူ၍ လည်းကောင်း၊ တောင်ကိုလည်း **"ခံတပ်မြင့်တောင်"** ဟူ၍ လည်းကောင်း ခေါ်ဆိုကြရာမှ နှောင်းအခါ အခေါ်ရွေ့လျော၍ ယခု **"ခံတောင်မြင့်"** ခေါ်ဆိုကြကြောင်း ရေးသားထားရှိ လေသည်။)

ယင်းခံတောင်မြင့်ဘုရား စေတီတော်ကား ထားဝယ်မြို့မှ အနောက် မြောက်ဘက် ၄-မိုင်ခန့် ခရီးအကွာ ထားဝယ်မြစ်

အနောက်ဘက်ကမ်းတွင် တည်ရှိ၍ နှစ်စဉ် တပေါင်းလပြည့်၌ ဘုရားပွဲ အကြီးအကျယ် ကျင်းပ ကြလေသည်။

ယင်းရပ်ခံတောင်မှ တောင်ကျရေကို လူအများသုံးဆောင်ရန် တစ်ဖက်ဆည်ကန် ပြုလုပ်ထားသည်ကို **"ပိတ်ကျအင်း"** ဟု ခေါ်ရာမှ ယခုအခါ သ-အက္ခရာတစ်လုံးတိုးလျက် **"သပိတ်ကျအင်း"** ဟု ခေါ်ဆိုကြလေသည်။

ယင်းရပ်ခံတောင်မှ ဘုန်းခေါင်ထေရ်ပျံ ရှင်အရဟံရဟန္တာသည် တစ်ခုသော ကျောက်ဖျာပေါ်မှ ကောင်းစွာ တန့်စားတော်မူလျှင် ဂေါဝိန္ဒရသေ့လည်း အမှီလိုက်လာ၍ အပါးတော်သို့ ရောက်သောအခါ ဤသို့ လျှောက်ထား လေ၏။

**"အရှင်ဘုရား ပေးသနားတော်မူခဲ့သော စွယ်တော်ဓာတ် တစ်ဆူကို မောင်နှမ ၂-ယောက်တို့သည် သူရသင့်၊ ငါရသင့် အခွင့်မလှ ဒေါသဖြစ်ပွားကြသောကြောင့် ထိုမောင်နှမ ၂-ယောက်တို့ကို သနားတော်မူရင်းအတိုင်း တစ်ဆူသော ဓာတ်တော်မြတ်ကို နောက်ထပ် ရလိုပါသည်ဘုရား"** ဟု လျှောက်တောင်းလေ၏။

ရဟန္တာအရှင်မြတ်သည် ပေးခဲ့ရင်းဖြစ်သော စွယ်တော်ဓာတ် အစစ်ကို ရသေ့ထံမှ တောင်းယူပြီးလျှင် အဓိဋ္ဌာန်ပြုတော်မူသောခဏ၌ ဓာတ်ပွားတစ်ဆူ ဖြစ်လာ၍ ၂-ဆူသော ဓာတ်တို့ကို ဒါယကာ မောင်နှမ တို့အား ပေးဘိလော့ဟု မိန့်တော်မူပြီးလျှင် အရိမဒ္ဒနာ ပေါက္ကံပြည်သို့ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူလေ၏။ ဂေါဝိန္ဒ ရသေ့လည်း ချမ်းမြေ့ကြည်နူး နဖူးမြေထိ ရှိခိုးဘိ၍ မိမိနေရာ မှီအုံးတောင်သို့ ပြန်လာခဲ့ပြီးလျှင် ပါလာသော **ဓာတ်တော် ၂-ဆူကို မောင်နှမ ၂-ယောက်တို့အား ကြည်ဖြူစွာ ပေးအပ်လေ၏။"**

## ၅။ မောင်နှမ ၂-ယောက် ဘုရားတည်ကြခြင်း

မောင်ဇံသည် မိမိရရှိသည့် ဗုဒ္ဓစွယ်တော်မြတ်ကို အဘယ် အရပ်၌ ဘုရားတည်ရသော် ကောင်းပါ အံ့နည်းဟု ဆင်ခြင်ရာတွင် ဤသို့

အကြဲဖြစ်ပေါ်လာလေ၏။

"ရှင်တော်မြတ်စွာသည် အစိန္တေယျဂုဏ်ဖြင့် ပြည့်စုံတော်မူပေသည်။ ကိုယ်တော်မြတ်၏ စွယ်တော်ဓာတ် သည်လည်း မကြံအပ်၊ မကြံစည်နိုင်သော အစိန္တေယျဂုဏ်နှင့်ပင် ပြည့်စုံရာသော အကြောင်းရှိပေလိမ့်မည်။ ငါအလိုရှိအပ်သောအရပ်တွင် မတည်ဘဲ စွယ်တော်ဓာတ် ညွှန်ပြရာအရပ်၌သာ တည်ထား ဌာပနာမည်" ဟု အဓိဋ္ဌာန် သစ္စာပြု၍ ကောင်းကင်သို့မြောက်ရာ စွယ်တော်ဓာတ်မြတ်သည် ဝေဿဝဏ္ဏကုန်းစပ်နတ်ရေကန် အပေါ်၌ ပျားပိတုန်းကဲ့သို့ ပျံဝဲလျက် တည်လေ၏။ ယင်းနေရာ၌ ဘုရားတည်ပြီးလျှင် ဓာတ်တော်ဝဲသည်ကို အစွဲပြု၍ **"ရှင်ဓာတ်ဝဲ"** ဟု သမုတ်လေသည်။ နောင်အခါ အခေါ်ပျက်ပြားသဖြင့် **"ရှင်ထားဝယ်ဘုရား"** ဟူ၍ အချို့ ခေါ်ဆိုကြလေသည်။

(ယင်း ရှင်ဓာတ်ဝဲစေတီတော်ကား ထားဝယ်မြို့မှ မြောက်ဘက် ထားဝယ်နှင့် ရေးမြို့သွား မော်တော်ကား လမ်းအနီး ခရီး ၇-မိုင်အကွာတွင် တည်ရှိလေသည်။ နှစ်စဉ် တပို့တွဲလပြည့်၌ ဘုရားပွဲတော် အကြီးအကျယ် ပြုလုပ်ကြလေသည်။)

## ၆။ ရှင်သလွန်စေတီတော်

နှမ မယ်ဇောကား မိမိရရှိသော စွယ်တော်ဓာတ်မြတ်ကို ထားဝယ်မြစ်အနောက်ဘက်ကမ်းရှိ မြတ်စွာ ဘုရား၏ မြသလွန်တော်ကို တည်ထား ဌာပနာဖူးသည့် စေတီဟောင်း၌ ထပ်မံ၍ ဌာပနာပြီး ပြုပြင်တည်ထား သောကြောင့် ရှေးတည်ရင်း အမည်ဟောင်းအတိုင်းပင် **"ရှင်သလွန်စေတီတော်"** ဟု တွင်လေသည်။

ယင်းမောင်နှမ ၂-ယောက်တို့ တည်ထားသည့် စေတီတော်များမှာ ကောဇာသက္ကရာဇ် ၁၅၀-ခုနှစ်အတွင်း ဖြစ်လေသည်။ (ကျမ်းတစ်စောင်၌ ၈၈၆-ခုနှစ်ဟု ဆိုသည်။)

## သမန္တရာဇာ နတ်ရွာစံတော်မူခြင်း

သာဂရမြို့ကို စိုးအုပ်တော်မူသော သမန္တမင်းမြတ်သည် ကောဇာသက္ကရာဇ် ၁၅၀-ပြည့်နှစ်၊ စည်းစိမ် (၃၀) သက်တော် ၆၂-နှစ်တွင် နတ်ရွာစံတော်မူလေ၏။ ထိုမင်း၌ သားတော်၊ သမီးတော် ထီးညွန့်၊ နန်းညွန့် မရှိရစ်သောကြောင့် ဆက်ခံစိုးအုပ်မည့်သူ မရှိလတ် ရကား မှူးမတ်နှင့် ပြည်သူလုထု သဘောတူတိုင်ပင်၍ နန်းတင်ရန် မင်းမြတ်ကို လက္ခဏာဖတ် ပုဏ္ဏားတော်တို့နှင့် သင့်လျော်စွာ ရွေးချယ်ကြသော အခဏ်းကား -

### ၁။ မင်းလောင်းရှာရန် ဝန်ကြီးများ ဆွေးနွေးခန်း

**နန်းရင်းဝန် . . .** "သုဘာ - ပီယ၊ သစ္စ - ဓမ္မာ၊ ဝါစာ လေးတန်၊ အဂ်ါမှန်နှင့်၊ ဉာဏ်သုခမိန်၊ နူတ်ဝရဇိန်ကြောင့်၊ ဂုဏ်သိန်တောက်လောင်း၊ ရွှေစလွယ်အပ်၊ ရာထူးတော် မြတ်လှသည့်၊ အမတ်မင်း တို့ဗျာ့။ သတင်းပေါ်ထွက်၊ နတ်စည် နှက်သို့၊ ရှစ်မျက်နှာရပ်၊ ပြည့်စင်ခတ်လျက်၊ နဝရတ်ရေကြည်၊ စိန်ရတည်သို့၊ ကွန့်လည်ရစ်ဝိုင်း၊ ထဝ့ါရ၍၊ တနာမံနှင့်၊ နက်သံ တိုင်းတွင်၊ ကသိုဏ်းမဏ္ဍလီ-ပတ္တမြားငွေဓာတ်၊ နှစ်ထွေစပ်၊ မြတ်တာရီကဲ့သို့၊ မဟီချက်ချာ၊ စည်မျက်နှာတွင်၊ နေဇာကုဏ္ဍိ၊ သပြေညီနှင့်၊ ဝေစိုဖျန်းသ၊ ကြင့နန်းလှ၊ သာဂရမြို့ကြီး တည်လေသည်။ ထိုမြို့အတွင်း၊ မင်း၊ ဆင်းရဲသား၊ ပုဏ္ဏား ပုဏ္ဏေး၊ သူဌေး သူကြွယ်၊ ကုန်သွယ်ကစ၊ သဘောမျှ၍၊ သမ္မတရာဇာ၊ ကောင်းစွာမြှောက်တင်၊ ရှစ်ပလ္လင်ဝယ်၊ **"ဘုရင်သမန္တ"** ခေါ်ဝေါ်ကြလျက်၊ ရာဇဓမ္မ၊ မဖောက်ပြန်ဘဲ၊ နတ်ထံဌာနီ၊ ကွန့်မြန်းချီ၊ တိုင်းပြည် ချောက်လျက် ရှိခဲ့သည်။ ရာဇဂ်ဏော၊ ပလ္လင်ဘွေဝယ်၊ ဘိသေဆွတ်ဖျန်း၊ ထွက်ကြင့နန်း တွင်၊ ရွှေနန်း နွယ်ညွန့်၊ လယ်သလွန့်၌၊ ချယ်ကွန့်နှောင်ဖွဲ့၊

မရှိခဲ့သောကြောင့်၊ မိမဲ့ဖကွယ်၊ သားသူငယ်ကဲ့သို့ ပူဖွယ်များစွာ၊ ရှိကြတာကြောင့်၊ ရာဇာဘုန်းလူ၊ မြောက်ထိုက်သူကို၊ ရွေးယူဖို့ရန်၊ ပြုစီမံကြ၊ တိုင်းနိုင်ငံ နယ်အတွင်းမှာ၊ သတင်းတော် မကြားသေးဘူးလား အမတ်မင်းတို့။"

**အနောက်ဝန်** ... "သည်လိုပါ နန်းရင်းဝန်မင်း၊ ကျွန်ုပ်တို့ ထားဝယ်တိုင်းတွင်၊ ရစ်သိုင်း ကနက္ကဒဏ်၊ နန်းစံအုပ်ချုပ်၊ မင်းလုပ်ခြင်းငှာ စွမ်းနိုင်သော အသိပညာ၊ နှယ်လာမညို၊ တန်ခိုးတက်ဝေ၊ အသရေရှိသောသူကို ရွေးကောက်ရာကြံခြင်းသည်၊ များစွာပင် ရနိုင်ပါသည်။ သို့ပင် ရနိုင်ငြားသော်လည်း၊ အများပြည်သူ၊ သဘောတူမှသာ၊ ထီးဖြူဆောက်စိုက်၊ မကိုဋ်ဆင်ယင်၊ ဘုရင်ပြုလုပ်သင့်ပေသည်။ ယင်းသို့ ဖြစ်၍၊ ပြည်ချစ်တဲ့သူ၊ ပဂေးလူကို၊ ရွေးယူသည်မှာ၊ နေ့ရက်သာကြာရှေ့မယ်၊ အောင်ဘာလေ ကောက်ကြစို့ရဲ့ အမတ်မင်း။"

**ဂုဏ်ဝန်** ... "သေးသေးနုပ်နုပ်၊ ဖွင့်လို့မှ ထုတ်တတ်ပလေ၊ မဟုတ်တဲ့အကြံကို၊ ဉာဏ်ဖန်၍ မပြောပါနှင့် အမတ်မင်း"

**အနောက်ဝန်** ... "ကောင်းလှပေါ့၊ မဟုတ်တဲ့ အကြံကို၊ ဉာဏ်ဖန်၍ မပြောရတာဖြင့်၊ သဘောကျကျွန်ုပ် သည်လိုလုပ်ချင်တယ်၊ ရွှေရုပ်ပမာ၊ လှပစွာသော ကညာငယ် လေးဦးကို၊ အထူးတန်ဆာဆင်၊ မိဖုရားမြှောက်တင်၍၊ ရှင်ဘုရင် - အချုပ်အကဲကို၊ ကျွန်ုပ်ပဲ လုပ်ပါတော့မယ် အမတ်မင်း။"

**ဂုဏ်ဝန်** ... "အိုဗျာ့ အနောက်ဝန်မင်း၊ မင်းကြီး အသက်အရွယ်လဲ ကြီးလှပြီ၊ ရောက်တတ်ရာ စကားတွေကို၊ တော်တော်ပြော၊ ခေါင်းမွေးဆွတ်ဆွတ်ဖြူပြီဗျာ့။"

**အနောက်ဝန်** . . . "အသက်အရွယ်ကြီးလို့ ခေါင်းမွေး ဆွတ်ဆွတ်ဖြူတယ် မှတ်ထင်တော် မမူပါနှင့်၊ ဆံပင်ဟောင်း လွန်းလို့ ငွေရည်ပွတ်ထားတာပါ အမတ်မင်း။"

**နန်းရင်းဝန်** . . . "အနောက်ဝန်မင်းက တဆိတ် သည်းခံအုံးဗျာ၊ ပြောခွင့် ဆိုခွင့်ရှိသမျှကို ပြောကြရအောင်၊ ဖြတ်ထုံးဖြတ်ပုံ၊ အလုံးစုံကို၊ အကုန်ထင်လင်း၊ ဝန်ရှင်မင်းတို့။ ယွင်းမကွက်၊ သတင်း ထွက်သည်မှာ၊ ရှေ့ဘက်ကမ်းဘောင်၊ မှီအုံးတောင်ဝယ်၊ ဘုန်းခေါင်တာပသ၊ ဂေါဝိန္ဒသည်၊ ပုတ္တမခြား၊ မွေးမြူထား၊ ပတ္တမြားရုပ်နှယ်၊ လွန်တင့်တယ်၊ နှစ်သွယ် မောင်နှမ ရှိသတဲ့။ ယောကျ်ားကလေး၊ ဇမ္ဗူသွေးမှာ၊ ရေးရေးရာရာ၊ အဖြာဖြာ၌၊ လိမ္မာကျွမ်းကျင်၊ ဗေဒင် ပိဋကတ်၊ အရပ်ရပ်ကို၊ နှံ့စပ်လှစွာ၊ သစ္စာ - ဓမ္မ၊ ဝီရိယနှင့်၊ စာဂပြည့်စုံ၊ သတ္တိဂုဏ်လည်း၊ မသုံမဖည်၊ အာဇာနည်သို့၊ အရည်အချင်း၊ ကြည်သတင်းကို၊ ပြည်တွင်းပြည်ပ၊ ပြောဆိုကြ၊ မုချအကယ် မှန်လိမ့်မည်။ ရာဇလက္ခဏာ၊ ပါ - မပါကို၊ ဆရာဖြဟ္မဏော်၊ ပုဏ္ဏားတော်တို့နှင့်၊ အမြော်အထောက်၊ အကဲပေါက်ခဲ့လျှင်၊ မင်းမြှောက်ဖို့ မသင့်ပေ ဘူးလား အမတ်မင်းတို့။"

အတွင်းဝန် ၄-ပါး၊ အပြင်ဝန် ၄-ပါး၊ မင်းခစားနှင့်၊ ပြည်သား ပြည်သူတို့ကလည်း အသီးသီး အဝဝ မင်းမြှောက်ထိုက်ကြောင်းကို သဘောညီညွတ်ကြောင်း ပြောဆိုကြလေ၏။

### ၂။ ဂေါဝိန္ဒရှင်ရသေ့ထံ ဝန်ကြီးများ လျှောက်ထားခြင်း

ယင်းသို့ ညီညွတ်ကြသောအခါ နန်းရင်းဝန်အမတ်ကြီးသည် ဝေါတော်, ယာဉ်တော်, ဆင်တော်, မြင်းတော်၊ ရွှေလှေ - ရွှေလောင်း၊ တပ်ပေါင်းများစွာ၊ ခြံရံကာဖြင့်၊ တူရိယာငါးပါး၊ ပတ္တမြားပန်းတောင်း၊ ကွမ်းလောင်း - ကွမ်းခွက်၊ သန်လျက်, ခြေနင်း၊ သင်းကျစ်မကိုဋ်၊

ဆောက်စိုက်ထီးဖြူ ညီးလူထိန်လျှပ်၊ သားမြီးယပ်ကျောက်စီ၊ စုံညီဖြာဖြာ - ကိုးနဝရတ် လင်းတောက်လျက်၊ မင်းမြောက်သောအခန်းတို့၌ နည်းလမ်းရှိ မြတ်တန်ဆာတို့ကို၊ စုံလင်စွာ ခင်းကျင်းလျက်၊ မြို့တွင်းမှ ချီထွက်၍၊ မြစ်တစ်ဖက်ကမ်း အရှေ့၌၊ ရှင်ရသေ့ သီတင်းသုံးသည့်၊ တောင်မှီအုံး၊ ရပ်ခမ်းဝါသို့၊ ဗိုလ်ပါအလုံးအရင်းတို့ ကပ်ချဉ်းဆိုက်ရောက်ကြလေ၏။

ယင်းနောက် အတွင်းဝန် လေးဖော်နှင့် ပုဏ္ဏားတော် ရှစ်ယောက်တို့သည် "မြကျောက်သေလာ ဝေဆာ ရိပ်လွှမ်း သခ်မ်းကျောင်းတွင်းသို့ ဝင်၍ အရှင်ရသေ့အား လျှောက်ကြား တောင်းပန်ပြီးလျှင် မောင်ဇံ၏ လက္ခဏာကို ဆင်ခြင်လတ်သော် **"မဟာပုရိသ၊ နာယကနိမိတ်၊ နရိန္ဒိဂုဏ်၊ အလုံးစုံတို့ကို၊ အကုန်ထင်မြင်၍၊ ဘုရင်သမ္မုတိ၊ လောကီမကိုင်၊ ပြုထိုက်သောသူပေတည်း"** ဟု အံ့ချီးထောမနာ ဩဘာကောင်းချီး ပေးပြီးသောအခါ ဆရာတော် ဂေါဝိန္ဒထံ မောင်နှမ ၂-ယောက်စလုံးကိုပင် တောင်းခံကြလေ၏။

ဂေါဝိန္ဒရှင်ရသေ့လည်း မချမ်းမြေ့သောစကား၊ နားမသက်သာအောင် ဆိုလှာဘိသည်ဟု၊ မချိပင်ပန်း၊ စိတ်ဝမ်းကွဲကြေမတတ်ပင်ဖြစ်သော်လည်း၊ သူတော်ကောင်းလက္ခဏာ၊ ကင်းကွာရွေ့လျော၊ သဘောသေးနုပ်၊ ထွေးရှုပ်ယှက်တင်၊ သံယောဇဉ်နှင့် နေချင်သော ရသေ့ကြီးပါတကားဟု၊ အများပြစ်ဖွဲ့၊ ကဲ့ရဲ့သဂြိုဟ်မည်ကိုစိုးသည်လည်းတစ်ကြောင်း၊ ထိုကလေး ၂-ယောက်၊ အချိန်အရွယ်ရောက်လျက်နှင့်၊ ချီးမြှောက် မ,စရာလည်း ငါမတတ်နိုင်ချေ၊ သူတို့ဘုန်းကံ၊ အကျိုးပေး အချိန်တန်သောကြောင့်၊ နိုင်ငံပြည်သူ၊ သဘောတူ၍၊ သောဆူ ညံ့သောင်း၊ စိုးအုပ်တော် မူလိုပါကြောင်းနှင့်၊ ဦးခေါင်းညွှတ်ကျိုး၊ ဆယ်စုံလက်ကို၊ ထိပ်ထက်မိုး၍၊ ရှိခိုးတောင်းခံ လာခိုက်ကို၊ ထည့်လိုက်မှ တော်ချိမ့်မည်ဟု၊ လှိုက်ဆူပြင်းပြ၊ ခင်းမလှသော ဒေါမနစိတ်ယုတ်ကို၊ နှိပ်ချုပ်ကာ ထည့်အပ်လိုက်ရာလေ၏။

သာဂရမြို့သား၊ ဝန်ကြီးမှူးမတ်များလည်း၊ အားရဝမ်းသာ၊ သောသောညာလျက်၊ တူရိယာငါးမည်၊ မြောက်ချီကျူးရင့်၊ နေရာမြင့်သို့၊ အရှင့်သားတော်၊ မင်းနှစ်ဖော်တို့ မြန်းတက်တော်မူပါ ဘုရားဟု၊ ဝေါယာဉ် အဆောင်အရွက်တို့ဖြင့်၊ ညွတ်လျက် ခံလှာကြကုန်၏။ မောင်နှမ ၂-ယောက် တို့လည်း ဂေါဝိန္ဒဆရာတော်အား ရှိခိုးပြီးလျှင် ရတနာဝေါယာဉ်ထက်သို့ စီးတက်လိုက်ပါသွားကြလေ၏။

❀ ❀ ❀

## ဘုရင်သမ္ဗန်, ရှင်ဇံ, နန္ဒိယ

သာဂရမြို့ ရောက်လျှင်၊ သဘင်ညီလာ၊ ဗိုလ်ပါဝန်းလျား၊ ပုဏ္ဏား ဖြဟ္မဏ၊ သခ်လက်ျာ၊ နေဇာသပြေ၊ အောင်ပန်းချွေလျက်၊ ရဝေဘုံပျံ၊ ဘိသိက်သွန်းနှံ၍၊ **“သမ္ဗန္ဓ”** သမုတိဟု၊ တုမရှိ ဥကသ်၌၊ ဝိဇယစည်ကြီးကို၊ ရိုက်တီး၍ နန်းတင်ကြလေ၏။

[ယင်း **သမ္ဗန်** (သမ္ဗန္ဓ) **မင်းကို ရှင်ဇံမင်းဟူ၍** လည်းကောင်း၊ **နန္ဒိယမင်းဟူ၍**လည်းကောင်း ခေါ်ဝေါ်သမုတ် ကြသေး၏။]

သမ္ဗန်မင်းသည်၊ နှမရင်း မယ်ဇောအား၊ စိတ်မနော ကြည်ရွှင် လေအောင်၊ များခြွေရွှေ - ရံခလျက်၊ သုဝဏ္ဏ ဆောင်ပြာသာဒ်ဟု၊ ပန်းထပ်ထပ် သဇင်ကြိုက်လျက်၊ တပင်တိုင်နန်းထီးတွင်၊ မင်းသမီးအရာ မြတ်ကို၊ ခန့်အပ် ပေးသနားတော်မူလေ၏။

သမ္ဗန်မင်း နန်းတက်၍ ၇-ရက်မြောက်သောနေ့၌ ဂေါဝိန္ဒ ဆရာတော်ကို မြစ်အနောက်ဘက်သို့ ပင့်ဆောင်ကာ ကြက်ဥတောင် အရပ်တွင် ကျောင်းသခ်မ်း ဆောက်လုပ်လှူဒါန်း ကိုးကွယ်ထားရှိလေ သတည်း။

### ၁။ ကုသိုလ်တော် ရှင်ဓာတ်ဝဲဘုရားကို ထပ်မံပြုပြင်ခြင်း

ရှင်ဇံ မင်းအဖြစ်သို့ မရောက်မီက ရှင်အရဟံ ရဟန္တာ သနား တော်မူခဲ့သော စွယ်တော်ဓာတ်ကို အဓိဋ္ဌာန်အရ မိခင်ငါးခုံးမ ကျက်စားခဲ့ဖူးသည့် ဝေဿဝဏ္ဏကုန်းစပ် နတ်ရေကန်၌ ဝဲပျံသဖြင့် အထိမ်းအမှတ်အဖြစ် ယာယီတည်ထားသည့် စေတီတော်ကို မှူးမတ်ပြည်သူ လူထုအများနှင့်တိုင်ပင် ညီညွတ်ကြလျက် သတိုးမင်းကြီး **မင်းလှ မဟာဇေယျသိန်၊ ရွှေပြည်မင်းကြီးက စစ်ကဲအခွန်ဝန်မင်းကြီး၊** အတွင်းဝန်၊ ဝန်ထောက် စသော ရွှေမြို့တော်နေ အရာရှိတို့ကို နေရာတကျ စီမံခန့်ခွဲ၍ နတ်ရေကန်ကို မြေဖို့ပြီး ဌာပနာတိုက်နှင့်တကွ

ဘုရား စေတီတော်ကို တည်ဆောက်ပြုပြင်ရန် သတိုးမင်းကြီး **မင်းလှ မဟာဇေယျသိန်** ကျော်ထင်နော်ရထာသည် ကော်ထောင်းရန် မောင်းဆုံ တစ်ထောင် လူတစ်သောင်း အလှည့်ကျကို အတွင်းဝန်မင်းကြီး **မင်းလှ နန္ဒမိတ်**အား ကြပ်မစေ၍ ကော်ထောင်းရန် စီမံလေ၏။

တောင်ပြင်မင်းကြီး **သတိုးသီရိနန္ဒဇေယျသိန်**ကိုမူ အုတ်ပန်းရံ ဆိုင်ရာ ပြုလုပ်ရန် ကြပ်မစေ၏။

## ၂။ ကော်ထောင်း ထားဝယ်တေးသီချင်းများ

မိန်းမများသည် ဆန်ဖွပ်, မောင်းထောင်း, ကောက်စိုက်, ကောက်ရိတ်, ထင်းခွေ စသည့် ခပ်ကြမ်းကြမ်း အလုပ်များကို လုပ်ကိုင်ကြသည့်အခါ မိမိတို့ဆံပင်များ ဖားရရား မဖြစ်စေရန် တဘက်ပုဝါ မျက်သုတ်စသော အထည်အဝတ်များတို့ဖြင့် မိမိတို့ခေါင်း၌ ချည်ပတ်ထားလေ့ရှိကြသည်။

ယင်းသို့ ချည်ပတ်ရာ၌ အစမှာ အတိုတစ်စနှင့် အရှည်တစ်စ ထွက်၍နေသဖြင့် အရှည်တစ်စကို အပေါ်သို့ ပစ်တင်ထားရလေသည်။

အချိန်ကား အရုဏ်ကျင်း၍ လင်းကြက်ဆော်လေပြီ၊ ရွာဦးကျောင်းမှလည်း ကုလားတက်ခေါက်သံ ကြားရလေပြီ၊ နန်းတော်အတွင်းမှလည်း မိုးသောက် ပဟိုရ်သံ ကြားရလေပြီ၊ ယင်းအချိန်ဝယ် ကော်ထောင်းရန်အတွက် ဆိုင်ရာမှ ဆင့်ဆို ထားရှိသည့်အတိုင်း အပျိုခေါင်း မိန်းမကြီးတစ်ယောက်က ခေါင်းပေါင်းနှစ်စကို တစ်စ ပစ်တင်ပြီး ဘုရင်ကိုးကွယ်သည့် ဘုန်းတော်ကြီးကျောင်းသို့ ကော်ထောင်း ဝင်ကြရန် **ထားဝယ်သီချင်း**ဖြင့် သီဆိုကာ နှိုးဆော်လိုက်သည်မှာ -

**"ခေါ်န်ပေါ်န် နှေ့စ၊**
**တစ ပစ်တန်၊**
**ဘုရင်ကျွော်န် ကော်ထောန်ဝမ်ဂေ့စို့လေး၊**
**မယ်ညားဝေ့"** -

ဟူ၍ သီဆိုကာ လမ်းတလျှောက် အိမ်ရှိလူများ ကြားသိကြရအောင် လိုက်လံနှိုးဆော်လေသည်။

မှတ်ချက် . . . ခေါန်ပေါန် နှေ့စ - ခေါင်းပေါင်း နှစ်စ၊
တစ်စ ပစ်တန် - တစ်စ ပစ်တင်၊
ဘုရင်ကွှောန် - ဘုရင်ကျောင်း
ဘုရင်ကိုးကွယ် သည့်
ကျောင်း)
ကော်ထောန်ဝမ်ငေ့စို့လေး - ကော်ထောင်း
ဝင်ကြစို့လေး၊
မယ်ညားဝေ့ - မယ်တို့ရေ။

ယင်းအခါ အိမ်တစ်ဆောင်မှ ငါးပိဖုတ်ဆီဆမ်းနှင့် ထမင်းကြမ်းစားနေသူ မိန်းကလေးတစ်ယောက်က စားပြီးလျှင် မြန်မြန်လိုက်လာမည့်အကြောင်းကို ထားဝယ်သီချင်းဖြင့်ပင် ပြန်၍ သီဆိုလိုက်သည်မှာ -

"ပိဖု ဆီဆမ်း၊ မှန်းရှမ်း
ဖြန်းဖြန်စားပီး လိုက်လာမယ်လေး၊
မ-လို့ဝေး" -

ဟူ၍ ဆိုလိုက်လေသည်။

မှတ်ချက် . . . ပိဖု - ငါးပိဖုတ်၊
မှန်းရှမ်း - ထမင်းချမ်း၊
ဖြန်းဖြန် - မြန်မြန်၊
မ-လို့ဝေး - အစ်မရေ၊

ဤသို့ဖြင့် ယောကျ်ား လူပျိုခေါင်းနှင့် ဆယ်အိမ်ခေါင်းများကလည်း အစုလိုက်, အစုလိုက် ဆိုင်ရာ, ဆိုင်ရာ နှိုးဆော်ကြကာ ကော်ထောင်းရန် သွားကြလေသည်။

ကော်ထောင်းရန် မောင်းဆုံများမှာလည်း ယောကျ်ား တစ်သန့်,

မိန်းမ တစ်သန့် ခွဲခြား၍ ထားရှိလေသည်။ မောင်းဆုံ တစ်ဆုံ, တစ်ဆုံ၌ကား ၂-ယောက်, ၃-ယောက်တို့က မောင်းတံကိုနင်း၍ အခြား ၂-ယောက်, ၃-ယောက်တို့ကမူ ဆုံအတွင်းသို့ ထည့်သူတို့ကထည့်ပြီး ညက်လျှင် ခပ်သူတို့က ခပ်ယူကြလေသည်။

**၃။ ကော်စပ်နည်း**

**"ကြဇု ဇက်ကေး၊ တင်လဲ ဒွေး၊**
**ကျွဲကော်-ပဥ္စ၊ အုံတုံဆ" -**

ဟူ၍ လည်းကောင်း၊

**"ထုံးနှင့်သဲ အမျှပြု၊**
**ဥသျှစ်ကျိုထုတ်၊ ရေတစ်မှုတ်၊**
**တင်လဲ နောက်ထပ်၊ နှစ်မှုတ်မှုတ်၊**
**ကျွဲကော် ငါးမှုတ်၊ ခြောက်စု အုံတုံ" -**

ဟူ၍လည်းကောင်း ထားဝယ်သူဟောင်းတို့ အဆိုရှိလေသည်။

ယင်းအဆိုအရ ထုံးနှင့်သဲကို အမျှစီပြု၍ ဆန်ခါနှင့်ချပြီး လိုသရွေ့ စုပုံထားရသည်။ ယင်းအပုံ၏ အလယ်၌ တွင်းကလေးတစ်တွင်း ပြုလုပ်ထားရှိရသည်။

**"ကြဇု ဇက်ကေး"** ဆိုသည့်အရ ကြဇုခေါက်ကို ရေစိမ်ပြီး ရေတစ်မှုတ် သို့မဟုတ် ဥသျှစ်ခေါက်ရည် တစ်မှုတ်။

**"တင်လဲဒွေး (ဝါ) တင်လဲနောက်ထပ် နှစ်မှုတ်မှုတ်"** ဆိုသည့်အရ တင်လဲရည် နှစ်မှုတ်။

**"ကျွဲကော် ပဥ္စ"** ဆိုသည့်အရ ကျွဲရေကို မီးဖုတ်ပြီး ရေစိမ်သည့်အရည် ၅-မှုတ်။

**"အုံတုံဆ"** ဆိုသည့်အရ အုံတုံခေါက်ကို ရေစိမ်ပြီး ၎င်းအရည် ၆-မှုတ်။

ယင်းအဆ, အချိုးအတိုင်း ထုံး၊ သဲများနှင့်ဆလျက် အလိုရှိသရွေ့ ထုံးနှင့်သဲဖြင့် ရောစပ်ပြုလုပ် ထားသည့် တွင်းထဲသို့ လောင်းထည့်ရလေသည်။ ယင်းနောက် ယင်းတို့ အားလုံးကို သမအောင် နယ်ပြီးလျှင် မောင်းဆုံ၌ ထည့်၍ ထောင်းကြလေသည်။

"ဘဝအသချေ်က မယ်နှင့်မောင်မှာ အတူနေခဲ့ဖူးသဖြင့် ယခု ဘဝ၌လည်း မသွေဘဲ ယှက်တွဲမည့် မယ်ဇင်ပန်းက ကမ်းလှမ်းပြုကာ ရှင်းရှင် ကျောင်းသို့ ကော်ထောင်းရန် လာရောက်ကြရလေသည်။ သို့အတွက် နောင်နှင့်မယ် အတူတွဲလျက် ကော်ထောင်းပွဲ၌ မယ်၏ပန်းဦး နုနုဖူးကို ရှေ့ဦးစွာ နောင်အား ပန်ပါစေ့မည် ဖြစ်သောကြောင့် အသွယ်သွယ် အဝဝ အကြောင်းအရာကို မယ်သိရအောင် နောင်လှက မယ့်ကို ပြောပြစမ်းပါ" ဟူ၍ ကော်ထောင်းရင်း မိန်းမက သီဆိုလိုက်သည့် **ထားဝယ်ဒိန်းသီချင်းကား** -

**၄။ ထားဝယ် ဒိန်းသီချင်းများ**

**"ဘဝသံချေ၊ အတူနေ၊**
**မသွေယှစ်တမ်း၊ မယ့်ဇင်ပန်း။**
**ကမ်းလှမ်းပြုကာ -**
**ရှင်ရှင်ကျွောန်၊ ကော်ထောန်လာ၊**
**နော်န်သာ မယ်န၊ ကော်ထောန်ရ။**
**ကြောန်ကမလွဲ၊ ကော်ထောန်ပွဲ၊**
**တူတွဲပန်းဦး၊ နုနုဖူး။**
**ရှေ့ဦးနော်န်ကို၊ ပန်စေ့မယ်၊**
**သွယ်သွယ်ဝဝ၊ မယ်သိရအော်န်။**
**နော်န်လှ, မယ့်ကို ပြော့ပါလေ၊**

အေ - အေ့ - အေး - နော်န်ဝေ့"

ဟူ၍ ဖြစ်လေသည်။

မှတ်ချက်. . . ဘဝသံချေ - ဘဝသချေ်၊
မသွေယှစ်တမ်း - မသွေယှက်တမ်း၊
ရှင်ရှင်ကွျောန် - ရှင်ရှင်ကျောင်း (ဘုန်းတော်ကြီးကျောင်း)
ကော်ထော်န်လာ - ကော်ထောင်းလာ၊
နော်န်သာမယ်န - နောင်သာ မယ်နှင့်၊
ကြောန်က မလွဲ - ကြောင်းက မလွဲ၊
နော်န်ဝေ့ - နောင်ရေ့။

ယင်းသို့ မိန်းမက စတင်၍ သီဆိုလိုက်သည်ကို ယောကျ်ားက ပြန်လှန်ကာ - "ရှေးကပြုခဲ့ဖူးသည့် အကြောင်းကြောင့် ကော်ထောင်းပွဲ၌ မေတ္တာဆုံကြရပေသည်။ နှစ်တစ်ရာတိုင်တိုင် ပေါင်းသင်းရန် မယ်၏ ပန်းညွန့်ဖူး နုနုကလေးကို ရှေ့ဦးစွာ နောင်ကပန်ပါမည်။ သို့ကြောင့် မယ်နှင့်မောင်မှာ တမောင်းတည်း မောင်းဆုံ တစ်ခုတည်း ထောင်းချင်ပါသဖြင့် မယ်ကသာ အကြောင်းရင်းဖြစ်ပြီ" ဟူသော အကြောင်းကို **ထားဝယ်ဒိန်းသံဖြင့်ပင်** ပြန်လှန်သီဆိုလိုက်သည်မှာ -

"ရှေးကြောန်မလွဲ၊ ကော်ထောန်ပွဲမှာ၊
မနဲမေတ္တာ၊ ရှေးကပြုဒိ - ခုတွိပါ။
သစ္စာမချို့၊ နှစ် - ရာသို့၊
မရို့ပန်းဦး၊ ပန်းညွန့်ဖူး။
ရှေးဦးနော်န်က၊ ပန်ပမယ်၊
မောန်ဆောင်မလွဲ၊ တမောန်ထဲ။
တူတွဲမကြာ၊ ထောန်ရှင်ပါ၊
မယ်သာကြောန်ရင်း၊ ဖြစ်ပီလေ။

အေ - အေ့ - အေး - မယ်ဝေ့" -

ဟူ၍ ဖြစ်လေသည်။

| | | | |
|---|---|---|---|
| မှတ်ချက် . . . | ရှေးကြောန်မလွဲ | - | ရှေးကြောင်းမလွဲ၊ |
| | ကော်ထောန်ပွဲမာ | - | ကော်ထောင်းပွဲမှာ၊ |
| | ရှေးကပြုဒိ-ခုတွိပါ | - | ရှေးကပြုလို့ ခုတွေ့ပါသည်၊ |
| | မောန်ဆောင်မလွဲ | - | မောင်းဆုံမလွဲ၊ |
| | တမောန်ထဲ | - | တစ်မောင်းတည်း |
| | ထောန်ရှင်ပါ | - | ထောင်းချင်ပါသည်၊ |
| | မယ်ဝေ့ | - | မယ်ရေ့။ |

ယင်းနောက် ဗဟုသုတ ပေါကြွယ်ဝသည့် အပျိုခေါင်း တစ်ယောက်က ပြန်လှန်၍ "ထုံးနှင့်သဲ အမှုစီ၊ ဥသျှစ်ခေါက်ကို ထု၍ ကျိုထားသည့် အရေတစ်မှုတ်၊ တင်လဲရေ ၂-မှုတ်၊ ကျွဲကော်ရေ ၅-မှုတ်၊ အုံတုံခေါက်ရေ ၆-မှုတ်တို့ကို ရောစပ်ကာ သမအောင်နယ်၍ ဒို့မောင်းဆုံထဲ၌ ထည့်ပြီး မယ်နှင့် လက်ဆုံတွဲယှက်ကာ ထောင်းရသည်မှာ အဘယ်မျှလောက် ဝမ်းမြောက်ဝမ်းသာဖြစ်မည့် အကြောင်းကို" ကို သီဆိုလိုက်သည့် ဒိန်းသံ သီချင်းမှာ . . .

"ထူးန သဲန - အမှုပြု၊
ဥသျှစ်ကျိုထု၊ ရေတမှု။
တန်းလဲ နေ့ခါက်ထပ်၊ နှေ့မှုမှတ်၊
ကွဲကော်ငါးမှု၊ ခြော့က်စုအောင်တောင်။
နော်န်နော်န်မလွဲ၊ နို့မောန်ထဲမာ၊
ထဲ့ပါတောင်။
လတ်ဆောင်မယ်န၊ တွဲယှစ်ရ၊
ဖယ်မျှ ဝမ်းပမ်းသာမယ်နူးလေ။

အေ - အေ့ - အေး - နော်န်ဝေ့" -

ဟူ၍ ဖြစ်လေသည်။

| | |
|---|---|
| မှတ်ချက် - ထူးန သဲန | - ထုံးနှင့် သဲနှင့်၊ |
| ရေတမူ | - ရေတစ်မှုတ်၊ |
| တန်းလဲနော့က်ထပ်၊ နှေ့မူမှတ် | - တင်လဲနောက် ထပ် နှစ်မှုတ်မှတ်၊ |
| ကွဲကော် ငါးမူ | - ကျွဲကော်ရေ ၅ - မှုတ်၊ |
| ခြော့က်စု အောင်တောင် | - ခြောက်စုအုံတုံ၊ |
| နို့မောန်ထဲမာ | - ဒို့မောင်းထဲမှာ၊ |
| လတ်ဆောင်မယ်န၊ တွဲယှစ်ရ | - လက်ဆုံမယ်နှင့် တွဲယှက်ရသည်၊ |
| ဖယ်မျှဝမ်းပမ်းသာမယ်နူးလေ | - အဘယ်မျှလောက် ဝမ်းပမ်း သာမည်နည်း။ |

(ယင်းကော်ထောင်း တေးသီချင်းများကား ယင်းမာတ်ဝဲ ဘုရား စေတီတော် တည်လုပ်သည့် အခါကစ၍ ထားဝယ်ဒေသ ရှိ တစ်ခြားသော ဘုရားစေတီများ တည်လုပ်သည့်အခါတိုင်း ကော်ထောင်း ကြသည့်အခါ ယောကျ်ား, မိန်းမများ တပျော် တပါး စုပေါင်းသီဆိုကြသည်မှာ ထားဝယ် ရှေးခေတ် ယဉ်ကျေးမှု တစ်ရပ်ပင် ဖြစ်ပေသည်။ သို့သော် ယခုအခါ တိမ်ကောပျောက် ကွယ်ခဲ့လေပြီ။)

## မယ်ဇောအား မိဗုရားမြှောက်ရန် ကြံစည်ခြင်း

တစ်နေ့သ၌ သာဂရပြည့်ရှင် သမ္ဘန်မင်းသည် ဆရာတော် ဂေါဝိန္ဒရှင်ရသေ့အား ဆွမ်းဘုဉ်းပေးရန် နန်းတော်တွင်းသို့ ပင့်သဖြင့် ဆရာတော်ကြွရောက်လာ၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ အတွင်းဝန် ၄-ပါးတို့က ဤသို့ လျှောက်ထားကြလေ၏။

"ဤမောင်နှမ ၂-ဦးတို့သည် အရှင်ရသေ့၏ သားသမီးလည်း မည်ပါသည်၊ တပည့်လည်း မည်ပါသည်။ သို့ဖြစ်၍ ယင်းမောင်နှမ ၂-ဦးတို့ကို အထူးသဖြင့် နေရာချထားရန် အတွင်းဝန်, အပြင်ဝန်, ပြည်သူပြည်သားတို့ပါ အားလုံးသဘောညီညွတ်ကြပါသည်။ ရှေးထုံးစဉ်လာ အကြောင်းကိုရှာသော် - **ဩက္ကာကရာဇ်မင်းကြီး၏ သားတော်, သမီးတော်များသည် အမျိုးမပြား၊ တစ်ဝမ်းဖွားချင်းကို၊ စလျားရစ်ခြံ၍၊ ရွှေဘုံ၌ာန၊ ကပ္ပိလပြည်ဘောင်ကို၊ တည်ထောင်တော် မူဖူးသော နည်းလမ်းအတိုင်း ပြုလိုပါသည်**" ဟု လျှောက်ထားကြသောအခါ -

ဂေါဝိန္ဒရှင်ရသေ့က "**ငါကား လူမှုကိစ္စကို လုံ့လမထုတ် စကောင်းချေ၊ သင်အမတ်တို့ကသာ တော်သင့်သလို ပြုကြလေလော့**" ဟု ဆို၍ သမ္ဘန်မင်းနှင့် မယ်ဇောတို့အား တရားသဖြင့် ဆုံးမပြီးလျှင် ကျောင်းသခ်မ်းသို့ ပြန်ကြွ သွားတော်မူလေ၏။

ဝန်ကြီးများလည်း ဂေါဝိန္ဒဆရာတော်ရှင်ရသေ့ မိန့်ကြားခဲ့သည့် အတိုင်း သမ္ဘန်မင်းနှင့် တိုင်ပင်ကာ နှမ မယ်ဇောအား နားချရန် လိမ္မာသည့် အထိန်းတော်ကြီးတစ်ဦးကို မယ်ဇောထံ စေလွှတ်လိုက်လေ၏။ အထိန်းတော်ကြီးလည်း မိမိလိမ္မာသလို နည်းပရိယာယ် အသွယ်သွယ် အဝဝတို့ဖြင့် ဖျောင်းဖျပြောဆို လျှောက်ထား သော်လည်း အားပြော့ကာ အဆွေးတစ်မျိုးပိုလျက် လေးချိုးနှင့် ငိုလိုက်သည်မှာ -

၁။ မယ်ဇောင်ို လေးချိုး

"စိုးကဲရှင် - မြွက်တာကိုသိရတော့၊
အိုးမဲမင် - မျက်နှာမှာ ထိသည့်နှယ်။
(အမယ်လေး) ရှက်ပါဘိ - မယ့်ဖြစ်အင်။ ။

သက္ကရာဇ်ဟောင်း၊ နှစ်ပေါင်း - မရေနိုင်တဲ့။
ရဝေပိုင် - သာကီယတို့ကို။
အားကျကာ မိန့်တော်ထားလိုက်တယ်၊
နားဆို့လို့နင်။ ။

ရှက်တာကို - ပြေအောင် ဖြတ်သော်လဲ၊
မျက်နှာကို - နေရောင် ဟပ်သလိုမို့ -
စခန်းကုန်၊ နန်းဘုံပြာသာဒ်ကယ်က။
တောအရပ် - ချောင်ရှိခွင်၊
ရှောင်ခိုဝင်မှ - အပူအေး။ ။

မောက်အမာ၊
နောက်တစ်ခါ - သည်ပုံစကားရယ်နှင့်။
အရှက်တွေ - ရက်ရှည်ဖြင့် မပွားလိုဘူး၊
(အမယ်မင်း) အားပြော့မှိုင်ငေးတဲ့မှ -
(မောင်ကြီးရေ) သွားပေါ့ မြိုင်ကျေး။"

၂။ မောင်မရှောင်ရွာဟု ခေါ်တွင်ခြင်း

ယင်းသို့ တမ်းတငိုကြွေး ဦးခေါင်းထက်၌ စိန်တဘက်ကိုတင်၍ ရွှေ ငွေ ကျောက်သံနှင့် ခြွေရံ အနည်းငယ်ကို ခေါ်ဆောင်ပြီးလျှင် မြစ်အရှေ့ဘက်ရှိ တစ်ခုသော တောအရပ်တွင် တိမ်းရှောင်နေလေ၏။

ယင်းအရပ်သည် မောင်ကို နှမက ရှောင်သောကြောင့် "မောင်မရှောင်ရွာ" "မောင်မယ်ရှောင်ရွာ" ဟူ၍ ခေါ်တွင်ကာ ယခုတိုင်

စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်ပေသည်။ (ယင်းရွာကား ရှင်မာတ်ဝဲ စေတီတော်နှင့် မနီးမဝေးတွင် ရှိလေသည်။)

မယ်ဇော ပျောက်သွားကြောင်းကို အထိန်းတော်ကြီးက သမ္ဘန်မင်းထံ သံတော်ဦးတင်လျှင် သမ္ဘန်မင်းက "ရိုင်းလိုက်လေခြင်း အထိန်းတော်ကြီးရယ်၊ အကယ်၍ သဘောတော် မမျှတာဖြင့်လဲ နန်းမကို သံတော်ဦးတင်လှာ ဆက်ကရော့ပေါ့။ ယခုတော့ အများစိတ် မချမ်းသာအောင် တိတ်တဆိတ်ထွက်သွားတာ၊ သူကမှ အရေးမယူဘဲ ကိုယ်တော်မြတ်ကလဲ အရေးယူဖို့ မသင့်ပေဘူး၊ ရှိစေတော့ အထိန်းတော်ကြီး၊ သည်လောက်တောင် သဘောနုတာကို ကြည့်ရှုတော်မူဖို့ မတော်ဘူးပ။ သတင်းတော်လဲ မမေးကြနှင့်၊ ဝေးဝေးကပဲ နေပါစေတော့ဗျား" ဆိုပြီးလျှင် အတွင်းတော်သို့ ဝင်သွားလေ၏။

## ကောဏ္ဍသန်နှင့် မင်းသမွန် ဆက်ဆံမဟာမိတ်

သီဟိုဠ်ကျွန်းမှ ကောဏ္ဍသန်မင်းသည် သမန္တမင်း နတ်ရွာပြောင်းကြွ၍ ဆက်ခံစိုးစံသည့် သမွန်မင်းအား မဟာမိတ်ပြုလိုသောကြောင့် အမတ် **နော်ရမံ**ကို လက်ဆောင်ပဏ္ဏာများ ပေးအပ်လျက် အမတ်နော်ရမံသည် သင်္ဘောဖြင့် ရောက်လာပြီး သမွန်မင်းနှင့် ဆက်သွယ်ကာ မဟာမိတ်ပြုလေ၏။

ယင်းနောက် အမတ်နော်ရမံသည် သာဂရမြို့ပေါ်သို့ လှည့်လည်ကြည့်ရှုပြီး မြစ်အရှေ့ဘက်ကမ်းသို့ ရောက်ရှိလတ်သော် မောင်မရှောင်အရပ်တွင် တိမ်းရှောင်နေသည့် မယ်ဇော၏ လက်ပါးစေများနှင့် တွေ့ရှိသဖြင့် အကြောင်းကို မေးမြန်းလျှင် သမွန်မင်း၏ နှမတော်ဖြစ်ကြောင်းသိရသဖြင့် ဖူးမြော်ရန် အခွင့်တောင်းလေ၏။ အခွင့်ရရှိလျှင် အမတ်နော်ရမံသည် သင်္ဘောသားများနှင့် ဝင်လာ၍ မယ်ဇော၏မျက်နှာကိုမြင်လျှင် အချို့ကား မေ့လျော့ခြင်း ဖြစ်ကြကုန်၏။ အချို့ကား ဣန္ဒြေပျက်၍ ရူးသွပ်သကဲ့သို့ ဖြစ်ကြကုန်၏။ နော်ရမံအမတ်ကြီးကလည်း များစွာ အံ့ဩလျက် မယ်ဇော၏ ပုံအသွင်ကို ရွှေမင်နှင့် ကူးယူသွားလေ၏။

### ၁။ ကောဏ္ဍသန်မင်းနှင့် မယ်ဇော သဘောညီကြခြင်း

ကောဏ္ဍသန်မင်းလက်သို့ မယ်ဇော၏ ရုပ်ပုံတော် ရွှေလွှာဆက်သ၍ ရှုကြည့်တော်မူရာတွင် ကောဏ္ဍသန်မင်းသည် ဖြေတင်းဆီးတန့်ခြင်းငှာ မတတ်နိုင်ရကား **"သမွန်မင်းနှမ မယ်ဇောလှ"** ဟူ၍လည်းကောင်း၊ **"မယ်ဇောထံ အမြန်ပို့ကြ ဝန်အန္တတို့"** ဟူ၍လည်းကောင်း၊ **"မယ်ဇောဆိုလျှင် အအိုဖြစ်ဖြစ် ငါကြိုက်ချစ်"** စသည်တို့ဖြင့် အကြိမ်ကြိမ်မြည်တမ်းပြီး ရူးနှမ်းလျက် နေရှာလေ၏။

ယင်းနောက် ဝန်တို့အား ခေါ်၍ ပြောသည်မှာ -

"ဝန်မိုက်ဝန်ရူး၊ ဝန်ပွတ်စူးနှင့်၊ လွန်ကြူးကာမ၊
လိုက်စားကြ၊ ငါ့ထံခိုလှုံ၊ ထိပ်တစိစိ၊ ဒေါသပိုတဲ့၊ ဝန်မှိုင်းငုံတို့။

ဒုံတကြွကြွ၊ ဖုံ့ပွပွနှင့်၊ ကြံ့ရလေခြင်း၊ ဝန်ကမြင်းတို့ရယ်၊ မင်းတို့အများ
- နာနာရုပ် ဆေး မျက်လှည့်နှင့်၊ ဗုက်ခဲ့၍ ထားကြသလား၊ ငဲ့မယား
ဇောတစ်ယောက်၊ ခုချက်ချင်း ပျောက်လေသည်၊ ကြောက်ရင်ဖြင့်
ယခုဖော်၊ ဘယ်သူမှ မညှာတာဘူး၊ ပြာတာကို ခေါ် လိုက်ရမလား၊
ဖယ်နော် - ဟင့်အင်း လာ, မကမြင်းကြနှင့်၊ ဟိုသင်းကို - ဟဝါပြု
သည်နေရာ နုလှပါတယ်၊ ကိုသုဝဏ် ရွှေရောင်ရစ်ကယ်က
ကျမကို ရှင်မချစ်တာဖြင့် စံတညာငယ် သမ္ဘာရာစိန်ကိုနှစ်ပြီးတော့၊
အမယ်လေး . . . ဘာဖြစ်လို့ သောက်ရမလဲဟဲ့။"

ဤကဲ့သို့ ရူးသွပ်ခြင်းကို အမတ်တို့ မဆီးတားနိုင်သဖြင့် မယ်ဇော၏ ရုပ်ပုံကြောင့် ရူးရသောမင်းကို မယ်ဇောထံသို့ အရောက်ပို့လျှင် အရူးပျောက်လိမ့်မည် ထင်သည်ဟု တိုင်ပင်ညီညွတ်ပြီးလျှင် သဘော်နှင့်တင်၍ **"ထားဝယ်တိုင်း" မောင်မရှောင်တောအရပ် မယ်ဇောရှိရာသို့ ပို့ကြလေ၏။** အမတ်များ ထင်သည့်အတိုင်းပင် သဘော်ပေါ်သို့ရောက်လျှင် စိတ်နောက်ခြင်း အတော်ပြေပျောက်လေ၏။

သဘော်လွှင့်၍ ထားဝယ်တိုင်း သာဂရမြို့တစ်ဖက်ကမ်းရှိ မောင်မရှောင်တောအရပ်သို့ ရောက်လေလျှင် အမတ်နော်ရမ်နှင့် အပျိုတော်များမှတဆင့် မယ်ဇောထံ ကောဏ္ဍသန်မင်း ဝင်ရောက်ခွင့်ရလေ၏။ မယ်ဇောက လက်ပါးစေများအား ထားဝယ်ဒေသသုံးဖြစ်သည့် **"ခနိဖက်ဆေးလိပ်"** နှင့် ပင်လယ်ခန်းခေါ်ကြသော **"ကဗုံးသား, သဲဘလုပ်, ဘဝဲ, ရှပ်"** စသည်တို့ဖြင့် ချက်ပြုတ်စေသည့် ပွဲတော်စာများဖြင့် တည်ခင်းကျွေးမွေး ဧည့်ခံလေ၏။

ယင်းနောက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှုတ်ခွန်းဆက်သ မေးမြန်းပြောဆိုကြပြီးလျှင် ကောဏ္ဍသန် မင်းက နန်းတော်သုံး မှာတမ်းသွားဖြင့် ဆိုလိုက်သည်မှာ -

**"မှန်တကယ်၊ ကြံ့ရွယ်တော် တပုံဆက်ပါလို့ စုံမက်စေကြောင်း။
ညှိုးရွှေကြာ၊ မိုးစွေကာ - ထုံမြလို့ ပုံလှအောင် ဝစီညွှန်းလိုက်ပ၊
ကျွန်းသူ့ထိပ်ဆောင်း။"**

"မိတ်ကောင်းမိတ်စစ်၊ မှန်တကယ် ဖြစ်သော်ကြောင့်၊ အချစ်ကို စီမံ၊ တိုးလို့သာ ကြံပါသည်။ ဝိသေသ- ထူးချက်နှင့်၊ သိစေရန် - နှုးညက် သဖြင့်၊ ကျုံးမြွက်တော်မူသင့်လှပါသည် ပတ္တမြားစန္ဒ - မြကြေးမုံငယ်" ဟူ၍ ဆိုလိုက်လေသည်။

မယ်ဇောသည် ခိုကိုးရာမဲ့ အားနွဲ့သောအခါဖြစ်သည်လည်း တစ်ကြောင်း၊ မောင်မရှောင်တောအရပ်၌ ငြိမြင်စွာ နေရခြင်းကို ငြီးငွေ့ သည်လည်းတစ်ကြောင်း၊ ထားဝယ်တိုင်း သာဂရ ပြည်သူပြည်သား တို့က ငြိုးကြသည်လည်းတစ်ကြောင်း၊ ယင်းအကြောင်းတို့ကြောင့် ကောက္ကသန်မင်း၏ စကားကို တစ်ကြိမ်တည်းနှင့်ပင် နာခံရရှာလေသည်။

သို့ကြောင့် မယ်ဇောက ပြန်ဆိုလိုက်သည့် လေးချိုးသဖြန်ကား-

"မြလက်ာ - တည်စံကွန်းမှာဖြင့်၊
လ - သက်ာ - ကြည်လျှံထွန်းသည့်နှယ်။
ဒိပံကျွန်း - ပိုင်တဲ့ရှင်။ ။

နောင်မမုန်းပါနှင့်၊
မောင်ဘုန်းဝေ - မေတ္တာရှိသလိုပ။
ထို့အတူ - ပြန်၍သိပါတော့၊
လေးမိစိတ်တွင်။ ။

ငြိုတမာန် - ထောင်အကြွားတွေနှင့်၊
ပိုအလျှံ - မြှောင်မထားရပေဘူး။
ဘုရားမှာတဲ့ - ကျိန်ရေဆင်၊
ချစ်ရင်ဖြင့် - ရွက်စမ်း။ ။

ညိုကြော့ခင်၊
ကိုယ်တော့်ပြင် - သုန်မဖောက်ပါဘူး၊
ယုံလောက်အောင် - သစ္စာပြုလိုက်ပမယ်ရှင်၊
သုံးလူ့ရွှေကျမ်း။ ။



မယ်ဇောက မောင်တော် ရှင်ဇံမင်းအား သွမ်းဆွတ်သဖြင့် ခွဲခွာခါနီး
တည်ထားသော "ဇောလွမ်းစေတီ" (ဇလွန်းစေတီ)ပုံ။
(ထားဝယ်အရှေ့ဖက် ဇလွန်းရွာ တောင်ပေါ်တွင်ရှိသည်။)

## ၂။ ဇလွန်းစေတီတော်တည်ခြင်း

တစ်ဦးနှင့်တစ်ဦး ပြောခွင့်, ဆိုခွင့် ရှိသမျှတို့ကို ပြောဆိုကြ၍ ရွှေဖူးစာနှစ်ခိုင် ပြိုင်ပြီးလျှင် ကောက္ကသန် မင်းက သီဟိုဠ်သို့ ဆောင်သွားလေ၏။ မယ်ဇောလည်း မောင်တော် သမ္ဗန်မင်းကို **လွန်း** (လွမ်း) သောကြောင့် တစ်ခုသောတောင်သို့ သင်္ဘောကပ်ဆိုက်ပြီးလျှင် ယင်းတောင်ပေါ်၌ **"ဇောလွန်း"** (လွမ်း) ဘုရားဟူ၍ စေတီတစ်ဆူ တည်ခဲ့လေသည်။ ယင်းဘုရားစေတီကို ယခုအခါ **"ဇလွန်းဘုရား"** ဟူ၍လည်းကောင်း၊ ရွာကိုလည်း **"ဇလွန်းရွာ"** ဟူ၍လည်းကောင်း ခေါ်ဆိုကြလေသည်။

(ဇလွန်းတောင်, ဇလွန်းစေတီ, ဇလွန်းရွာကား ထားဝယ်မြို့မှ အရှေ့ဖက် ၃-မိုင်အကွာတွင်တည်ရှိလေသည်)

ယင်းဇောလွန်း (ဇလွန်း) စေတီတော်ကို လွန်ခဲ့သော ကောဇာ သက္ကရာဇ် ၁၃၁၅-ခုနှစ်တွင် ဇလွန်း အရှေ့ကျောင်းဆရာတော်နှင့် ဇလွန်းရွာရှိ ဗုဒ္ဓဝေယျာဝစ္စ သမဝါယမအသင်းမှ ကြီးမှူး၍ အရပ်ရပ်သော စေတနာရှင်အပေါင်းတို့ လှူဒါန်းပါဝင်ကြလျက် အသစ်တဖန် မွမ်းမံပြင်ဆင်ကြပြီးလျှင် ထားဝယ်မြို့ ဇရစ်ရပ် **ဒေါ်အင်ကြူ လှူဒါန်းသည့် ထီးတော်သစ်ကို** ယင်းနှစ် တပေါင်းလပြည့်နေ့ နံနက် ၁၀-နာရီအချိန် တင်လှူပူဇော် လေသည်။

ယင်းအချိန်နှင့် တစ်ပြိုင်တည်းပင် သာဂရမြို့ (မြို့ဟောင်းရွာ)ရှိ မယ်ဇောတည်ခဲ့သော **မြသလွန် "ရှင်သလွန်" စေတီတော်ကိုလည်း ထီးတော်အသစ် တင်လှူ ပူဇော်ကြလေသည်။**

ဘုရားစေတီတည်ပြီးလျှင် သင်္ဘောလွှင့်၍ သီဟိုဠ်သို့ ရောက်လတ်သော် ကောက္ကသန်မင်းက မိဖုရား မြှောက်လေ၏။

## ငါးခုံးမ ရေသွန်းပွဲ

သာဂရပြည်ဘောင်တွင်၊ မိုးခေါင်သည့်အတွက်၊ အုံးကျွက်ကျွက် ဆူညံဝေလျက်၊ လူသံတွေ ဖြည့်စင် ခတ်သည်ကို၊ ပြည့်ရှင်မြတ် - ဇောရှိန်ကြွ၍၊ ဂေါဝိန္ဒဆရာကို ပင့်ပြီးလျှင်၊ အဇ္ဈောမြင့် ခိုးဝလာက၊ မိုးမရွာ ဖောက်အပြားကို လျှောက်ထားတော်မူလေ၏။

ယင်းသို့ လျှောက်ထား မေးမြန်းတော်မူသောအခါ ဂေါဝိန္ဒ ဆရာတော်က မိမိထင်မြင်ချက်ကို ထုတ်မြွက် တော်မူသည်မှာ -

"ဒကာတော်သည် ဘုရင်ဖြစ်သည့်နေ့ကစ၍ မိခင်ငါးခုံးမ၏ ရုပ်ခါတ်ကို အရေးမယူ လျစ်လျူရှု ထားခြင်းသည် **ကျေးဇူးပြုထိုက်သော သူအား ကျေးဇူးမပြု မထိမဲ့မြင်နေ၍ မင်္ဂလာတရားတော် ပျက်သော ကြောင့် မိုးခေါင်လေသလောဟု** တွေးတောကြံဆမိချေသည်။"

"အရှင်ဘုရား အဘယ်သို့ ကျေးဇူးပြုရပါမည်နည်း။"

"နတ်ရဲဖြစ်၍နေသော မယ်တော်အား နတ်ကန္နားပွဲသဘင် ကောင်းမွန်စွာပေးပြီး ပင့်ခေါ် မေးမြန်းရလျှင် သာ၍ သင့်မြတ်လိမ့်မည် ထင်ပါသည်။"

"ဆရာတော်ဘုရား သဘောတော်ထင်မြင်သည့်အတိုင်း တပည့်တော် ပြုလုပ်ပါတော့မည်ဘုရား။"

"ကောင်းပြီ ယနေ့ပင် ပြုလုပ်လေလော့" ဟု ဂေါဝိန္ဒဆရာတော် မိန့်ကြားခဲ့ပြီး ကျောင်းသခ်မ်းသို့ ပြန်ကြွ သွားလေ၏။

### ၁။ မယ်တော်ငါးခုံးမနတ်စိမ်း ဝင်ပူးငို လေးချို

သမွန်မင်းလည်း နတ်ဝင်ကတော်တို့အား အမိန့်တော်နှင့် ခေါ်စေပြီး ကန္နားပွဲသဘင် မြှောက်တင်က,ခုန် စေသောအခါ ငါးခုံးမနတ်စိမ်းသည် တစ်ဦးသော နတ်ဝင်ကတော်၌ ပူးကပ်၍ ငါးခုံးမနတ်စိမ်းငို လေးချိုးကား-

"ငွေရွှက်ကာ - ပြည်သာဂရမှာဖြင့်၊
ရွှေမျက်နှာ ကြည်သာကြပေရဲ့။
သီဟာသန - ဘုံမြင့်ပေါ်။ ။

အဟိတ်မဲ့ကိုလှ၊
စိတ်ထဲမှာ - ခါတစ်ရံမှု။
မနောကံ - သိမငွေ့တယ်၊
ချမ်းမြေ့ရွှင်ပျော်။ ။

ကနက်မှာ - မျက်နှာလှသူက၊
မသက်သာ - ရှက်ရှာကြပေမပ။
သားပုတ္တ - စံရွှေလှော်ငယ်၊
တော်နိုင်မျှ - လူပေပဲ။ ။

ခွင့်ချို့တာ၊
ဖွင့်ဖို့ရာ - တယ်မကောင်းသော်လဲ။
အကြောင်းခံ - သိစေဖို့ပြောပါရ၊
သဘောဉာဏ် - လွန်ညစ်ညမ်းသူမို့။
ဥပမာ - ပြုကာ တမ်းလိုက်ရမှာဖြင့် - မောင်ရယ်၊
(အမယ်မင်း) ကျမ်းတတ်ကျင့်လွဲ။"

ဟူ၍ ငိုလျက် ပြောဆိုလေ၏။

သမ္ဘန်မင်းက မေးမြန်းသည်မှာ "မျက်ရေယိုရွှဲ၊ ငိုမစဲနှင့်၊ အကဲမူရာ၊ ထူးထွေစွာဖြင့်၊ ပူတာလှုံ့လှုံ့၊ ဦးခေါင်းကျုံ့၍၊ မငံ့တစ်ချက်၊ ငို့တစ်ချက်လျှင်၊ တုံ့မြွက် ညံစာ - မနောဖိုအောင်၊ ပြောဆိုလာ၊ ကြောင်းရာစနစ်၊ ဘယ်နတ်မင်းဖြစ်သည်ဟု၊ ဇာစ်မြစ်နှင့်သေချာ အမှန်စကား၊ ချန်မထားဘဲ၊ ပြန်ကြားပါ" ဟူ၍ မေးလေ၏။

မယ်တော်က အကြောင်းအစုံအလင်ကို ပြောကြားသောအခါ သမ္ဘန်မင်းသည် မယ်တော်အမှန် ဖြစ်သည်ဟု ယုံကြည်၍ မိုးခေါင်

သည့်အကြောင်းကို မေးပြန်လျှင် ဂေါဝိန္ဒဆရာတော် မိန့်ကြားခဲ့သည့် အတိုင်းပင် ဖြစ်သည်ဟု ဆိုလေ၏။

ယင်းသို့ဖြစ်လျှင် မိုးရွာအောင် မည်သို့ပြုပါရမည်နည်းဟု မေးရာ ဤသို့ ပြောဆိုညွှန်ကြားခဲ့လေ၏။

"မယ်တော် (ငါးခုံးမ)၏ ရုပ်ခာတ်ကို အသစ်မွမ်းမံ၍ မင်္ဂလာ သဘင်ပွဲကြီး ပြုလုပ်ရန်မှာ ပြန့်ပြော သာယာသော မြေအရပ်၌ သန့်ရှင်းသော သဲဖြူခင်းခြင်း၊ ရာဇမတ်ကာရံခြင်း၊ ငှက်ပျောအုန်းခက်၊ သပြေရွက်နှင့် နေဇာမြက် စသော အောင်ပန်းတို့ကို ချည်စိုက်ခြင်း၊ ရွှေအင်တုံဖြစ်စေ၊ ငွေအင်တုံဖြစ်စေ တစ်ခုခုကို ရာဇမတ် အတွင်းသို့ သွင်းဆောင်ပြီးလျှင် ဗြာဟ္မဏပုဏ္ဏားမျိုးတို့က မယ်တော်၏ ရုပ်ခာတ်ကို ကိုင်၍ ကောင်းချီးသြဘာ မင်္ဂလာရှိသည့် စကားတို့ကို ကျူးရင့် ကြွေးကြော်ကာ လက်ယာရစ် ခရုသင်းနှင့် သန့်ရှင်းသော ရေတို့ကို သွန်းဖျန်းခြင်း၊ ဗြဟ္မာဏပုဏ္ဏားမျိုးမှတစ်ပါး အခြားအမျိုးသားတို့ မဝင်ရခြင်း၊ ပြည်သူပြည်သားအပေါင်းတို့မှာမူကား ရာဇမတ်၏ အပြင်ဘက် အရပ်ရှစ်မျက်နှာမှ ရေတံလျှောက်သွယ်ပြီး သန့်ရှင်းစင်ကြယ် သည့်ရေတို့ကို အိုးအင်ဖန်မြူတာ စသည်တို့နှင့် သွန်းခြင်း၊ ယင်းသို့ အဘိသေကမင်္ဂလာကို ကောင်းမွန်မှန်ကန်စွာ ပြုလုပ်က မိုးရွာပါလိမ့်မည်၊ မိုးသည်ထန်စွာ ရွာခဲ့ပြန်လျှင် မယ်တော်၏ ရုပ်ခာတ်ကို ဝါးညှပ်တွင် ထည့်သွင်း၍ ခပ်မျှင်းမျှင်း မီးကင်က မိုးစဲ ပါလိမ့်မည်" ဟု အသေအချာ ပြန်ကြားပြောဆိုလေ၏။

သမ္ဗန်မင်းလည်း "မယ်တော် မိန့်ကြားသမျှကို တစ်လုံးတစ်ဝ တည်း မှတ်မိပါပြီ၊ မကြာမီ ညွှန်ကြားတိုင်းပင်၍ ပြုလုပ်ပါတော့မည်" ဟု ဝန်ခံလေ၏။ ယင်းနောက် မယ်တော်နတ်မသည် သမီးမယ်ဇောအား များစွာ အပြစ်ဆိုလျက် မယ်တော်၏နေရာကား ဝေဿဝဏ္ဏကုန်းပင် တည်းဟု ညွှန်ကြားခဲ့ပြီး ပြန်သွားလေ၏။

မယ်တော်ပြန်သွားလတ်သော် နတ်ပွဲကန္နားသဘင်ကို သိမ်း၍

အတွင်းတော်သို့ ဝင်ပြီးလျှင် အမတ်တို့အား ဤသို့ မိန့်တော်မူ၏။

"သူကောင်းတော်ကြီးတို့ - မယ်တော်မိန့်ကြားသည့်အတိုင်း ဂေါဝိန္ဒဆရာတော်ထံမှ **မယ်တော် ငါးမ၏ ရုပ်ခါတ်ကို အသစ်မွမ်းမံ ချယ်လယ်ရမည်၊** ရေသွန်းရန် **အခမ်းအနားတို့ကိုလည်း မယ်တော်မှာခဲ့ သည့်အတိုင်း စီရင်ကြရမည်**" ဟု မိန့်တော်မူလေ၏။

အမတ်တို့လည်း တစ်ခုသောမြေအရပ်၌ လျောက်ပတ် တင့်တယ်စွာ စီရင်ခင်းကျင်း၍ ပြည်သူပြည်သား တို့အား ထုတ်ဆင့် ကြော်ငြာကာ မင်းဆရာ ပြဟ္မဏပုဏ္ဏားတို့နှင့် နေရာတကျတိုင်ပင်ပြီးလျှင် အမွှံရေ ဝေရွှန်းအောင် **ရေသွန်းခြင်း ဘိသိက်ပွဲကို ခြိမ့်သဲစွာ ပြုလုပ် ကြလေ၏။**

၂။ မယ်တော်နတ်မ ရေမြှုးကစားခြင်း

ယင်းအခါ မယ်တော်နတ်မသည် ဝေဿဝဏ္ဏကုန်းမှ လာပြီးလျှင် ရွှေအင်တုံအတွင်းရှိ ငါး၏ရုပ်ခါတ်သို့ ပူးကပ်၍ ဝင်ရန် လေးချိုးနှင့် ငိုလိုက်သည်မှာ -

"သပြေမှာ - အခြေထွန်းစေဖို့၊
ရေသွန်းတဲ့ မင်္ဂလာ။ ။
ထားဝယ်တိုင်း၊
သမိုင်း - လွန်ထင်ပေါ်တဲ့။
ရွှေပြည်တော် - သာဂရမှာ၊
ရင်း အစပါ။ ။
နောက်နောင်ကို - အရှည်မှတ်လိုက်ပါတော့၊
ငါးသေမှာ - ထားမေ ကပ်ရမှာကြောင့်။
သဲဆပ်ဆပ် တုန်လို့လာ၊
ရှေးအခါက - အပူကြွင်း။ ။
ဆွေးဟိုက်အင်၊

တွေးလိုက်ရင် - ဝေဝေဆူလှလို့။
ရွှေပြေသူ - ရေမသွန်းသော်လဲ -
ရတက်ပွေ - မျက်ရည်နှင့် လွှန်းခဲ့ပမယ်၊
(လူကလေးရေ) ကျွန်းလုံး မှန်ကင်း။”

ယင်းသို့ ငိုပြီးလျှင် ငါး၏ရုပ်ခာတ်သို့ ဝင်ကပ်၍ ရေမြှုးကစားလေ၏။

ယင်းနောက် ပြည့်ရှင်မင်း ကောင်းချီးသံ ဆို၏။ ယင်းနောက် အမတ်ကြီးများ ဆိုကြ၏။ ယင်းနောက် ပြည်သူလူထုများက အိုးစည်, ဗုံ, မောင်း စသော အတီးအမှုတ်, အက, အခုန်တို့နှင့် ကောင်းချီးဩဘာ ပြုကြ၏။

ကခုန်မြူးထူးရာ၌ မိုးကိုတ,၍ သီဆိုကြသည့် ထားဝယ် မိုးခေါ် သီချင်းကား -

၃။ ထားဝယ် မိုးခေါ် သီချင်း

(၁) မိုး မိုး ဝါလိုက်ပမိုး၊
မိုး မဝါဘဲ ကြာလေဘီ၊
မိုးကီ လေကီး လာလေဘီ - ဝှေ - ဝှေ့ - ဝှေး။

(၂) မိုး မိုး ဝါလိုက်ပမိုး၊
အီမိုးခေါ်န် - ဖြောင်းထော်န်ရအော်န်၊
ဝါလိုက်ပမိုး - ဝှေ - ဝှေ့ - ဝှေး။

(၃) ပတော့ပန်ထပ်မာ - မီးတက္ကယ်၊
သတ်ပါကွယ် - မိုးမန်းကီး၊
အာလော့ကွီး - မိုးပါးနီး - ဝှေ - ဝှေ့ - ဝှေး။

(၄) မိုးထိအော်န် - လှေကားထော်န်၊
မထော်န်နိုင်ဘဲ - မိုးရွှဲရွှဲ၊

ဝါပါလေ - မိုးရွဲရွဲ - ဝှေ - ဝှေ့ - ဝှေး။

(၅) မိုး မိုး ကြိုးပါလေ၊
ရွှေခဲမိုး - ကြိုးပါလေ၊
ဝါပါလေ - မိုးမန်းကီး - ဝှေ - ဝှေ့ - ဝှေး။

(၆) မိုး မိုး မိုးရိထန်၊
သယ်မွှေ့ပွန်မာ - ဝါပမိုး၊
မိုးမဝါဘဲ - ကြာလေဘီ၊
မိုးကီး လေကီး လာလေဘီ - ဝှေ - ဝှေ့ - ဝှေး။

(၇) လေကီး လာလာ၊
မိုးကီး ဝါဝါ၊
ဆန်စပါး - စားဒိမကူ၊
တိုင်းသားပြည်သူ ဧဘီလေ - ဝှေ - ဝှေ့ - ဝှေး။


မှတ်ချက် . . . ဝါလိုက်ပမိုး - ရွာလိုက်ပမိုး၊
မိုးကီး လေကီး - မိုးကြီး လေကြီး၊
အီမိုးခေါ်န်-ဖြောင်းထော်န်ရအော်န် - အိမ်မိုးခေါင်မှာ မြှုးထောင်ရအောင်၊
ပတော့ပန်ထပ်မှာ-မီးတက္ကယ် - ပိတောက်ပင်ထက်မှာ မီးတကျည်၊
မိုးမန်းကီး - မိုးမင်းကြီး၊
အာလော့က္လီး - အာလော့ကျီး (မိုးရွာအောင် ကျီးများကလည်း အာပေးပါလော့)
မိုးထိအော်န်-လှေကားထော်န် - မိုးထိအောင် လှေကားထောင်၊

| | |
|---|---|
| **ရွှေခဲမိုး** | - ရွှေခဲကြက်တူရွှေးကဲ့သို့ လိမ္မာသောမိုး၊ |
| **မိုးရိထန်** | - မိုးရိပ်ထင်၊ |
| **သယ်မ္လေ့ပ္လန်မာ-ဝါပမိုး** | - သည်မြေပြင်မှာ ရွာပမိုး၊ |
| **စားဒိမကူ** | - စားလို့မကုန်။ |

ပြည်သူလူထုအပေါင်းတို့က အရပ်ရှစ်မျက်နှာမှ ရေတံလျှောက်သွယ်၍ ရေသွန်းကြလျှင် ရွှေအင်တုံ အတွင်းရှိ ရွှေငါးခုံးမရုပ်သည် အသက်ရှင်သကဲ့သို့ပင် ကွန့်မြူးလှည့်ပတ်လေသည်။ ယင်းအခါ မိုးကောင်းစွာ ရွာသွန်းလေ၏။

(ငါးခုံးမရုပ်ပုံကို ရှေးအခါ ဂေါဝိန္ဒရှင်ရသေ့နှင့် သမ္မန်မင်းလက်ထက်စ၍ အစဉ်အဆက် ထိန်းသိမ်းလာကြရာ ယခုခေတ်အခါ ထားဝယ်မြို့မှ အရှေ့တောင်ဘက် ၃-မိုင်ခန့်ခရီးအကွာ ကူးတို့ရွာရှိ ရွှေတောင်ဘုန်းတော်ကြီးကျောင်းတွင် **"ငါးခုံးမရုပ်"** ကိုလည်းကောင်း၊ ထားဝယ်မြို့မှ အရှေ့တောင်ဘက် ထားဝယ် - မြိတ်သွား မော်တော်ကားလမ်း အဆက်တွင်ပင် ၁၈-မိုင်ခန့် ခရီးအကွာ ပန်းတောရွာရှိ အောက်ရွှေတောင် ဘုန်းတော်ကြီးကျောင်းတွင် **"အင်တုံ"** ကိုလည်းကောင်း ထားရှိလေသည်။)

ယင်းငါးခုံးမ ရေသွန်းပွဲကို လွန်ခဲ့သော ကောဇာသက္ကရာဇ် ၁၂၆၅-ခုနှစ်တွင် ကျင်းပပြီး ယခုအခါ မကျင်းပတော့ချေ။ အကြောင်းကို ဆိုသော် မိုးခေါင်လျှင် ပဌမ ရှေ့ဦးစွာ ဖားထီး, ဖားမပွဲ ကျင်းပ၍ မိုးမရွာမှသာ ငါးခုံးမရေသွန်းပွဲ ကျင်းပရသော အစဉ်အလာရှိသောကြောင့် ဖြစ်လေသည်။



ထားဝယ် ဖားထီး၊ ဖားမ "မိုးခေါ်ပွဲ" ပြုလုပ်သည့်အခါ
မိုးရွာသွန်းစေရန် တီးရသော "ဖားစည်" ပုံ။

## ဖားထီး, ဖားမ မိုးခေါ်ပွဲ ကျင်းပခြင်း

ဖားထီး, ဖားမ မိုးခေါ်ပွဲကို မည်သည့်ခုနှစ် မည်သည့်မင်း လက်ထက်က စ,တင်ကျင်းပပြုလုပ်ကြကြောင်း စာပေမှတ်တမ်းများနှင့် သက်ကြီးတို့စကား မကြားသိရသော်လည်း အစဉ်အဆက် ပြုလုပ် ကျင်းပသည့်နေရာနှင့် ကျင်းပကြပုံကို ရာဇဝင်မှတ်တမ်းများအရ ဖော်ပြပါအံ့။

### ၁။ ငါးရံ့မင်းအိုင်

ရှေးလွန်လေပြီးသောအခါက တစ်ခုသောရေအိုင်၌ အကုသိုလ် မိဿကကံဟောင်းကြောင့် ဥပပတ် ပဋိသန္ဓေ (အနီးကပ်၍ ထင်ရှားစွာ ဖြစ်ပေါ်လာခြင်း)တည်နေသော ငါးခုံးမကြီး တစ်ကောင်သည် အေးချမ်းစွာ နေလိုသည့်ဆန္ဒဖြင့် မိမိအပေါင်းအဖော်မှ ခွဲခွာ၍ သွားလေရာ တစ်ခုသောတောင်ခြေရင်း (ယခု ဇလွန်း တောင်ခြေရင်း အနောက်ဘက်)ရှိ ရေအိုင်တွင် ငါးရံ့ကြီးနှင့် တွေ့ရှိ၍ အတူတကွ ကျက်စားနေကြလေသည်။ ငါးရံ့ကြီး ကျက်စားသည့်ရေအိုင်ကို **"ငါးရံ့မင်းအိုင်"** ဟု အမည်တွင်ကာ ယနေ့တိုင် ထင်ရှားရှိလေသည်။

တစ်နေ့သ၌ အခြားငါးရံ့ကြီးတစ်ကောင်သည် ယင်းငါးခုံးမကြီး ကိုမြင် လိုက်လေရာ ငါးခုံးမကြီးသည် ရေသာရာသို့ ထွက်ပြေးလျက် ဝေဿဝဏ္ဏကုန်းစပ် နတ်ရေကန်သို့ ရောက်ရှိလေသည်။

(ကောဇာသက္ကရာဇ် ၁၀၀-ခန့်လောက်အခါက ယခု ဇလွန်းတောင်ခြေရင်း အနောက်ဘက်ရှိ ငါးရံ့မင်းအိုင်နှင့် မောင်မယ်ရှောင်ရွာရှိ ရှင်ဓာတ်ဝဲဘုရားစေတီ တည်ထားသည့် အိုင်ကို မြေမဖို့မီက ငါးခုံးမကြီး ကျက်စားနေသော ဝေဿဝဏ္ဏ နတ်ရေကန်တို့သည် အရှေ့ဘက်၌ ထားဝယ်မြစ်ကြောင်း ရေစီးဖြင့် ရေချင်းဆက်စပ်လျက် ရှိခဲ့လေသည်။ မျက်မြင် သာဓကေ တင်ပြရလျှင် ထားဝယ်လေယာဉ်ကွင်း အရှေ့ဘက်ရှိ

**"ထန်းတောပြင်ရွာ"** နှင့် ၎င်းရွာမှ တစ်မိုင်ခန့်အကွာ အရှေ့ဘက် **"အောင်သပြေချောင်းရွာ"** ယင်းရွာ ၂-ရွာတို့အကြားရှိ လယ်ကွင်းများသည် ယနေ့တိုင် မြေနိမ့်လျက်ရှိသဖြင့် **"မြစ်တိမ်ပြင်"** ဟူ၍ လည်းကောင်း၊ အောင်သပြေချောင်းရွာရှိ သက်ကြီးများက ထန်းတောပြင်ရွာကို **"အနောက်ဘက်ကမ်း"** ဟူ၍လည်းကောင်း၊ ယင်းနည်းတူပင် ထန်းတောပြင်ရွာရှိ သက်ကြီးများကလည်း အောင်သပြေချောင်း ရွာကို **"အရှေ့ဘက်ကမ်း"** ဟူ၍လည်းကောင်း၊ အပြန်အလှန် ခေါ်ဆို သုံးနှုန်းလျက် ရှိကြသေးသည်။ ၎င်းပြင် ယင်းမြစ်တိမ်ပြင် လယ်ကွင်းများ၌ ရေတွင်း၊ ရေကန် တူးဖော်ကြသည့်အခါ လှေကွဲ ပျဉ်ချပ်များ၊ ရွက်တိုင် အပိုင်းအစများ၊ ကျောက်ကြိုး ပြတ်များ၊ ခရာရွက်အခြောက်များ စသည်တို့ကိုလည်း မကြာခဏ တွေ့ရှိကြရလေသည်။)

## ၂။ ဆန်းချိရပ်မှ ဦးကြီး၊ ကျောက်မော်ရပ်မှ အမေအိုတို့ ဖားသင်္ကြန်ပြုလုပ်ကြခြင်း

ပွဲအစီအစဉ်မှာ ထားဝယ်မြို့ ဆန်းချိရပ်မှ ရှေးအစဉ်အဆက်ရှိသူ ဦးကြီးတစ်ယောက်က ဖားထီးလုပ်ရ လေသည်။ ဖားမမှာလည်း ကျောက်မော်ရပ်မှ အစဉ်အဆက်ရှိသူ အဒေါ်ကြီးတစ်ယောက်ကပင် လုပ်ရလေသည်။

ကျင်းပသည့်အချိန်ကား မွန်းလွဲပိုင်းအချိန် ဖြစ်လေသည်။ ငါးရံ့မင်းအိုင်အနီး ယာယီတူးဖော်ထားသည့် ၄-တောင် စတုရန်း ပတ်လည်ခန့်ရှိသော ရေအိုင်ကလေး နံဘေးတွင် ရှေ့က ဖားမ၊ နောက်မှ ဖားထီးတို့သည် ဖားသင်္ကြန် လေးဖက်ထောက်၍ ထိုင်နေကြရသည်။

(ယင်းအချိန်တွင် သက်ဆိုင်ရာ နတ်အရှင်ကြီးများအား ကန်တော့ပွဲနှင့် ပ,သကြရသည်။)

နတ် ပ,သပြီးသောအခါ ဖားထီး, ဖားမတို့က မိမိတို့ ဘာသာဘာဝ **"အောင်အမ်း - အောင်အမ်း"** ဟူ၍ အော်မြည်ကြကာ ခုန်ဆွခုန်ဆွဖြင့် ရေအိုင်ငယ်ကို လက်ျာရစ် ၃-ပတ် လှည့်သွားကြရသည်။ ယင်းနောက် ရေအိုင်ငယ်အတွင်းသို့ ၂-ဦးစလုံး ဆင်းကြပြီး **"မိတ်လိုက်ဟန်"** ဖြင့် ဖားမ၏ပခုံးကို ဖားထီးကနောက်မှ လက်နှစ်ဖက်ဖြင့် ခဏတင်ထားလိုက်ရသည်။

ယင်းအခါ သက်ဆိုင်ရာ အခြွေအရံများက ရေစိမ်ထားသော (လျှောင်းစေ့ = ထားဝယ်အခေါ်) ပင်စိမ်းစေ့ များကို **"ဖားဥတွေ ဥပြီ"** ဟု ကြဲပက်ပေးကြရသည်။

ယင်းနောက် ဖားထီး, ဖားမတို့သည် ထိုရေအိုင်ငယ်မှ ရှေ့နောက်ဆက်၍ တက်လာကြပြီး ငါးရံ့မင်း အိုင်ကြီးသို့ လာကြ၍ ကန်ဘောင်ကို ရှေ့နည်းတူ **"အောင်အမ်း - အောင်အမ်း"** ဟု အော်မြည်ကြကာ လက်ယာရစ် ၃-ပတ်လှည့်ကြရပြန်သည်။ ယင်းနောက် ဖားထီးသည် ရေအိုင်ကြီးအတွင်းသို့ ခုန်ဆင်းပြီး ရေမြှုးကစားရသည်။ (ဖားမမှာမူကား ရေအိုင်ကြီးအတွင်းသို့ မဆင်းရချေ။)

## ၃။ ပွဲလာပရိသတ်များ ပွဲကျင်းပစဉ် ထီး, ဦးထုပ် မဆောင်းရ

ယင်းနောက် သက်ဆိုင်ရာ လူများက အဆစ်ပြန် ကြခတ်ဝါး ကျည်တောက်ဖြင့် ကန်ရေကို ခပ်ပြီး မိုးရွာဟန် ရေဖျန်းကြရလေသည်။ ဖားထီးကလည်း ရေကန်အတွင်းမှ ရေကို လက်ဖြင့်ခပ်၍ ပက်တင်ပေး ရလေသည်။

ဒိုးစည်ဝိုင်း အဖွဲ့များကလည်း **"မိုးမိုး ဝါလိုက်ပမိုး"** အစချီ မိုးခေါ် တေးသီချင်းများကို ငါးခုံးမရေသွန်းပွဲတွင် သီဆိုသကဲ့သို့ သီဆိုပြီး တီးမှုတ်ကြလေသည်။

ဖားထီး ဖားမ ပွဲကျင်းပနေစဉ် လာရောက်ကြည့်ရှုကြသည့် သံဃာတော်အရှင်မြတ်များပါမကျန် မည်သူ တစ်ဦးတစ်ယောက်မျှ ထီး,

ဦးထုပ်များကို မဆောင်းကြရချေ။

နောက်ဆုံးတွင်ကား အဆစ်ပြန် ကြခတ်ဝါးကျည်တောက်များတွင် ရေကန်မှ ရေကို ခပ်ယူကြပြီး အနီးရှိ ဇလွန်းတောင် စေတီတော်နှင့် ဆင်ဆိပ်ရပ်ရှိ **အောင်ရမ်းဂလုံ (ဩရမ်ဂလုံ)** စေတီတော်တို့အား သွားရောက် ရေသွန်းကြရလေသည်။

ယင်းဖားထီး, ဖားမ မိုးခေါ်ပွဲကို ထားဝယ်ဒေသတွင် ရှေးအစဉ်အလာအရ မိုးခေါင်သည့်အခါတိုင်း ကျင်းပလာခဲ့ကြရာ နောက်ဆုံးကျင်းပသည့်အချိန်ကား ကောဇာသက္ကရာဇ် ၁၃၂၂-ခုနှစ် (၁၉၆၀-ပြည့်နှစ်)တွင် ဖြစ်လေသည်။ ယင်းသို့ ဖားထီး, ဖားမ မိုးခေါ်ပွဲ ပြုလုပ်ကျင်းပတိုင်း မိုးအမှန် ရွာသွန်းလေသည်။

## ယွန်းမောင်နှမ နန်းလုကြ

သမန္တမင်း ပြောင်းရွှေ့၍ မင်းမဲ့ဖြစ်နေသည့် မှိုင်းကာရီမြို့ကို ယွန်းပြည်မှ **"စောလွန်းရွှေ"** ခေါ် ယွန်းမင်း လာရောက်အုပ်ချုပ်စိုးစံတော်မူလေ၏။ ယွန်းမင်းကြီး စောလွန်းရွှေ နတ်ရွာစံတော်မူလျှင် သားတော် **"စောထွတ်မင်းသားနှင့် သမီးတော် စောမြဒေဝီ"** တို့သည် ခမည်းတော်၏ အရိုက်အရာကို သူအုပ်စိုးသင့် - ငါအုပ်စိုးသင့်ဟူ၍ ငြင်းခုံလုယက်နေကြသည်ကို မှူးမတ်များ ဖြေဖြန်ပေးကြသော်လည်း ကျေနပ်ခြင်း မရှိကြသဖြင့် တရားအဆုံးအဖြတ်တော်သည်ဟု သတင်းကျော်ကြားသည့် **တကူမြို့** (ယခု ဝဲကျွန်းရပ်နှင့် ဆင်ဆိပ်ရပ်)ကို အုပ်စိုးသော **"တကူမင်းကြီး"** ထံ အဆုံးအဖြတ်ခံရန် သွားကြလေ၏။

### ၁။ တကူမင်းကြီး၏ အဆုံးအဖြတ်ကို ခံယူခြင်း

တကူမင်းကြီးက **"ကျွန်ုပ် ဆုံးဖြတ်သည့်အတိုင်း နာခံကြမည်လော"** ဟု မေးတော်မူလျှင် မောင်နှမ ၂-ဦးတို့က နာခံပါမည်ဟု သဘောတူ ဝန်ခံကြလေ၏။

ယင်းအခါ တကူမင်းကြီးက အကြောင်းကို မေးပြီး ဆုံးဖြတ်သည်မှာ - **"အသင်တို့မောင်နှမ ၂-ဦးသည် မိမိတို့ပိုင်သည့်နယ်အတွင်း သင့်လျော်သည့်မြေတွင် အမြင့်ညဏ်တော်ညီမျှသည့် ဘုရားစေတီ တစ်ဆူစီ တည်ကြလော့၊ အလျင်ပြီးသူက ထီးနန်းအုပ်ချုပ်လေ"** ဟု ဆုံးဖြတ်ပေးတော်မူလေ၏။

### ၂။ ဘုရားပြိုင် တည်ကြခြင်း


တကူမင်းကြီး ဆုံးဖြတ်သည့်အတိုင်း မောင်နှမ ၂-ဦးတို့သည် သဘောတူစွာဖြင့် အမတ်ကြီးများနှင့် တိုင်ပင်ကြကာ ဘုရားတည်မည့်နေရာကို ရွေးချယ်ပြီး ရက်ကောင်းနေ့မြတ် အချိန်အခါတွင် ဘုရားပြိုင်တည်လုပ်ကြလေ၏။

နှမတော် **"စောမြဒေဝီ"** သည် မနိမ့်မမြင့်သော တောင်ကုန်း တစ်ခုပေါ်တွင်လည်းကောင်း၊ နောင်တော် **"စောထွတ်မင်းသား"**ကား ယင်းတောင်ခြေရင်းအနီး တောတန်းကလေးအဝတွင်လည်းကောင်း တစ်ပြိုင်နက်တည်း တည်လုပ်ကြလေ၏။

## ၃။ "ဂျော" ဘုရား မိုးကြိုးခ ပြိုလဲခြင်း

ယင်းအခါ နောင်တော် စောထွတ်မင်းသားသည် အလျင်စလို အမြန်ပြီးစီးရန် အကောက်ဉာဏ်ဖြင့် ဝါးကို စေတီပုံ **ဂျော (ခြင်း)** ရက်ပြီးလျှင် ပြီးစီးကြောင်းကို ပြောပြရာ အမတ်ကြီးများက ရင်သပ်,အံ့သြ ရှုမောမကုန် ဖြစ်ကြုံကြလေ၏။ နှမတော် စောမြဒေဝီက နောင်တော်၏ အကြံဉာဏ်ကို ရိပ်စားမိသဖြင့် သစ္စာပြုလျက် နတ် သိကြားတို့ထံ တိုင်တမ်းလေရာ အခါမဲ့ မိုးလုံး ထစ်ထစ်ချုန်း၍ အုံးအုံးဆူညာ အာကာ တစ်ခွင် ထက်ကောင်းကင်မှ စက်ရှင်လက်နက် မိုးကြိုးချက်ကြောင့် **ခြင်းရက်စေတီသည် မတည်ပျက်ပြိုကာ လဲရှာရလေတော့၏။**

ယင်းကြောင့် စောထွတ်မင်းသားမှာ မိမိ၏အကောက်ဉာဏ် ထင်ပေါ်သဖြင့် မျက်နှာမပြရဲဘဲ တောခိုကာ ရဟန်းဘောင်သို့ ဝင်ရှာ ရလေ၏။ နှမတော် စောမြဒေဝီမှာ နောင်တော်၏ မတရားလုပ်ပုံကို မနှစ်သက်သော်လည်း နောင်တော်အရင်းဖြစ်၍ ခမည်းတော်, မယ်တော်တို့ ကွယ်လွန်သွားသဖြင့် **"အစ်ကိုကြီးက အဖအရာ"** ဆိုသည့် အတိုင်း အားကိုသမှုပြုနေရာမှ ယခုအခါ ခွဲခွာသွားရရှာသည့်အတွက် စိတ်မချမ်းမြေ့ဘဲ ဖြစ်ရှိနေရင်း မိမိ၏ ကုသိုလ်တော်စေတီကို ဆက်လက် မွမ်းမံလျက် ရှိနေလေ၏။



ရွှေဂူတောင် (ရွှေကျူတောင်) စေတီတော်ပုံ။

## ရွှေဂူတောင် စေတီတော်သမိုင်း

ယင်းအခါ သာဂရပြည်သူ ရှင်ဇောသည် နောင်တော် ရှင်ဇံ (သမ္ဘန်မင်း)၏ ရန်ဘေးမှ ကင်းဝေးစေခြင်းငှာ **"မောင်မယ်ရှောင်တော အရပ်၌ ရှောင်တိမ်းနေခိုက်"** ကောက္ကသန်မင်းနှင့် ချစ်ခင်စုံမက်၍ သီဟိုဠ်ကျွန်းသို့ သင်္ဘောလွှင့်သွားစဉ် စောမြဒေဝီ ဘုရားတည်သည့် တောင်ခြေ (ယခု ရွှေဂူတောင် စော်ဝချောင်း) ကမ်းပါးတွင် သင်္ဘော ဆိုက်ကပ်၍ ရှင်ဇောနှင့် ယခင်ကပင် သိကျွမ်းဖူးသူ စောမြဒေဝီတို့ တွေ့ဆုံမိကြလေ၏။

### ၁။ ရှင်ဇောက ကုသိုလ်တော်ရွှေအလှူ ပါဝင်ခြင်း

ရှင်ဇောက မိမိဖြစ်ပုံ အလုံးစုံကို ပြောပြပြီးလျှင် "မိမိ၏ နောင်တော် သမ္ဘန်မင်းနှင့် အစ်မတော်တို့မှာ ယခင်က တစ်ဦးနှင့်တစ်ဦး စုံမက်ရင်း ချစ်လက်စရှိကြဖူးသည့်အတိုင်း အစ်မတော်က မိဖုရား အဖြစ်ကို ခံယူစေလိုပါသည်။ **ယခု နှမတော် အကြံပေးသည်ကို ဝန်ခံမည် ဆိုပါက ဘုရားအတွက် ကုသိုလ်တော် အကူပါဝင် ပါမည်"** ဟု ရှင်ဇောက စောမြဒေဝီအား ပြောလေ၏။

စောမြဒေဝီကလည်း **"နှမတော် အကြံပေးသည့်အတိုင်း လိုက်နာပါမည်"** ဟူ၍ ဝန်ခံပြောဆိုလေ၏။

ယင်းအခါ ရှင်ဇောက ဝမ်းမြောက်စွာနှင့် ဘုရားအတွက် ကုသိုလ်တော်အဖြစ် **ရွှေတပက်ခွန့် အလှူဝင်ခဲ့လေ၏။** (ရာဇဝင် တစ်စောင်၌ကား ရွှေတစ်ကြက်ဥပေါင်း ငါးပိဿာ အလှူပါဝင်ခဲ့သည်ဟု ဆို၏။ နှစ်သက်ရာ ယူပါလေ။)

(ပက်ခွန့် = လှေငယ်များ၌ ရေများစိမ့်ဝင်သည့်အခါ ခပ်ပစ် ရသည့် သစ်ပြားခွက်ကလေး။)

စောမြဒေဝီ ဘုရားစေတီတည်နေခိုက် ရှင်ဇောက အလှူဝင်၍

ကူညီသည့်အတွက် ယင်းစေတီကို **"ရွှေဂူစေတီ"** ဟူ၍လည်းကောင်း၊ တောင်ကိုလည်း **"ရွှေဂူတောင်"** ဟူ၍လည်းကောင်း ယခုတိုင် အမည်တွင်ကာ ထင်ရှားလေသည်။ (ရွှေမုဋ္ဌောဘုရားနှင့် ရွှေမုဋ္ဌောရွာကား ယင်းတောင်ခြေရင်း၌ တည်ရှိလေသည်။)



"လှည်းကြောင်းတော စေတီ" ပုံ
(ရှေးအခေါ် "ဂျောလဲစေတီ၊ လဲဂျောစေတီ" ဟုခေါ်သည်။)

## လှည်းကြောင်းတောစေတီတော်သမိုင်း

စောထွတ်မင်းသားတည်သည့် စေတီမှာ ဂျော (ခြင်း) ကို ရက်၍ တည်လုပ်ရာ မိုးကြိုးထိသဖြင့် ပြိုလဲ သောကြောင့် **"ဂျောလဲစေတီ"** ဟု ခေါ်ဝေါ်ကြရာ နှောင်းအခါ အခေါ်ရွေ့လျောကာ ပြောင်းပြန်ခေါ်သဖြင့် **"ဂျောလဲ"** မှ **"လဲဂျောစေတီ"** ဟူ၍ ခေါ်တွင်ကြလေသည်။ တောတန်းကလေးအဝ၌ တည်လုပ်သည့်အတွက် အချို့က **"လှည်းကြောင်းတောစေတီ"** ဟူ၍လည်း ခေါ်ဝေါ်ကြလေသည်။

(ဂျော = ဝါးခြမ်းဖြင့် ရက်လုပ်သည့် ခြင်းကြားကို ထားဝယ်ဒေသက **"ဂျော"** ဟူ၍ ခေါ်ကြသည်။)

### ၁။ "ဂျောဘုရား" (လှည်းကြောင်းတော) စေတီတော် မိုးကြိုးစက်မှ ကင်းလွတ်တော်မူခြင်း

ယင်းလှည်းကြောင်းတော စေတီတော်ကို စောထွတ်မင်းသား တည်ပြီးစက မိုးကြိုးထိသဖြင့် နောက်မင်း အဆက်ဆက်နှင့် ပြည်သူလူထု အများ ဆက်လက်ပြုပြင်၍ ထီးတော်တင်ပြီးသည့်အခါတိုင်း မိုးကြိုးထိ၍ မပြုပြင်ဘဲ ထားရှိရာ လွန်ခဲ့သော ကောဇာသက္ကရာဇ် ၁၂၇၂-ခုနှစ်တွင် ထားဝယ်မြို့၊ ဇရစ်ရပ်၊ ဆန်စက်ပိုင်ရှင် သူဌေး **ချူလူရင် - ဒေါ်မဲ** နှင့် သမီး **ဒေါ်စိန်လှိုင်**၊ **ဒေါ်သောင်းလှိုင်**၊ သား **ချူဘိန်ကြည်**တို့က ပျက်စီးယိုယွင်းလျက်ရှိသည့် စေတီတော်ကို ထပ်မံပြုပြင်ပြီးလျှင် ယင်းခုနှစ် တန်ခူးလဆန်း ၁၁-ရက် တနင်္ဂနွေနေ့ နံနက် နေဝန်းပေါ်အချိန်ဝယ် ထီးတော်သစ်ကိုပါ တင်လှူပူဇော်ကြရာ ရှေးယခင်အခါများကကဲ့သို့ **မိုးကြိုးစက် ဘေးဒဏ် မခံရတော့ဘဲ ချမ်းသာရာ ရရှိသည်မှာ ယနေ့အထိပင် ဖြစ်လေသည်။**

(ယင်းသို့ မိုးကြိုးစက် မထိမမှန်ဘဲ အောင်မြင်ထမြောက်သည်မှာ စေတီတော်၌ သိပ္ပံနည်းအရ မိုးကြိုးလွှဲဓာတ် တပ်ဆင်ထားသည့်အတွက်ကြောင့်ဟူ၍ အထင်ရှိကြလေသည်)

## ၂။ ရွှေဂူတောင်စေတီတော်ကို ထပ်မံပြုပြင်ခြင်း

ထားဝယ်ခရိုင်ကို အုပ်ချုပ်သည့် **အရေးပိုင် (ခရိုင်ဝန်) မင်း "ကာနယ်ဂရိမ်း" နှင့် မင်းကတော် "ဒေါ်အုံးပွင့်"** တို့က ကြီးမှူးလျက် မြို့နယ်ရှိ အရာရှိ အရာခံ အမှုထမ်း ရပ်ရွာသူကြီးများနှင့်တကွ သူဌေး သူကြွယ် ပြည်သား ပြည်သူ လူထုအပေါင်းတို့ပါ စုပေါင်း အလှူပါဝင်ကြ ပြီးလျှင် ပျက်စီးယိုယွင်းနေသည့် ရွှေဂူတောင်စေတီတော်ကို အသစ် ထပ်မံ၍ ပြုလုပ်ကြသည်မှာ -

ကောဇာသက္ကရာဇ် ၁၂၇၁-ခုနှစ် နတ်တော်လဆန်း ၄-ရက် အင်္ဂါနေ့တွင် **"အုတ်မြစ်ချသည်။"**

တပေါင်းလပြည့်ကျော် ၁-ရက် တနင်္ဂနွေနေ့တွင် **"ဌာပနာ သွင်းနှံသည်။"**

တန်ခူးလပြည့်ကျော် ၁၀-ရက် သောကြာနေ့တွင် ဘုရား **"မဏ္ဍိုင် စိုက်ထူသည်။"**

ကောဇာသက္ကရာဇ် ၁၂၇၂-ခုနှစ် တန်ခူးလဆန်း ၁၁-ရက် တနင်္ဂနွေနေ့ နံနက် နေဝန်းပေါ်အချိန်တွင် **"လှည်းကြောင်းတော စေတီတော်နှင့် တစ်ပြိုင်နက်တည်း ရွှေထီးတင်လှူတော်မူကြလေသည်"**

(ယင်း ရွှေဂူတောင်စေတီတော်နှင့် လှည်းကြောင်းတော စေတီတော်တို့သည်ကား - ထားဝယ်မြို့မှ အရှေ့တောင်ဘက် ထားဝယ်နှင့် မြိတ်မြို့သွား မော်တော်ကားလမ်းနှင့် ကပ်လျက် ၆-မိုင် ခရီးအကွာ ရွှေမုတ္ထိးဘုရား ရပ်ပွားတော်အနီးတွင် တည်ရှိကြလေသည်။)

## တကူမင်းကြီး နှင့် ချိုးဥမယ်

**"စောထွတ်မင်းသား နှင့် စောမြဒေဝီ"** မောင်နှမ ၂-ဦးတို့ နန်းလုကြသည်ကို ဆုံးဖြတ်ပေးသည့် တကူမင်းကြီး အုပ်ချုပ်စိုးစံသော တကူမြို့သည်ကား - ယခု ထားဝယ်မြို့ မြောက်ဘက်ပိုင်း ၂-မိုင်ခန့်အကွာ **"ဝဲကျွန်းရပ်နှင့် ဆင်ဆိပ်ရပ်"** များတွင် တည်ရှိခဲ့၍ ယခုတိုင် အချို့နေရာများတွင် တာရိုးနှင့် ကျုံးမြောင်းများ အနည်းငယ် ရှိသေးသည်။ နန်းတော်နေရာမှာကား - ဆင်ဆိပ်ရပ်တွင် ဖြစ်လေသည်။ မင်းကြီးကိုးကွယ်သည့် နန်းဦးဆရာတော်ကျောင်းမှာ ယခု ဝဲကျွန်း သချိုင်းအနီးရှိ ဘုန်းတော်ကြီးကျောင်းနေရာပင်ဖြစ်၍ **"တကူကျောင်း"** (တဂူကျောင်း) ဟူ၍ပင် ယခုတိုင် ခေါ်ကြလေသည်။

### ၁။ သတိုးဥပရာဇာမင်းသား ဇင်းကျိုက်ဆရာတော်ထံ ပညာသင်ကြားခြင်း

အင်းဝတိုင်းပြည်မှ **"သတိုးဥပရာဇာ"** အမည်ရှိသည့် မင်းသားတစ်ပါးသည် သထုံပြည် ဇင်းကျိုက် ဆရာတော်ထံ အတတ်ပညာ သင်ကြားရန် လာခဲ့ရာ လမ်းခရီး၌ မွန်သူဌေးသား **"မဟာဗလ"** နှင့် **"ပညာဗလ"** ညီအစ်ကို ၂-ယောက်တို့နှင့် တွေ့ဆုံကြပြီး ၃-ဦးသား ချစ်ကြည်စွာဖြင့် မိတ်ဆွေဖွဲ့လျက် ဇင်းကျိုက်ဆရာတော်ထံ ရောက်ရှိ၍ အတတ်ပညာများကို သင်ကြားကြလေ၏။

အဋ္ဌာရသ ၁၈-ရပ်သော ပညာများအပြင် သက်ပြောင်းကိုယ်ခွာ အသက်သွင်းအတတ်ပညာများကိုလည်း အထူးတတ်မြောက်ကြလေသည်။

တပည့် ၃-ဦးတို့သည် ပညာစုံလတ်သော် မိဘရပ်ထံသို့ ပြန်လည်ရန်အကြောင်း ဆရာတော်ထံ အခွင့်ပန်ကြလေ၏။

**"အသင် တပည့်များ မိဘရပ်ဌာန်သို့ ပြန်သွားကြလျှင် လမ်းခရီး အကြား၌ ထီးနန်းကိုလည်း မစိုက်ကြနှင့်၊ ပညာစွမ်းကိုလည်း မပြကြနှင့်။**

ယင်းစကား ၂-ရပ်ကို သတိကြီးစွာနှင့် မှတ်သားပြီး ပြန်ကြလေတော့" ဟု ဆရာတော်က မိန့်ကြားလိုက်လေ၏။

## ၂။ သတိုးဥပရာဇာ, မဟာဗလ, ပညာဗလတို့ မိဘရပ်ဌာန် ပြန်ကြခြင်း

သူတို့သည် ဆရာအား ကန်တော့ကြပြီး ဇင်းကျိုက်တောင်ပေါ်မှ ဆင်းလာကြလေ၏။ တောင်ခြေရင်းသို့ ရောက်လျှင် သတိုးဥပရာဇာ မင်းသားက **"အဆွေတို့ ကျွန်ုပ်တို့သည် ဒူရကတိုင်း ထားဝယ်မြို့သို့ တစ်ခါတစ်ခေါက်မျှ မရောက်ဖူးကြသေးသည်ဖြစ်၍ ခရီးကြုံခိုက် အလည်အပတ် သွားကြစို့"** ဟူ၍ ပြောရာ မဟာဗလနှင့် ပညာဗလ တို့ကလည်း သဘောတူညီသဖြင့် ၃-ဦးသား ဒူရကတိုင်းဖက်သို့ ခရီးလှည့်ကြလေ၏။

ခရီးမထွက်မီ ပညာအမြော်အမြင်နှင့် ပြည့်စုံသူ မဟာဗလက ပညာဗလနှင့် သတိုးဥပရာဇာတို့အား သတိပေးသည်မှာ **"ကျွန်ုပ်တို့သည် လမ်းခရီး၌ အကြောင်းတစ်စုံတစ်ရာကြောင့် တစ်ကွဲတစ်ပြားစီ သွားကြရမူ မည်သည့် နေရာဒေသ၌မဆို ထမင်းဟင်းများ စားသောက်လျှင် တစ်ယောက်တည်းစားမည်ကြံက ထမင်း ၃-ပွဲပြုပြီး တစ်ပွဲကို စား၍ ကျန် ၂-ပွဲကို ထားခဲ့ရမည်။ ၂-ယောက် ဖြစ်ဘိမူလည်း ထမင်း ၃-ပွဲပြုပြီး ၂-ပွဲကို စား၍ ကျန်တစ်ပွဲကို ထားခဲ့ရမည်"** ဟူသော သစ္စာစကားကို ၃-ဦးသား သဘောတူ ခံယူကြပြီး ခရီးထွက်ကြလေ၏။

## ၃။ သတိုးဥပရာဇာနှင့် ချိုးဥမယ်တို့ ကြည်ဖြူကြခြင်း

သို့နှင့် ထားဝယ်မြို့မှ မိုင် ၆၀-ကျော်ခရီးအကွာ **"နတ်ကြီးစင်ရွာ"** စန်းသို့ ရောက်လေလျှင် သတိုးဥပရာဇာက လမ်းခရီး၌တွေ့သော အရိုးတစ်ခုကို ကောက်ယူပြီး မိမိတို့ဆရာ သင်ကြားပေးလိုက်သည့် မန္တန် စွမ်း-မစွမ်းကို သိလို၍ ဆရာတော် သတိပေးလိုက်သည့်စကားကို အမှတ်မရဘဲ မဟာဗလနှင့် ပညာဗလ တို့အား တိုင်ပင်ကာ မန္တန်ဖြင့်

မန်းမှုတ်စီမံကြရာ ယင်းအရိုးသည် ကျားသေကောင် ဖြစ်လာလေ၏။

ယင်းကျားသေကောင်ကို တဖန် အသက်သွင်းပြန်ရာ ကျားအရှင်ဖြစ်ပြီး ယင်း ၃-ဦးသားတို့အား စားရန် လိုက်လေ၏။ ကျား၏ ရန်ဘေးမှ ကင်းဝေးရန် ၃-ဦးသားတို့ ပြေးကြလေရာ မဟာဗလနှင့် ပညာဗလ ညီအစ်ကို ၂-ယောက်တို့မှာ တစ်ကွဲ၊ သတိုးဥပရာဇာ တစ်ယောက်တည်းက တစ်ကွဲ ဖြစ်သွားကြလေ၏။

သတိုးဥပရာဇာ မင်းသားသည် ထားဝယ်မြို့မှ ၄၇-မိုင် ခရီးအကွာ ကလိန်အောင်မြို့တွင်းသို့ ချင်းနင်း ရောက်ရှိလေ၏။

(ကလိန်အောင်မြို့သူကြီး ဇနီးမောင်နှံတို့၌ သားသမီးတစ်ယောက်မျှ မထွန်းကားဘဲ ချိုးဥထဲတွင် သန္ဓေမှီးသဖြင့် ရရှိ၍ မွေးစားထားသော **"ချိုးဥမယ်"** အမည်ရှိသည့် အရွယ်ရောက်လှပသော မိန်းကလေးတစ်ဦး ရှိလေ၏။)

ယင်းနေ့တွင်ပင် ချိုးဥမယ်သည် မိန်းမအဖော်တစ်ယောက်နှင့်အတူ ကလိန်အောင် ချောင်းကမ်းပါး၌ ခေါင်းလျှော်နေစဉ် **သတိုးဥပရာဇာနှင့် တွေ့ကြုံ ဆုံမိကြလေ၏။** သတိုးဥပရာဇာလည်း ချိုးဥမယ်နှင့် လက် ၂-ကမ်းလောက်အကွာ ကျောက်တုံးကလေးတစ်လုံးပေါ်၌ တင်ပါးလွှဲထိုင်ကာ စ,တင် နှုတ်ခွန်းဆက် မေးမြန်းလိုက် လေ၏။

**"ဒီဒေသအမည် ဘယ်လိုခေါ်ပါသလဲ နှမရယ်၊ နှမရဲ့ အမည်ကိုလဲ သိချင်ပါတယ်။"**

ချိုးဥမယ်က တုန်ရီသော အသံကလေးဖြင့် **"ကလိန်အောင်ရွာလို့ ခေါ်ပါတယ်။ ကျွန်မ အမည်ကတော့ ကလိန်အောင်မြို့သူကြီးသမီး ချိုးဥမယ် ပါတဲ့ရှင်။"**

**"အလို နာမည်က ဆန်းလှချည့်၊ ချိုးဥမယ်လို့ ဘာကြောင့် ခေါ်ပါသလဲ။"**

"ချိုးဥအတွင်းမှာ သန္ဓေမှီးတဲ့အတွက် ချိုးဥမယ်လို့ အမည်တွင်ပါတယ်ရှင်။"

"ဩော် . သန္ဓေသူဆိုတော့ ချောအလှမှာဖြင့် တစ်လောကတွင် ပြောပြစရာမရှိပေဘူး" ဟူ၍ ပြောပြီး သတိုးဥပရာဇာသည် မိမိ၏ ဇာတိနှင့်တကွ ကြောင်းရာဥသံ့ အလုံးစုံကို ပြောပြလေတော့၏။

"မောင်တော်နှင့် နှမတို့မှာ ပရံပရ ဘဝအဆက်ဆက်က ချဖူးသော ရေစက်, ပန္နက်ဖူးသော သစ္စာ, ရွှေနဖူးမှာ စာထူးများ ပါရှိသည့်အတွက် ဖူးစာနတ်များက လမ်းညွှန်ပြသဖြင့် နှမတို့စံရာ ဤမြို့ဒေသသို့ မောင်တော် ရောက်လာခဲ့ရပါတယ်။ သို့အတွက် မောင်တော်အား သဒ္ဓါကြည်ဖြူပါက နောင်နန်းသူ ဖြစ်ပါလိမ့်မယ် နှမရယ်"။

ချိုးဥမယ်က မခို့တရို့နဲ့ ပြုံးပြုံးကလေး မျက်နှာထားဖြင့် "မောင်တော်ရဲ့ မိန့်တော်သံကို နှမလေး ကြားရတဲ့ အတိုင်း ဖီဆန် ငြင်းပယ်ဖို့ မရှိပါ။ နှမစံရာ အိမ်ဂေဟာ၌ နှမလေးနှင့်အတူ ပျော်ရွှင်စွာ နေနိုင်ပါတယ်။ နှမလေးက ကြည်ဖြူသဒ္ဓါ ရှိပါလျက်ကနဲ့ နောင်အခါ မောင်တောင်က မပျော်ပိုက်မှာ စိုးပါတယ်။"

"စိုးပါနဲ့ နှမရယ်၊ နှမလေးနဲ့အတူ မောင်တော် ပျော်ပျော်ကြီး နေပါ့မယ်။"

"သီဟာပျံ - ဆောင်ကြာသိုက်၊
နောင်ရာရိုက် - စိုးတင့်စေ။
တောင်ညာထိုက်တဲ့ - မျိုးမြင့်ဆွေငယ်၊
စိုးနှင့်မေ - ယုံဗျာ့"။

"ယုံရမှာလား - မောင်တော်ရဲ့-"

"မောင်တော်ရဲ့ - ခွန်းလှစ်တာမှာ၊
ညွှန်းသစ္စာ - တွေးယူလို့ဆ။

**နှမလေး - ခက်မပွေအောင်၊**
**ပျက်မသွေ - တည်ပ။"**

"မောင်တော်နဲ့ နှမလေးတို့မှာ ကလေးချင်းဘာဝ တစ်ဦးနှင့် တစ်ဦး မေတ္တာမျှပြီး သစ္စာလဲ ရကြပြီ၊ နှမလေးတို့ အိမ်ဂေဟာဌာန လှမ်းကြွပြီးတော့ - **နှမလေးရဲ့ ကျေးဇူးရှင် ဖခင်ကြီးနှင့် မိခင်ကြီးတို့ထံ သွားရောက်ကာ သားသမက် ပြုပါမည့်အကြောင်း ခွင့်ပန်တောင်းပေတော့ မောင်တော်ရဲ့** အိမ်ဂေဟာဌာနလဲ မဝေးလှပါဘူး။ ခဲနှစ်ပစ် လောက်လျှောက်ရင် ရောက်ပါလိမ့်မယ်။"

**"ကောင်းလှပေါ့ နှမရယ်၊ နှမလေးက ရှေ့ကလမ်းပြပြီး သွားပေတော့"** ဟု ပြောဆိုကာ လျှောက်လာကြရာ ချိုးဥမယ်တို့အိမ်သို့ ရောက်ရှိလာကြလေ၏။

ယင်းနောက် ဖခင်နှင့် မိခင်တို့အား အကြောင်းအရာကို ပြောပြ ခွင့်ပန်ကြပြီး ရက်များမကြာမီပင် ချစ်သူ ၂-ဦးအား ထိမ်းမြားလက်ထပ် ပေးစားလိုက်လေတော့၏။

## ၄။ ချိုးဥမယ်ကို သိမ်းပိုက်ရန် တကူမင်းကြီး ကြံစည်တော်မူခြင်း

တကူမင်းကြီးသည် တိုင်းခန်းလှည့်လည်ရာမှာ ချိုးဥမယ်ကို မြင်သည့်နေ့ကစ၍ သိမ်းပိုက်ရန် ကြံစည် နေစဉ်အတွင်း သတိုးဥပရာဇာ မင်းသားနှင့် စုံဖက် လက်ထပ်ပြီးကြောင်း ကြားသိရသဖြင့် ဒေါသအမျက် ချောင်းချောင်းထွက်ကာ ကာမေသုမိစ္ဆာစာရက် ထိုက်မည်ကိုမျှ မရှုနိုင် တော့ဘဲ မရမနေ သိမ်းပိုက်ရန် ကြံစည် လေတော့၏။

**"ချိုးဥမယ်ကို နန်းတော်တွင်းသို့ ဆောင်ကြဉ်း ယူလာနိုင်သူအား ကျား, မ မဟူ ဆုလာဘ်များ ချီးမြှင့်မည်"**ဟု ကြေညာစေလေသည်။

ယင်းအခါ နန်းတော်အတွင်းမှ မောင်းမတစ်ဦးဖြစ်သည့် ကဝေမကြီးတစ်ယောက်က **"ချိုးဥမယ်ကို ကျွန်တော်မ ဆောင်ကြဉ်း ဆက်သနိုင်ပါကြောင်း"** လျှောက်လာ၏။

မင်းကြီးကလည်း **"ကောင်းပြီ အမြန် ဆောင်ကြဉ်းဆက်သစေ"** ဟူ၍ ဝမ်းသာအားရစွာဖြင့် အမိန့် ပေးလေ၏။

**၅။ ချိုးဥမယ်အား ဆောင်ကြဉ်း၍ မင်းကြီးထံ ဆက်သခြင်း**

ကဝေမကြီးကား စုန်းကဝေအတတ်တွင် ကမ်းခပ်အောင် တတ်မြောက်သူတစ်ဦး ဖြစ်ပေသည်။ သူသည် ကလိန်အောင်မြို့သို့ သွားရောက်၍ သတိုးဥပရာဇာနှင့် ချိုးဥမယ်တို့ထံ အယုံသွင်းလျက် ချစ်ကြည်ရေးမိတ်ဖွဲ့ကာ ပေါင်းသင်းနေထိုင်လေ၏။ သို့နှင့် ရက်များ မကြာမီ မင်းသား၏ အတတ်ပညာအထူးကို သိရှိရလေ၏။

မင်းသားသည် သက်ပြောင်းကိုယ်ခွာ အတတ်ပညာကို တတ်မြောက်လာသူ တစ်ဦးဖြစ်၍ ညဥ့်အခါ အိပ်လျှင် မိမိ၏အသက်ကို သန်လျက်အတွင်းသွင်း၍ အိပ်စက်ကြောင်းကို သိရှိလေ၏။

တစ်ညသ၌ ကဝေမကြီးသည် ဖွဲမီးပုံကိုပြုပြီး သန်းခေါင်ကျော်အချိန် မင်းသားအိပ်ပျော်ခိုက် သန်လျက်ကို တိတ်တဆိတ် ခိုးယူလျက် ဖွဲမီးတွင် ထည့်သွင်းခဲ့၍ မိမိ၏အတတ်ဖြင့် **"ချိုးဥမယ်ကို ဆောင်ကြဉ်းကာ တကူမင်းကြီးထံ ဆက်သလေ၏။"**

**"တကူမင်းကြီးက ချိုးဥမယ်အား သိမ်းပိုက်မည်"** ဟု မိန့်ကြားလေလျှင် ချိုးဥမယ်က သံတော်ဦးတင် သည်မှာ - **"ကျွန်တော်မအား သိမ်းပိုက်လိုပါက အရှင်မင်းမြတ် စိုးပိုင်တော်မူသည့် မြို့ ၄-ထောင့်တွင် စတုဒိသာ အလှူမဏ္ဍပ်တစ်ဆောင်စီ ဆောက်လုပ်ပြီး အရပ် ၄-မျက်နှာမှ လာရောက်သူများအား ကျွေးမွေးပြီးမှ သိမ်းပိုက်တော်မူပါ"** ဟူ၍ သံတော်ဦးတင်လေ၏။

မင်းကြီးလည်း ချိုးဥမယ်၏ ဆန္ဒအတိုင်း အမြန်စီမံ ပြုလုပ်စေတော်မူ၏။

## ၆။ စတုဒိသာ အလှူကြီးပေးရန် ခွင့်ပြုခြင်း

ချိုးဥမယ်သည် အလှူမဏ္ဍပ် ၄-ဆောင်တို့၌ လှည့်လည်ကြည့်ရှုရာ တစ်ဆောင်, တစ်ဆောင်သော မဏ္ဍပ်တွင် လူ ၂-ယောက် ရောက်လာပြီး **"ကျွန်တော်တို့ ၂-ယောက်အား ထမင်း ၃-ပွဲ ပြင်ပေးပါ"** ဟု ပြောလာသည်ကို ချိုးဥမယ်ကြားလျှင် **"လူ ၂-ယောက်စားရန် ထမင်း ၂-ပွဲ မတောင်းဘဲ အဘယ်ကြောင့် ၃-ပွဲ တောင်းရသနည်း"** ဟု မေးလေ၏။

မဟာဗလနှင့် ပညာဗလတို့က အကြောင်းစုံကို သေအချာ ပြောပြ၍ သိရှိလတ်သော် သတိုးဥပရာဇာကား အခြားသူမဟုတ်ပါ။ ကျွန်မ၏ ခင်ပွန်းပင်ဖြစ်ကြောင်း စသည်တို့နှင့် နန်းတော်သို့ ရောက်သည်အထိ ချိုးဥမယ်က ပြောပြလေလျှင် မဟာဗလနှင့် ပညာဗလတို့သည် ချက်ချင်းပင် နန်းတော်မှထွက်ပြီး ကလိန်အောင်မြို့ ချိုးဥမယ်တို့ အိမ်သို့ သွားကြလေ၏။ အိမ်သို့ရောက်လျှင် ကဝေမကြီး ထည့်သွင်းခဲ့သည့် သန်လျက်ကို ဖွဲမီးပုံအတွင်းမှ ထုတ်ယူလျက် သတိုးဥပရာဇာ၏ ကိုယ်နှင့် ထိ၍ထားလေလျှင် သတိုးဥပရာဇာမှာ မေ့မြောနေရာမှ သတိရလာလေတော့၏။

ယင်းနောက် မဟာဗလနှင့် ပညာဗလတို့သည် အကြောင်းစုံကို ပြောပြပြီး သတိုးဥပရာဇာအား တကူမြို့သို့ ခေါ်ဆောင်ခဲ့လျက် နန်းတော်အတွင်း၌ ချိုးဥမယ်နှင့် ကြဲစည်တိုင်ပင်ကာ လျှို့ဝှက်နေကြလေ၏။

## ၇။ သတိုးဥပရာဇာနှင့် ချိုးဥမယ် လွတ်မြောက်ခြင်း

စတုဒိသာ အလှူကြီးပေးပြီး နောက်တစ်နေ့တွင် မင်းကြီးက ချိုးဥမယ်အား သိမ်းပိုက်ရန် မိန့်ကြားလေ၏။

အရှင်မင်းကြီး သိမ်းပိုက်တော်မူလိုက သိမ်းပိုက်နိုင်ပါပြီ။ သို့သော်

ကျွန်တော်မသည် အနှစ်မရှိသည့် သစ်သားကို စက်ရထားပြုလုပ်ပြီး အရှင်မင်းကြီး ပိုင်စံသည့် **"မြို့တော်ကို လက်ယာရစ် ၃-ပတ်လှည့်၍ စီးလို ပါသည်"** ဟု ချိုးဥမယ်က လျှောက်ပြန်လေ၏။

မင်းကြီးလည်း အနှစ်မရှိသည့် သစ်သားကို ကောင်းကင်ပျံ စက်ရထားလုပ်နိုင်မည့်သူများအား မောင်းကြေးနင်းခတ်၍ ရှာဖွေစုံစမ်း စေရာ သတိုးဥပရာဇာနှင့် မဟာဗလ, ပညာဗလ ၃-ယောက်တို့က လုပ်ကိုင်နိုင်ကြောင်း ဝန်ခံသဖြင့် မင်းကြီးထံ ခေါ်ဆောင်ခဲ့လေ၏။

အမိန့်တော်အတိုင်း စက်ရထားလုပ်၍ ပြီးစီးလတ်သော် မင်းကြီးထံ လျှောက်ကြလေ၏။ မင်းကြီးလည်း ချိုးဥမယ်အား အလိုရှိသူ တို့နှင့်အတူ စီးနင်းနိုင်ကြောင်း အမိန့်ရှိလေ၏။

ချိုးဥမယ်သည် သတိုးဥပရာဇာ, မဟာဗလ, ပညာဗလတို့နှင့် အတူ ကဝေမကြီးကိုပါ စက်ရထားပေါ်တွင် တင်ဆောင်လျက် တကူမြို့ကို လက်ယာရစ် ၃-ပတ်လှည့်ပြီး မောင်းမကန်ဘက်သို့ စက်ရထား ဦးတည်ကာ အနောက် မြောက်ဘက်သို့ ရွေ့ရှူသွားရင်း ပင်လယ်မှ မနီးမဝေး ရေပြင်ပေါ်ရောက်လတ်သော် ကဝေမကြီးကို စက်ရထား ပေါ်မှ တွန်းချလိုက်ရာ ကဝေမကြီးမှာ တစ်ခုသော ကျောက်ဆောင်နှင့် ထိခိုက်၍ သေဆုံးရှာရလေတော့၏။

(ကဝေမကြီး ထိခိုက်၍ သေဆုံးသည့် ကျောက်ဆောင် ကား မောင်းမကန်ကမ်းခြေမှ အနောက်ဘက် မနီးမဝေးတွင်ရှိ၍ **"ယခုတိုင် ကျောက်ဖြူကလေး"** ဟူ၍ ခေါ်ကြလေသည်။)

ချိုးဥမယ်တို့ လူစုလည်း စမ္ဘာနဂိုရ်ပြည် [ယခု ဘင်္ဂလားဒေ့(ရှ်) ခေါ် အရှေ့ပါကစ္စတန်ပြည်ရှိ ချန္ဒာ နဂါးရ်မြို့]သို့ ရောက်ရှိကြလေ သတည်း။

## ဝေဒီမြို့တည်ခြင်း

ယခု ထားဝယ်မြို့မှ အနောက်တောင်ဘက် ၆-မိုင်ခန့် ခရီးအကွာ ထားဝယ်မြစ် အနောက်ဘက်ကမ်းရှိ ဝေဒီရွာကား ရှေးအခါက မြန်မာမင်းများ အုပ်စိုးခဲ့ဖူးသည့် ဝေဒီမြို့ ဖြစ်လေသည်။ ယင်းဝေဒီမြို့ကို ကောဇာ သက္ကရာဇ် ၅၉၀-ပြည့်နှစ်တွင် ပေါက္ကံပြည်ရှင် အလောင်းစည်သူ မင်းကြီး၏ အဆက်အနွယ်များဖြစ်၍ **"ထောင့်ကွယ်မြို့ (ယခု ကြက်လွှတ်ရွာ)"**ကို တည်ထောင်ကြသည့် **"ကနိကဝတ်မင်း"**၊ ၎င်းသားတော် **"ကနိဌာသူ"**၊ ၎င်းသားတော် **"ကနိဌာရံ"**၊ ၎င်းသားတော် **"ကနိဌာသံ"**၊ ၎င်းသားတော် **"ကနိဌာဝါ"**၊ ၎င်းသားတော် **"စောသူရ"** ထိုမင်းလက်ထက် ထောင့်ကွယ်မြို့မှ ပြောင်း၍ ကောဇာသက္ကရာဇ် ၇၉၂-ခုနှစ် **"ဝေဒီမြို့"** ကို တည်လေသည်။

("ဝေဒီ" ဟု အမည်တွင်ခြင်းအကြောင်းကား ယင်းအခါက ယင်းနေရာ မြစ်ကမ်းသည် တိမ်သော ရေဝဲရှိပြီး ခန်းခြောက်သွားသည့်နေရာ ဖြစ်သောကြောင့် **"ဝဲတိမ်"** ဟု ခေါ်ကြရာမှ ယခု ထားဝယ်အခေါ် **"ဝဲတိ - ဝဲဒိ"** မှ ရွေ့လျောကာ **"ဝေတီ - ဝေဒီ"** တွင်လေသည်။)

### ၁။ ဝေဒီမြို့ကို မင်းအဆက်ဆက် စိုးစံအုပ်ချုပ်ခြင်း

ယင်းဝေဒီမြို့၌ **"စောသူရမင်း၊ ၎င်းသားတော် မင်းစောရောင်၊ ၎င်းသားတော် စောသွားရောင်၊ ၎င်း သားတော် ရွှေနန်းတက်၊ ၎င်းသားတော် အိမ်ရှေ့မင်း"** တို့ အုပ်စိုးကြပြီးနောက် သာဂရမြို့ကို အုပ်စိုးသည့် ရှင်ဇံ့ (နန္ဒိယ)မင်းနှင့် မိဖုရား စောမြဒေဝီတို့၏သားတော် **"ဗလစောရန်နိုင်ခေါ် စောသီလမင်း ပြောင်းရွှေ့၍ အုပ်စိုးလေသည်။"**

အခါတစ်ပါး စောသီလမင်းသည် မိမိထံပါးတွင် သက်တော်စောင့်ရာထူးနှင့် အမှုထမ်းသူ မောင်ဗအဲ၏ ဇနီး "မယ်စော" ခေါ်

**"စောပညာ"** ကို တပ်နှစ်သက်လှရကား **မောင်ဗအဲအား တိတ်တဆိတ် လုပ်ကြံရန် စိတ်ကူးမိလေ၏။**

(မယ်စောကား ရုပ်ရူပကာယ လှပချောမွေ့သည့်အပြင် အတွေး အခေါ် အမြော်အမြင် အဆင်အခြင် ဉာဏ်ပညာနှင့် ပြည့်စုံသူတစ်ဦး ဖြစ်သဖြင့် အများက**"စောပညာ"**ဟူ၍ ခေါ်ဝေါ်သမုတ်ကြလေသည်။)

ယင်းခေတ်အခါ ဝေဒီမြို့တွင် မင်း, မှူးမတ်တို့နှင့်တကွ ပြည်သူ လူထု အများတို့မှာ ကြက်ပွဲဝါသနာ ပါရှိကြလေသည်။

**၂။ စောသီလမင်းနှင့် မောင်ဗအဲ ကြက်တည်သွားကြခြင်း**

တစ်နေ့သ၌ စောသီလမင်းသည် မိမိ၏အကြံအစည်အရ မောင်ဗအဲကို ရှေ့တော်သို့ ခေါ်၍ **"ယခု ညဥ့် အရုဏ်တက်အချိန်တွင် တောထဲသို့ ကြက်တယ် (ကြက်တည်) သွားရန် တိုက်ကြက်ကောင်း တစ်ကောင်နှင့် လာရမည်"** ဟု အမိန့်ပေးလိုက်လေ၏။

မောင်ဗအဲမှာ မင်းကြီး၏အကြံကို မရိပ်စားမိဘဲ အမိန့်တော် အတိုင်း **"ဘုတ်မွေး ရင်သက်၊ တက်နက် မောက်ချွန်း၊ မြီးဝန်း တောင်ပံဖြူ"** ဟူ၍ ကြက်၌ ကျွမ်းကျင်သူ ပညာရှိများ၏ အမှတ်သင်္ကေတအရ . . . (၁) ရင်ဘတ်တွင် ဘုတ်ငှက်ကဲ့သို့ အမွေးအရောင်ရှိခြင်း၊ (၂) အတက် မည်းနက်ခြင်း၊ (၃) အမောက်ချွန်းခြင်း၊ (၄) အမြီးဝိုင်းခြင်း၊ (၅) တောင်ပံ ဖြူခြင်းဟု ဆိုအပ်သည့် ယင်းအင်္ဂါ ၅-ရပ်နှင့် ညီညွတ်သော တိုက်ကြက် ကြီး တစ်ကောင်ကို ကြိုတင်၍ အသင့်ထားရှိပြီး စောပညာကိုလည်း ညဥ့်ဦးကပင် အသိပေးထားကာ အိပ်ကြလေ၏။

အရုဏ်တက်ချိန် ရောက်ရှိလတ်သော် စောပညာက နန်းတော် သို့ဝင်ရန် ကြက်ပိုက်လျက်ရှိသည့် မောင်ဗအဲထံပါးသို့ ချဉ်းကပ်ကာ ညိုးနွမ်းသောမျက်နှာဖြင့် သီဆိုလိုက်သော **ထားဝယ်သီချင်းမှာ** -

**"နှမ်းသား မိုက်မိုက် - မန်းသား ကြစ်ပိုက်၊**
**မလိုက်လေနဲ့ - ကိုဗအဲရယ်"**

မြန်မာပြန်

**"နှင်းကလေး မိုက်မိုက် - မင်းကလေး ကြက်ပိုက်၊**
**မလိုက်လေနဲ့ - ကိုဗအဲရယ်"**

ဇာတ်သဘင်သည်တို့ ကပြလျှင်မူကား -

**"နှင်းဖွေးမှောင်မှောင် - အထက်ဝယ် မိုက်သလိုပ၊**
**မင်းကလေးမောင်မောင် - အခက်တကယ် ဆိုက်လိမ့်မထင့်။**
**(အမယ်မင်း) ကြက်တယ်(တည်) မလိုက်လေနဲ့ ကိုဗအဲရယ်"-**

ဟူသော ရသဂုဏ်မြောက် လေးချိုးငိုချင်းကဲ့သို့ မင်းသမီးက လွမ်းစရာ သီဆိုပေလိမ့်မည်။

**"ကျမ ညဥ့်က အိပ်မက်မကောင်း မြင်မက်၍ ကိုဗအဲ၌ တစ်စုံ တစ်ခုသော ဘေးဒုက္ခ တွေ့ကြုံလိမ့်မည် ထင်သဖြင့် ကြက်တယ် မလိုက်ပါနဲ့"** ဟူ၍ စောပညာက အတန်တန်မြစ်တား တောင်းပန်လေ၏။

မောင်ဗအဲက **"မင်းတို့စကား မိုးကြိုးသွားတဲ့ နှမရယ်၊ မင်း အမိန့်တော်နဲ့ လိုက်ပါရမည်ဖြစ်၍ အိပ်မက်ကို အရေးမယူပါနဲ့"** ဟု ပြောပြီး ကြက်ပိုက်ကာ နန်းတော်သို့ ဝင်လေ၏။

မှူးမတ်အခြွေအရံ တစ်စုံတစ်ယောက်မျှ မပါဘဲ မင်းနှင့် မောင်ဗအဲနှစ်ဦးတို့မှာ ဝေဒီမြို့နှင့် မနီး, မဝေး တောအုပ်သို့ ထွက်ကြ တော်မူလေ၏။ တောအုပ်အတွင်း ရောက်ရှိလတ်သော် မင်းကြီးက ပွဲတော်စာတည်ရန် ရေကြည်တော် အရှာခိုင်းလေ၏။ မောင်ဗအဲလည်း ခပ်လှမ်းလှမ်းနေရာတွင် ရေအနည်းငယ်မျှရှိသည့် ပက်လက် ရေတွင်း တစ်ခု၌ ဒူးထောက်ကာ ရေခပ်နေခိုက် မင်းကြီးသည် နောက်မှ တိတ်တဆိတ်လာပြီး **"မောင်ဗအဲအား ရေတွင်းထဲသို့ တွန်းချလျက် ကျောက်လုံးများဖြင့် ပစ်ချလေရာ မောင်ဗအဲမှာ ခန္ဓာစဲလေတော့၏"။** မောင်ဗအဲ၏ တိုက်ကြက်ကြီးလည်း ထွက်ပြေးလေ၏။

## ၃။ စောသီလမင်းကြီး စောပညာကို သိမ်းပိုက်ရန် အားထုတ်ခြင်း

မင်းကြီးသည် ညနေချမ်းအချိန် နန်းတော်သို့ ပြန်လာပြီး မောင်ဗအဲ၏ဇနီး စောပညာကို အခေါ်ခိုင်း ပြီးလျှင် -

မောင်ဗအဲမှာ နံနက်အချိန်ကပင် ရေကြည်တော် အရှာခိုင်းလိုက်ရာ ကြာရှိသဖြင့် ကျွန်ုပ်ကိုယ်တော်တိုင် လိုက်လံရှာဖွေ၍ မတွေ့ရှိကြောင်း၊ ဘေးအန္တရာယ် တစ်စုံတစ်ခု တွေ့ကြုံနေပြီထင်ကြောင်းတို့ကို ပြောပြီးလျှင် အကယ်၍ မောင်ဗအဲမရှိက စောပညာအား ကျွန်ုပ် သိမ်းပိုက်မည့်အကြောင်းကို ပြောလေ၏။

စောပညာမှာ ပညာရှိ မိန်းမတစ်ဦးဖြစ်သည့်အတိုင်း အိမ်သို့ ပြန်လာပြီးလျှင် တစ်ညဉ့်လုံး စဉ်းစားကာ မင်းကြီးအပေါ်၌ သင်္ကာမကင်း ဖြစ်မိလေ၏။

နောက်တစ်နေ့နံနက် ညီလာခံစုံသည့် ဗိုလ်ပုံအလယ်တွင် မောင်းမတစ်ဦးထံ မောင်ဗအဲ သေဆုံး၍ အစိမ်းသရဲဖြစ်ကာ ပူးကပ်ပြီး-

**"မိမိမှာ မင်းကြီးက ရေတွင်းထဲသို့ တွန်းချ၍ အဆုံးစီရင်သည့်အတွက် မှီခိုစရာမရှိ ဖြစ်နေပါ၍ သင့်တော်သည့်နေရာတွင် နတ်ကွန်း ဆောက်လုပ် ချီးမြှင့်ပေးပါရန်၊ ကျွန်ုပ်အား ကိုးကွယ်ပ,သသည့်အခါလည်း ကြက်အရှင်နှင့်သာ တင်မြှောက်ကိုးကွယ် ပ,သပါရန် အကြောင်း"** တို့ကို ပြောဆို လျှောက်ထားလေ၏။

ယင်းအခါ မင်းကြီးသည် စိတ်ဆိုးသော အမူအရာ မသာယာသော မျက်နှာဖြင့် မိမိအား အစိမ်းသရဲက မတရားစွပ်စွဲသလိုလို ရှက်ခမန်းလိလိဖြင့် ပြောဆိုပြီး နတ်ကွန်းပေးရန် ဝန်ခံလိုက်လေ၏။

## ၄။ "ထားဝယ်ရိုး ကြက်ကိုး"

မောင်ဗအဲ နတ်ကွန်းကို ဝေဒီအုတ်မြို့ရိုးအပြင်ဘက်၌ ဆောက်လုပ်ပေး၍ ကြက်အရှင်ဖြင့် ကိုးကွယ် ပ,သကြသည်ကို ထားဝယ်

ရိုးရာအတိုင်း ကြက်ဖြင့် ကိုးကွယ်ကြသည်ကို အစွဲပြု၍ **"ထားဝယ်ရိုး ကြက်ကိုး"** သည်ဟူ၍ ယခုတိုင် ဆိုထုံးပြုကြလေသည်။

(အခြားမြို့ရွာဒေသရှိ လူအချို့တို့ကမူကား ထားဝယ်သားများနှင့် စကားများ အငြင်းအခုံ ပြောဆို ကြရာတွင် **"ထားဝယ်ရိုး ကြက်ခိုးတတ်သည်"** ဟူ၍ မခံချင်အောင် ပြောဆိုတတ်ကြလေသည်။

မောင်ဗအဲ၏ ရေခပ်သည့်ရေတွင်းနှင့် ဒူးနှစ်ဖက်ထောက်သည့်နေရာ ယခုတိုင် ကျောက်ဖြစ်လျက် ရှိသည်ကို ဝေဒီရွာနှင့် မနီးမဝေး တောအုပ်အတွင်း တွေ့မြင်ရလေသေးသည်။)

မောင်ဗအဲ ဇနီး စောပညာမှာ မိမိ၏ခင်ပွန်း ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မင်းကြီးသိမ်းပိုက်မည့် ဘေးမှ ကြောက်ရွံ့ကာ မိန်းမဖော်တစ်ယောက်နှင့်အတူ လှေကြုံစီး၍ တိတ်တဆိတ် ထွက်ပြေးလေရာ ကံအားလျော်စွာ စိန့်ပြည်သို့ ရောက်ရှိလေ၏။ စိန့်ပြည်၌လည်း မင်းမဲ့ဖြစ်နေသောကြောင့် စောပညာအား ဘုရင်မဖြစ် ချီးမြှောက်၍ အုပ်စိုးစေလေ၏။

## အလောင်းစည်သူမင်းကြီး ရောက်ရှိတော်မူခြင်း

အလောင်းစည်သူမင်းကြီးသည် မြန်မာနိုင်ငံတော် တောင်ဘက်၊ မြောက်ဘက် အရပ်ဒေသများသို့ ဖောင်တော်နှင့် လှည့်လည်တော်မူရာတွင် မြောက်ဘက် မဇ္ဈိမပူရကသည်းပြည်မှ ကသည်းလူမျိုး မောင်နှမ ၂-ယောက်တို့ကို ခေါ်ယူခဲ့ပြီး တောင်ဘက်သို့ လှည့်ဆင်းလာရာ မြတ်စွာဗုဒ္ဓ၏ အံတော်ဓာတ်မြတ်ကို ဌာပနာ၍ တည်ထားသည့် **သိန္ဓုသေလတောင် (ယခု ရှင်မော်တောင်)** ပေါ်ရှိ ဘုရားစေတီတော်ကို ပြုပြင်ပြီးနောက် ရှင်မော်နှင့် မနီးမဝေး သင်းဖူးကျွန်းရှိ စေတီတော်ကလေးကိုလည်း ပြုပြင်ရင်း ခေတ္တစံနေတော်မူလေ၏။

### ၁။ သင်းဖူးကျွန်းကို ဖောင်တော်နှင့် တိုက်ခြင်း

တစ်နေ့သ၌ မင်းကြီးသည် **"အတောင် ၉၀၀-ခန့် ရှည်လျားသည့် သင်းဖူးကျွန်းကို"** ဖောင်တော် အဝင် အထွက် လွယ်ကူသက်သာစေရန် ကျွန်းကို ၂-ပိုင်းပြတ်အောင် ဖောင်တော်နဲ့ တိုက်ရာတွင် ဘုရား၏ တန်ခိုးတော်ကြောင့် ကျွန်းမပြတ်ဘဲ လှိုင်းလေပြင်းထန်စွာ ကျရောက်သည်ကို ကသည်းမလေးမှာ ကြောက်ရွံ့သဖြင့် **"အမယ်လေး"** ဟု ဟစ်အော်မိလေ၏။

ယင်းအခါ မင်းကြီးက ငါဘုရင်မင်းမြတ်တစ်ယောက်လုံး အားကိုးရာရှိပါလျက်နှင့် နင့်အမယ် (နင့်အမေ) ကိုပင် တ, ရလေသလောဟု စိတ်ဆိုးတော်မူသဖြင့် ပေါက္ကံတိုင်းပြည်သို့ မခေါ်ဆောင်သွားတော့ဘဲ သင်းဖူးကျွန်း ဘုရား၌ မောင်နှမ ၂-ယောက်တို့အား ရိက္ခာအပြည့်အစုံနှင့် ကျွန်သီးတော် (ဘုရားကျွန်)အဖြစ် လှူဒါန်းထားခဲ့ပြီး ပြန်လည်ကြွတော်မူလေ၏။

### ၂။ ကျွန်သီးတော် (ဘုရားကျွန်)

ဘုရားကျွန်ဟူသည် ဝေယျာဝစ္စရွက်ဆောင်ရန် ဘုရားသို့

လျှုထားခြင်းခံရသူဖြစ်၍ လောကုတ္တရာဆိုင်ရာ ကျွန်ဟု ဆိုအပ်သည်။ လောကုတ္တရာဆိုင်ရာ ကျွန်တွင်လည်း (၁) ဘုရားကျွန်၊ (၂) ပိဋကတ်ကျွန်၊ (၃) ကျောင်းကျွန် ဟူ၍ သုံးမျိုး, သုံးစားရှိရာ ကျွန်သီးတော်ဟုခေါ်လျှင် ယင်းသုံးမျိုးစလုံးပင် အကြုံးဝင်ကြောင်း သိနားလည်ရသည်။

ဘုရားကျွန် ဖြစ်ရခြင်းအကြောင်း အမျိုးမျိုးရှိရာ၌ ဘုရားကျွန်နှင့် လူရိုးရိုး အိမ်ထောင်ပြုသဖြင့် ဘုရားကျွန် ဖြစ်ရခြင်း၊ ၎င်းတို့မှ ပေါက်ဖွားသူလည်း ဘုရားကျွန်ဖြစ်ရခြင်း၊ ဘုရားကျွန်အချင်းချင်း ပေါင်းသင်းရရှိသော သားသမီးတို့ မိလိုက်-ဖပါ ဘုရားကျွန် ဖြစ်ရခြင်းများလည်း ပါဝင်လေသည်။ ယင်းတို့ လိုက်နာရမြဲ အစဉ်အလာ ထုံးတမ်းသည်လည်း ဘုရားကျွန် ဥပဒေတစ်မျိုးကဲ့သို့ ဖြစ်ပေါ်တည်ရှိနေခဲ့ပေသည်။

ဘုရားတစ်ဆူက ကျွန်သီးတော်ယောကျ်ားနှင့် ဘုရားတစ်ဆူက ကျွန်သီးတော်မိန်းမ အိမ်ထောင်ပြု၍ သားယောကျ်ားမွေးလျှင် အဖ ကျွန်မျိုးဖက် ပါရသည်။ သမီးမိန်းမမွေးလျှင် အမိဘုရားကျွန်မျိုးဖက် ပါရသည်။ ၎င်းပြင် ဘုရားကျွန်နှင့် ပိဋကတ်ကျွန်, ကျောင်းကျွန်တို့ ရကြလျှင် ပိဋကတ်ကျွန်, ကျောင်းကျွန်ဘဝမှ ဘုရားကျွန် အဖြစ်သို့ ပြောင်းလဲရောက်ရှိသွားကြရသည်။ ဘုရားကျွန်က ပိဋကတ်ကျွန်, ကျောင်းကျွန်ဖက်သို့ ပါသွားခွင့်မရှိချေ။ ယင်းတို့ကို ထောက်လျှင် ကျွန်သီးတော် အဆင့်အတန်းတွင် **"ဘုရားကျွန်သည် ထိပ်တန်း အမျိုးအစား ဖြစ်ကြောင်း သိနိုင်လေသည်။"**

## ၃။ ပိဋကတ်ကျွန်, ကျောင်းကျွန်

ပိဋကတ်ကျွန်, ကျောင်းကျွန်များ ဖြစ်ကြရပုံမှာလည်း ဘုရားကျွန် ဖြစ်ကြရပုံနည်းအတိုင်းပင် ဖြစ်ပေသည်။ ယင်းပိဋကတ်ကျွန်,ကျောင်းကျွန်များနှင့် အကြောင်းပါကြသော လူလွတ် (ဝါ) ရိုးရိုးအရပ်သား, အရပ်သူတို့သည် ပိဋကတ်ကျွန်, ကျောင်းကျွန်ဘဝသို့ ရောက်ရှိကြရပြန်သည်။

သို့ရာတွင် ဘုရားကျွန်များနှင့် ခြားနားချက်တစ်ရပ် ရှိသည်မှာ

- ပိဋကတ်ကျွန်, ကျောင်းကျွန်များသည် လူလွတ်ပြန်ဖြစ်နိုင်သေးခြင်းပင် ဖြစ်ပေသည်။ အဖိုးရင်းအတိုင်း ပြန်ပေးရွေးနုတ်လျှင် တရားသဖြင့် လွတ်လပ်ခွင့် ရနိုင်လေသည်။

အထက်တွင်ဆိုခဲ့သော မိလိုက်-ဖပါ ကျွန်များကိုလည်း လူလွတ်ဖက်က ယောကျ်ားဖြစ်လျှင် သားယောကျ်ားကိုလည်းကောင်း၊ လူလွတ်ဖက်က မိန်းမဖြစ်လျှင် သမီးမိန်းမကိုလည်းကောင်း ထိုက်သင့်ရာ ကာလတန်ဖိုးပေး၍ ရွေးနုတ်လျှင် ကျွန်သီးတော်အဖြစ်မှ လွတ်ခွင့်ရလေသည်။ သို့ရာတွင် ကျွန်သီးတော်ဖက်က လိင်တူ သားသမီးများကိုမူ ရွေးနုတ်ခွင့် မရချေ။

ကျွန်သီးတော် ၃-မျိုးတွင် ဘုရားကျွန်သည် အတန်းအမြင့်ဆုံး၊ ပိဋကတ်ကျွန်မှာ အလတ်တန်း၊ ကျောင်း ကျွန်မှာ အောက်တန်းဟူ၍ ခြားနားစွာ အဆင့်အတန်း ကွဲပြားသည်။ ယင်းကျွန်သီးတော်ချင်း အကြောင်းပါကြလျှင် မြင့်ရာအတန်းဖက်သို့ လိုက်ပါကြရလေသည်။ ယင်းသို့သော ကျွန်သီးတော် သန်းခေါင်စာရင်းကို မြန်မာမင်းများ လက်ထက်က ဆယ်နှစ်တစ်ကြိမ် ကောက်ယူရမြဲ ထုံးစံရှိကြောင်း သိရှိရပေသည်။

မင်းရေး, စိုးခွင့်၌ လွတ်လပ်ခွင့်ရကြသည်မှာ စစ်ထဲသို့ မလိုက်ရခြင်း, မင်းမှုမင်းခင်းစရိတ် အသေးအဖွဲ ခန့်ခွဲခြင်းမှစ၍ လွတ်ကင်းခြင်းများဖြစ်ပေသည်။ သို့ရာတွင် ကုန်းဘောင်ခေတ်တွင် လူလိုလျှင် စစ်ထဲသို့ လိုက်ရ တတ်ပြီး သဿမေဓ ထမ်းရသော ကျွန်သီးတော်, မထမ်းရသော ကျွန်သီးတော်ဟူ၍ ပေါ်လာရာ ယင်းတို့ ထမ်းဆောင်ရသော ငွေတော်ကို ကျောင်းဘုရား ဆိုင်ရာတို့တွင်သာ သုံးစွဲရသည်ဖြစ်၍ အိတ်ဖြူနှင့်ထည့်သော အခြားငွေတော်များနှင့်အတူ ရောနှော၍ မထားရဘဲ အိတ်နီဖြင့်ထည့်၍ သီးခြားထားရှိရသည်မှာလည်း မြန်မာ မင်းများ၏ သံသရာဘေး တင်ကြို့ကြောက်တတ်ပုံကို အထူးပေါ်လွင်စေသော အချက်တစ်ရပ်ပင် ဖြစ်ပေသည်။

### ၄။ သထုံမနူဟာမင်းကို အခြွေအရံနှင့်တကွ ဘုရားသို့လှူခြင်း

**"သထုံမနူဟာမင်းကိုလည်း သားမယား အခြွေအရံနှင့်တကွ ကောင်းမှုတော် ရွှေစည်းခုံဘုရားမှာ လှူတော် မူ၍ အကြီးပြုရ၏"** ဟု မဟာရာဇဝင်ကြီးတွင် ပါရှိသည်။ ပုဂံရာဇဝင်ဟောင်း၊ ရာဇဝင်လတ်တို့တွင်လည်း မနူဟာကို အခြွေအရံနှင့်တကွ ရွှေစည်းခုံဘုရားသို့ ဖိတ်၍ မနူဟာမင်းအား မင်းကြီးလက်တော်နှင့် ကိုင်ပြီးလျှင် ဘုရားကို လှူကြောင်းများ ပါရှိလေသည်။

တစ်သက်ပတ်လုံး စား၊ ဝတ်၊ နေရေး မပူပင်ရပဲ ဘုရားဝေယျာဝစ္စ ရွက်ဆောင်သွားရန် လူတစ်ဦးဦးအား ရေစက်သွန်းချ လှူဒါန်းသော အလေ့အထ မည်သို့ စ,ခဲ့သည်ကို လေ့လာစူးစမ်းရာ ကျွန်ုပ်တို့သည် သက်ဆိုင်ရာ စာပေ ရှာဖွေဖတ်ရှုရာ၌ မနှံ့စပ်သေး၍ လားမသိ အနော်ရထာမင်းလက်ထက်တွင်သာ ပဌမဖြစ်ကြောင်း တွေ့ရသေးသည်။

ဤသို့ ဘုရားဝေယျာဝစ္စ မိမိကိုယ်စား တစ်သက်ပတ်လုံး ရွက်ဆောင်သွားနိုင်စေရန် လူတစ်ဦးဦးအား ဘုရားသို့ လှူဒါန်းရာ၌ အလှူခံရသောပုဂ္ဂိုလ် စားသုံးရန်နှင့် ဘုရားအား ပြုပြင်လှူဒါန်းသွားရန် စရိတ်ရရှိရေး အတွက် လယ်ယာမြေ၊ ဥယျာဉ်မြေ စသည်များကိုလည်း လှူဒါန်းရသည်။ သို့ဖြစ်ရာ ယင်းလယ်ယာ၊ ဥယျာဉ်တို့မှ ကိုယ်တိုင်လုပ်၍သော်လည်းကောင်း၊ တဆင့်လူငှားလုပ်၍သော်လည်းကောင်း ရရှိသော ပစ္စည်း၊ သို့မဟုတ် ငွေများဖြင့် ဘုရားကို ပြုပြင်စောင့်ရှောက်ရသည်၊ လှူဒါန်းရသည်၊ စားသုံးရသည်။ အမှန်စင်စစ်အားဖြင့်ကား ရာသက်ပန် သီးသန့်ဥပါသကာ ကပ္ပိယခန့်ထားခြင်းမျိုးပင် ဖြစ်ပေသည်။ တမင်သက်သက် မျိုးရိုးစဉ်ဆက် ယုတ်ညံ့စေတော့ဟူသော မနောဆိုးသဘောဆိုးဖြင့် လူ့ဘဝ လူ့လောကတွင် လူရာမဝင်စေရန် အညွန့်ချိုးလိုက်သည် မဟုတ်တန်ရာချေ။

ထို့ကြောင့်လည်း **"ဘုရားတွင် အလှူခံရသော မနုဟာမင်း မြစ်တော်အား နရပတိစည်သူမင်းကြီးသည် အနန္တသူရိယဘွဲ့ဖြင့် အမတ်အရာတွင် ခန့်ထား၍ သူကောင်းပြုရုံမျှမက သမီးတော်တစ်ပါး နှင့်ပင် လက်ထပ် ထိမ်းမြားပေးခြင်း ဖြစ်လေသည်။"**

အကယ်၍သာ မျိုးရိုးပါယုတ်ညံ့စေရန် ရည်ရွယ်ရင်းရှိလျှက် လှူအဆင့်အတန်းတွင် အောက်ဆုံးတန်းက ထားရှိနိမ့်ချလိုပါက မည်သည့် နည်းနှင့်မျှ ဘုရားအား လှူထားသော မနုဟာ၏ မျိုးရိုးဆက်နွယ်ကို နရပတိစည်သူ မင်းကြီးသည် အထက်ကထုတ်ဆိုခဲ့သလို ချီးမြှောက်မည် မဟုတ်ချေ။

ကျောက်စာများတွင် ဘုရားသို့ လူများလှူဒါန်းခြင်း အကြောင်း အရာ များပြားစွာ တွေ့ရသည်တို့အနက် မိမိကိုယ်ကိုလည်းကောင်း၊ ဇနီးကိုလည်းကောင်း၊ သားသမီးကိုလည်းကောင်း လှူဒါန်းခြင်းမှာ အထူးတလည် မှတ်သားဖွယ် စဉ်းစားဖွယ်ပင် ဖြစ်ပေသည်။

## ၅။ မိမိကိုယ်ကို ဘုရားသို့ လှူဒါန်းခြင်း

**"မန္တလေးအမည်ရှိ စာအုပ်အဆိုအရ"** နရပတိစည်သူမင်းကြီး လက်ထက် **"အဘိနန္ဒသူ"**ဆိုသော မင်းမှုထမ်းတစ်ဦးသည် **"တိုင်းချွတ် ဘုရား"** ကို ရွှေချပြီးနောက် မိမိကိုယ်ကိုလည်းကောင်း၊ မိမိဇနီးကို လည်းကောင်း၊ မိမိသား ၂-ဦးကိုလည်းကောင်း ဘုရားသို့ ကိုယ်တိုင် လှူခြင်းကို ထောက်သော် အထက်တွင်ဆိုခဲ့သည့်အတိုင်း ဘုရား ဝေယျာဝစ္စ တစ်သက်လုံး ဆောင်ရွက်ရေးကိုသာ ရှေ့ရှုကြောင်း၊ လူညွန့် တုံး၍ လူရာမဝင်သော အနိမ့်ဆုံး အယုတ်ဆုံးအတန်းသို့ သက်ဆင်း ကျရောက်စေရန် မရည်ရွယ်ကြောင်း မူလစေတနာကို ထင်ရှားစေသည်။

သို့ရာတွင် နှောင်းကာလ ရောက်သည့်အခါတွင်မူ အကြောင်း အမျိုးမျိုးကြောင့် ဘုရားတွင် အလှူခံရ သူများ၊ ယင်းတို့၏ သား၊ မြေး၊ မြစ် အဆက်အနွယ်များသည် လူရာသွင်းမခံရဘဲ ဒွန်းစဏ္ဍားကဲ့သို့ပင်

ယုတ်ညံ့သော ဘဝသို့ သက်ဆင်းကျရောက်ကာ ဘုရားကျွန်ဟူ၍ အမည်ခံယူလာကြရရှာတော့သည်။

လွန်ခဲ့သော ခရစ်သက္ကရာဇ် ၁၉၀၇-ခုနှစ်က ထုတ်ဝေသည့် **"မန္တလေး"** အမည်ရှိသော အင်္ဂလိပ်ဘာသာ အက္ခရာရေးစာအုပ်တစ်အုပ်တွင် ပုဂံမင်းသားဟူ၍ ပုဂ္ဂိုလ်တစ်ဦး၏ ဓာတ်ပုံကို ဖော်ပြပြီးလျှင် **"မနူဟာဘုရင်မှ မျိုးရိုးအဆက်အနွယ် ဆင်းသက်လာ၍ ဘုရားကျွန်ဖြစ်ရသော်လည်း မင်းသားအဆောင်အယောင်ဖြင့် အခွင့်အရေးကိုမူ ပဥ္စမသံယာယနာတင်မင်းတရားကြီးက ချီးမြှောက်အပ်နှင်းထားကြောင်း"** များ ရေးသားထား သည်ကို ဖတ်ရှုရသည်။ သို့သော် ယင်းပုဂ္ဂိုလ်မှာ အစိုးရအရာထမ်း အခွန်တော်အရာရှိတစ်ဦး ဖြစ်လင့်ကစား အရပ်သားများက မနူဟာဆက်ဘုရားကျွန်ဟူ၍ အတူ စားသောက်ခြင်း မပြုဟုဆိုရာ ယင်းပုဂ္ဂိုလ်မှာလည်း အကြောင်းတစ်မျိုးမျိုးထဲတွင် လုံးထွေးပါဝင်ခဲ့လေသောကြောင့်များ လူရှောင်ကြလေသလောဟု တွေးတောရမလိုဖြစ်ချေသည်။

**ကျွန်ုပ်တို့ ဖော်ပြခဲ့သော အကြောင်းအမျိုးမျိုးဟူသည်မှာ -**

ဘုရားအား လှူခဲ့သော လယ်ယာမြေ၊ ဥယျာဉ်မြေတို့မှ ရရှိအပ်သော ဝတ္ထုပစ္စည်းများ (ဝါ) ငွေတို့ဖြင့် မူလလှူစဉ်က စေတနာသုံးတန်ပြဋ္ဌာန်းလျက် ဝေပုံကျ ချမှတ်ခဲ့သည့် ဘုရားလှူရန်၊ ဘုရားပြုပြင်ရန်၊ ဘုရား ဝေယျာဝစ္စဆောင်ရွက်မှုအတွက် လှူထားခြင်းခံရသူ စားသုံးရန် ဝေပုံကျများအနက် ဝိသမလောဘဖက်လျက် **"မိမိကိုယ်ကျိုးအတွက် ဘုရားကို မငဲ့ကွက်ပဲ ဗိုက်အောက် ယက်လွန်းအားကြီးသောကြောင့် သစ္စာဖောက်ကာ ကျိန်စာသင့်ပြီး ဘုရားစူးခံရခြင်းသည် ကျွန်ုပ်တို့ဆိုလိုသော အကြောင်းအမျိုးမျိုးပင် ဖြစ်ပေသည်။"**

## ၆။ မွန်နှင့်မြန်မာ သွေးရင်း သားရင်းပါ

တစ်ကြောင်းမှာလည်း ဘုရားများသို့ လာရောက်၍ တောင်းရမ်းသူ၊ ဆွမ်းတော်ကျခံယူ၍စားသုံးသူ၊ ဒွန်းစဏ္ဍားနှင့်တကွသော ကိုယ်မကောင်းသူတို့နှင့် အမြဲတစေ ဝတ္တရားအလျောက် တွေ့ဆုံ ဆက်ဆံနေရသူများဖြစ်သောကြောင့်လည်း ထိုဝေယျာဝစ္စဆောင်ရွက်ရန် ဘုရားတွင် လှူခြင်းခံရသူများအား ရှင်လူတို့က ဒွန်းစဏ္ဍား၊ နူဝဲသူများနှင့်မခြား တစ်တန်းတစ်စားတည်း သဘောထားလိုက်ခြင်းဖြင့် တဖြည်းဖြည်း လူလွတ်အရပ်သူ အရပ်သားများနှင့် ဆက်ဆံမှုအရာ၌ ကင်းကွာနိမ့်ကျခဲ့ရခြင်းဖြစ်ပေသည်။ ကြာသော် လူတောမတိုးရဲ လောက်အောင် စိတ်ဓာတ်ပါကျဆုံးရခြင်းဖြင့် ဘုရားကျွန် လူတန်းစားဘဝသည် တိုးတက်ခိုင်မြဲလာရတော့ရာ အစဉ်အလာ ထုံးတမ်းများပင်လျှင် ပတ်ဝန်းကျင် အခြေအနေဖန်တီးမှုအရ ဖြစ်ထွန်းပေါ်ပေါက် လိုက်နာကျင့်သုံး လာကြရသည်ကို နောက်မင်းများအဆက်ဆက် လက်ထက်တို့တွင် အသိအမှတ်ပြုသွားရသည်အထိ လူ့ဘဝ၏ နစ်နာဆုံးရှုံးမှုဒဏ် အကြောင်းအမျိုးမျိုးကြောင့် ခံကြရလေသည်ဟူသော သဘောတရားအမှန်ကို ထင်မြင်သဘောပေါက်ရန် ကောင်းပေသည်။

မနူဟာဘုရင်ပောင်းကို အနော်ရထာဘုရင်က မိမိကိုယ်စားတော် ဘုရားကြီးဝေယျာဝစ္စ ဆောင်ရွက်စေရန် မနူဟာကိုယ်တိုင်၏နောင်တမလွန်ဘဝ ကောင်းကျိုးချမ်းသာ ခံစား၊ စံစားရစေရန် ရည်သန်၍ဘုရားသို့ လှူဒါန်းခဲ့ခြင်း၊ စေတနာရင်း မူမှန်သဘောတရားကို လေးလေးနက်နက် ကွဲကွဲပြားပြား မစဉ်းစားတတ်ကြသည့် အတိုင်း မွန်မြန်မာစည်းလုံးမှုကို အာရုံမပြုလိုကြသူ အချို့တို့သည် ပြည်ထောင်စုသားအချင်းချင်း မျက်နှာထား တင်းလာစေရန် တစ်ခါတစ်ခါ အကြောင်းအားလျော်စွာ ဘုရားကျွန်စကားကို အသုံးပြု၍ နှလုံးခုဖွယ်ရာ ပြောကြားလာတတ်ကြသည်။ ယင်းသို့သော ပြောစကားများကို ရှေ့အဖို့ ကြားလာကြရလျှင် အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် ကျွန်ုပ်တို့ ဆင်ခြင်

လေ့လာချက်များကို ထောက်ထားတွေးဆ၍ သွေးမျှစရာနှော "မွန်မြန်မာ လူတစ်မျိုးတည်း" သဘောသို့ သက်ရောက်ခဲ့ပြီးသော "သွေးရင်း သားရင်း" ဖြစ်သည့် မွန်အမျိုးသားများက နားယောင်မိ မမှားကြရန် သတိရှိသင့်ကြကြောင်း စေတနာကောင်းဖြင့် အကြောင်းအားလျော်စွာ ပြဿနာသဘောတရားကို ဖော်ကာ ရေးသားလိုက်ရပေသတည်း။

## ရွှေမုဋ္ဌော ဘုရားသမိုင်း

ကောဇာသက္ကရာဇ် ၉၃၀ (တစ်စောင်သောရာဇဝင်၌ ၈၀၀-ပြည့်နှစ်) လွန်၍ မင်း ၆၆-ဆက် ရောက်လတ်သောအခါ သီဟိုဠ်ကျွန်းကို အစိုးရတော်မူသော **"မဟာနာမမင်း"** လက်ထက် အရှင်မဟာအရဟံ ရဟန္တာ ထေရ်မြတ်ကြီးသည် ကြီးစွာသော ဓမ္မသံဝေဂ ဖြစ်တော်မူသည်မှာ -

**"သုံးလောက ဘဂဝါ အစိန္တေယျာ၏ သာသနာတော် ငါးထောင် တည်သမျှ ကာလပတ်လုံး မည်သည့် တိုင်းပြည် မြို့ရွာ၌ ဘုရားသာသနာ တည်ထွန်းပါအံ့နည်း"** ဟု ဆင်ခြင်တော်မူသည်ကို သိကြားမင်း သိတော်မူ၍ မဟာထေရ်ကြီးထံ ချဉ်းကပ်ပြီးလျှင် -

"အရှင်ဘုရား အဘယ်ကြောင့် ဓမ္မသံဝေဂ ဖြစ်တော်မူပါသနည်း။"

"သိကြားမင်း - မြတ်စွာဘုရား သာသနာတော် ငါးထောင် တည်သရွေ့ ကာလပတ်လုံး ရှင်တော် ဗုဒ္ဓသာသနာသည် ရှည်ကြာအမြဲ တည်အံ့သော မြို့ရွာဒေသကို သိလိုသောဆန္ဒ အားကြီးလှ၍ ဓမ္မသံဝေဂ ဖြစ်ပါသည်။"

"အရှင်ဘုရား စိုးရိမ်တော်မမူပါနှင့်၊ ဟိမဝန္တာ၌ ပေါက်ရောက်သော သရက်ခံနှစ်ကို ဤဘဒ္ဒကပ်ကမ္ဘာဝယ် ပွင့်တော်မူပြီးသော ကကုသံ, ကောဏာဂုံ, ကဿပ, ဂေါတမဘုရား ၄-ဆူ ရုပ်ပွားတော်နှင့် သဏ္ဌာန် အတူ ထုလုပ်တော်မူ၍ သရီရဓာတ်သွင်းတော်မူပြီး ကျောက်ကမ္ဗည်း ထုလုပ်လျက် မဟာဗောဓိပင်အစစ်မှ ၄-စေ့သော ဗောဓိစေ့ကို ပျိုးလိုက်၍ ၄-ဌာနဒေသ သာသနာတော်တည်ရာသို့ကြွတော်မူပါဘုရားဟု အရှင်မြတ်နှင့်တကွ ရဟန္တာအပေါင်းတို့သည်လည်းကောင်း၊ ဘုရားတပည့်တော်တို့ သည်လည်းကောင်း သစ္စာအဓိဋ္ဌာန်ပြုတော်မူပြီး လွှတ်တော်မူပါလျှင် ထိုကြောင့်ကြခြင်းသည် ကင်းပါမည်ဘုရား" ဟု သိကြားမင်း လျှောက်လေ၏။

## ၁။ အရှင်မဟာအရဟံ ရဟန္တာအရှင်မြတ်သည် ရုပ်ပွားတော်မြတ်လေးဆူတို့အား ဓာတ်တော်သွင်းပြီး သစ္စာအဓိဋ္ဌာန်ပြု၍ မျှောလွှတ်တော်မူခြင်း

အရှင်မဟာအရဟံ ရဟန္တာအရှင်မြတ်သည် အလွန်ဝမ်းမြောက်တော်မူ၍ သရီရဓာတ်တော် ၄-ဆူ ထုတ်ပေးပြီး သိကြားမင်းအား စီရင်စေ၏။

ယင်းအကြောင်းကို မဟာနာမမင်းကြီးအား ကြားစေလေလျှင် မင်းကြီးသည် မှူးမတ်ပြည်သူ လူထုအများ နှင့် စည်းဝေးတိုင်ပင်ပြီး သရက်ခံနှစ်ကို ရုပ်ပွားတော် ၄-ဆူ ထုလုပ်၍ **"သင်္ဘော်န်းတုံး, ပိတောက်တုံး, လက်ပံတုံး, ပျဉ်းမတုံး"** များပေါ်တွင် ကျောက်စာကမ္ပည်း ရိုက်ကာ ထီးဖြူတစ်စင်းစီ စိုက်၍လည်းကောင်း၊ ရွှေဖျဉ်းအိုးငယ် တစ်လုံးစီတွင် ရွှေမြေထည့်၍လည်းကောင်း အသင့်ထားရှိလေ၏။


သိကြားမင်းသည် စတုမဟာရာဇ် နတ်မင်းကြီး ၄-ပါးတို့အား ရုပ်ပွားတော်တစ်ဆူစီ ကိုင်စေ၍ မိမိမှာမူကား မဟာဗောဓိစေ့ ၄-စေ့တို့ကို ကိုင်၍ တူရိယာငါးပါးဖြင့် တီးမှုတ်လျက် နတ်သား, နတ်သမီး အပေါင်း ခြံရံ၍ သန်းခေါင်ကျော်အချိန်ဝယ် လာရောက်၍ မဟာထေရ်ကြီးထံ ခစားလျက် ရုပ်ပွားတော်များအတွင်း ဓာတ်တော် သွင်းပြီးလျှင် မဟာဗောဓိစေ့ ၄-စေ့တို့ကိုလည်း ရွှေဖျဉ်းအိုးတစ်လုံးစီတွင် စိုက်ပျိုးလိုက်သည်နှင့် တစ်ပြိုင်နက် တစ်တောင်ခန့်မြင့်သည့် ဗောဓိပင်ကလေးများ ပေါက်လာလေ၏။ ယင်းရုပ်ပွားတော် ၄-ဆူနှင့်တကွ ရွှေဖျဉ်းအိုး တစ်လုံးစီကိုပါ သင်္ဘော်န်းတုံး, ပိတောက်တုံး, လက်ပံတုံး, ပျဉ်းမတုံးများပေါ်တွင် တင်ထားလေ၏။

ယင်းနောက် မဟာထေရ်ကြီးနှင့်တကွ ရဟန္တာအပေါင်းတို့သည် **မဟာသုဒ္ဓ သဘော်ဆိပ်ကမ်း၌** ဆောက်လုပ်ထားသော မဏ္ဍပ်ကြီး အတွင်း မီးရှူးမီးတိုင်, နတ်အမွှေးတိုင်တို့ဖြင့် ထိန်လင်းစွာ ထွန်းညှိလျက် **"ခမ်းနား သပ္ပာယ်လှစွာ ပူဇော်ထားရှိလေ၏။"**

ယင်းအချိန်ဝယ် မဟာနာမမင်းကြီးသည် ထိန်ဝင်းလှစွာသော မီးရှူးမီးတိုင်တို့ကို နန်းတော်လေသာ ပြတင်းမှ မိဖုရားကြီးနှင့်အတူ မြင်လတ်သော် တစ်ထောင်သော မြင်းတပ်တို့ကို စစ်သူကြီးအား အမြန်ပြင်ဆင်စေ၍ **"အသင်မိဖုရား နံနက်အရုဏ်တက်အချိန်တွင် သံဃာတော်အရှင်မြတ်များအတွက် ဆွမ်းနှင့် ရောက်စေရမည်"**ဟု မှာကြားတော်မူခဲ့ပြီး မဟာသုဒ္ဒ သင်္ဘောဆိပ်သို့ သွားရောက်လျှင် သိကြားမင်း, နတ်မင်းတို့ စီမံထားသည့် မီးရှူးမီးတိုင်တို့နှင့်တကွ ရုပ်ပွားတော် ၄-ဆူနှင့် ရွှေဖျဉ်းအိုးတို့၌ စိုက်ပျိုးထားသည့် မဟာဗောဓိပင်တို့ကိုမြင်၍ မင်းကြီးနှင့်တကွ စစ်သူရဲအပေါင်းတို့ပါ အလွန်အံ့သြ ကြည်ညိုသောစိတ်ဖြင့် ဖူးမြော်နေကြသည်အခိုက် ရုပ်ပွားတော် ၄-ဆူတို့သည် ၄-ဖြာသော အဆင်းရူပကာယတော်နှင့် ရောင်ခြည်တော် ခြောက်သွယ် ထွက်တော် မူ၍ ထန်းနှစ်ဖျားခန့် အမြင့်မှ ကောင်းကင်ပေါ်ဝယ် စင်္ကြံကြွလူး ကွန့်မြူးတော်မူသည်ကို မင်း, မိဖုရားနှင့်တကွ ပြည်သူလူထုအပေါင်းတို့ ဖူးမြင်ကြရာ အံ့ချီးမကုန်ဖြစ်ကြလျက် ၄-ဆူသော ရုပ်ပွားတော်နှင့်တကွ တစ်သောင်း ငါးထောင်နှစ်ကျိပ် ငါးပါးသော သံဃာတော်တို့အား ဆွမ်း, သင်္ကန်း ပရိက္ခရာရှစ်ပါးတို့ကို ကျွေးမွေးဆက်ကပ် လှူဒါန်းပြီးသောအခါ ရှင်အရဟံ ရဟန္တာထေရ် မြတ်ကြီးနှင့်တကွ ရဟန္တာအရှင်မြတ်များသည် မဟာသုဒ္ဒ သင်္ဘောဆိပ်သို့ ဆင်းကြွတော်မူ၍ မဟာနာမမင်းကြီး အပါးတော်၌ ထားပြီးလျှင် မဟာထေရ်ကြီးသည် ဤသို့ အမိန့်ရှိပြုတော်မူလေ၏။

**"ဤဘဒ္ဒကမ္ဘာ၌ ၄-ဆူသော ဘုရားရှင်တို့ ပွင့်တော်မူလေကုန်ပြီ၊ ယင်းမြတ်စွာဘုရား ရုပ်ပွားတော်တို့သည် ဤသီဟိုဠ်ကျွန်းမှ ဗုဒ္ဓသာသနာ ငါးထောင်ပတ်လုံး တည်ရာဌာန တိုင်းပြည် မြို့ရွာတို့သို့ ကြွရောက်တော်မူစေသတည်း"** ဟူ၍ အမိန့်ရှိပြုတော်မူလေ၏။

သိကြားမင်းကလည်း **"ဗုဒ္ဓသာသနာ ငါးထောင်တည်သမျှ ကာလပတ်လုံး အကျွန်ုပ် စောင်မ ကြည့်ရှုနိုင် ပါစေသတည်း"** ဟု



ရှင်မုတ္တိုးရှာ သိမ်တော်ကြီးအတွင်း စံနေတော်မူသော
"ရွှေမုတ္တိုးဘုရား" ပုံတော်။

နတ်ပန်း၊ နတ်ဆီမီးတို့ဖြင့် ပူဇော်၍ အမိဋ္ဌာန်ပြုကာ ဆုတောင်းလေ၏။ ယင်းအချိန်ကား ကောဇာသက္ကရာဇ် ၉၃၈-ခုနှစ် တပေါင်းလပြည့်နေ့ ဖြစ်လေသည်။

ယင်းသို့ သစ္စာအမိဋ္ဌာန်ပြုပြီး မျှောလိုက်သည်နှင့် တစ်ပြိုင်နက် ၄-ဆူသော ရုပ်ပွားတော်မြတ်သည် စက်ယန္တရား ခုတ်လုပ်သွားသကဲ့သို့ လျင်ဆောစွာ ကြွသွားတော်မူကြလေ၏။

**၂။ လေးဆူသော ရုပ်ပွားတော်များ ရောက်ရှိသည့်ဒေသများ**

ယင်း ၄-ဆူသော ရုပ်ပွားတော်များ ရောက်ရှိသည့်ဒေသတို့ ဘုရားသမိုင်းများ၌ ကွဲပြားလျက် ရှိကြသည်မှာ-

**"တစ်စောင်သော သမိုင်းတွင်"**

ယင်း ၄-ဆူအနက် တစ်ဆူသည် ပုသိမ်မြို့သို့ရောက်ရှိပြီး **"ရွှေမုဋ္ဌောဘုရား"** ဟူ၍လည်းကောင်း၊

တစ်ဆူသည် ကျိုက်ပေါလောမြို့သို့ ရောက်ရှိပြီး **"ကျိုက်ပေါလော ဘုရား"** ဟူ၍လည်းကောင်း၊

တစ်ဆူသည် ကျိုက္ခမီမြို့သို့ ရောက်ရှိပြီး **"ကျိုက္ခမီ ရေလယ် ဘုရား"** ဟူ၍လည်းကောင်း၊

ကျန်တစ်ဆူသည် ထားဝယ်မြို့သို့ ရောက်ရှိပြီး **"ရှင်မုတ္ထီးဘုရား"** ဟူ၍လည်းကောင်း ရေးသားထားရှိ လေသည်။

**"တစ်စောင်သော သမိုင်းတွင်"**

တစ်ဆူသည် **"သံတွဲမြို့"** ၌ လည်းကောင်း၊ တစ်ဆူကား ယောနကတိုင်း **"လောမြို့"** ၌ လည်းကောင်း၊ တစ်ဆူကား **"ဘီလင်းမြို့"** ၌ လည်းကောင်း၊ ကျန်တစ်ဆူကား **"ထားဝယ်မြို့"** ၌ လည်းကောင်း ဟူ၍ ရေးသား ထားရှိလေသည်။

"တစ်စောင်သော သမိုင်းတွင်"

တစ်ဆူ "**ရွှေမုဋ္ဌီး**"၊ တစ်ဆူ "**သံတွဲ**"၊ တစ်ဆူ "**ကျိုက္ခမီ**"၊ တစ်ဆူ "**စိန်ပြည်**" ဟူ၍ ရေးသားထားရှိ လေသည်။

## ၃။ တစ်ဆူသော ရုပ်ပွားတော်သည် ထားဝယ်ချောင်းဝသို့ မျောဝင်ကြွရောက်လာခြင်း

မည်သို့ဖြစ်စေ "**နတ်တို့ချီ၍၊ ကူညီပင့်ဆောင်၊ ရွှေညောင်တူစွ၊ ထားဝယ်ဝတွင်၊ သက်န်းပင်နှင့် မျောဝင် ကြွလာ၊ ကျောက်ပြင်သာထက်၊ ထိုင်ရက်ထက်ဝယ်၊ ကောင်းကင်လယ်က၊ ငှက်ငယ်များစွာ၊ တောင်ယှက် ကာ၍၊ ရေမှာလျှင်ငါး၊ ရေများမှုတ်တင်၊ ပေါက်ပေါက်သွင်သို့၊ ကြဲဖျင်ဖျော်ဖျော်၊ ရေပူဇော်လျက်၊ ဖောင်တော်မျောလာ၊ တံငါလှေသွား၊ မြင်သောအားကြောင့်၊ မင်းနားလျှောက်တင်၊ ဝေတီသခင်သည်၊ ကြည်ရွှင်သဒ္ဓါ၊ ဗိုလ်ပါဗိုလ်ခြေ၊ ထွေထွေမငြီး၊ ရွှေလှေစီးလျက်၊ သီးသီးခြွေရံ၊ စည်သံဗုံမောင်း၊ မြစ်လုံးညောင်းမျှ၊ အဲကောင်းသံချီ၊ တီးမှုတ်သီ၍ အောင်စည်နိမိတ်၊ အောင်အတိတ်ဖြင့်၊ အောင်ဟိတ် သဘင်၊ ဆင်ယင်ဝဲချီး၊ မုဋ္ဌီးဆိပ်မှာ**" စသည်ဖြင့် ရှေးသူဟောင်း "**ဖွားသက်မ**" (အဖွားအိုိ)များ ယနေ့တိုင် ရှိခိုးနေကြသည့် သမိုင်းဟောင်း တစ်စောင်လာ ဘုရားရှိခိုး စာတမ်းတွင် ရေးသားဖော်ပြထားရှိသည့် အတိုင်း -

## ၄။ ဝေတီ (ဝေဒီ) မင်းကြီး စောသီလသည် ရုပ်ပွားတော်မြတ်အား ပင့်ဆောင်သော်လည်း မပါဘဲရှိခြင်း

ကောဇာသက္ကရာဇ် ၇၀၀-ကျော်မှ ၈၀၀-အတွင်း ဝေတီမြို့ (ယခု ထားဝယ်မြို့မှ အနောက်ဘက်ကမ်း ၃-မိုင်ခန့်အကွာ မြစ်တစ်ဘက်ကမ်းရှိ ဝေတီရွာ)ကို အုပ်စိုးသည့် ရှင်ဇံ (နန္ဒိယ) မင်းနှင့် မိဖုရား စောမြဒေဝီ၏ သားတော် ဗလဒေဝစောရန်နိုင်ခေါ် "**စောသီလမင်း**" လက်ထက် ထားဝယ်မြစ်အတွင်းသို့ ဗောဓိညောင်ပင် တစ်ပင်နှင့် အောက်ခံ

သက်နက်သားနှင့် ကျောက်ပြားပေါ်တွင် ရုပ်ပွားတော်တစ်ဆူ ပါရှိသည့် ဖောင်တော်တစ်ခု မျောဝင်ကာ သောင်ပြင်ဦးတစ်ခု၌ ဆိုက်ကပ်နေကြောင်း တံငါလှေသွား လုလင်များထံမှတဆင့် မင်းစောသီလ ကြားသိတော်မူလတ်သော် -

မင်းကြီးအမိန့်တော်အရ ဝေတီကင်းရွာသူကြီး **"လက်ျာပုံချိဦးမှူ"** က လူပေါင်းတစ်ရာကျော်ခန့် လှေကြီး လှေငယ် အသွယ်သွယ်တို့နှင့် ကမ်းဆိပ်သို့ ပင့်ယူပါသော်လည်း မပါရှိနေခြင်းကြောင့် မင်းစော သီလသည် ချက်ချင်းပင် ရွှေလှေရွှေလောင်းတို့နှင့် ထက်ကြပ်မကွာ လိုက်ပါ၍ ပင့်သော်လည်း **"ရုပ်ပွားတော်ဖောင်သည် စော်ချောင်း (ယခု ရွှေဂူတောင်ခြေရင်းရှိ စော်ဝချောင်း) အတွင်းသို့ ဝင်သွားလေသဖြင့် မမိ၍ ပြန်လည်လာခဲ့ရလေ၏။**

## ၅။ ညောင်စင်ရွာ

ရုပ်ပွားတော်ဖောင်သည် မြို့ဆိုးရွာသို့ ရောက်သွားသဖြင့် ယင်းရွာမှ တံငါလုလင်အပေါင်းတို့သည်လည်း အလွယ်တကူနှင့် ပင့်ယူ၍ မရသောကြောင့် သက်န်းတုံးတွင် ကြိုးနှင့်ချည်ပြီး ကြိုးတစ်စကို စော်ချောင်းကမ်းပါးရှိ ညောင်ပင်တစ်ပင်မှ ညောင်ကိုင်းတွင် ချည်လျက် ဆွဲကြရာ ညောင်ကိုင်းပြတ်ကျ လွင့်စင်သွားလေ၏။ ယင်းနေရာကို **"ညောင်စင်ရွာ"** ဟူ၍ပင် ရှေးအခေါ် မပျက်ဘဲ ယနေ့တိုင် စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်ရှိ ထင်ရှားနေလေသည်။

> (ရာဇဝင်တစ်စောင်၌ကား **"ဗောဓိညောင်ကိုင်းကို ကြိုးနှင့်ချည်ဆွဲကြပြန်သော်လည်း ရေညာကိုသာ ဆန်၍တက် လေသဖြင့် ညောင်ကိုင်းပြတ်ကျသောကြောင့်"** ဟူ၍ ရေးသား ထားရှိ လေသည်။ ယင်းကို ဝေဖန်ရလျှင် မဟာနာမမင်းနှင့် သိကြားမင်းတို့ အဓိဋ္ဌာန်ပြု၍ ရုပ်ပွားတော်များကို မျှောလိုက်စဉ အခါက ဗောဓိပင်မှာ အမြင့်တစ်တောင်ခန့်သာရှိသည်ဟု

ဆိုထားသဖြင့် ထိုမျှသာ မြင့်သေးသည့် ဇောမိညောင်ကိုင်း ကလေး၌ ကြိုးချည်၍ မဖြစ်နိုင်ချေ။ ကမ်းပါးရှိညောင်ပင်ကြီးသာ ဖြစ်သင့်သည်ဟု ယူဆရပေသည်။)

## ၆။ ဖွားသီလရှင် အမှူးပြု၍ မုတ္တီးမြို့သူမြို့သားများသည် ရုပ်ပွားတော်မြတ်အား ပင့်ဆောင်တော်မူခြင်း

ယင်းနောက် ပေါက်တိုင်းချောင်းသို့ ဝင်ရောက်အပူဇော်ခံပြီး ရေစီးရာ ချောင်းဝဘက်မှ ပြန်ကြွထွက်လာ သည်ကို လှေသွားလုလင် တို့နှင့်တွေ့ပြန်၍ ဝေတီမင်းကြီးထံ လျှောက်ကြပြန်လေ၏။ ဝေတီမင်းကြီး စောသီလလည်း ရွှေလှေရွှေလောင်း ပြည်သူအပေါင်းနှင့် ရုပ်ပွားတော်ကို ပင့်ရန် ကြိုးများဖြင့် ဆွဲယူကြပါသော်လည်း မပါမရှိဖြစ်နေစဉ် ဝေတီမြို့မှ မြစ်အရှေ့ဘက်ကမ်းရှိ အင်းဝဘုရင်မင်းခေါင်၏သား **"မင်းတရား"** ထီးနန်းစိုက်၍ အုပ်စိုးခဲ့ဖူးသည့် **"မုတ္တသုခနဂရမြို့"** (ယခု ရှင်မုတ္တီးရွာ)နေ သီလရှင် အဖွားအို **"မယ်ဧသီ"** (လူအမည် မယ်မင်းမွှေး)က ညဥ့်အိပ်မက်အရ **"ချည်ပင် ၇-ပင်ကို သက်န်းတုံး၍ ချည်လျက် မယ်သီလနှင့် မြို့သူမြို့သားများ ဆုတောင်းပြီး အဓိဋ္ဌာန်ပြု၍ ဆွဲကြရာ"** မင်းသီလဘက်သို့ မပါဘဲ မယ်သီလရှင်ဘက်သို့ ပါလေသဖြင့် မုတ္တသုခ နဂရမြို့ မင်းတရား နန်းကုန်းတော်ပေါ် သို့ မြို့သူမြို့သားများ ထမ်းဆောင် ချီပင့်လျက် **"ကောဇာသက္ကရာဇ် ၈၀၀-ပြည့်နှစ် တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်နေ့တွင် တည်ထားကိုးကွယ် ပူဇော်ကြလေ၏။"**

## မုတ္တာသုခနဂရမြို့အကြောင်း

ကောဇာသက္ကရာဇ် ၇၂၉-ခုနှစ်တွင် **"မင်းကြီးစွာစောကဲ"** သည် ရတနာပူရ အင်းဝ ရွှေထီး, ရွှေနန်းကို သိမ်းမြန်းတော်မူ၍ သားတော်အကြီး **"တရဖျားမင်းသား"** အား အိမ်ရှေ့အရာ ပေးအပ်တော်မူ၏။ ယင်းအခါ သားတော် ၂-ပါးမှာ မသင့်မြတ်ကြ၍ သားတော်အငယ် **"မင်းဆွေ"** အား နှိပ်စက်မည်ကို စိုးရိမ်သဖြင့် ပင်လယ်ကျေး **"သယ်ရာဇာဆရာတော်ထံ အပ်နှံကာ ပညာသင်ကြားစေလေ၏။"**

မင်းဆွေသည် အဋ္ဌာရသ ၁၈-ပါးသော အတတ်ပညာများကို တတ်မြောက်သဖြင့် လက်စွဲတော် **"ခေါင်ညို"** နှင့် **"ခေါင်ဘ"** တို့ကို တိတ်တဆိတ်တိုင်ပင်ကာ မြင်းကိုယ်စီစီးလျက် ဆရာတော်ကျောင်းမှ ထွက်ခွာလာခဲ့ကြလေ၏။ ကျွန်အရှင် ၃-ဖော်တို့မှာ တောလမ်းတောင်လမ်း စခန်းအသီးသီး မြို့ကြီးရွာငယ် အသွယ်သွယ်သော ဒေသများကို ဖြတ်ကျော်ကူးသန်းလာကြပြီးနောက် အောက်ပြေတရိုး ပဲခိုး (ပဲခူး) မုတ္တာ၊ မောရရွှေမြိုင် (မော်လမြိုင်) ခရိုင်လုံးစုံ မုဒုံတလီ, ကျိုက္ခမီတစ်သွယ်, ရေးနယ်တစ်လျှောက် ဆိုက်ရောက်ကာ မကြာမဆိုင်း **"ဒူရကတိုင်း မြို့ထားဝယ် ဆန်းကြွယ်ချောင်းကမ်းပါးသို့ ၃-ဦးသားရောက်ရှိကြလေ၏။"**

### ၁။ မင်းဆွေနှင့် ဆံရှည်မ

ဆန်းကြွယ်ချောင်းကို ဖြတ်ကူးရာ မင်းဆွေ၏ မြင်းခြေထောက်တို့၌ ဆံပင်များ ထွေးလုံးရစ်ပတ် ငြိတွယ် နေသည်ကို မြင်သဖြင့် မင်းဆွေသည် မြင်းပေါ်မှဆင်း၍ ဆံပင်ကို တိုင်းထွာကြည့်ရှုရာ သုံးထောင့်တစ်ထွာခန့် ရှည်သည်ကို သိရလျှင် **"သုံးထောင့်တစ်ထွာဆံကေသာ"** ဟူသော အဆိုနှင့် ညီညွတ်မည့် အပျိုချောကလေးဖြစ်လိမ့်မည်အထင်နှင့် မှန်းစိတ်အလျောက် ချောင်းအထက်ဖက်သို့ တက်ရောက်ရှာဖွေရာ မနီး, မဝေး၌ပင် ကျောက်ဖျာပေါ်တွင်ထိုင်ကာ

**"ခေါင်းလျှော်နေသည့် ဆံပင်ရှင်ကို တွေ့ရှိရာ"** မင်းဆွေမှာ မိမိ၏စိတ်မှန်းနှင့် ကိုက်ညီလှသဖြင့် လွန်မင်းစွာ ဝမ်းသာလေ၏။ ၎င်းနှင့် မနီး, မဝေးမှာလည်း အပျိုဖော်တစ်စုတို့မှာ ရေကစားသူ ကစား, ခေါင်းလျှော်သူလျှော် ပြုလုပ်နေကြသည်ကို တွေ့မြင်ရလေ၏။

ဆံရှည်မမှာ ခေါင်းငုံ့ကာ ခေါင်းလျှော်နေသဖြင့် မင်းဆွေလာသည်ကို မသိချေ။

(ငခင်ညိုနှင့် သခင်ဘတို့ကား ခပ်လှမ်းလှမ်းမှ မြင်းများကို ရေတိုက်ရင်း စောင့်နေကြလေ၏။) မင်းဆွေက ချောင်းဟန့်သံပေးလိုက်တော့မှ ဆံရှည်မမှာ မော့ကြည့်ကာ အံ့အားသင့်နေလေ၏။ မင်းဆွေသည် ဆံရှည်မနှင့် လက် ၂-ကမ်းလောက်အကွာ ကျောက်တုံးကလေးတစ်ခုပေါ်၌ တင်ပါးလွှဲထိုင်ကာ စ,တင်နှုတ်ခွန်းဆက်လိုက်၏။

**"ဒီရွာ ဘာရွာလို့ခေါ်ပါသလဲ နှမရယ်၊ နှမအမည်က ဘယ်လိုခေါ်ပါသလဲ။"**

မဆံရှည်က တုန်ရီသောအသံဖြင့် ဒီရွာဟာ **"ဆန်းကြယ်ရွာ"** လို့ ခေါ်ပါတယ်။ ကျွန်မအမည်ကတော့ ဆံပင်ရှည်တဲ့အတွက် အားလုံးကပဲ **"ဆံရှည်မ"** လို့ ခေါ်ကြပါတယ်။ **"မဆံရှည်"** လို့လဲ ခေါ်ကြပါတယ်ရှင်။

**"နှမရဲ့မိဘ အခြေအနေကိုလည်း သိလိုပါတယ်။"**

**"ကျွန်မရဲ့အဖေက ဒီရွာမှာ ရွာသူကြီးပါပဲရှင်၊ အစ်ကိုက ဘယ်အရပ်က ဘာလဲရှင်။"**

အစ်ကိုတို့ ရောက်လာရခြင်းကတော့ ဒီလိုပါ။ အစ်ကိုတို့မှာ အထက်အင်းဝတိုင်းပြည်ကပါ။ အစ်ကိုတို့ရဲ့ ခမည်းတော် **"မင်းကြီးစွာစော်ကဲ"** ဆိုတာ နှမ ကြားဖူးပါလိမ့်မယ်။ ခမည်းတော်ဟာ အင်းဝတိုင်းပြည်မှာ နန်းတက် အုပ်စိုးတဲ့အခါ ခမည်းတော်မှာ သားတော် ၂-ပါး ရှိပါတယ်။ အစ်ကိုက အငယ် **"မင်းဆွေ"** လို့ ခေါ်ပါတယ်။ အစ်ကိုရဲ့

နောင်တော်က **"တရဖျား"** မင်းသားတဲ့။ ခမည်းတော် နန်းတက်တော့ နောင်တော် တရဖျားမင်းသားကို အိမ်ရှေ့အရာ ပေးအပ်တော်မူတယ်။ အစ်ကိုတို့ညီနောင် ၂-ပါး မသင့်မတင့်ဖြစ်တာနဲ့ ခမည်းတော်က အစ်ကိုအား "ပင်လယ်ကျေး သယ်ရာဇာဆရာတော်ထံ အပ်နှံပြီး ပညာများ သင်ကြားစေပါတယ်။ ပညာများ သင်ကြားနေရင်း ဆရာတော်ဘုရားက ငါ့တပည့်မှာ ဇာတာစန်းလဂ်များ ညံ့တဲ့အတွက် စိုးရိမ်မကင်းဖြစ်ကာ ဝေးရာသို့ တိမ်းရှောင် နေလေဦးတော့။ ၃-နှစ်က ကျော်လွန်မှ တိုင်းတော်ပြည်တော်သို့ ပြန်ခဲ့လေတော့လို့ အမိန့်ရှိတော်မူ တာနဲ့ ဆရာတော်ဘုရားရဲ့ အမိန့်တော်အတိုင်း အောက်ပြည်, အောက်ရွာ ဒေသသို့ လက်စွဲတော် ငယ်ကျွန် ၂-ယောက်နှင့် အတူ မြင်းကိုယ်စီစီးပြီး လာခဲ့ကြရာ ပရံပရ ဘဝအဆက်ဆက်က ချဖူးသော ရေစက်, ပန္နက် ဖူးသော သစ္စာ၊ ရွှေနဖူးစာထူးများ ပါရှိသည့်အတွက် ဖူးစာနတ်များက လမ်းညွှန်ပြစဉ် မြင်းတွင်ဆံရစ် ယင်းသနစ်ကြောင့် အခင်းထိုက်မြိုက် တိုက်ဆိုက်ကြုံလာ သေချာကျန နှမတို့နေရာ ဤနေရာ ဤဒေသသို့ အစ်ကိုတို့ ရောက်လာခဲ့ရ ပါတယ်။ အစ်ကိုအား သဒ္ဒါကြည်ဖြူပါက နောင်နန်းသူ ဖြစ်ပါလိမ့်မယ် နှမရယ်" ဟု ဆိုလိုက်ရာ -

ဆံရှည်မမှာ မင်းသားမှန်းသိသဖြင့် မခို့တရို့နှင့် ခပ်ပြုံးပြုံးကလေး မျက်နှာပေးဖြင့် နန်းတော်သုံး အမူအရာ ယဉ်ကျေးပျူငှာစွာနှင့် "မောင်ဘုရား မိန့်တော်သံကို ဘုရားနှမလေး ကြားရတဲ့အတိုင်း ဖီဆန် ငြင်းပယ်ရန် မရှိပါ။ နှမစံရာ အိမ်ဂေဟာ၌ နှမလေးနှင့်အတူ ပျော်ရွှင် ချမ်းမြေ့စွာ နေနိုင်ပါတယ်။ နှမလေးက ကြည်ဖြူသဒ္ဒါရှိပါ သော်လည်း နောင်ကို မောင်ဘုရားက မပျော်ပိုက်မှာ စိုးရိမ်လှပါတယ်ဘုရား။"

"မစိုးရိမ်ပါနဲ့ နှမရယ်၊ မင်းမှာသစ္စာ, လူမှာကတိ" ဆိုတဲ့အတိုင်း သစ္စာရှိရှိနဲ့ နှမလေးနဲ့အတူ မောင်ဘုရား ပျော်ပျော်ကြီးနေပါ့မယ်။"

"ကောင်းလှပေ့ါ မောင်ဘုရားရေ၊ မောင်ဘုရားနဲ့ နှမလေးတို့မှာ ကလေးချင်းဘာဝ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှပြီး သစ္စာလဲရကြပြီ။

နှမလေးတို့ အိမ်ဂေဟာဌာန လှမ်းကြွပြီးတော့ နှမလေးရဲ့ အဖေ, အမေတို့ထံ သားသမက် ပြုပါမည့်အကြောင်း ခွင့်ပန်တောင်းပေတော့ မောင်တော်ဘုရား။ အိမ်ဂေဟာ ဌာနလည်း မဝေးလှပါဘူး၊ ခဲနှစ်ပစ်လောက် လျှောက်ရင် ရောက်ပါလိမ့်မယ်။"

ကိုင်း . . . ဒါဖြင့် နှမရဲ့ အပျိုဖော်တစ်စုတို့နဲ့ ရှေ့ကလမ်းပြပြီး လှမ်းကြွပေတော့ **"မောင်ဘုရားနဲ့ ငယ်ပါကျွန်များက မြင်းကို ဇက်ချုပ်စီးပြီး မနီးမဝေးက လိုက်ခဲ့ပါ့မယ်"** ဟု ပြောဆိုပြီး သွားကြလေ၏။

**၂။ မင်းဆွေနှင့် မဆံရှည်ကို မိဘများက သဘောတူကြခြင်း**

အိမ်သို့ရောက်လျှင် ဖခင် သူကြီးမင်းနှင့် မိခင်တို့အား ဖြစ်ကြောင်းကုန်စင် စုံအလင်တို့ကို ပြောပြရာ သဘောကျ ဝမ်းမြောက်လှသဖြင့် များမကြာမီပင် နေ့ကောင်းရက်မြတ်ကို ရွေးချယ်ပြီး **"ချစ်သူနှစ်ဦးအား လက်ထပ် ထိမ်းမြားလိုက်လေ၏။"** မင်းဆွေကလည်း မိမိ၌ပါရှိသမျှ ပစ္စည်းဥစ္စာများကို ဆံရှည်မအား ပေးအပ်လေ၏။

**"မောင်ဘုရားကို အခြားသူများကမေးက မင်းညီမင်းသားလို့ မပြောဘဲ မိုးကုတ်မြို့က ကျောက်ကုန်သည်လို့ ပြောပါ"** ဟူ၍ ဆံရှည်မအား သတိပေးထားလေ၏။

ယင်းသို့ဖြင့် ၃-နှစ်ခန့်ကြာလတ်သော် -

မင်းဆွေသည် အင်းဝတိုင်းပြည်သို့ ပြန်တော့မည်အကြောင်းကို ဆံရှည်မအားပြောပြီး နဝရတ်လက်စွပ်ကို ချွတ်၍ ပေးခဲ့ပြီး **သားယောကျ်ားမွေးက အရွယ်ရောက်လျှင် မင်းသားတို့ တတ်အပ်သော ပညာရပ်များကို သင်ကြားစေပြီး ပညာများ စုံလင်သော် ဤနဝရတ် လက်စွပ်နှင့်တကွ မောင်ဘုရားထံလွှတ်လိုက်ပါ။ သမီးမိန်းမ မွေးမူ ဤနဝရတ် လက်စွပ်ကို ရောင်းချပြီး သုံးစွဲကြလေတော့"** ဟု မှာထားကာ ငယ်ကျွန် ၂-ယောက်နှင့်အတူပင် အင်းဝတိုင်းပြည် ပြန်လည်သွားကြလေ၏။

## ၃။ သားလှရွှေသွေး လူကလေး

မင်းဆွေ အင်းဝတိုင်းပြည်သို့ ပြန်လည်သွားပြီးနောက် ကောဇာ သက္ကရာဇ် ၇၅၁-ခုနှစ် တပေါင်းလဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့ နေတက် ရေတက် အချိန်တွင် ဆံရှည်မ၌ သားလှရွှေသွေး လူကလေးကို မျက်နှာမြင်လေသည်။ သူ့အဖေက မင်းသားဖြစ်သောကြောင့် သားကလေးကိုလည်း **"မင်းသား"** ဟူ၍ပင် ခေါ်ကြလေသည်။ အသက် ၇-နှစ်အရွယ် ရောက်ရှိလတ်သော် **"ဆန်းကြယ်ကျောင်း ဆရာတော် ထံတွင် ပညာသင်ရန် အပ်နှံထားလေ၏။"**

ယင်းအခါဝယ် ကျောင်းနေဖက်သူငယ်ချင်းများက အဖမဲ့သားဟု လှောင်ပြောင်သည်ကို မခံချင်သဖြင့် မိခင်အား မေးလေရာ မိခင်က **မောင့်ဖခင် ကုန်ရောင်းကုန်ဝယ်သွားတယ်၊ မကြာမီ လာလိမ့်မည်"** ဟု ပြောဆို လေ၏။

သူငယ်ချင်းများက လှောင်ပြောင်ပြောဆိုဖန် များလတ်သော် သားက **"ဖခင် ရှိ၊ မရှိကို မိခင် မှန်မှန် ပြောပြပါ။ မပြောက မိခင်၏ သားမြတ်ကို ကိုက်ဖြတ်မည်"** ဟု သားမြတ်ကိုငုံလျက် မေးလေ၏။

ယင်းအခါမှ မိခင်က အကြောင်းစုံကို ဖွင့်ဟပြောလေတော့၏။ သားကလည်း ဇာတိသွေး, ဇာတိမာန် တက်ကြွကာ တစ်နေ့နေ့တော့ ဖခင်ထံ ထီးမွေနန်းမွေများတောင်းရန် သွားရတော့မည်ဟု ဆုံးဖြတ်ထား ရှိလေ၏။

**"ဖခင်အား ပြသရန် သက်သေခံ မည်သည့်ပစ္စည်းများ ပါရှိသလဲ"** ဟု မေးပြန်ရာ **"သားယောကျ်ားမွေးက ဟောဒီလက်စွပ်နှင့်တကွ သူ့ထံ လိုက်လာခဲ့ရန် မှာထားခဲ့ပါတယ်"** ဟု ပြောပြီးလျှင် နဝရတ်လက်စွပ်ကို မိခင် ဆံရှည်မက ထုတ်ပေးလေ၏။

ယင်းနောက် မင်းသားသည် ကျောင်းသို့ သွားမြဲသွားရောက်ကာ ဆရာတော်အား မိခင်ပြောသမျှ အလုံးစုံကို လျှောက်ထားလေ၏။

ဆရာတော်က ဤသို့ မိန့်တော်မူ၏။

**"ငါ့တပည့်ဟာ ဇာတာ စန်းလင်္ဂနှင့်တကွ ကြန်အင်လက္ခဏာလဲ အင်မတန် ကောင်းပေတယ်၊ တိုင်းပြည် တစ်ပြည်မှာ ကေန္တ မင်းဖြစ်လိမ့်မယ်။ ကျောင်းနေဖက် သူငယ်ချင်းများနှင့်တကွ အခြားသူများက အဖေမရှိတဲ့သားပဲ ဆိုဆို ဘာပဲဆိုဆို ဘယ်လိုပင် မခံချင်အောင် လှောင်ကြ၊ ပြောင်ကြ၊ သရော်ကြသော်လည်း ဘာမျှပြန်မပြောဘဲ ဆိတ်ဆိတ်သာနေပြီး ပညာများကိုသာ ကြိုးစားသင်ပါ။ နောင် အကြောင်းအခွင့် ကြုံသင့်တဲ့အခါ ဆရာတော် ကိုယ်တိုင် ကြည့်ရှုစီမံပြီး ငါ့တပည့်ရဲ့ ဖခင်စံနေတဲ့ အင်းဝတိုင်းပြည်သို့ ထည့်ပေးလိုက်ပါမယ်"** ဟူ၍ ဆရာတော်က မိန့်ကြား ပြောဆိုသဖြင့် မင်းသားကလေးလည်း ဝမ်းမြောက်ဝမ်းသာ ပညာများကို ခါတိုင်းထက် ပို၍ ကြိုးစား သင်လေ၏။

**၄။ ဘုတ်မွေးရင်သက်, တက်နက်, မောက်ချွန်း, မြီးဝန်း, တောင်ပံဖြူ**

မင်းသားကလေးကား အသက် ၁၂-နှစ်အရွယ် ဖြစ်ရှိခဲ့လေပြီ၊ တစ်နေ့သ၌ ဆရာတော်၏ ကျောင်းပရိဝုဏ် အတွင်းတွင် မင်းသားကလေးသည် ကျောင်းသားများနှင့်အတူ လေးမြားအတတ်ကို လေ့ကျင့်ကြစဉ် ကောင်းကင်မှ စွန်တကောင်သည် **"ကြက်ငယ် တစ်ကောင် ချီယူ ဝဲပျံလာသည်ကို"** မြင်၍ မင်းသားက လေးနှင့်ပစ်ရာ ကြက်ငယ် ကျလာ၍ ယင်းကြက်ငယ်ကို ကောင်းမွန်စွာ မွေးထားလေ၏။ ကြီးပြင်းလာသောအခါ **"ဘုတ်မွေးရင်သက်, တက်နက်, မောက်ချွန်း, မြီးဝန်း, တောင်ပံဖြူ"** ဟူသော ကြက်၌ ကျွမ်းကျင်သူတို့၏ အဆိုအတိုင်း (ဝေဒီမြို့သမိုင်းတွင် ပြန်ရှု) အင်္ဂါ ၅-ရပ်နှင့် ပြည့်စုံသော တိုက်ကြက်ဖ အစွမ်းကောင်းကြီး ဖြစ်ရှိလာလေ၏။ အရွယ်မှာ အခြားကြက်ဖ များထက် ငယ်သော်လည်း စမ်းသပ်၍ အခွပ် ပွဲတိုင်းပင် အနိုင်ရလေ၏။ ယင်း ကြက်ဖကြီးကို **"ရွှေဒင်္ဂါး"** ဟူ၍ အမည်မှည့်ထားလေ၏။

## ၅။ အင်းဝပြည်သွား ဆံရှည်မသား

တစ်နေ့သ၌ အင်းဝတိုင်းပြည်မှ ပိုးကုန်သည် ၄-ယောက်တို့သည် ဆရာတော်ကျောင်းတွင် လာရောက် တည်းခိုကြလေ၏။ မင်းသားလည်း **"ပိုးကုန်သည်တို့အပြန်တွင် ၎င်းတို့နှင့်အတူ အင်းဝတိုင်းပြည်သို့ လိုက်ပါ သွားလိုကြောင်း"** ဆရာတော်ထံ လျှောက်ပန်လေ၏။

ဆရာတော်က **"ကောင်းပြီ လိုက်သွားပေတော့၊ လမ်းခရီးတစ်လျှောက် စရိတ်များ ရရှိရန် ဒီကြက်ဖကြီးကို ပိုက်ကာ ရောက်လေရာ အရပ်တိုင်းမှာ တိုက်လေတော့၊ လောင်းတဲ့အခါမှာ နဝရတ် လက်စွပ်ကိုပြပြီး လောင်းလေတော့"** ဟု မှာကြားပြီးလျှင် ဆရာတော်ကိုယ်တိုင် ကြက်ဖကို ကောင်းစွာ မန်းမှုတ် စီရင်ပေးအပ်လိုက် လေ၏။

ပိုးကုန်သည် ၄-ယောက်တို့အားလည်း မင်းသားကို သူ့ခမည်းတော်စံရာ အင်းဝသို့ အရောက်ပို့ရန် ပြောကြားလိုက်လေ၏။

မင်းသားလည်း မိခင်နှင့် အဖိုး, အဖွားတို့အား အင်းဝတိုင်းပြည်သို့ ပိုးကုန်သည်များနှင့် အတူလိုက်ပါ သွားရန် အခွင့်ပန် ကန်တော့ပြီး **"ပိုးကုန်သည်များနှင့်အတူ လိုက်ပါသွားလေ၏။"**

## ၆။ ကြက်တိုက်မင်းသား ခရီးသွား

မင်းသားသည် ကြက်ပိုက်လျက် ပိုးကုန်သည်များနှင့်အတူ ခြေလျင်သွားကြရာ ရေးမြို့သို့ ရောက်ရှိ လတ်သော် မွန်အမတ်ကြီး **"ဗညားဒလ"** အိမ်၌ တည်းခိုကြပြီး ပိုးကုန်သည်များမှာ မိမိတို့ ကုန်စည်များကို ရပ်ရွာအတွင်း လှည့်လည် ရောင်းချကြလေ၏။ မင်းသားမှာမူ ရွာတွင်းသို့လျှောက်ကာ အမတ်များ, အရာရှိများ သားတို့နှင့် ကြက်တိုက်ကြရာ မင်းသား ကြက်နိုင်သဖြင့် **"ရွှေဂုံညင်း တစ်ရာကျော်ရ၍"** ပိုးကုန်သည်တို့ထံ အပ်နှံထားလေ၏။

ရေးမြို့၌ ရက်အနည်းငယ်မျှနေပြီး ခရီးဆက်ကြပြန်ရာ ကျိုက္ခမီသို့ ရောက်ရှိ၍ သူကြီးအိမ်၌ တည်းခိုပြီး မင်းသားသည် ကြက်ပိုက်ကာ လမ်းလျှောက်သွားစဉ်။

"ဟော့လူ . . . မင်းကြက် ရောင်းမလို့လား" ဟု ကြက်တိုက်ဝါသနာပါသူ သူဌေးသားတစ်ယောက်က မေးလေ၏။

"ရောင်းဖို့မဟုတ်ဘူး၊ ကြက်နှင့်လူပါ မင်းတို့ရွာကိုလာတာ အခြားမဟုတ် ကြက်ရှုံးက လူချင်းသတ်မလို့"ဟု မင်းသားက ခပ်တည်တည် ပြောလိုက်လေ၏။

"မင်းကြက်ငယ်ကလေးဟာ ကြက်ဖကြီးတွေကို တိုက်ဝံ့ပါ့မလား"

"ငါ့ကြက် ငယ်ပေမဲ့ ကေသရာဇာ ခြင်္သေ့မင်းကိုတောင် မကြောက် ဘူးကွဲ့။"

"တိုက်ရင် မင်းက ဘာလောင်းမလဲ"

"ငါ့မှာ အဖိုးတန် လက်စွပ်ရှိတယ်။ ဟောဒီလက်စွပ်ကို မင်းတို့ထားတဲ့တန်ဖိုးနဲ့ တိုက်မယ်" ဟု ပြောပြီး လက်စွပ်ကို ပြလေ၏.

"ကောင်းပြီ မင်းလက်စွပ်ကို အသပြာတစ်ထောင် တန်ဖိုးထားမယ်။"

ဤသို့ဖြင့် နှစ်ဦးသဘောတူ တိုက်ကြရာ ကြက်ဖကြီးနှင့် ကြက်ငယ်မှာ ဆင်နှင့် ဆိတ်ပမာ ရှိကြ၍ လူအများ ဝိုင်းအုံကြည့်ရှုကြလေ၏။

မင်းသား၏ ကြက်ငယ်မှာ ပါးနပ်လိမ္မာလှသဖြင့် ကြက်ကြီး အဆိတ်, အခွပ်ကိုမခံ၊ စည်းဝိုင်းအတွင်း လှည့်ကာ ပတ်ကာပြေးလျက် အလစ်ချောင်းပြီး ဘလာခွပ်သဖြင့် ကြက်ကြီးမှာ မောပန်းလှ၍ ဝပ်လျက် ခေါင်းစိုက် နေရပြီး အရှုံးပေးရလေတော့၏။

ယင်းအခါ မင်းသားသည် "လက်ခမောင်းခတ်" (လက်ပမ်း

ပေါက်ခတ်)ကာ ခုန်လိုက်ရာ ၁၀-တောင်ခန့် မြောက်ပြီး မြေပေါ်ကျလေ၏။

မွန်တို့လည်း အုတ်အုတ်ကျက်ကျက်ဖြစ်ကာ များစွာ အံ့သြကြလေ၏။ မင်းသားမှာ **"အသပြာ တစ်ထောင် ထုပ်ကိုယူပြီး ကြက်ပိုက်၍ ပြန်ခဲ့လေ၏။"**

ယင်းမှတဖန် မုဒုံ, မော်လမြိုင်, ဘီလူးကျွန်းနယ်ရှိ အရပ်ရပ် အရွာရွာ ကတိုး, ကော့နှပ်, ချောင်းဖျားတခွင် ပြပြစင်မျှ မုတ္တမဘက်ကို ကူးပြီး သထုံ, ဘီးလင်း, ကျိုက်ထို, ပဲခူး, ဒဂုံ, တညင်, တွံတေး, တောင်ငူနယ် ရောက်သည် အထိ ခရီးစဉ်တလျှောက် ကြက်တိုက်ရာ မင်းသား၏ ရွှေဒင်္ဂါး **"ကြက်ကလေးမှာ အရှုံးမရှိ အနိုင်ချည်းသာ (၀၊) ပွဲတိုင်းအောင်သဖြင့် ရွှေငွေအသပြာ များစွာ ရရှိလေ၏။"**

တောင်ငူနယ်ကစ၍ တဖန် အထက်ဘက်သို့ မေးမြန်းစုံစမ်းရင်း ခရီးဆက်ကြရာ အင်းဝနေပြည်တော်၌ **"မင်းခေါင်ကြီး ထီးဖြူအုပ် စိုးစံလျက်ရှိကြောင်း"** ထင်ရှား ကြားသိရသဖြင့် **"မင်းခေါင်ကြီးဆိုသည်မှာ မိမိ၏ အဖပင် ဖြစ်လိမ့်မည်"** ဟု တွေးထင်ကာ အင်းဝသို့ အရောက် တက်သွားလေ၏။

## မင်းဆွေမှာ မင်းခေါင်ကြီးအမည်နှင့် ဘုရင်ဖြစ်ရခြင်းအကြောင်း

ခမည်းတော် "မင်းကြီးစွာစော်ကဲ" နတ်ရွာစံတော်မူလျှင် ကောဇာသက္ကရာဇ် ၇၆၂-ခုနှစ်တွင် သားတော်ကြီး **"အိမ်ရှေ့မင်းသား တရဖျား"** ဆက်ခံ စိုးစံတော်မူလေ၏။ **"ဆင်ဖြူရှင် တရဖျား"** အမည်တွင်လေ၏။ တစ်နေ့သ၌ ဆင်ဖြူရှင် တရဖျားသည် မိမိ၏ဝါသနာအလျောက် အောင်ပင်လယ်အရပ်သို့ မှူးမတ်များနှင့် အတူတကွ တောကစား ထွက်တော်မူစဉ် သမင်ကိုတွေ့၍ တာဝန်းဖွဲ့လျက် သမင်ကို ဖမ်းဆီးကြရာ မင်းကြီးတာမှ သမင် လွတ်ထွက်ပြေးသဖြင့် မင်းကြီးတစ်ပါးတည်း လိုက်ဖမ်းသည်တွင် သမင်ကိုမမိဘဲ တောနက်ရာသို့ ရောက်ရှိ၍ အမောဖြေ ခဏနားနေလေ၏။

### ၁။ နောင်တော်ဆင်ဖြူရှင် တရဖျားမင်း နတ်ရွာစံလွန်ခြင်း

ယင်းအခါ ကောင်းကင်မှ **"ဇော်ဂျီ"** တစ်ဦး ရုတ်တရက် ကျရောက်လာလေ၏။ **"မင်းကြီးလက်မှ ခရုသင်းကို ကျွန်ုပ်အား ပေးပါလော့၊ အသင်မင်းကြီး အလိုရှိသည့်အတတ်ကို သင်ပေးပါမည်"** ဟု ဇော်ဂျီက ပြောလေ၏။ မင်းကြီးလည်း နတ်သမီးကို လိုချင်သည်ဟု ပြောကာ ခရုသင်းကို ဇော်ဂျီအား ပေးလေ၏။

ဇော်ဂျီသည် လက်ဖျစ်တီး၍ မန်းလိုက်ရာ တခဏချင်းပင် ကောင်းကင်မှ **"လှပသော နတ်သမီးတစ်ဦး"** ကျလာသည်တွင် အသင်မင်းကြီး ယူလော့ဟုဆိုပြီး ဇော်ဂျီ ပျောက်ကွယ်သွားလေ၏။

မင်းကြီးလည်း နတ်သမီးအား များစွာ တပ်မက်နှစ်သက်၍ မိမိအလိုသို့ပါအောင် အမျိုးမျိုး သွေးဆောင် ပြုလုပ်ခိုက်၊ ဇော်ဂျီကဲ့သို့ပင် နတ်သမီးလည်း ပျောက်ကွယ်သွားပြန်လေတော့၏။ ယင်းအခါ မင်းကြီးမှာ **"စိတ်ဖောက်ပြန်ခြင်း ဖြစ်သွားလေ၏။"**

နန်းတော်သို့ ရောက်သည့်တိုင်အောင် **"နတ်သမီး, နတ်သမီး"**

ဟူ၍ တမ်းတလျက်သာ နေရရှာလေ၏။ မှူးမတ်တို့က အမျိုးမျိုး အဖုံဖုံ စွမ်းနိုင်သရွေ့ ပြုပြင်ကုသကြပါသော်လည်း မရဘဲ မလျော့သော အမှုကိုသာ ပြုလုပ်နေလေ၏။

တစ်နေ့သ၌ မင်းကြီးသည် ဘုရားလိုဏ်ဂူအောက်၌ **"တစ်ကိုယ်တည်း ငါးမျှားနေခိုက် အထိန်းတော်၏ သားတစ်ယောက်က လုပ်ကြံ၍ နတ်ရွာစံရှာလေတော့သတည်း။"** နန်းစံ ၇-လသာဖြစ်၏။ သည်ကိုရည်၍ **"ယင်းတော် မောင်မောင်"**က စပ်ဆို စီကုံးထားသည့် တေးထပ်မှာ -

**"ရတနာပူရဝယ်၊ ဆင်ဖြူမျှော်သခင်။**
**တဒင်္ဂသမင်ကို၊ မဆင်ခြင် - လိုက်မှား ။ ။**
**မန်းဂီရိ - တောင်စဉ်ဆွယ်တယ်။**
**အောင်ပင်လယ် - တော၌ပျော်ပါး။ ။**
**လကျာ်ရစ် - ခရုခွေငယ်၊ သမုဆွေ - ပါသွား။**
**နုပီယေ စကားနှင့်၊ လှည့်ဖျားတဲ့ ဇော်ဂျီ။ ။**
**လက်ဖျစ်သံ - နှစ်ထပ်တီးရုံနှင့်၊ နတ်သမီးပျံကျရသည်။ ။**
**သံဝါသ - စပ်အမှီ၊ ရသတိ - ကွယ်ပျောက်လို့။**
**ချာချာနောက် - ဆင်ဖြူရှင်၊ ရူးလေသည့်အင်။**
**သည်ကဲ့သို့ ဖြစ်ထုံးတင်မယ်၊ ချစ်တုန်းတွင် ခွဲပါနှင့်လေး။"**
ဟူ၍ ဖြစ်ပေသည်။

ယင်းသို့ နောင်တော် ဆင်ဖြူရှင် တရဖျားမင်း နတ်ရွာစံပြီးခိုက် ကြုံကြိုက်သည်နှင့် မင်းဆွေမှာ **"မင်းခေါင်ကြီး"** အမည်နှင့် ရတနာပူရ အင်းဝတိုင်းပြည်ကြီးကို **"ထီးဖြူအုပ် မင်းလုပ်စိုးစံတော်မူရလေသည်။"** ၎င်း၏ ရွှေနန်းတက် ဘိသိက်ခံ တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးမှာလည်း သားတော်တစ်ပါး ထွန်းကားပြီး အရွယ်ရောက်စဖြစ်၍ အိမ်ရှေ့အရာ ပေးအပ်ထားလေသည်။ ယင်း အိမ်ရှေ့မင်းသားကလေးမှာ ဆံရှည်မ၏ သားထက် ငယ်သော်လည်း အဖေတူ အမေကွဲဖြစ်၍ ရုပ်ရေ ရူပကာယမှာ ရွေးမရအောင်ပင် တူကြလေသည်။

## ၂။ အင်းဝရောက် မင်းသား

ဆံရှည်မ၏သား မင်းသားကလေးနှင့် ပိုးကုန်သည်တို့ အင်းဝမြို့တော်သို့ ရောက်ရှိကြလတ်သော် မြို့အပြင်ဘက် ပွဲစားကြီး တစ်ဦးအိမ်တွင် တည်းခိုကြပြီး စုံစမ်းရင်း မိမိတို့၌ ပါလာသော **"ထားဝယ် ပိုးထည်များကို လှည့်လည်ရောင်းချကြလေ၏။"**

မင်းသားကလေးမှာ အမတ်ကြီးသားများ, အရာရှိသားများနှင့် မိတ်ဖွဲ့ပြီး ဂုံညင်းထိုး ကစားကြရာ သူတပြန်, ငါတလှည့်နှင့် နောက်ဆုံးတွင် မင်းသားကလေးကသာ အနိုင်များလေ၏။ သို့နှင့် အမတ်ကြီးသားများ, အရာရှိ သားများက ဤသို့ ကြံစည်ကြ၏။ **"သူသည် ငါတို့၏ ရွှေငွေများစွာတို့ကို အနိုင်ရလေသည်။ ထိုသူ၌ ကြက်ဖငယ် ကလေး တစ်ကောင်ရှိသည်။ ငါတို့၏ "ရွှေဖလား" ဆိုသည့် နာမည်ကျော် ကြက်ဖကြီးနှင့် တိုက်ရလျှင် မုချ အနိုင်ရပြီး သူ့မှာ အနိုင်ရထားတဲ့ ရွှေငွေပစ္စည်းများနှင့်တကွ လက်စွပ်ပါ ချွတ်ယူ အနိုင်ရအောင်တိုက်မည်"** ဟု သဘောတူ တိုင်ပင်ကြကာ အိမ်သို့ အသီးသီး ပြန်ကြလေ၏။

ညဉ့်အချိန်၌ မင်းသားကလေးသည် ဤအင်းဝတိုင်းပြည်၌ အုပ်ချုပ်စိုးစံသည့် မင်းခေါင်ကြီးမှာ မိမိ၏ အဖ ဟုတ်, မဟုတ် သိသာရန် မည်ကဲ့သို့ ကြံစည်ရပါမည်နည်းဟု စဉ်းစားကာ ရတနာသုံးပါးနှင့်တကွ မိခင်, ဖခင်, ဆရာသမား, သမ္မာဒေဝ နတ်များတို့အား ဆုတောင်း မေတ္တာ ပို့သ ရှိခိုးပန်ထွာ ဆုမွန်တောင်း အမျှဝေပြီး အိပ်ပျော်သွားလေ၏။

## ၃။ မြို့စောင်နတ် အိပ်မက်ပေးပုံ

ယင်းညဉ့်၌ မင်းသားကလေး၏ အမျှပေးဝေသော အကျိုး အားကြောင့် မြို့စောင့်နတ်ကြီးက အိပ်မက် ပေးသည်မှာ -

**"အမောင် မင်းသားကလေး . . . သတိထားလော့၊ နံနက် မိုးသောက် အလင်းရောက်လာ များသူငါတို့ မောင့်မှာရှိသမျှ ပစ္စည်းစုကို လုယူလိမ့်မည်၊ အမောင် သတိမူလော့၊ ငါနတ်မြတ်လည်း ကူညီစောင်မ ပါအံ့"**ဟူ၍ အိပ်မက်ပေးလေ၏။

ယင်းညဥ့်တွင်ပင် ဘုရင်မင်းခေါင်းကြီးအားလည်း အိပ်မက် ပေးပြန်သည်မှာ -

**"အသင်မင်းကြီး လက်ဝယ်ဝတ်ထားသည့် နဝရတ်လက်စွပ်ကား မုချမသွေ ဒုက္ခပွေလိမ့်၊ ရှေ့နောက် အရေး မြော်တွေးဆင်ခြင်၍ တထီး တနန်းကို အသင်မင်းကြီး စိမ်ပြုလော့"** ဟူ၍ အိပ်မက်ပေးခဲ့ပြီး မြို့စောင့် နတ်ကြီး ကွယ်လေ၏။

**အရှုးငမဲ၏ ထူးကဲစွာသော တပေါင် -**

**"ဒူရကတိုင်း မြို့နယ်ဆီက၊**

**လာပုံ ထူးသမို့ - ထူးသမို့၊**

**ပြေးကြစို့လေး - ပေးပါမှ ဧ - ဧ - ဧ"**

ဟူ၍ အင်းဝမြို့တော် အပြင်ဘက်၌နေသော အရှုးငမဲ့က မြို့တွင်းမြို့ပြင် ဝင်ရောက် လှည့်လည်ကာ လမ်းစဉ်တလျှောက် အော်ကြော် ဟစ်ကြော် သီဆိုသွားလေ၏။

**နံနက်မိုးသောက် အလင်းရောက်လတ်သော် -**

မင်းသားကလေးသည် ညဥ့်က အိပ်မက်ပုံကို အထူးထူး အထွေထွေ ကြံစည်စဉ်းစားလျက် ကြက်ပိုက်ကာ ဆင်းမည်အပြုတွင် မှူးမတ်အရာရှိသားများ လာရောက်၍ ကြက်တိုက်ရန် အိမ်ရှေ့မင်းသား အိမ်တော်သို့ ခေါ်ဆောင် သွားကြလေ၏။

ကြက်မတိုက်မီ မိမိမှာ ညဥ့်က အိပ်မက်မြင်မက်သည်ကို သတိပြုကာ မြို့စောင့်နတ်, ထီးဖြူစောင့်နတ် တို့အား ပင့်ဖိတ်လျက် စောင်မတော်မူကြပါဟု တိုင်တည်ပြီး မှူးမတ်သားတစ်ယောက်၏ **"ရွှေဖလား"** ခေါ် ကြက်ဖနီကြီးနှင့် တိုက်ရာ နိုင်ပြန်သဖြင့် ရွှေဂုံညင်း ငါးရာ ရရှိထား၏။

## ၄။ မင်းခေါင်အား နတ်တို့ ခြိမ်းခြောက်ခြင်း

ယင်းအခါ နတ်ကောင်း, နတ်မြတ်တို့က မင်းခေါင်ကြီး၏ နန်းတော်အတွင်းရှိ မင်းချင်းတစ်ယောက်အား ပူးကပ်ကာ အရှုးအသွင် မြို့တွင်းသို့ လျှောက်၍ **"လူကြီးတစ်ယောက်ကို လူငယ်တစ်ယောက် တက်စီးလာသည်"** ဟူ၍ ဟစ်အော် ခြိမ်းခြောက်လေ၏။

ယင်းသို့ ဟစ်အော်သံကို မြို့နေလူအများ ကြားရသဖြင့် အုတ်အုတ်ကျက်ကျက် ထိတ်လန့်ခြင်း ဖြစ်ကြလေ၏။

**ညီလာခံဗိုလ်ထု လူစုသည့်အချိန် -**

ယင်းသို့သော အခြင်းအရာကို မြို့တော်ဝန် ကြားသိလတ်သော် နန်းတော်သို့ ဝင်ရောက်၍ ညီလာခံ ဗိုလ်ထု လူစုသည့်အချိန် သံတော်ဦးတင်လေ၏။

**"မှန်လှပါ ရွှေဘုန်းတော်ကြီးလှ ထီးတရာ့ ကန်တော့ခံပါဘုရား"**

**"အလို မြို့ဝန်မင်း သုတ်သီးသုတ်ပြာနဲ့ ဘယ်လိုအခင်းပါလိမ့် သံတော်ဦးတင်စေဗျား။"**

**"မှန်လှပါ အရူးအသွင် လူတစ်ယောက် မြို့တွင်းလျှောက်ကာ လူကြီးတစ်ယောက်ကို လူငယ်တစ်ယောက် တက်စီးလာသည်ဟူ၍ ဟစ်အော် ခြိမ်းခြောက်နေပါသဖြင့် လူအများ ထိတ်လန့်လျက် အုတ်အုတ်ကျက်ကျက် ဖြစ်နေကြောင်းပါဘုရား။"**

မှူးတော် မတ်တော်များ ယခုကြားရတဲ့ အခင်းအတွက် **"ပျားတစ်စက်နှင့် ပြည်ပျက်ရသည်၊ စကား ဖျက်၍လည်း ပြည်ပျက် တတ်သည်"** ဆိုတဲ့ စကားပုံဆိုထုံး လက်သုံးရှိပေတယ်။ ဒါကြောင့် ငါကိုယ်တော်မြတ် ညဉ့်အခါကမက်တဲ့ အိပ်မက်တော်အထူး အရှူးငမဲ၏ ထူးကဲစွာသော တပေါင်တတန်, ယခုတဖန် ထပ်မံကြားရတဲ့ တပေါင်သံ တစ်ချက်၊ သို့အတွက် ဘယ်ကဲ့သို့သော အရေးတော်ဖြစ်ပေါ်လာလိမ့်မယ် ဆိုတာကို ပုရောဟိတ် ပညာရှိက သံတော်ဦးတင်စမ်းဗျာ့။"

"မှန်လှပါ အရှင်မင်းမြတ်၏ အိပ်မက်တော်နှင့် ပေါ်ပေါက်လာတဲ့ တပေါင်သံများ အလိုအရ လူထူး လူဆန်းတစ်ယောက်တော့ ပေါ်ပေါက်လာမယ့် နိမိတ်ဖြစ်ကြောင်းပါ ဘုရား။"

"ပုရောဟိတ် အမတ်ကြီးတင်တာ ကိုယ်တော်မြတ် သဘောနှင့် တိုက်ဆိုင်မိချေပြီ။ ဒါ့ကြောင့် ပေါ်ပေါက်မည့် လူထူး လူဆန်းကို မြို့တော်ဝန်နှင့်တကွ ဆိုင်ရာ အမတ်မင်းများတို့ပါ မြို့တော် လေးပြင် လေးရပ် နှံ့စပ်အောင် စုံစမ်း ရှာဖွေပြီး တွေ့ရှိက ကိုယ်တော်မြတ် ရှေ့တော်ရောက် ဆက်စေဗျား။"

## ၅။ လူထူး လူဆန်း လူစွမ်းကောင်း

"အချိန်ကား နေစွယ်ညိုးချိန် ဖြစ်လေပြီ"

အိမ်ရှေ့မင်းသားကလေး၏ အိမ်တော်ဝင်းအတွင်း အုတ်အုတ်ကျက်ကျက် အသံများကို ကြားရလေ၏။ ယင်းအခါ မြို့ဝန်နှင့် အမတ်တစ်ယောက်တို့လည်း ဝင်ရောက် ကြည့်ရှုကြလေ၏။ အိမ်ရှေ့မင်းသားကလေး၏ ကြက်နှင့် ဆံရှည်မသား၏ ရွှေဒင်္ဂါးကြက်တို့ တိုက်ကြသည့် ကြက်ပွဲ ဖြစ်လေသည်။ ယင်းကြက်ပွဲတွင် ပွဲတိုင်းကျော် အနိုင်ရခဲ့သည့် ဆံရှည်မသား၏ ကြက်ကပင် အနိုင်ရပြန်သဖြင့် ဆံရှည်မသားက ခါးတောင်းကျိုက်ကာ လက်ခမောင်း တဖြောင်းဖြောင်းခတ်ပြီး ထားဝယ်သံ ခပ်ဝဲဝဲနှင့် ပြောဆိုလျက် -

**"ဆန်းကြယ်သူ ဆံရှည်မသား ငါ မင်းခေါင်ကြီး သားဟေ့"** ဟု ကြိမ်းဝါးပြီး ထိုင်ရာမှ ခုန်လိုက်ရာ ဆယ်တောင်လောက် မြောက်တက်ပြီး မတ်တပ်ရပ်ကာမြေသို့ကျလေ၏။ အနိုင်ရသည့် ရွှေဂုံညင်းငါးရာကိုလည်း ပုဆိုးအိပ်ထောင့်၌ထည့်လျက် ကြက်ပိုက်ကာ ပြန်မည်အပြုတွင် မြို့ဝန်နှင့် အမတ်တို့က ဆံရှည်မသားအား နန်းတော်အတွင်း **"ဘုရင့်ရှေ့တော်သို့ ခေါ်ဆောင်သွားလေ၏။"**

မြို့တော်ဝန်က ဤသူငယ်၏ ပြုမူလုပ်ကိုင်ပုံ အကြောင်းခြင်းရာ

တို့ကို အလုံးစုံ သံတော်ဦးတင်လေ၏။ မင်းကြီးလည်း သူငယ်ကိုမြင်လျှင် ပြုံးတော်မူ၍ ဤသို့ မိန့်တော်မူ၏။

"မျှုံးတော် မတ်တော်များ အိပ်မက် တပေါင်တည်းဟူသော ပုဗ္ဗနိမိတ်များ ထင်ရှားစွာပြပြီး ယခု ရှေ့တော်သို့ ရောက်လာတဲ့ သူငယ်ဟာ အခြားသူမဟုတ် ကိုယ်တော်အရှင်မြတ်၏ သားတော်အကြီးအစစ် ဖြစ်ပေတယ်။ ကိုယ်တော်အရှင်မြတ် ငယ်ရွယ်စဉ်အခါ ဖခမည်းတော်က နောင်တော် တရဖျားမင်း မနှိပ်စက်နိုင်ရန် အထိန်းတော် ငခင်ညို၊ ငခင်ဘတို့နှင့်အတူ ကျောက်စစ်မှာတစ်ကြိမ်၊ ပန်းထိမ်မြို့မှာတစ်ကြိမ်၊ နောက် ကျောက်ဆည်၊ ပန်းဒလဲမှာ သဃ်ရာဇာထံ အပ်နှံထားရာ အတတ်ပညာများ သင်ကြားတတ်မြောက်၍ လက်စွဲတော် ၂-ယောက်နှင့် အတူ မြင်းကိုယ်စီဖြင့် ဒူရကတိုင်း ထားဝယ်မြို့သို့ ထွက်ခွာ တိမ်းရှောင်နေရင်း အကြောင်းဆက်ခဲ့ဖူးတဲ့ ကျေးဇူးရှင် ဆံရှည်မမှ မျက်နှာမြင်သည့် သားအစစ် ဧကန်ဖြစ်ပေတယ်။ တိုင်းတော် ပြည်တော်သို့ ပြန်ခါနီးတွင် နဝရတ် လက်စွပ်ကိုချွတ်၍ သက်သေခံအဖြစ် ပေးခဲ့တယ်။

သားယောကျ်ား မွေးဖွား၍ အရွယ်ရောက်က ထီးနန်း အုပ်ချုပ်စိုးစံသံကို နားထောင်ပြီး လိုက်လာခဲ့စေ၊ သမီးမိန်းမမွေးက ၎င်းလက်စွပ်ကို ရောင်းချ၍ စားသောက်ကြ၊ သုံးစွဲကြပေတော့လို့ မှာကြားခဲ့သည်အတိုင်း ယခု ကိုယ်တော်မြတ် မျက်မှောက်သို့ သားတော် မောင် ရောက်ခဲ့ပေပြီ။ သို့သော် မင်းကြီးများ သားတော်မောင်အား ဤတိုင်း ဤပြည်မှာ စံစားနေစေက ရန်မီးစနက် အလုအယက် ဖြစ်ကြလိမ့်မယ်၊ ဒါ့ကြောင့် သားတော်မောင်နှင့် အတူ ပါလာသူများပါ မနက်ဖြန် ညီလာခံစုံတဲ့ ဗိုလ်ပုံအလယ်မှာ စုံစေ့အောင် သံတော်ဦးတင် ကြရမည် မင်းကြီးများ" ဟူ၍ မိန့်တော်မူပြီး အတွင်းဆောင်သို့ ဝင်တော်မူလေ၏။

မြို့တော်ဝန်လည်း မင်းသားအား မိမိ၏အိမ်သို့ ခေါ်ဆောင်သွား

ပြီးလျှင် ပိုးကုန်သည် ၄-ယောက်တို့အား မေးမြန်းကာ ပညာသင်ကြား ပေးသည့် ဆရာတော်ထံ ပန်ကြားပြီး လိုက်လာခဲ့ကြောင်းနှင့် ခရီးစဉ်တစ်လျှောက် များပါ သေအချာ မှတ်သား၍ အလွှာတင်စာ ရေးထားလေ၏။

နောက်တစ်နေ့နံနက် ညီလာခံဗိုလ်ထု လူစုသည့်အချိန်ဝယ် မြို့တော်ဝန် ရှေ့ဆောင်၍ မင်းသားနှင့် ပိုးကုန်သည် ၄-ယောက်တို့ ရှေ့တော်သို့ ဝင်ရောက်ကြလေ၏။

မြို့တော်ဝန်က တင်လွှာနှင့်တကွ နဝရတ်လက်စွပ်ပါ မင်းကြီးထံ ဆက်သလေ၏။

## ၆။ သားတော် "မင်းသား"အား ဒူရကတိုင်းသို့ ပြန်လွှတ်၍ မြို့ရွာ တည်ထောင်ခွင့်ပြုခြင်း

မင်းကြီးလည်း တင်လွှာစာကို သေအချာဖတ်ရှုပြီး အမိန့်တော် ရှိသည်မှာ-

"သားတော်မောင်သည် ဤပြည်၌နေ၍ အရေးမလှချေ။ သားတော်မောင်နဲ့အတူ ပါလာတဲ့ ပိုးကုန်သည် ၄-ယောက်တို့ကို မှူးမတ်ရာထူး ခန့်ထားလိုက်ပြီး ခမည်းတော် တိုင်းပြည်မှ အမတ်ပညာရှိ ၄-ဦးပါ "ဒူရကတိုင်းသို့ ပြန်လည်သွားကြ၍ မြို့, ရွာ တည်ထောင် စိုးစံနေလေတော့၊ မြို့တည်ရန် နေရာမှာ စက် ၄-ပါး ကြုံရာဒေသကို ပညာရှိများနှင့် ညှိနှိုင်းရှာဖွေလော့။ ရှာဖွေတွေ့ရှိ၍ နန်းတော်ဆောက် တည်ရန် ပန္နက်ချပြီးက ခမည်းတော်ထံ အမတ်ပညာရှိတစ်ဦး စေလွှတ် လိုက်လေ" ဟူ၍ ညွှန်ကြား အမိန့်ရှိလိုက်လေ၏။

ယင်းသို့ အမိန့်ရှိလိုက်ပြီး ရွှေငွေပစ္စည်းများကို ထုတ်ပေးလျက် အမတ်ပညာရှိ ၄-ဦးနှင့် ပိုးကုန်သည် ၄-ဦးတို့ပါ ဒူရကတိုင်း ထားဝယ်သို့ ပြန်လည်လာခဲ့ကြလေ၏။

ဆန်းကြွယ်ရွာ ကျေးငူးရှင် မိခင် ဆံရှည်မထံ ရောက်ရှိလျှင် မိခင်နှင့် အဖိုး, အဖွားတို့အား အကြောင်း မျိုးစုံကို ပြောပြပြီး ရွှေငွေ ပစ္စည်းများကို ပေးအပ်လေ၏။

ယင်းနောက် ဆန်းကြွယ်ကျောင်းဆရာတော်ထံ သွားရောက် ကန်တော့ပြီး ခမည်းတော် ညွှန်ကြား အမိန့်ရှိသမျှ အလုံးစုံကို အမတ်ကြီးများနှင့်အတူ လျှောက်ထားလေ၏။

**စက်လေးပါးကြို့ ချောင်းသုံးဆုံ**

ဆန်းကြွယ်ကျောင်း ဆရာတော်နှင့်တကွ အမတ်ပညာရှိများ ညှိနှိုင်းတိုင်ပင် ညီညွတ်ကြကာ နန်းတော်ဆောက်တည်ရန် စက် ၄-ပါး ကြို့သည့် နေရာကို ရှာဖွေကြရာ "**ပေါက်တိုင်းချောင်း, စော်ချောင်း, ကံပေါက်ချောင်း (ယခုထားဝယ်မြစ်) ယင်း ၃-ချောင်းတို့ ဆုံမိရာဒေသ၌ ဘုမ္မိနက်သန် မြေကြွန်အရပ် သင့်လျော်လျောက်ပတ် သဖြင့် မြို့နန်း တည်ဆောက်ရန် ရွေးချယ် သတ်မှတ်ထားကြလေ၏။**"

## ၇။ မုတ္တာသုခနဂရမြို့တည်ခြင်း

ကောဇာသက္ကရာဇ် ၇၇၉-ခုနှစ် သီတင်းကျွတ်လဆန်း ၁-ရက် ကြာသပတေးနေ့ နံနက် နေဝန်းပေါ်ကို ဆရာတော်နှင့် အမတ်ပညာရှိ တို့က အချိန်းကောင်းသမယ အမြိတ္တရက် ရွေးချယ်စိစစ် အခါတွက်၍ စနစ်ကျကျ ပုံသေချပြီး "**နန်းတော်, ပဟိုရ်စည်, စွယ်တော်စင်, မြို့ရိုး, တံခါး, ကျုံး, ဆင်ကျုံး**" တည်းဟူသော ၇-ဌာန နေရာကို တစ်ပြိုင်နက် တည်း ရွှေပန္နက်, ငွေပန္နက် ချစိုက်ရိုက်မှတ်ကာ "**မုတ္တာသုခနဂရမြို့ဟု သမုတ်ခေါ်ဆို အမည်တံဆိပ် ခတ်နှိပ်ပြီးလျှင် လူစုလူဝန်းဖွဲ့စည်း၍ တည်တော်မူလေသည်။**"

ယင်းအခါ နတ်ကောင်း နတ်မြတ် အပေါင်းတို့က "**အောင်ပြီ, အောင်ပြီ**" ဟူ၍ ဟစ်ကြွေးကြေညာသော အသံတို့သည် ဒွိရကတိုင်း အလုံး ဆူညံစွာ ကြားကြရလေ၏။ အင်းဝပြည်ကြီး၏ နန်းတော်အတွင်း

၍လည်း ယင်းအသံမျိုးကို မင်းကြီးနှင့်တကွ မှူးမတ် မြို့သူမြို့သားများပါ ကြားကြရပြီး **"တစ်နေ့တည်းတွင် မြေငလျင် ၃-ကြိမ် လှုပ်လေ၏။"**

ထိုအခါ ခမည်းတော် ဘုရင်မင်းခေါင်ကြီးက ငါ့သားတော် အထမြောက် အောင်မြင်ပြီဟု ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်လေ၏။

**၈။ "မင်းတရား" ဘွဲ့အမည်ခံယူ၍ ထီးဖြူအုပ်မိုး စိုးစံတော်မူခြင်း**

နန်းတော်နေရာ ပန္နက်ချမှတ်ပြီးလျှင် ခမည်းတော် မိန့်ကြား မှာထားတော်မူလိုက်သည့်အတိုင်း အမတ်တစ်ယောက်အား အင်းဝ တိုင်းပြည်သို့ စေလွှတ် လျှောက်ထားစေလေ၏။ ယင်းအမတ်ကား ၇-ရက် စောင့်ဆိုင်းနေလင့်စေ၏။

**ဘွဲ့အမည်တံဆိပ်နှင့် အတွင်းကြိတ်စကား -**

အကြောင်းကြား သံတော်ဦးတင်လာသူ အမတ်ကြီး ၇-ရက်စေ့၍ ပြန်ကာနီးတွင် မင်းကြီးက သားတော်အား ခမည်းတော်နှင့် အတူ နန်းပြိုင်စံစေ **"ဘွဲ့အမည်မှာ - မင်းတရား"** ဟူ၍ တံဆိပ်ခပ်နှိပ် တော်မူစေ ဟူ၍ သဝဏ်စာရေးပြီး ပေးလိုက်လေသည်။

ယင်းနောက် **"ငါ့သားတော်သည် တွင်းရေကို မသုံးဆောင်ဘဲ စီးရေကိုသာ သုံးဆောင်ပါလေ"** ဟူ၍ အတွင်းကြိတ်စကားဖြင့် မိန့်မှာလိုက်ပြီးလျှင် ထိုအမတ်ကြီးနှင့်တကွ စစ်တပ်ဗိုလ်မှူး သုံးထောင်ကျော်, ဆင်ဖြူတော် တစ်စီး, ဆင်ပေါက်ကြီး ၅-စီး, မြင်း ငါးရာကျော်တို့ကို ပေးအပ်ကာ ယူဆောင်လာကြလေသည်။

ဆန်းကြယ်ကျောင်း ဆရာတော်အားလည်း ပင့်ဖိတ်ပြီးလျှင် နန်းဦး **"ရတနာစာတိ"** တောင်ပေါ်တွင် ကျောင်းတော်ဆောက်လုပ်၍ ကိုးကွယ်ထားရှိလေ၏။ ကျေးဇူးရှင် မယ်တော် ဆံရှည်မနှင့် အဖိုး, အဖွားတို့ကိုလည်း နန်းတော်အတွင်း အိမ်ဖြူပြတင်းရွှေချနှင့် အခြေကျကျ ထားရှိလေ၏။

## ၉။ မိဖုရားကြီးအကြံ ဝက်ညာဏ်

ဘုရင်မင်းခေါင်း၏ မိဖုရားကြီးက မိမိ၏သားအစစ်ကို နန်းပြိုင်အုပ်ချုပ်စိုးစံမပေး။ ကျေးတောသူမက မွေးသည့် သားကို နန်းပြိုင်စိုးစံစေသည့်အတွက် စိတ်, မချမ်းမြေ့သဖြင့် အငြိုးထားကာ "ယခုအခါ နန်းတည် သော်လည်း အဘိသိက်မသွန်းရသေး၊ အဘိသိက် သွန်းရန် ဆရာပုဏ္ဏားများ လိုပေလိမ့်မည်။ သို့အတွက် ဆရာ ပုဏ္ဏားတို့ကို ဆုလာဘ်များစွာပေးပြီး ကြံစည်စေရလျှင် **"အရေးတော် အောင်လိမ့်မည်"** ဟု စိတ်ကူးရရှိသည့်အတိုင်း ပုဏ္ဏား ၈-ယောက်တို့အားခေါ်၍ မိဖုရားကြီး နှင့် သေချာကျနစွာ တိုင်ပင်လျက် ပုဏ္ဏားတို့အား အသပြာတစ်ရာစီ ပေးအပ်ကာ မုတ္တသုခနဂရမြို့သို့ အမြန်စေလွှတ်လေ၏။

ပုဏ္ဏား ၈-ယောက်တို့လည်း မိမိတို့သားမယားများအား အသပြာများကို အပ်နှံခဲ့ပြီး **"နန်းတော်တွင်းက ဘုရင်မင်းမြတ် အခေါ်တော်ရောက်လျှင် အောက်မြို့ဒေသများသို့ ဗေဒင်ဟော, ဇာတာ ဖွဲ့ရန်သွားကြောင်း သံတော်ဦး တင်လိုက်ကြပေတော့"** ဟု မှာထား ခဲ့လျက် ခရီးစဉ်တစ်လျှောက် အလျှံခံရင်း စခန်းချကာ ချကာဖြင့် လာကြရာ မုတ္တသုခနဂရမြို့သို့ ဆိုက်ရောက်ကြလေ၏။

မင်းတရားလည်း ပုရောဟိတ်ပုဏ္ဏားများ အလိုရှိနေခိုက် ဆရာပုဏ္ဏားများ ရောက်ရှိလာသည့်အတွက် များစွာ ဝမ်းမြောက်သဖြင့် ကောင်းမွန်စွာ နေရာများပေး၍ ထားလေ၏။

၇-ရက်ခန့်ကြာလတ်သော် ပုဏ္ဏားတို့သည် မင်းတရားအား အဘိသိက်သွန်းလောင်းလျက် ထီးနန်းကို အုပ်စိုးစေလေ၏။

ရက်အနည်းငယ်မျှကြာလျှင် ပုဏ္ဏားတို့သည် မိဖုရားကြီးနှင့် ကြံစည်ထားကြသည့်အတိုင်း ညီလာခံချိန်တွင် မင်းတရားထံ ဝင်ရောက်သံတော်ဦးတင်ကြသည်မှာ **"သားတော် မင်းတရားသည် စီးရေသောက်ခြင်းကို ရပ်စဲပြီး တွင်းရေကိုသာ သုံးဆောင်ရမည်၊**

**သို့မှသာလျှင် အသက်ရှည်ပြီး ဘုန်းတန်ခိုးကြီးမြင့်ရန် အကြောင်း ရှိပါသည်**"ဟု ခမည်းတော်က မိန့်ကြားလိုက်ပါကြောင်း ဝက်ညာဏ်ဖြင့် သံတော်ဦးတင်ကြလေ၏။

မင်းတရာလည်း အကယ်ထင်မှတ်ကာ ယုံကြည်သဖြင့် နန်းတော်အနီး သောက်တော်ရေတွင်းငယ်ကို အမြန်တူးစေပြီး သုံးဆောင်လေတော့သည်။

(ယင်း **ရေတွင်းငယ်**ကား ယခု ရွှေမုဋ္ဌော်ဘုရား သိမ်အနီးတွင်ရှိ၍ **"မုတ်တွင်း"** ဟု ခေါ်ကြ လေသည်။)

## ၁၀။ မုတ်ဆေးထိ၍ မင်းတရား ရူးသွပ်ခြင်း

ရက်အနည်းငယ် ကြာလတ်သော် ပုဏ္ဏားတို့သည် ညတစ်ညတွင် ထိုသောက်တော်ရေတွင်း၌ မုတ်ဆေး ခတ်ထည့်ပြီး ထွက်ပြေးကြလေတော့၏။ နံနက်မိုးသောက် အလင်းရောက်လတ်သော် မင်းတရားသည် ပွဲတော်စာ စားသုံးပြီး ထိုရေကို သောက်မိရာ စိတ်သွက်သွက်ခါအောင် ရူးသွပ်ခြင်း ဖြစ်လာလေ၏။ ပုဏ္ဏားပညာရှိများက တွက်ချက်ကြည့်ရာ အင်းဝတိုင်းပြည်က ပုဏ္ဏားများ၏ ဝက်ညာဏ်မှန်းကို သိရှိကြလေ၏။

## ၁၁။ တွေ့ရာသချိုင်း ဓားမဆိုင်း

ယင်းနောက် မှူးမတ်များက ခြေလျင်သူရဲကျော်များကို အမြန်ဆင့်ခေါ်ပြီး **"တွေ့ရာသချိုင်း ဓားမဆိုင်း"**ပဲ အမြန်လိုက်လံရှာဖွေကာ စီရင်ကြလေဟု အမိန့်ထုတ်လေ၏။

ခြေလျင်သူရဲကျော်တို့လည်း ဓားတမြမြဖြင့် လိုက်လံရှာဖွေကြရာ မုတ္တသုခနဂရမြို့မှ ၅-မိုင်ခန့် ခရီးအကွာ **"ဗျောတောဝရွာ"** က နေပြီး သူရဲကျော်များ လိုက်လာကြသည်ကို ပုဏ္ဏားများမြင်လျှင် အသက်ဆံဖျား ကြောက်ရွံ့ ကြသဖြင့် တောထဲသို့ ဝင်ထွက် ပြေးလွှားကာ ရှောင်တိမ်း သွားကြလေ၏။

"ကြက်သံဒိုင်းကုန်း" ထိုအခါ ခြေလျင်သူရဲကျော်တို့မှာ **"ကြက်သံဒိုင်းကုန်း"** (ယခုမြို့သချိုင်း)မှ ပတ်ဝန်းကျင်တွင် လိုက်လံရှာဖွေကြသော်လည်း မတွေ့ရှိသဖြင့် **"လက်ဝဲကျွန်းရွာ"** သို့ ဖြတ်ကူးသွားကြခိုက် လမ်းတွင် ခရီးသည်တစ်ယောက်ကိုတွေ့၍ **"ပုဏ္ဏားများကို တွေ့ရှိပါသလော"** ဟု မေးမြန်းရာ "ကျွန်တော်တို့ အိမ်နှင့် မနီးမဝေး သရက်ပင်ကြီးအောက်၌ ပုဏ္ဏားများ စခန်းချ နေကြပါသည်" ဟု ပြောပြီး လမ်းညွှန်ပြလိုက်လေ၏။

**"လက်ဝဲကျွန်းရွာ"** သူရဲကျော်တို့လည်း လက်ဝဲကျွန်းရွာဦးက လမ်းခွဲပြီး လိုက်လံရှာဖွေကြရာ ပုဏ္ဏား ၈-ယောက်တို့ မောပန်းသဖြင့် သရက်ပင်ကြီးအောက်တွင် အိပ်နေကြသည်ကို ဝိုင်းမိကြလေ၏။

ယင်းအခါ ပုဏ္ဏားတို့အား သူရဲကျော်များက ဒူးနှင့်တိုက်သူကတိုက်, ထောင်းသူကထောင်း, ရိုက်သူကရိုက်, ပုဆိုးအိတ်ထောင့်ထဲသို့ ခေါင်းကိုထည့်ပြီး မွှေ့သူကမွှေ့ စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ နှိပ်စက်ကြလေ၏။

ပုဏ္ဏားတို့က သေဘေးကို ကြောက်လှသဖြင့် -

**"အမောင်တို့ ကျုပ်တို့မှာ ဘာအပြစ်ရှိ၍ ဤကဲ့သို့ ရက်စက်စွာ နှိပ်စက်ပြုလုပ်ကြစေရန် မည်သူက အမိန့်ပေးပါသလဲ။"**

"အသင် ပုဏ္ဏားတို့ - ကျွန်ုပ်တို့သခင် မင်းတရားသည် အသင်တို့ ထွက်လာကြပြီးနောက် ချက်ချင်းပင် ရူးသွပ်ခြင်းဖြစ်၍ ပညာရှိများနှင့် တွက်ချက်ကြည့်ရှုကြရာ အသင်တို့ ၈-ယောက် ပြစားသွားကြောင်းကို သိသဖြင့် အသင်တို့အား တွေ့ရာသချိုင်း ဓားမဆိုင်းပဲ သတ်စေဟူ၍ အမိန့်တော်နှင့် လာကြရသည်။ အသင်တို့ အသက်ချမ်းသာလိုက ဟုတ်တိုင်းမှန်ရာကိုသာ ပြောကြလော့" ဟု သူရဲကျော်တို့က ဉာဏ်တစ်မျိုးဆင်ကာ မေးကြလေ၏။

ပုဏ္ဏားတို့လည်း သေဘေးကို ကြောက်ကြသဖြင့် ဤသို့ ပြောဆိုကြလေ၏။

"အင်းဝတိုင်းပြည်မှ မိဖုရားကြီးက စေခိုင်းသဖြင့် ကျွန်ုပ်တို့လာရောက်ကာ မင်းတရားအား အဘိသိက် သွန်းရန်နှင့် စီးရေကို မသောက်ဘဲ တွင်းရေကိုသာ သောက်သုံးစေရမည်" ဟု **"ခမည်းတော်က မိန့်တော်မူဟန်နှင့် ပြောမိချေ၍"** မင်းတရားသောက်သုံးရန် ရေတွင်းကို တူးစေသည်။ တူးပြီးနောက် **"ထိုရေတွင်း၌ မုတ်ဆေး ခတ်ထားသောကြောင့် ရူးသွပ်ရကြောင်း"** ကို ပြောပြကြလေ၏။

**"ပုဏ္ဏားသတ်ကုန်း"** ယင်းသို့ ပုဏ္ဏားများ ပြောပြချက်ကို စာနှင့်သေချာစွာ မှတ်သားပြီးနောက် ပုဏ္ဏား ၈-ယောက်စလုံးကို အဆုံးစီရင်လိုက်လေ၏။

(ပုဏ္ဏားများအား သတ်ပစ်သည့်နေရာကို **"ပုဏ္ဏားသတ်ကုန်း"** ဟူ၍ အမည်တွင်ကာ ယနေ့တိုင် အခေါ်မပျက်ဘဲ လက်ဝဲကျွန်းရွာ အနောက်ဘက် လယ်ကွင်းအလယ်တွင် ထင်ရှားရှိလေ၏။

"လက်ဝဲကျွန်း" ခေါ်တွင်ခြင်းမှာမူ ယင်းခေတ်အခါက ယခုရှိသော ထားဝယ်မြစ်ကြောင်းသည် ပေါက်တိုင်းချောင်းနှင့် စော်ချောင်းတို့ အဝနေရာမှ လက်ဝဲကျွန်း၏ အရှေ့ဘက်နေရာကို ဖြတ်သန်း၍ စီးရာ ချောင်းဝမှ အထက်သို့ ဆန်တက်လျှင် လက်ဝဲဖက်တွင် ရှိသောကြောင့် **"လက်ဝဲကျွန်းရွာ"** ဟူ၍ ရှေးအခေါ်မပျက်ဘဲ တည်ရှိသည့် အိမ်ခြေများစွာ စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်လေသည်။)

**"သွေးဆေးကန်, (ဝါ) အရိုးဆေးကန်"** ပုဏ္ဏားများအား တွေ့ရာသချိုင်း ဓားမဆိုင်းပဲ စီရင်ခဲ့ပြီး သူရဲကျော်များ ပြန်လည်လာကြရာ ကြက်သံဒိုင်းကုန်းရှိ ရေကန်တစ်ခု၌ ဓားများ သွေးပေနေသည်ကို ဆေးကြသဖြင့် ယင်းရေကန်ကို **"သွေးဆေးကန်"** ဟူ၍ တွင်လေ၏။

(နောင်သောအခါ ကြက်သံဒိုင်းကုန်းနေရာ၌ သချိုင်းဖြစ်လာသဖြင့် အလောင်းကို မီးသင်္ဂြိုဟ် ပြီးသည့်အခါ အရိုးများကို ယင်းရေကန်တွင် ဆေးကြသောကြောင့် သွေးဆေးကန်ခေါ်တွင်ရာမှ ယခုအခါ **"အရိုးဆေးကန်"** ဟု ယနေ့တိုင်ခေါ်ဝေါ်ကြလေသည်။)

သူရဲကျော် ၂၀-တို့လည်း ကြက်သံဒိုင်းကုန်းမှ မုတ္တသုခနဂရမြို့သို့ ပြန်လည်ရောက်ရှိကြပြီး မှူးမတ်တို့အား အကြောင်း အလုံးစုံကိုပြောပြလျက် ရေးမှတ်ခဲ့သော စာကိုလည်း တင်ပြလေ၏။

## ၁၂။ တစ်နပ်စာစီတောင်

မင်းတရား၏ ရှူးသွပ်ခြင်း ဝေဒနာကို ကုသရန် ရတနာစာတီနန်းဦးတောင်ပေါ်၌ သီတင်းသုံးနေတော် မူသော ဆရာတော်အား မှူးမတ်တို့က လျှောက်ထားကြလေ၏။ ဆရာတော်က မင်းတရားအား မိမိကျောင်းသို့ ခေါ်ဆောင်ခဲ့စေပြီး **"ဝံပတိတောင်, စောထွတ်တောင်, တောင်ဦးတောင်, ပကောတောင်, ရသေ့တောင်"** တို့၌ သီတင်းသုံးနေထိုင်တော်မူကြသည့် ရှင်ရသေ့တို့အား ပင့်ဖိတ်ကာ ဆေးကုသကြစေလေ၏။

ယင်းရှင်ရသေ့တို့သည် ရတနာစာတီ နန်းဦးတောင်ကျောင်း၌ တစ်ပါးလျှင် တစ်နပ်စာစီ အလှည့်ကျ ဆေးကုသကြရာ မင်းတရား၏ ရှူးသွပ်ခြင်းဝေဒနာသည် လုံးဝမပျောက်ဘဲ အနည်းငယ်မျှသာ သက်သာရာ ရလေ၏။

(ဆရာရသေ့များ တစ်နပ်စာစီ ကုသသည့်အတွက် ထိုနန်းဦးရတနာစာတီတောင်ကို **"တစ်နပ် စာစီတောင်"** ခေါ်တွင်ရာမှ ယခုအခါ အခေါ်ရွေ့လျောသဖြင့် **"နပ်စာရီ တောင်"** ဟု ခေါ်ဝေါ်ကြလေသည်။)

## ၁၃။ မင်းတရားအား စောပညာက ဆေးကုသခြင်း

ဝေဒီမြို့မှ မောင်ဗအဲ၏ဇနီး မယ်စော ခေါ် **"စောပညာ"** သည် ဝေဒီမြို့စား စောသီလမင်း သိမ်းပိုက်မည့်ဘေးမှ ကြောက်ရွံ့၍ ထွက်ပြေးရာ စိန်ပြည်၌ ဘုရင်မအဖြစ်နှင့် ယာယီအုပ်ချုပ်နေစဉ် မိမိသည် မိန်းမသား ဖြစ်သဖြင့် တိုင်းပြည်ကို မအုပ်ချုပ်လိုကြောင်း မှူးမတ်များအား ပြောကြားလေ၏။

ပုဏ္ဏားပညာရှိတို့က ထီးနန်းအုပ်ချုပ်ရန်နှင့် သင့်လျော်မည့်သူကို ဗေဒင်အရ တွက်ချက်ကြလျှင် **"စောပညာနှင့် သင့်မြတ်မည့်သူကား ဒူရကတိုင်းတွင် မင်းသားတစ်ပါး မြင်လေ၏။"** ထိုမင်းသားကား စိတ်ဖောက် ပြန်သောရောဂါ စွဲကပ်နေကြောင်း သိရှိကြသဖြင့် စောပညာအား သံတော်ဦးတင်လေ၏။

စောပညာက ဤမင်းသားအား သမားတော်များနှင့် ကုသ၍ ရ, မရကို တွက်ချက်ကြည့်စေပြန်ရာ ရနိုင်မည့် အကြောင်းကို သံတော်ဦး တင်ကြလေ၏။

ယင်းနောက် မှူးတော်, မတ်တော်, ပုဏ္ဏားကျော်, သမားတော် များနှင့် ညှိနှိုင်းတိုင်ပင်ကြပြီးလျှင် **"ဆေးသစ္စာတော်"** ကို စီမံကြလေ၏။ စီမံ၍ ပြီးလတ်သော် ဆေးသစ္စာတော်ရေကို အိုး၌ထည့်ပြီး ရွှေပေလိပ်နှင့် တကွ သင်္ဘောပေါ်တွင် တင်လျက် စောပညာနှင့်အတူ ပညာရှိ ၄-ဦး တို့ သင်္ဘောဖြင့် ထွက်ခွာလာခဲ့ကြရာ ဒူရကတိုင်းအဝင် ပင်လယ်ဝ **"မော်ဦးဖြစ်သည့် သိန္ဓုသေလတောင်, ရှင်မျှော်တောင်"** (ယခု ရှင်မော်တောင်)သို့ ရောက်ရှိရပ်နားကာ ဆေးသစ္စာတော်အိုးကို ယူဆောင်လျက် တောင်ပေါ်သို့ ဘုရားဖူးတက်ကြလေ၏။

တောင်ပေါ်သို့ ရောက်လျှင် စောပညာသည် ဘုရားရှေ့တော်၌ ဆုတောင်းသည်မှာ -

**"ဘုရားတပည့်တော်မနှင့် ပေါင်းဖော်ထိုက်ပါက ဤဆေး**

**သစ္စာတော်ရေကို သုံးစွဲသည့် မင်းတရား၌ ရောဂါ ရှင်းရှင်း ပျောက်ပါစေသား"** ဟူ၍ ဆုတောင်းပြီးလျှင် သိန္ဓုသေလတောင်မှ ဆင်းလာကြလျက် တောင်ခြေရင်းရှိ **"ကြက်လွှတ်ရွာ"** တွင် စခန်းချ ရပ်နားကြလေ၏။ ယင်းနောက် ဆေးသစ္စာအိုးနှင့် ရွှေပေလိပ်ကို သဘော်ငယ်တစ်စင်းပေါ်၌ တင်လျက် အမိန့်ဖြင့် မျှောလိုက်ပြီးသော် ကြက်လွှတ်ရွာဆိပ်ကမ်း၌ ၇-ရက် ဆိုင်းငံ့နေလေ၏။

## ၁၄။ ဆေးတော်သစ္စာ ရွှေသဘော်နှင့် မျော၍လာ

ယင်းသည့်နေ့ ညဥ့်တွင် မင်းတရားသည် မုတ္တသုခနဂရမြို့ဆိပ်ကမ်းသို့ ရွှေသဘော်ငယ်တစ်စင်း မျောဝင်လာသည်ဟု အိပ်မက်မြင်မက်လေ၏။ နံနက်မိုးသောက် အလင်းရောက်လျှင် မိမိ၏အိပ်မက်အတိုင်း မှူးမတ်များအား ဆယ်ယူကြလေဟူ၍ အမိန့်တော် မှတ်လိုက်လေ၏။

မှူးမတ်တို့လည်း ဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုရာ မင်းတရား၏ အိပ်မက်အတိုင်း ရွှေသဘော်ငယ်သည် ရေစုန် ရေဆန်မျောနေသည်ကို တွေ့ရသဖြင့် လှေလောင်းများနှင့်ထွက်၍ ဆယ်ယူကြရာ မရနိုင်သည့်အတွက် သံတော်ဦးတင်ကြလေ၏။

ယင်းအခါတွင် မင်းတရားက ငါကိုယ်တော်တိုင် ဆင်း၍ ဆယ်ယူမည်ဟု ပြောပြီးလျှင် မှူးမတ် ပြည်သူ ပြည်သားတို့သည် မင်းတရား၏ နောက်တော်မှ လိုက်ကြကုန်၏။

ရေဆိပ်သို့ရောက်လျှင် မင်းတရားက **"ငါနှင့်ထိုက်တန်မူ ဤရွှေသဘော်ငယ်သည် ငါ၏ထံပါး ရောက်စေသား"** ဟူ၍ အမိန့်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ရွှေသဘော်ငယ်သည် ရေလယ်မှ တဖြည်းဖြည်း မင်းတရားရှိရာကမ်းသို့ ဆိုက်ကပ်လာလေ၏။

ရွှေသဘော်ငယ်၌ ပါလာသော အိုးနှင့် ရွှေပေလိပ်ကို ယူပြီးလျှင် ရွှေပေလိပ်တွင် ပါရှိသည့်အတိုင်း စာကို ဖတ်ရှုကြရာ -

**"ဆေးသစ္စာတော်ရေကို သောက်လည်းသောက်, နံ့သာမျိုးငါးပါး ရေတို့နှင့် ၎င်းဆေးသစ္စာတော်ရေကို ရောပြီးလျှင် ခေါင်းဆေးမင်္ဂလာ ပြုလုပ်ပါက အန္တရာယ်ကင်း၍ ဘေးအပေါင်း ပပျောက်လျက် မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်ပေလိမ့်မည်"** ဟူ၍ ပါရှိလေ၏။ ယင်းရွှေပေလိပ်ပါ စာတန်းအရ ပြုလုပ်ရာ ပြည်သူပြည်သားတို့က ပျောက်ကင်းပါ စေကြောင်းဖြင့် သောသောညာညာ ဆုတောင်းကြကုန်၏။

## ၁၅။ မင်းတရား အရှူးပျောက်၍ ဆုတောင်းပြည့်ဘုရားကြီး တည်ထားကိုးကွယ်ခြင်း

ယင်းသို့လျှင် အကြင်သို့သော ဆေးသစ္စာတော်ရေဖြင့် မင်းတရား၏ရောဂါ ပျောက်ကင်းသဖြင့် ပြည်သူ ပြည်သားအပေါင်းတို့ ဆုတောင်းပြည့်သောကြောင့် ယင်းနေရာ၌ ကောဇာသက္ကရာဇ် ၇၈၀-ပြည့်နှစ်၊ နယုန်လဆန်း ၈-ရက်နေ့တွင် အထိမ်းအမှတ် ရုပ်ပွားတော် တစ်ဆူ တည်ထားကိုးကွယ်ကြလေ၏။

ယင်းရုပ်ပွားတော်ကြီးသည် မုတ္တသုခနဂရမြို့ (ယခု ရွှေမုဋ္ဌောဘုရား) အနီးတွင် တည်ရှိသဖြင့် **"ဆုတောင်းပြည့်"** ဘုရားကြီး ခေါ်တွင်ရာမှ အခေါ်ရွေ့လျောကာ **"အရှူးပျောက်ဘုရား"** ဝါ **"သျှူးကြောက်"** ဘုရားကြီးဟု ယနေ့တိုင် ခေါ်ဝေါ်ကြလေသည်။

## ၁၆။ မင်းတရားသည် စောပညာထံသို့ သွားခြင်း

မင်းတရားသည် ရောဂါ ရှင်းရှင်းပျောက်ကင်း၍ ညီလာခံစုံသည့် ဗိုလ်ပုံ၌ မင်းတရားက **"မှူးတော်, မတ်တော်များ ငါကိုယ်တော်မြတ်ကဲ့သို့ တိုင်းသူပြည်သား အများတို့အား ရင်ဝယ်သားပမာ သနားခြင်း ကရုဏာဖြင့် စောင့်ရှောက်ကြရမည်"** ဟု အမိန့်တော်မြတ် မှတ်လေ၏။

ယင်းအခါ စောပညာက တိတ်တဆိတ် စေလွှတ်ထားသည့် တမန်တို့ ကြားကြလတ်သော် ဤမင်းကား မင်းကျင့်တရားနှင့်

ညီညွတ်ပေသည်ဟု အချင်းချင်း တီးတိုးစကား ပြောကြပြီး စောပညာက ပေးအပ်လိုက်သည့် စာသဝဏ်လွှာကို မင်းတရားထံ ဆက်သွင်းလေ၏။

စာသဝဏ်လွှာ၌ ပါရှိသည်မှာ - **"အရှင်မင်းမြတ်အား ဆေးကုသသော ဆရာသည် ယခု ကြက်လွှတ်ဆိပ်၌ သင်္ဘောနှင့် စောင့်ဆိုင်းနေပါသည်။ အရှင်မင်းမြတ် ကြွလာလိုက ကြွလာတော်မူပါ။ မကြွလာလိုတော်မူပါက ၎င်းတမန်တို့ထံ အကြောင်းပြန်ကြားလိုက်ပါ"** ဟု ပါရှိလေ၏။

မင်းတရားသည် မှူးမတ်တို့နှင့် တိုင်ပင်လျက် ရွှေလှေ, ရွှေလောင်းတို့ကို စီးကာ တမန်တော်များ၏ သမ္ဗန်နှင့်အတူ မုတ္တသုခနဂရမြို့ဆိပ်ကမ်းမှ ထွက်ခွာသွားကြရာ မကြာမီ ကြက်လွှတ်ဆိပ်ကမ်း သင်္ဘောဆိုက်ထားသည့် စခန်းသို့ ရောက်ရှိကြ၍ သင်္ဘောပေါ်သို့ တက်ကြလေ၏။

## ၁၇။ မင်းတရား နှင့် စောပညာ

သင်္ဘောပေါ်၌ မင်းတရားအား မင်း၏နေရာတွင် နေထိုင်စေလျက် စောပညာမှာကား မိဖုရား၏နေရာ၌ ညွတ်ခလျက် နေလေ၏။

မင်းတရားက မိမိအား ဆေးကုသသည့် ဆရာမှာ ယောကျ်ားပင် မှတ်ထင်သည်နှင့် **"ဆရာနှင့် နှမ အဘယ်ကဲ့သို့ တော့်စပ်ပါသလဲ"** ဟု မေးလေ၏။

စောပညာက ပြုံးလျက် **"အရှင်မင်းမြတ်အား ကုသသည့် ဆရာသည် ဘုရားကျွန်မပင် ဖြစ်ပါသည်"**ဟု တင်လျှောက်လေ၏။

မင်းတရားက စဉ်းစားသည်မှာ ငါ့အား ကုသသည့်ဆရာကား ယောကျ်ားမဟုတ် မိန်းမဖြစ်နေပါကလား။ ဤမိန်းမသည် သာမညမိန်းမ မဟုတ်တန်ရာ ပညာရှိမိန်းမ ဖြစ်လိမ့်မည်ဟု အထင်ရောက်ကာ နှမ၏ မျိုးရိုးဇာတိနှင့် အကြောင်းအရာကို သိပါရစေဟု ဆိုလေ၏။

စောပညာက မိမိ၏ မျိုးရိုးဇာတိနှင့် ဖြစ်ပျက်ပုံ အကြောင်းအရာတို့ကို အလုံးစုံလျှောက်ပြီး "ဝေဒီမင်းကြီး၏ အတင်းအဓမ္မ သိမ်းပိုက်မည့်ဘေးရန်ကို ကြောက်ရွံ့သဖြင့် ရှောင်တိမ်းကာ တောတောင်တို့တွင် ခိုအောင်းနေရာမှ စိန့်ပြည်တွင် မင်းမဲ့ဖြစ်၍ မင်းလောင်း အရှာလာခိုက် ကြုံကြိုက်၍ မင်းအဖြစ် အုပ်စိုးနေရပါသည်။ သို့သော် နှမမှာ မိန်းမသားဖြစ်၍ နောင်အရှည် အုပ်စိုးရန် ခက်ခဲလှသောကြောင့် မှူးမတ်များအား နှမတော်နှင့် ထိုက်တန်သော မင်းလောင်းလျာကို တွက်ချက်ကြည့်စေရာ မောင်တော်ဘုရား စိတ်နောက်နေကြောင်းကို ဗေဒင်အရ ထွက်ဆိုလေလျှင် နှမတော်က အလျင်အမြန် သမားတော်များအား စီမံစေပြီး ဆေးသစ္စာတော်ရေကို ဂါထာမန္တရားအင်းအိုင်များ စုံလင်စွာဖြင့် စီမံပြီး နှမတော်ကိုယ်တိုင် အဓိဋ္ဌာန်ပြုကာ ရှင်မော်ဝက ရွှေသဘော်ငယ်ဖြင့် ဆေးသစ္စာအိုးကို မျှောလိုက်သည့်အတွက် **ဤဆေးသစ္စာ၏ တန်ခိုးအာနိသင်အားဖြင့် မောင်တော်ဘုရား၏ ရောဂါသည် ဆောမကြာ ပျောက်ကင်းခြင်း ဖြစ်ပါသည်။** သို့အတွက် နှမတော်အား ကျေးဇူးဆပ်သောအနေဖြင့် နှမတော်စံရာ စိန့်တိုင်းပြည်တော်သာသို့ လိုက်ပါပြီး **နှမတော်အား ရွှေလက်ဆွဲလျက် နန်းသိမ်းပွဲတက်တော်မူပါဘုရား**" ဟူ၍ လျှောက်ထား တောင်းပန်လေ၏။

မင်းတရားသည် စောပညာ၏ တောင်းပန် လျှောက်ထားသည်ကို သဘောတော်ကျ၍ စိန့်ပြည်သို့ လိုက်ပါရန် ဝန်ခံပြီးလျှင် သဘော်ပေါ်သို့ တက်တော်မူကြလေ၏။

ရွှေလှေ, ရွှေလောင်းတို့နှင့် မုတ္တာသုခနဂရမြို့မှ မင်းတရားနှင့်အတူ လိုက်ပါလာကြသည့် မှူးမတ်တို့သည် တစ်ခုသော ကျောက်မော်ထက်မှ နဖူးမြေထိ ရှိခိုးဘိ၍ ဦးတိုက်ကာ ကန်တော့ နှုတ်ဆက်လိုက်ကြလေသည်။ ယင်းနေရာကို "**နဖူးမော်**" ဟု ခေါ်တွင်လေသည်။

မုတ္တာသုခနဂရမြို့သို့ အပြန်တွင် ရှေ့ဦးစွာ စခန်းချသည့်နေရာသို့ ရောက်ရှိလတ်သော် မိမိတို့၌ စားရေ ရိက္ခာကုန်၍ မှူးမတ်များနှင့် လှေထိုး


## ရှင်မော် စေတီတော် သမိုင်း

(ယခု ရေးသားလတ္တံ့သော ရှင်မော်ဘုရား စေတီတော်သည်ကား ထားဝယ်မြို့မှ တောင်ဘက် မိုင် ၄၀-ကျော်ကွာသော **ထားဝယ်မြစ်ဝ ရှင်မော်တောင် အငူစွန်းတွင် တည်ထားလျက် ရှိသည်ဖြစ်၍** ရန်ကုန်, မော်လမြိုင်, မြိတ်, ကော့သောင်း စသော မြို့များသို့ သွားသော လှေ, သင်္ဘောစီး ခရီးသည်များတို့ သေအချာ ဖူးမြင်နိုင်ကြပေသည်။)

### ၁။ မဟာဗန္ဓဝ, စူဠဗန္ဓဝ ညီနောင် မထေရ် ၂-ပါး သာသနာပြုရန် ကြွရောက်လာခြင်း

ဂေါတမ ရှင်တော်မြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် အနှစ် ၂၂၀-မြောက်သောအခါ ပါဋလိပုတ် ပြည်ကြီးနှင့်တကွ ဇမ္ဗူဒီပါ တစ်ကျွန်းလုံးကို အစိုးရတော်မူသော **"သီရိဓမ္မာသောက"** မင်းကြီး လက်ထက် **"ရှင်မဟာ မောဂ္ဂလိပုတ္တတိဿ"** ရဟန္တာ မထေရ်ကြီးသည် **"မဟာဗန္ဓဝ, စူဠဗန္ဓဝ"** ညီနောင် မထေရ် ၂-ပါးတို့အား တနင်္သာရီတိုင်း, ဒူရကတိုင်းများသို့ သာသနာပြု စေလွှတ်တော်မူရာ ဒူရကတိုင်း (ထားဝယ်မြို့)၏ ပင်လယ်ဝ မော်ဦးဖြစ်သော **"သိန္ဓုသေလ (ရှင်မော်) တောင်"** သို့ ရောက်ရှိကြလေ၏။

ယင်းတောင်၌ နဂါးမင်းကြီး၏ တူတော် နဂါးစစ်သူကြီးဖြစ်သည့် **"ဝါသုလဒေဝ"** သည် ရှင်တော်မြတ်စွာ၏ လက်ျာအံတော် ဓာတ်မြတ်ကို နဂါးပြည်မှ ပတ္တမြားကြုတ်နှင့်ထည့်၍ ယူလာပြီးလျှင် လင်းလွန်းပင်ခွကြား၌ မြှုပ်ထားလျက် ကိုးကွယ်နေသည်ကို မြင်တော်မူလေသော် ယင်းတောင်တွင် ခေတ္တသီတင်းသုံးနေတော်မူပြီးမှ တနင်္သာရီတိုင်း ဘုရင် **"ကောရမ္ဗ"** မင်းထံသွား၍ ၇-ရက် ဆွမ်းရပ်တော်မူလျက် မင်းနှင့်တကွ ရဟန်း, ရှင်, လူ ပြည်သူအပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလေ၏။



ရှုမျှော်တောင်(ယခုအခေါ် ရှင်မော်တောင်) စေတီတော်ကို
ပင်လယ်ဖက်မှ လှမ်းမျှော် ဖူးမြင်ရပုံ။

ယင်းနောက် ဒူရကတိုင်းကြီးရှင် ဘုရင် "**ဓမ္မသေန**" မင်းကြီးထံ ကြွသွား၍ အထက်နည်း ၇-ရက် ဆွမ်းရပ်တော်မူလျက် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြန်လေ၏။

ယင်းနောက် "**ဓမ္မသေန**" မင်းကြီးက "မဟာဗန္ဓဝ, စူဠဗန္ဓဝ" အရှင် ၂-ပါးအား လျှောက်ထားသည်မှာ-

"ဘေးတော်, ဘိုးတော်, ခမည်းတော်နှင့် တပည့်တော်တို့သည် ရဟန္တာအရှင်မြတ်များ တည်းခို သီတင်းသုံး နေထိုင်တော်မူရန် ဝေမိဿကတောင်တွင် ကျောင်းတော် ဆောက်လုပ်လှူဒါန်းကြပါသည်။ အရှင်ဘုရားတို့သည် ယင်းဝေမိဿကတောင်ရှိ ရွှေကျောင်းတော်တွင် စံနေတော်မမူဘဲ အဘယ့်ကြောင့် သိန္ဓုသေလတောင်၌ သီတင်းသုံး နေတော်မူပါသနည်း။"

"**ဒကာတော်မင်းမြတ် - မြတ်စွာဘုရားရှင်၏ လကျ်ာအံတော် ဓာတ်မြတ်ကို ဝါသုလဒေဝ နဂါးမင်းသည် သိန္ဓုသေလတောင်ရှိ လင်းလွန်းပင်ခွကြား၌ မြှုပ်ထား၍ ကိုးကွယ်နေသည်ကို အမှီပြု၍ သီတင်းသုံးနေကြပါသည်။**"

"**အရှင်ဘုရားတို့ - ထိုအံတော်ဓာတ်မြတ်သည် သိန္ဓုသေလ တောင်သို့ အဘယ်နည်းဖြင့် ရောက်လာပါ သနည်း။**"

"အံတော်ဓာတ်မြတ်ကို နဂါးပြည်၌ ရွှေစေတီတည်၍ ကိုးကွယ်ထားရာ သီရိဓမ္မာသောကမင်းကြီး၏ ဘုန်းတန်ခိုးတော်ကြောင့် ကြောက်ရွံ့၍ သီဟိုဠ်ကျွန်းရှိ ရဟန္တာကြီးတို့ထံ နဂါးစစ်သူကြီးက လျှောက်ပန်ကြားပြီးလျှင် ဝါသုလဒေဝ နဂါးမင်းက ယူဆောင်လာလျက် ဤတောင်၌ ကိုးကွယ်ထားပါသည်" ဟု မိန့်တော်မူလေ၏။

ထိုအခါ ဓမ္မသေနမင်းမြတ်သည် အလွန်ကြည်ညိုကာ သဒ္ဓါတရား ဖြစ်တော်မူပြီးလျှင် "**အရှင်ဘုရားတို့ ဤအံတော်ဓာတ်မြတ်ကို တပည့်တော်လည်း ကိုးကွယ်ပူဇော်လိုပါသဖြင့် ကုသိုလ်အဖို့ကို**

စောင်မတော်မူပါ"ဟု လျှောက်ထားပြီးလျှင် အရှင် ၂-ပါးတို့လည်း ကြွသွားတော်မူကြလေ၏။

ယင်းနောက် ဓမ္မသေနမင်းမြတ်သည် မှူးမတ်ပြည်သူ လူထုများနှင့် တိုင်ပင်လျက် အမြင့် ၇-တောင်ရှိသော ရွှေသား စေတီတော်ကို သွန်းလုပ်စေပြီးလျှင် နဝရတ်ကိုးပါးတို့ဖြင့် ခြယ်လယ် အပ်သော ရတနာထီးတော်၊ မြသပိတ်တော်၊ ရွှေစင်ယပ်၊ မိုးကြိုး သားရေနယ်၊ သံသေသင်ခုန်း၊ သံသေအပ်၊ ဘော်စင် အပ်ချည်တို့နှင့်တကွ စိန်ပန်းခိုင်၊ မြပန်းခိုင်၊ ပတ္တမြားပန်းခိုင်၊ ရတနာပန်းခိုင်များပါ အသင့်စီမံ၍ ပြီးစီးအောင် ပြုလုပ်ထားလေ၏။

မဟာဗန္ဓဝ၊ စူဠဗန္ဓဝ ရဟန္တာအရှင် ၂-ပါးတို့လည်း တနင်္သာရီဘုရင် ကောရမ္ဗမင်းထံ သွားရောက်ပြီးလျှင် ဓမ္မသေနမင်းအား မိန့်ကြားသကဲ့သို့ပင် မိန့်ကြားတော်မူလေသော် ကောရမ္ဗမင်းသည်လည်း ထိုအံ့တော် ဓာတ်မြတ်ကို ဖူးမြော်ပူဇော်လိုသည့် သဒ္ဓါဆန္ဒ အားကြီး လှရကား ဒူရကတိုင်း အောင်သာဝတီပြည့်ရှင် ဘုရင် ဓမ္မသေနမင်းထံ ပဏ္ဏာလက်ဆောင်တော်များနှင့်တကွ အမတ်လေးယောက်တို့ကို စာနှင့် စေလွှတ်လိုက်လေ၏။ စာတွင် ပါရှိသည်ကား -

**"ဒူရကတိုင်း အောင်သာဝတီပြည် ကလိန်အောင်မြို့ကို အစိုးရတော်မူသော အကြည်တော် ဓမ္မသေနမင်းတရား။**

**အကြည်တော် စိုးပိုင်တော်မူသည့် နိုင်ငံတော်၌ ခပ်သိမ်းသော ရတနာတို့ထက် ဆယ်၊ ရာ၊ ထောင်၊ သောင်းမက မြင့်မြတ် အဖိုးတန်လှသော ရတနာမြတ်ကို အကြည်တော်နှင့် အတူ ပြုစုလှူဒါန်း ကိုးကွယ်ပူဇော်လိုပါကြောင်း ကြားရောက် လိုက်ပါသည် ဓမ္မသေနမင်းမြတ်" -**

ဟူ၍ ပါရှိလေရာ ဓမ္မသေနမင်းမြတ်လည်း များစွာ အားရ ဝမ်းမြောက်တော်မူ၍ လက်ဆောင်ပဏ္ဏာများကို သိမ်းယူတော်မူလျက်

**"နေ့ရက်အချိန် ကျရောက်သည့်အခါ ကြွချီတော် မူလာစေလိုပါကြောင်း"** ဟူသော စာနှင့်တကွ လက်ဆောင်ပဏ္ဏာများကိုပါ တုံ့ပြန်လိုက်လေ၏။

## ၂။ ဓမ္မသေနမင်း, ကောရမ္မမင်း, ဝါသုလဒေဝနဂါးမင်း မင်း ၃-ပါးတို့ အံတော်ဓာတ်မြတ်ကို ဌာပနာ၍ စေတီတော်တည်ခြင်း

ဓမ္မသေနမင်းကြီးသည် စေတီတည်၍ ဌာပနာတိုက်ပြုလုပ်ရန် အရှင် ၂-ပါးတို့အား လျှောက်ထားလေလျှင် နောက် ၃-ရက်မြောက် လပြည့်ကျော် ၁-ရက်နေ့တွင် အကြောင်းကို ပြန်ကြားမည်ဟု မိန့်တော်မူခဲ့ပြီး အရှင် ၂-ပါးတို့ ကြွသွားတော်မူလေ၏။

တပို့တွဲလပြည့်နေ့ ကျရောက်လတ်သော် နဂါးမင်းသည် ဆွမ်း, ဆီမီး, ရေချမ်း, နတ်ပန်းတို့ဖြင့် သိန္ဓုသေလ တောင်တော်သာသို့ ပူဇော်ရန် ရောက်လာလေလျှင် အရှင် ၂-ပါးတို့က နဂါးမင်းအား ဓမ္မရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် မိန့်တော်မူသည်မှာ -

**"ဒွာရကတိုင်း အောင်သာဝတီပြည့်ရှင် ဘုရင် ဓမ္မသေန မင်းကြီးနှင့် တနင်္သာရီ တိုင်းကြီးရှင် ဘုရင် ကောရမ္မမင်း ၂-ပါးတို့က ဒကာတော် နဂါးမင်းနှင့် အတူတကွ အံတော်ဓာတ်မြတ်ကို စေတီတည်၍ ဌာပနာ လှူဒါန်းလိုပါကြောင်းကို ကျွန်ုပ်တို့ထံ လျှောက်ထားပါသည်"** ဟု မိန့်တော်မူရာ နဂါးမင်းက အလွန်တရာ နှစ်သက် ဝမ်းမြောက်လှ၍ **"ကောင်းပါပြီ ဘုရားတပည့်တော်လည်း တပေါင်းလပြည့်နေ့ ကျရောက်လျှင် ဌာပနာရန် ပစ္စည်းတို့ဖြင့် လာရောက်ပါမည်"** ဟု လျှောက်ထားလေ၏။

ယင်းနောက် ဌာပနာမည့်နေရာတွင် နဂါးအခြွေအရံတို့ကို တူးဖော်စေ၍ အမြင့် ဉာဏ်တော် တစ်ထွာခန့်ရှိ ပတ္တမြားစေတီတော်နှင့် အနံ ၁၂-တောင်, အလျား ၁၈-တောင်, အမြင့် အတောင် ၂၀-ရှိသော တိုက်အတွင်း တစ်ဝင်းဝင်း တစ်ထိန်ထိန် ထွန်းပသည့် ဘိုးတော် နဂါးမင်းကြီး၏ လည်ရွဲတန်ဆာ ကွမ်းသီးလုံးပမာဏရှိသော ပတ္တမြားကို

ရွှေသားမီးတိုင်ခုံပေါ်၌ တင်၍ အလွန်မာကြောသည့် ကျောက်နံရံ ရွှေမြေတို့ဖြင့် ဆန်းကြယ် ခမ်းနားလှစွာသော ဌာပနာတိုက်တော်ကြီးကို မွမ်းမံပြုလုပ်ပြီး နဂါးမင်း ပြန်သွားလေ၏။

ရဟန္တာ အရှင် ၂-ပါးတို့လည်း ဓမ္မသေနမင်းကြီးထံ တဖန် ကြွတော်မူလာပြန်၍ ဆွမ်းအနုမောဒနာ ပြုပြီး ဓမ္မသေနမင်းကြီးက **"အရှင်ဘုရားတို့ အံ့တော်ခတ်မြတ်ကို မည်သည့်အခါ ကိုးကွယ်ပူဇော် ပြုလုပ်ရပါ အံ့နည်း"** ဟု လျှောက်ထားပြန်လေ၏။

**"ဒကာတော်မင်းမြတ် တပို့တွဲလပြည့်နေ့က နဂါးမင်း လာရောက်ပြီး တပေါင်းလပြည့်နေ့ ကျရောက် လတ်သော် မင်း ၃-ပါး အတူတကွ ပေါင်းဆုံလျက် ဌာပနာလှူဒါန်းရန် လာရောက်ပါမည်ဟု လျှောက်ထားပြီးသော် ဆန်းကြယ်ခမ်းနားလှစွာသော ဌာပနာတိုက် တော်ကြီးကို နဂါးမင်းသည် အခြွေအရံများဖြင့် သေချာစွာပြုလုပ်ပြီး ပြန်သွားလေပြီ"** ဟု မိန့်တော်မူလေ၏။

ဓမ္မသေနမင်းကြီးကလည်း အလွန်ဝမ်းမြောက်တော်မူလျက် လူပေါင်းတစ်ထောင်ခန့်တို့ကို မှူးမတ်များနှင့် တကွ ကြပ်မ၍ ယင်း **"သိန္ဓုသေလတောင်"** ပေါ်ဝယ် ကြီးကျယ်ဆန်းပြား ခမ်းနားလှစွာသော မဏ္ဍပ်တော်ကြီးကို ဆောက်လုပ်စေပြီး တနင်္သာရီဘုရင် ကောရမ္ဗမင်း ထံသို့လည်း အကြောင်းကြားတော်မူစေလေ၏။

တနင်္သာရီဘုရင် **"ကောရမ္ဗမင်း"** သည်လည်း စစ်အင်္ဂါ လေးပါး နှင့်တကွ ရေကြောင်းချီတော်မူလာရာ သာသနာတော်သက္ကရာဇ် ၂၃၈- ခု တပေါင်းလဆန်း ၁၃-ရက်နေ့တွင် သိန္ဓုသေလတောင်သို့ ရောက်ရှိတော် မူလေ၏။

ဒူရကတိုင်းကြီးရှင် ဘုရင် **"ဓမ္မသေနမင်းကြီး"** သည်လည်း များပြားလှစွာသော စစ်အင်္ဂါအပေါင်းတို့နှင့် တကွ ပြည်သားပြည်သူ လူထုအများတို့ပါ ခြံရံလျက် ယင်းနေ့တွင်ပင် သိန္ဓုသေလာတောင်သို့ ရောက်ရှိတော် မူလေ၏။

ဘုရင် ၂-ပါး တွေ့ဆုံ၍ နှုတ်ခွန်းဆက်သတော်မူကြပြီး ညချမ်းအချိန် ကျရောက်လတ်သော် များပြား လှစွာသော ဆီမီး, ရေချမ်း, တံခွန်, ပန်းတို့ဖြင့် ဆန်းပြားတင့်တယ်စွာ မြတ်စွာဗုဒ္ဓ၏ အံတော်ဓာတ်တည်ရှိရာ လင်းလွန်းပင်၌ ပူဇော်ကန်တော့ကြလေရာ အံတော်ဓာတ်မြတ်သည် ထန်း ၂-ဖျားခန့်မျှ ရောင်ခြည်တော် ကွန့်မြူးလျက် အထူးထူးသော တန်ခိုးပြာဋိဟာကို ပြတော်မူလေ၏။ မင်း ၂-ပါးနှင့်တကွ မှူးမတ်ပြည်သူလူထု အပေါင်းတို့လည်း အံ့ဩလျက် ညီညွတ်စွာ ဦးတိုက်ကြလေ၏။

ယင်းအခါဝယ် ဓမ္မသေနမင်းသည် အလွန်ကြည်ညိုသော ဇောပီတိ ဖြစ်တော်မူသဖြင့် မိန်းမော တွေဝေခြင်း ဖြစ်လေရာ မိဖုရားကြီးနှင့် သားတော် အိမ်ရှေ့မင်းတို့က တွဲထူတော်မူကာ နှာတော်ပေးမှ သတိရလေ၏။

ယင်းနောက် အံတော်ဓာတ်မြတ်သည် မင်း ၂-ပါးတို့၏ ဦးထိပ်ထက်သို့ ကြွတော်မူပြီးလျှင် လင်းလွန်း ပင်ခွကြားသို့ ကြွဝင်တော်မူလေ၏။

ဤသို့ဖြင့် ၃-ရက်ပတ်လုံး ပူဇော်တော်မူနေသည့်အခိုက် **"နဂါးမင်း"** သည် စစ်အင်္ဂါ ၄-ပါးနှင့်တကွ တူရိယာငါးပါးတို့ကို သာယာငြိမ့်လေးစွာ တီးမှုတ်လျက် တပေါင်းလပြည့်နေ့ နေဝန်းပေါ်သည်နှင့် တစ်ပြိုင်နက် ရောက်ရှိလေ၏။

**"မင်း ၃-ပါး နှုတ်ခွန်းဆက်သတော်မူကြပြီးလျှင်"** နဂါးမင်း၏ ကုသိုလ်ဖြစ်သည့် ပတ္တမြားစေတီတော် အတွင်းဝယ် အံတော်ဓာတ်မြတ်ကို သွင်းနှံတော်မူလေ၏။ ယင်းနောက် ဓမ္မသေနမင်းမြတ်၏ ကုသိုလ်တော် ဖြစ်သော ရွှေသားစေတီတော်ကို အုပ်တော်မူလေ၏။

ယင်းနောက် တနသ်ာရီမင်းမြတ်၏ ကုသိုလ်တော်ဖြစ်သည့် ရွှေသားပြာသာဒ်ကို ငွေသားတိုင် ၅-လက်မ ပတ်လည်စိုက်ပြီး ရွှေပြာသာဒ်တင်၍ နဂါးမင်း၏ ကုသိုလ်တော်ထီးကို ရွှေစင်အတိ

လုံးပတ်ညှိုဆိုင်ထွာ အမြင့် ၁၂-တောင် မကိုဋ်ပုံသဏ္ဌာန် ရတနာ ၇-ပါးတို့ဖြင့်ပြီးသော ညောင်ရွက်ပန်းဆိုင်း၊ ပန်းသွယ်တို့ဖြင့် တလက်လက်ထွန်းပသည့် ရတနာထီးတော်ကို အုပ်မိုးလျက် ပန်းဆိုင်း၊ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ကို ရွှေပြာသာဒ်၌ တွဲရရွဲဆွဲပြီးလျှင် ရွှေသားစေတီတော် အမြင့် ၇-တောင်၊ ရွှေသားပစ္စယံထိပ်ဝ ၃-တောင် ၅-လက်မ၊ ရွှေသား နဝရတ် ၉-ပါးဖြင့် ခြယ်လယ်သော ရတနာထီးတော်၊ ယင်းအပြင် ဓမ္မသေနမင်း၊ ကောရမ္ဗမင်း၊ နဂါးမင်းတို့၏ ရွှေကိုယ်လေး ရုပ်ပုံတော်များ၊ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်၊ မယ်တော်တို့၏ ရွှေကိုယ်လေး ရုပ်ပုံတော်များ၊ အိမ်ရှေ့မင်းတို့၏ ရုပ်ပုံတော်များ အသီးသီးတို့အပြင် ရဟန္တာအရှင်မြတ် ၂-ပါးတို့၏ ရွှေရုပ်ပုံတော်များ၊ ပတ္တမြား ပန်းခိုင်၊ မြပန်းခိုင်၊ စတုမဟာရာဇ်နတ်မင်းကြီး ၄-ပါးတို့၏ ရွှေကိုယ်လေး ရုပ်ပုံတော်တို့မှာ သံသေ၊ ပြဒါးသေ ပန်းဆိုင်းတို့နှင့် ပူဇော်ဟန်ထားပြီး **"ရွှေတံခါးဖြင့် ပိတ်လျက် ဌာပနာတိုက်တော်ကြီးကို ကျောက်ကြီး၊ ကျောက်ငယ် တို့နှင့်တကွ ပိတ်ဆို့ပြီးလျှင် လေယန္တရား၊ ရေယန္တရား စက်တို့ဖြင့် ထားရှိလေ၏။"**

ယင်းနောက် ရဟန္တာအရှင်မြတ် ၂-ပါးတို့အားလည်း မင်း ၃-ပါးတို့က ပရိက္ခရာ ၈-ပါးတို့ဖြင့် လှူဒါန်းတော် မူပြီးလျှင် **"ရေစက်သွန်းချ အမျှဝေပြီးသည်နှင့် တစ်ပြိုင်နက် တောတောင်အလုံး တော်လျှင်ပဲ့တင်ဟီးပြီး မဟာပထဝီမြေကြီး ၃-ကြိမ်လှုပ်၍ ကောင်းချီးသာခုခေါ်လေသတည်း။"**

## ၃။ တောင်စောင့်နတ်များ ကိုယ်ထင်ပြခြင်း

ယင်းအခါဝယ် သိန္ဒြကနတ်မင်း၊ ဘုမ္မဒေဝနတ်မင်း၊ သုခဒေဝနတ်မင်း၊ သောမဒေဝနတ်မင်း ယင်းနတ်မင်း ၄-ပါးတို့သည် တံအောင့်ခန့် ကိုယ်ထင်ပြ၍ သာခုခေါ်ပြီးလျှင် တစ်ပြည်တောင်လုံး မွှေးကြိုင်သော နတ်ပန်းတို့ဖြင့် ပူဇော်ကြလေသည်။

**ရှင်မော်တောင်ဘုရား၌ သားဆုတောင်းကြခြင်း**

ရှင်မော်တောင်ဘုရား၌ ၇-ရက် သီလစင်ကြယ်စွာ ယုံယုံကြည်ကြည် ဆောက်တည်၍ မိမိတို့ အလိုဆန္ဒ ရှိသောဆုကို တောင်းသော် ပြည့်စုံကြောင်း ပေါက္ကံရာဇဝင် နရပတိစည်သူ စကြာမင်း အခဏ်း၌ ပါသည်။

**"သိန္ဓုမင်းသမီး"**၃၅-နှစ် သက်တော်ရောက်၍ သားတစ်ယောက်မျှ မရလေလျှင် ကောဇာသက္ကရာဇ် ၄၆၈-ခုနှစ်၊ အထက်မင်း ၃-ပါး တစ်ဆူစီ အထက်၌ တည်ထားခဲ့သော ဘုရားကို ပြင်ဆင်လျှုဒါန်း ရွှေသင်္ကန်း ကပ်ပြီး သာစုခေါ်သည့်အခါ သံဃာတော်တစ်ရာတို့ကို ပရိက္ခရာ ၈-ပါးလှူ၍ သီလဆောက်တည်ပြီး သားဆုကို တောင်းရာ သားတော် **"ဇမ္ဗူဒီပရာဇာ"** ကို ရတော်မူကြောင်း။

ဒိုင်းဝန်မင်းကြီး မင်းလှသီဟရာဇာဘွဲ့ခံ ၎င်းမင်းကတော် အဘ-တပယင်း မင်းကြီးသမီး **"ခင်ညို"** သည် ၄၆-နှစ် အသက်ရှိသည် တိုင်အောင် သားတစ်ယောက်မျှ မရ၍ ထိုရှင်မော်တောင်သမိုင်းကို မဟာဒန်ကျောင်း၌ တွေ့ရှိ၍ ရှင်မော်တောင်တွင် သီလ ၇-ရက် ဆောက်တည်၍ သားဆုကိုတောင်းရာ တောင်ထားဝယ်ဗိုလ် **"ဇေယျသူရ"** ကို ရကြောင်း ပါရှိလေသည်။

## ၄။ ထပ်မံပြုပြင် ကုသိုလ်ရှင်

ယင်း လက်ျာအံတော်ဓာတ်မြတ်ကို ဌာပနာသွင်းနှံ ပူဇော်ထားရှိသည့် ရှင်မော်တောင် စေတီတော် မြတ်အား ပေါက္ကံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် ကောဇာသက္ကရာဇ် ၄၆၈-ခုနှစ်တွင် ထပ်မံပြုပြင်တော် မူလေသည်။

ယင်းနောက် ကောဇာသက္ကရာဇ် ၁၃၀၀-ပြည့်နှစ်လောက်တွင် ထားဝယ်မြို့ မြို့တွင်းရပ် ပိုးကုန်သည် **"ခူဂေါ်ဒင် ဇနီး ဒေါ်မြသိန်းမေ နှင့် သားသမီးတစ်စု"** တို့က ထပ်မံပြုပြင်ပြီး ၁၃၀၂-ခုနှစ် တပို့တွဲလဆန်း

၁၁-ရက်နေ့တွင် ရွှေထီးတော်ကို တင်လှူ ပူဇော်ကြလေသည်။

ယင်းအကြောင်းနှင့် ပတ်သက်၍ နန်းညွှန့်ဆရာ လူပြန်တော် ဦးဇင်းဘာ ခေါ် **"ဦးစောလှိုင်"** က မိမိ၏ မဟာသမိုင်းတော်ကြီး ပေါင်းချုပ်စာအုပ် ရှင်မော်ဘုရားသမိုင်း နောက်ဆုံးတွင် ရေးသား ဖော်ပြထားရှိသည်မှာ-

သိန္ဓုသေလ အမည်ဆောင် ရှင်မော်တောင်စောင့်သော **"သိန္ဓုကနတ်, ဘုမ္မဒေဝနတ်, သုခဒေဝနတ်, သောမဒေဝနတ်"** ၎င်း နတ်မင်းကြီး ၄-ပါး ဝမ်းမြောက်တော်မူသည့်အခဏ်း -

ဘုရား . . . ဘုရား . . . မိုးသိကြားက၊ မိန့်ထားချမှာ၊ ဤနေရာ၌၊ ဘဂဝါဇိန၊ တန်ခိုးကြွတဲ့၊ သမ္ဗုဒ္ဓ၏ သာသနာ၊ နေလို ထွန်းလိမ့်မည်ဟု စောင့်စေ အမိန့်ပေး၊ အရေးယူကာ၊ စောင့်နေပါ၊ ဘောဂဝတီ တိုင်းလုံးချုပ်တဲ့၊ နဂါးပြည်က၊ အမည်နာမ၊ ဝါသုလဒေဝ၊ နာဂရာဇာ၊ သူဆောင်ကြဉ်း၍၊ ယူတည့်လာ၊ လကျ်ာအံတော်၊ ဤတောင်ပေါ်မှာ၊ ကော်ရော်ဝန္ဒနာ၊ ငါတို့ပါဖူး၊ ရှိဦးထွာ၊ များမကြာခင်၊ ချာန်ရှင်ကြွ၍၊ လာသည့်အင်၊ အရှင်နှစ်ပါး မည်ကားနာမ၊ မဟာဗန္ဓဝ၊ စူဠဗန္ဓဝ၊ တန်ခိုးကြွစွာ၊ ရဟန္တာနှင့်၊ ဒွါရကတိုင်းရှင်၊ ဘုရင်ဓမ္မသေန၊ တနင်္သာရီတိုင်းရှင်၊ ဘုရင် ကောရမ္မ၊ ဘောဂဝတီတိုင်းရှင်၊ ဘုရင် ဝါသုလဒေဝတို့၊ သမ္ဗုဒ္ဓသာသနာ၊ မြတ်ကောဇာသည်၊ နှစ်ရာသုံးဆယ်၊ စွန်းကယ်ရှစ်ခု၊ ဥတုဂိမ္ဟန္တ၊ တပေါင်းလ၌၊ ပြည့်ထပုဏ္ဏမိန်၊ မြူတိမ်သန့်စင်၊ ဘုရင်သုံးထွေ၊ အောင်စည် ပဌမ . . . ဆော်တီး၍ တစ်ခဏ်းပြ။

ဒုတိယ . . . စခန်းစ၊ နန်းသမ္မတဘုရင်၊ ကျွန်းဇမ္ဗူ တိုင်းခွင်မှာ၊ နရပတိစည်သူတွင်၊ အလောင်းတော် ထိုဘုရင်သည်၊ ကောဇာလျှင် လေးရာ ခြောက်ဆယ်၊

စွန်းကယ်ရှစ်ခုသာ၊ ပြုစုကာ ပြင်ဆင်၊ ရွှေသက်န်း ကပ်ပြီးလျှင်မှ
အောင်ပန်းဆင် တစ်ခဏ်း။

အလို တတိယ အောင်ပန်း၊ ဆွတ်လှမ်းမည်ကြား၏
နန်းညွှန့်ဆရာ ထံပါးက၊ ရှင်မော်သမိုင်း တွေ့ရ၍
သဒ္ဒါကြွစေတနာ၊ ဆံတော်ရှင် သမ္ဘုဒ္ဓါ၏ ဒါယကာ **"ခူဂေါ်ဒင်"**
ဟာဒယဇောရွှင်၊ အိမ်သူကို တိုင်ပင်၊ **"မြသိန်းမေ"** အလှူရှင်၊
မွေးမိခင် **"မယ်အင်"** နှင့်၊ သားကြီးလျှင် **"ခူဟပ်စွမ်"**၊
သမီးကြီးနာမံ၊ ငယ်မည်မှန် **"မစိန်ပို"** လျှင်၊ စေတသိက်
ဇောရွှင်၍၊ ပြင်ဆင်ရန် ရွှေသက်န်း၊ ကပ်လှမ်းမည်ကြား၏
ငါနတ်မင်းလေးပါက၊ ဝမ်းမြောက်လှ - စေတနာ၊ နောက်မဆုတ်
မသွေသာအောင်၊ ဒေဝရာ-ရေစင်လောင်း၊ အောင်စေကြောင်း
ဂရုပြု၊ သာဓု - သာဓုလို့၊ မင်္ဂလာ နတ်ခရုနှင့်၊ မေရုက ကြော်ငြာ
လိုက်သဗျ။

(မူအတိုင်းပင်)

## ရွှေတောင်စား စေတီတော်ကြီးသမိုင်း

### "ဥကြကြော်လှစ် - ရွှေတောင်စား သက္ကရာဇ်၊ ဥညြအော်သည် - ထားဝယ်တည်"

ဟူ၍ ထားဝယ်ခရိုင်လုံးတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ရွှေတောင်စား စေတီတော်မြတ်ကြီး၏ မြောက်ဘက် အာရုံခံ တန်ဆောင်း၌ ကမ္ပည်းရေးထိုးထားသည်ကို ဘုရားဖူးပရိသတ်အပေါင်းတို့ တွေ့မြင် ဖတ်ရှု ကြရပေသည်။

### ၁။ ရာဇဝင် သမိုင်းများ မပျောက်မပျက်စေရန် စာအုပ်အဖြစ် ပုံနှိပ်ဖြန့်ချိရခြင်း

**"ဥညြကြော်လှစ်"** ဟူသော နံသင့် အက္ခရာအရ ၁၁၂၄-ခုနှစ်တွင် ရွှေတောင်စား စေတီတော် တည်ကြောင်း -

**"ဥညြ အော်သည်"** အရ ၁၁၁၆-ခုနှစ်တွင် ထားဝယ်မြို့ တည်ကြောင်းကို ထင်ရှား သိကြရ လေသည်။

**ယင်းမှတဆင့်တက်ကာ ရွှေတောင်မြို့စားမင်း တည်သည်ကို အစွဲပြု၍ ရွှေတောင်စား စေတီတော် တွင်ကြောင်း"** သို့သော် ရွှေတောင်မြို့ကား မည်သည့်နေရာမှာနည်း?။

ပြည်မြို့ အောက်ဘက်ရှိ ရွှေတောင် လုံချည်ထွက်သည့် **"ရွှေတောင်မြို့"** ဟူ၍လည်းကောင်း၊ ထားဝယ်ခရိုင် အတွင်းရှိ **"အထက်ရွှေတောင်"** ဟူ၍လည်းကောင်း၊ **"အောက်ရွှေတောင်"** ဟူ၍လည်းကောင်း အကြောင်းကြောင်း အထွေထွေ ငြင်းခုံပြောဆိုနေကြပေသည်။ သို့သော် တိကျမှန်ကန်စွာ ပြောဆိုနေသူ ခပ်ရှားရှားပင် ဖြစ်ချေသည်။ ယင်းသို့ ဖြစ်ရခြင်းကား စာအုပ်, စာတမ်း ဖြန့်ချိမှု မရှိသလောက် နည်းပါးခြင်းကြောင့်ပင် ဖြစ်ပေသည်။

ယင်းကြောင့် ဤရွှေတောင်စား စေတီတော်ကြီးနှင့်တကွ



အထက်မှအောက်အထိ ရွှေသင်္ကန်းကပ်လှူ၍
စိန်ဖူးတော်တင်လှူပူဇော်အပြီး ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသော
"ရွှေတောင်စားစေတီတော်"ပုံ။(အမြင့်ဉာဏ်တော် သံတောင်တရာ)

**"ထားဝယ်ခရိုင်အတွင်းရှိ သမိုင်းဝင် ဘုရား စေတီတော်များအကြောင်းနှင့် ရာဇဝင်သမိုင်းအကြောင်းကို စာအုပ်အဖြစ် ပုံနှိပ်ဖြန့်ချိရခြင်း ဖြစ်ပါသည်"**

## ၂။ ဂေါတမဘုရားရှင်၏ ဓာတ်တော်ကို ဌာပနာ၍ စေတီငယ်တည်ခြင်း

ယခု ထားဝယ်မြို့မှ မြောက်ဘက် ၄၀-မိုင်ကွာ ရေးမြို့သွား မော်တော်ကားလမ်းရှိ ကလိန်အောင်ရွာ၌ ဒူရကတိုင်း အောင်သာဝတီမြို့ကို လက်မွန်မဆွ တည်ထောင်သည့် "နရုတိမင်း" လက်ထက် ကောဇာသက္ကရာဇ် ၆၇-ခုနှစ်တွင် ရဟန္တာ အရှင်မြတ်များ ပင့်ယူလာသော ရှင်တော်ဗုဒ္ဓ ဂေါတမ၏ ဓာတ်တော်ကို ၆၉-ခုနှစ်တွင် ထားဝယ်ဒေသ၌ စေတီတော်ကလေးတစ်ဆူ တည်ထားကိုးကွယ်၍ ဌာပနာလေသည်။ ယင်းစေတီကလေး၏ အမည်ကား မထင်ရှားချေ။

ကောဇာသက္ကရာဇ် ၁၂၈-ခုနှစ်တွင် နရုတိမင်း၏ မြေးတော် **"စန္ဒသူရိယ"** မင်းမြတ်က ထပ်မံ ပြင်ဆင်တော်မူပြီး နောက်မင်းအဆက်ဆက်တို့လည်း ပြုပြင်တော်မူကြလေသည်။

ကောဇာသက္ကရာဇ် ၈၇၅-ခုနှစ်တွင် ယခုထားဝယ်မြို့မှ အရှေ့မြောက်ဘက် ၁၀-မိုင်ကွာ **မှိုင်းကာရီမြို့** (ယခု ပကာရီသတ္တုတွင်းရွာ)ရှိ ဘူမိဒေဝ နဂရမြို့ကို အုပ်စိုးသော ဆင်ဖြူရှင် **"နရိန္ဒ"** မင်းမြတ်က ဆက်လက် ပြုပြင်ပြီး တပေါင်းလပြည့်နေ့တွင် သံဃာတော် အရှင်မြတ်များအား ပင့်လျက် ကြီးကျယ်စွာ အလှူကြီးပေးကာ ရေစက်သွန်းချ အမျှပေးဝေလေသည်။

## ၃။ ဉသြအော်သည် ထားဝယ်တည်

**"ဉသြအော်သည်"** ဟူသော နံသင့်အက္ခရာအရ ကောဇာသက္ကရာဇ် ၁၁၁၆-ခုနှစ်၊ တပေါင်းလဆန်း ၁၃-ရက်နေ့တွင် **"မြို့စားဦးနဲလှ"** သည် **"ထားဝယ်မြို့ကို ထားဝယ်တိုင်း သာယာဝတီမြို့"** အမည်ဖြင့် တည်ထောင် အုပ်စိုးလေသည်။

## ၄။ ဉဩကြော်လှစ် ရွှေတောင်စား သက္ကရာဇ်

ယင်းနောက် ယခု ထားဝယ်မြို့မှ အရှေ့တောင်ဘက် ၃-မိုင်ခရီးအကွာ ပေါက်တိုင်းချောင်းအနီး **အောက်ပုပွါးတောင်** (ယခုစပါးတောင်)၏ တောင်စွယ် ရွှေထွက်ခဲ့ဖူးသည့် ရွှေတောင်ကို အစွဲပြု၍ တည်ထောင်သည့် ရွှေတောင်မြို့စား မင်းတရား **"ရှင်ဇော်"** သည် ဆိုခဲ့သည့် သာယာဝတီမြို့ကို ဆက်ခံအုပ်စိုးစဉ် **"ဉဩကြော်လှစ်"** ဆိုသည့် နံသင့်အက္ခရာအတိုင်း -

ကောဇာသက္ကရာဇ် ၁၁၂၄-ခုနှစ်၊ တပေါင်းလဆန်း ၅-ရက်နေ့ဝယ် သံဃာတော် ပါးရေ တစ်ထောင်ပင့်ပြီး ပရိတ်ရွတ်လျက် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရွှေအုတ်တော်ကို ကိုင်ကာ သစ္စာအဓိဋ္ဌာန်ပြုပြီး ဆုတောင်း လိုက်သည်နှင့် တစ်ပြိုင်နက် ငလျင်မြေကြီး တုန်လှုပ်သွားသည့်အကြောင်းကို **သမိုင်းတော်ကြီး စာအုပ်**၌ ရေးသားထားရှိသည်မှာ -

**"ပြည်ကြီးအရှင်၊ ဘုရင်ရှင်ဇော်၊
ရွှေအုတ်တော်ကို၊ ကိုယ်တော်တိုင်ထမ်း၊ ရဟန်း သံဃာ၊
ပရိတ်သာကို၊ ရွတ်ရာဌာန၊ ရောက်လေကလျှင်၊
သစ္စာတော်မူ၊ ဤပြည်သူသည်၊ မင်းမူလက်ထက်၊
မပျက်စဉ်လာ၊ ချမ်းသာစွာနှင့်၊ ဘေးဘယာဝေး၊
မနှေးကြာတိုင်း၊ ပြီးလှိုင်းပြည့်စုံ၊ သုံးဘုံသခင်၊ ရှည်လျှင်
သာသနာ၊ ငါးထောင်သာလျှင်၊ တည်ရာဌာန၊
ဖြစ်စေသောဝ်ဟု၊ ဆုံးသော် ခဏ၊ တော်က ထစ်ချုန်း၊
မြေအလုံးသည်၊ ချုန်းချုန်း ငြိမ့်ငြိမ့်၊ သိမ့်သိမ့် တုန်ဟီး၊
ပဲ့တင်တီး၍၊ မြေကြီး သာခုခေါ်သတည်း"** ဟူ၍
ဖြစ်လေသည်။

ယင်းနောက် ရွှေတောင်စား မင်းတရား မင်းရှင်ဇော် ကိုယ်တော်တိုင် အုတ်မြစ်တော်ကို စတင်ချပြီး မင်းအဆက်ဆက်တို့

သွင်းနှံထားခဲ့သည့် ဌာပနာ ပစ္စည်းများကိုပါ ကောင်းမွန်စွာ စီစဉ် ခင်းကျင်း သွင်းနှံကာ **"သံတောင် တစ်ရာ မြင့်စွာသော ဉာဏ်တော်ဖြင့် စေတီတော်ကြီးကို တည်ဆောက်တော်မူလေသည်။"**

## ဗဒ္ဒသိမ်ကြီး သမုတ်ပြီး

စေတီတော်ကြီးနှင့်အတူ တည်ဆောက်တော်မူသည့် စေတီတော်ကြီး၏ တောင်ဘက်အနီး ဗဒ္ဓ သိမ်တော်ကြီးကို "ဘိက္ခုဖုံ" ဆရာတော်ဘုရားကြီးအား အကြီးအမှူးအဖြစ်ထား၍ ကောဇာသက္ကရာဇ် ၁၁၂၅-ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် သမုတ်တော်မူလေသည်။

### ၁။ ဒါယကာ အဆက်ဆက် ပြုပြင်ထိန်းသိမ်းလာခြင်း

ယင်းသိမ်တော်ကြီးကို ဒါယကာ အဆက်ဆက် ပြုပြင်လုပ်ကိုင်လာကြရာ ထားဝယ်မြို့ သဘော်ာဆိပ်ရပ် လှေသူကြီး **"ဦးမြတ်သိုင်း-ဒေါ်ရွှေနုန်း"** တို့က အနုပညာဂုဏ်မြောက်သည့် ခေတ်ပန်းရံကျော်များနှင့် ခမ်းနားစွာ ပြုပြင်တည်ဆောက် လုပ်ကိုင်ကြသည်အတွက် ထိုစဉ်ကစ၍ **"ဦးမြတ်သိုင်းသိမ်"** ဟု အများခေါ်ဝေါ်ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်ပေသည်။

ဦးမြတ်သိုင်း-ဒေါ်ရွှေနုန်းတို့ ကွယ်လွန်ပြီးနောက် ၎င်းတို့၏ သမီး, သမက်ဖြစ်ကြသူ ရှမ်းမလည်ဆွဲရပ် သတ္တုတွင်းပိုင်ရှင် သူဌေး **"ဦးနီတိုး-ဒေါ်ရွှေမ"** တို့က ဆက်လက်ပြုပြင်ကြလေသည်။

ဦးနီတိုး-ဒေါ်ရွှေမတို့ ကွယ်လွန်ကြပြန်လေရာ ၎င်းတို့၏ သမီး, သမက် ဖြစ်ကြသူ **"ဦးမောင်လတ်-ဒေါ်သိန်းညွန့်"** သားသမီးတစ်စုတို့က ဆက်လက် ပြုပြင်ကြလေသည်။

ဦးမောင်လတ်-ဒေါ်သိန်းညွန့်တို့ ကွယ်လွန်ကြပြန်ရာ ယခုအခါ ၎င်းတို့၏ သားသမီးများဖြစ်ကြသော **"ဦးမောင်လှ-ဒေါ်ခင်ခင်ကြွယ်"** အစရှိသည့် မြေးမြစ်တို့က **စောင့်ရှောက်ပြုပြင်လျက် ရှိကြလေသည်။**

### ဥပုသ်သည်များအား ဧည့်ခံကျွေးမွေး

မိဘ, ဘိုးဘေးများ လက်ထက်က ပြုလုပ်မြဲဖြစ်သည့် နှစ်စဉ် ဝါတွင်း ၃-လပတ်လုံး သီတင်းနေ့တိုင်း ပတ်ဝန်းကျင်ရှိ ဥပုသ်သည်

များအား သိမ်တော်ကြီး အာရုံခံတန်ဆောင်းအတွင်း ဖိတ်ကြားလျက် ဥပုသ်ထမင်း ကျွေးကြသည်မှာလည်း အစဉ်အလာမပျက် ဖြစ်လေသည်။

## ၂။ ဆင်ဖြူရှင် ဘုရင်လက်ထက်

မင်းရှင်ဇော် စေတီတော်တည်ဆောက်နေစဉ် အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် **"ဆင်ဖြူရှင် မင်းတရား"** လက်ထက် **"ဗိုလ်မှူးနေ>်ရထာ"** သည် စစ်သည်ရဲမက်များနှင့် မြိတ်, ထားဝယ်, တနင်္သာရီနယ်များကို နှိမ်နင်းရန် လာရောက်၍ ထားဝယ်မြို့သို့ ရောက်ရှိလေလျှင် မင်းရှင်ဇော်က မြို့နယ်နှင့်တကွ **"မြွေကြီးရစ် (ဖောင်းရစ်)မှ ပြီးစီးသည့် စေတီတော်ကိုပါ"** ဗိုလ်မှူးနေ>်ရထာလက်သို့ အပ်နှင်းလိုက်လေ၏။

ယင်းအခါ ဗိုလ်မှူးနေ>်ရထာသည် ဆင်ဖြူရှင်မင်းတရား၏ အမိန့်တော်အရ မင်းရှင်ဇော်ပင်လျှင် ထီးတော်တင်သည်အထိ ပြီးစီးအောင် တည်ဆောက်မြဲ တည်ဆောက်စေဟု အမိန့်ပေးသဖြင့် ဆက်လက်တည်လုပ်တော် မူရာ **"တစ်ရာ သံတောင် ဉာဏ်တော် အမြင့်ဆောင်သည့် စေတီတော်ကြီး ပြီးစီးအောင်မြင်လေ၏။"**

ယင်းနောက် **"ကောဇာသက္ကရာဇ် ၁၁၂၆-ခုနှစ်၊ တန်ခူး လပြည့်ကျော် ၅-ရက်နေ့တွင် ရတနာထီးတော်ကို အောင်စည်ဆော်၍ တင်လှူတော်မူပြီးလေ၏။"**

ထိုစဉ်ကစ၍ မင်းရှင်ဇော် ရွှေတောင်စား အမည်ကို အစွဲပြု၍ **"ရွှေတောင်စား စေတီတော်"** ဟု အမည်တွင်ခဲ့လေသည်။

(ထားဝယ်မြို့ကို အင်္ဂလိပ်များ သိမ်းပိုက်သောနှစ်ကား သက္ကရာဇ် ၁၁၈၆-ခုနှစ် တော်သလင်း လပြည့်ကျော် ၂-ရက်နေ့ ဖြစ်ပေသည်။)

## ၃။ အောက်ကသံကြော် ရွှေထီးတော်

"ဝိတိုရိယ" ဇကေရီ (အင်္ဂလိပ်) ဘုရင်မကြီး လက်ထက်တော် အခါဝယ် စစ်ကဲ "**ဦးတာနော**" နှင့် မြူနီစီပါယ်မင်း "**ဦးလူဟန်**" တို့ ကြီးမှူးကာ မြို့သူမြို့သားများနှင့်တကွ စေတီတော်ကြီး၏ ထီးတော် ဟောင်းကို ချပြီး "**အောက်ကသံကြော်**" ဆိုသည့်အရ "**ကောဇာသက္ကရာဇ် ၁၂၆၂-ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ရွှေထီးတော်သစ်ကို တင်လှူ ပူဇော် တော်မူကြလေသည်။**"

## ၄။ အောက်ကထိန်ညီး ရွှေတောင်စားထီး

ကောဇာသက္ကရာဇ် ၁၂၇၃-ခုနှစ်၊ မိုးဥတုအခါ ညတစ်ညတွင် လေပြင်းမုန်တိုင်း ကျရောက်ထိခိုက်သဖြင့် ထီးတော်ပျက်စီးယိုယွင်းခြင်း ရှိသည်ကို အသစ်တဖန် လဲလှယ်ပြုလုပ်တင်လှူရန် အနောက်ရပ်နေ "**အရေးပိုင် ကာနယ်ဂရိန်း**" နှင့် "**မင်းကတော် ဘုရားအမ ဒေါ်ရွှေခင်**" တို့က အရင်းခံလျက် မင်းပေါင်းစုံလင် အရာရှိ အမှုထမ်း ရပ်သား ရွာသူတို့ပါ ကူညီညာပြီး ထီးတော်ကြီးကို အသစ်တဖန် ပြုလုပ်ကြရာ ပြီးစီးအောင်မြင် လတ်သော် -

"**အောက်ကထိန်ညီး**" ဆိုသည့်အရ "**ကောဇာသက္ကရာဇ် ၁၂၇၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄-ရက်၊ သောကြာနေ့**" နံနက် ၈-နာရီကျော်အချိန်ဝယ် ရွှေထီးတော်ကို တင်လှူကြရာ တစ်ဝက်မျှသာ ပြီးစီးသဖြင့် ညနေ ၃-နာရီခန့်အချိန်တွင် ကျန်ထီးဖုံများကို ဆက်လက်တင်လှူကြရာ ၄-နာရီကျော်အချိန် ပြီးစီးအောင်မြင် သည်နှင့် တစ်ပြိုင်နက် "**မဟာပထဝီ ဤမြေကြီးသည် တစ်မြို့လုံး သွက်သွက်ခါမျှ လှုပ်လေသတည်း။**"

(ယင်းအခါ ကျွန်ုပ်မှာ တန်ဆောင်းတစ်ခုအတွင်း မိတ်ဆွေတစ်ဦးနှင့် အတူရပ်လျက် စကားပြောနေစဉ် ငလျင် လှုပ်သဖြင့် မူးဝေသလိုလို ဖြစ်ရှိကြလေသည်။)

ယင်းသည့်ညတွင် မင်းသား ကိုဖိုးညာဏ်၏ ရုပ်သေးပွဲမှ ဘုရင်လုပ်သူ မင်းသားကြီးက စေတီတော်ကြီး ထီးတော်တင်ပွဲ အောင်မြင်ပြီးစီးကြောင်းကို ပြောပြီးအဆုံး၌ နတ်, သိကြား, ပြဟ္မာတို့က ငလျင်မြေကြီးပွဲတင်ဟီး၍ ကောင်းချီး သာဓု ခေါ်ကြကြောင်း ရွတ်ဆိုလေသည်။

**စိန်ဖူးနှင့် ငှက်မြတ်နားတော်**

ထီးတော်မှ စိန်ဖူးနှင့် ငှက်မြတ်နားတော်ကိုကား **"ကောဇာသက္ကရာဇ် ၁၂၇၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၅-ရက် အင်္ဂါနေ့ နံနက် ၈-နာရီအချိန် တင်လှူပူဇော်ကြလေသည်။"**

## ၅။ "နိဗ္ဗာန်ဆော် ဦးဘကြီး"

ရွှေတောင်စား စေတီတော်ကြီး၌ ယင်းခေတ်အခါက ရွှေဆိုင်းသင်္ကန်း မကပ်လှူရသေးသဖြင့် နှစ်စဉ် တပေါင်းလပြည့်နေ့ကျရောက်တိုင်း **ကော်ဖွပ်** (ထုံးသင်္ကန်းကပ်) ပြုလုပ် ပူဇော်နေကြရာမှ ပိန္နဲတောရပ် **"နိဗ္ဗာန်ဆော် ဦးဘကြီး"** (ကွယ်လွန်) သည် မြို့နယ်လူထုအပေါင်းတို့ထံ စေတနာရှိသရွေ့ အလှူကောက်ခံပြီး တဖြည်းဖြည်းရွှေဆိုင်းသင်္ကန်းများ ကပ်လှူရာ ယခုအခါ စေတီတော်ကြီး၏ ငှက်ပျောဖူးမှ အောက်ဘက် လုံးပတ်တော်အဆုံး ဖိနပ်တော်အထိ ပြီးစီးလျက်ရှိလေသည်။

ယခုအခါ စေတီတော်ကြီးအား မီးမောင်းဆလိုက် လေးဘက်လေးတန် အောက်ဘက်မှ ထိုး၍ ပူဇော် ထားရှိသည်မှာ ညပိုင်းတွင် အလွန်ကြည်ညိုဖွယ်ရာ ဖူးတွေ့နေရလေသည်။

## ၆။ ဂျပန်လက်ထက် ကျရောက်လတ်သော်

ရန်သူဘေးမှ စိုးရိမ်ရသဖြင့် နိဗ္ဗာန်ဆော် ဦးဘကြီးသည် ဘုရားအဖွဲ့ လူကြီးများနှင့် တိုင်ပင်ကာ စိန်ဖူးနှင့် ငှက်မြတ်နားတော်ကို ချယူပြီး ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၌ လုံခြုံစွာ ထားရှိလေသည်။

### ၇။ ဂျပန်ထွက်ပြီး အခါဝယ်

ယင်းစိန်ဖူးနှင့် ငှက်မြတ်နားတော်ကို "သူဌေးဦးလူဖေ" (ကွယ်လွန်)က ထပ်မံပြုပြင် မွမ်းမံပြီးလျှင် "**ကောဇာ သက္ကရာဇ် ၁၃၀၉-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂-ရက်နေ့၊ နံနက်အချိန်ဝယ် ဟသ်ာရုပ်စက်ကြိုးနှင့် တင်လှူ ပူဇော်လေသတည်း။**"

### ၈။ လေမုန်တိုင်း ဒဏ်ကြောင့်

"**ကောဇာသက္ကရာဇ် ၁၃၃၀-ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၆-ရက် (၁၈-၄-၆၈) ကြာသပတေးနေ့၊ ညနေ ၃-နာရီခွဲ အချိန် လေမုန်းတိုင်းဒဏ်ကြောင့် ငှက်မြတ်နားနှင့် စိန်ဖူးတော် အနောက်တောင်သို့ ကိုင်းညွတ် သည်ကို ဘုရားကြီးဂေါပကအဖွဲ့မှ အောက်သို့ ပင့်ယူချပြီး ပြင်ဆင်၍ တင်လှူ ပူဇော်ကြလေသည်။**"

### ၉။ အသစ်တဖန် စေတီတော်ရွှေချ စိန်ဖူးတော် တင်လှူပူဇော်ခြင်း

### ရွှေသက်န်း ကပ်လှူပူဇော်ပွဲ"

မြန်မာသက္ကရာဇ် ၁၃၃၅-ခု၊ တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၃-ရက် (၇-၃-၇၄) မှ (၁၀-၃-၇၄)နေ့ အထိ ၄-ရက်တိုင်တိုင် ဇာတ်ပွဲအမျိုးမျိုး၊ အလှူ အကျွေးအမွေးပွဲ အမျိုးမျိုးဖြင့် စေတီတော်အထက်မှ အောက်ခြေအထိ "**ရွှေသက်န်း ကပ်လှူ ပူဇော်ပွဲကြီးကို ကျင်းပကြလေသည်။**"

ဎင်းပွဲတော်သည် ထားဝယ်မြို့သူမြို့သားများနှင့် ပတ်ဝန်းကျင်မှ နယ်လူထုပရိသတ်များ အလွန်စည်ကား လှသော ပွဲတော်ဖြစ်လေသည်။

### "ပြခန်းများ ထားရှိပြသခြင်း"

ဎင်းပွဲတော်တွင် "**ထားဝယ် ရာဇဝင် သမိုင်း**" ၏ "**သမိုင်းဝင်**" ရှေးဟောင်းပစ္စည်းများ ပြခန်းနှင့် "**ထားဝယ် အပျော်တမ်း ဓာတ်ပုံအသင်း**" ၏ ဗဟုသုတရဖွယ် "**ဓာတ်ပုံပြခန်း**" ပါ ထားရှိပြသထားရာ

များစွာသော ပွဲလာ လူထုပရိသတ်များ, ရှင် ရဟန်း သံဃာများ, လေ့လာကြည့်ရှု ဗဟုသုတ ဆည်းပူးသူများအတွက် များစွာ အဖိုး ထိုက်တန်လှပေသည်။

**“စိန်ဖူးနှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း”**

မြန်မာသက္ကရာဇ် ၁၃၃၆-ခု၊ ကဆုန်လပြည့် (၅-၅-၇၄) နေ့ နံနက် အချိန်တွင် အသစ်တဖန် မွမ်းမံ ခြယ်လယ်အပ်သော **“ရွှေသားအချိန် ၂-ပိဿာ”** စီး **“စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်”** ကို မြို့လှည့်အပူဇော် ခံပြီး ဟသ်ာရုပ် စက်ကြိုးနှင့် တင်လှူပူဇော်ပွဲ ကျင်းပပြုလုပ်ကြလေသည်။ ၎င်းပွဲတော်ကို ၃-ရက်တိုင်တိုင် ကျင်းပ ပြုလုပ်ရာ မြို့နှင့် နယ်လူထုပရိသတ်များ စည်ကားလှရာ ခြိမ့်ခြိမ့်သဲမျှ ရှိကြလေသည်။

## လောကမာရဇိန် ရုပ်ပွားတော်ကြီးသမိုင်း

ရွှေတောင်စား စေတီတော်ကြီး၏ မြောက်ဘက်အနီး သိမ်တော်ကြီးအတွင်း၌ ကိန်းဝပ်တော်မူလျက် ရှိသည့် လောကမာရဇိန် ရုပ်ပွားတော်သမိုင်းကား -

### ၁။ ရုပ်ပွားတော်မြတ် အလှူခံရန် မင်းတုန်းဘုရင်ကြီးထံ စေလွှတ်ခြင်း

မန္တလေး ရတနာပုံမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်းမင်းတရားကြီး၏ လက်ထက်တော်အခါ ထားဝယ်မြို့နယ်မှ မင်း, သူဌေးစသော လူကြီးလူကောင်းအများ စုပေါင်းတိုင်ပင် ညီညွတ်ကြပြီးလျှင် **"ထားဝယ်မြို့တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သွန်းလုပ်ပူဇော်ရန်အတွက် ဦးရွှေတိုက်, ဦးရွှေခေါင်, ဦးထွန်းအောင်, ဦးရွှေညို, ဦးအောင်ဒိုးတို့အား အများသဘောတူ မင်းတုန်းဘုရင်ထံ လျှောက်ထားရန် စေလွှတ်ကြ လေ၏။"**

နေပြည်တော်သို့ ရောက်ရှိလတ်သော် အဆိုပါ လူကြီး ၅-ဦးတို့က ဘုရင်မင်းတရားကြီးထံ လျှောက်ထား ကြရာ ဘုရင်မင်းတရားကြီးလည်း လွန်မင်းစွာ အားရနှစ်သက်တော်မူသဖြင့် မှူးတော်, မတ်တော်များနှင့်တကွ သားတော်ကြီး အိမ်ရှေ့မင်း မက္ခရာမြို့စားအား တာဝန်ပေး၍ ပန်းတဉ်းဆရာများနှင့် မြတ်စွာဘုရား၏ ရုပ်ပွားတော်ကို သွန်းစေဟု အမိန့်ပေးတော်မူလေ၏။

ယင်းသို့ အမိန့်ပေးတော်မူသည့်အတိုင်း **"ရှင်ပင်ရုပ်ပွား၊ ကြေးကား ငွေစင်၊ ရွှေလျှင် သွန်းလောင်း၊ အောင်မြင်ကြောင်းကို"** လျှောက်ထားလေရာ **"ကောဇာသက္ကရာဇ် ၁၂၃၇-ခုနှစ်၊ ပြာသိုလဆန်း ၁၁-ရက်နေ့ နံနက် ၉-နာရီအချိန်ဝယ်"** နတ်ပွဲကနား စုံလင်စွာတင်ပြီး ပုဏ္ဏားတော် ၄-ယောက်တို့အား မန္တန်များ မန်းမှုတ်စေကာ သံဃာတော်များစွာနှင့် ပရိတ်ရွတ်လျက် အမြောက် ၃-ကြိမ်ပစ်ဖောက်၍



အလွန်ကြည်ညိုဖွယ်ရာ
ထားဝယ် "လောကမာရဇိန်" ဘုရားကြီးပုံ။
(ရွှေတောင်စား စေတီတော်အနီး သိမ်တော်ထဲတွင် တည်ရှိသည်။)

အဘယစည်ကြီး ၃-ကြိမ်တီးပြီးနောက် သံဃာတော် ၁၂၀၀-နှင့် အနေကဇာ တင်လှူပြီးစီးလျှင် **"မဟာလောက လောကမာရဇိန်၊ တန်ခိုးထိန်၍၊ မမှိန် သာသနာ၊ ငါးထောင်သာလျှင်၊ ခိုင်စွာတည်စေ၊ မိန့်တော်ခြွေ၍၊ ရေစက်သွန်းချ လှူဒါန်းတော်မူလေသည်။"**

**၂။ ရုပ်ပွားတော်ကို ထားဝယ်သို့ ပင့်ယူဆောင်တော်မူခြင်း**

ယင်းနောက် နန်းတော်ရှေ့ မင်္ဂလာမဏ္ဍပ်တော်ကြီး၌ ၃-ရက် ကိန်းဝပ်တော်မူပြီးသော် ဘုရင် မင်းတရားကြီး၏ ခွင့်ပြုချက် အမိန့်တော်အရ မြို့တော်၏ အနောက် ဈေးချိုတော် သယ်ဇာချောင်းနှင့် ဂေါဝိန်ဆိပ်တွင် ကိန်းဝပ်စံနေတော်မူပြီး **"ကောဇာသက္ကရာဇ် ၁၂၃၇-ခုနှစ်၊ တန်ခူးလဆန်း ၁၅-ရက် စနေနေ့တွင် ရေနန်းစကြာ သင်္ဘောတော်ပေါ်သို့ ပင့်တင်တော်မူလေ၏။"**

ယင်း ရေနန်းစကြာ သင်္ဘောတော်ဖြင့် မြစ်ရောကမ်း တစ်လျှောက်ရှိ ကျောက်တလုံးကင်း၊ မြင်းခြံမြို့၊ ကျပင်းမြို့၊ မင်းလှမြို့၊ ပြည်မြို့၊ ဓနုဖြူမြို့၊ ဒေးဒရဲမြို့၊ တိဂုံမြို့ (ရန်ကုန်မြို့)တော်သို့ ရောက်ရှိတော်မူလေသည်။

**"ကောဇာသက္ကရာဇ် ၁၂၃၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈-ရက် တနင်္ဂနွေနေ့တွင် အာနန္ဒာသင်္ဘောဖြင့် ရေနန်းစကြာ သင်္ဘောတော်ကို ဆွဲလျက် ထားဝယ်မြို့သို့ ခုတ်လာရာ ကဆုန်လပြည့်ကျော် ၁၁-ရက် ဗုဒ္ဓဟူးနေ့တွင် ဆင်ဖြူပြင်ဆိပ်ကမ်းသို့ ရောက်ရှိတော်မူလေ၏။**

ယင်းနောက် ကတ္တူလှေပေါ်သို့ ပြောင်းရွှေ့ ပင့်ဆောင်လာရာ ဝေဒီဆိပ်ကမ်းတွင် ခေတ္တကိန်းဝပ်တော်မူပြီး **"လပြည့်ကျော် ၁၂-ရက် သောကြာနေ့တွင် ထားဝယ်မြို့ သင်္ဘောဆိပ်သို့"** ရောက်ရှိ၍ မဏ္ဍပ်တော်ကြီးအတွင်း ၅-ရက်ကြာမျှ အပူဇော်ခံ ကိန်းဝပ်တော်မူပြီးလျှင် ရွှေတောင်စား စေတီတော်ကြီးအနီးရှိ ကျောင်းတော်ကြီး မပြီးမီ ယာယီကျောင်းတော်ကြီး၌ ခေတ္တမျှ ကိန်းဝပ်တော်မူလေ၏။

ကျောင်းတော်ကြီး ပြီးစီးလတ်သော် "ကောဇာသက္ကရာဇ် ၁၂၃၈-ခုနှစ်၊ တပေါင်းလဆန်း ၁၁-ရက် ဗုဒ္ဓဟူးနေ့တွင် သံဃာတော်ပေါင်းများစွာနှင့် ကျောင်းဝိဟာသို့ ပင့်ဆောင်ပြီး တပေါင်းလပြည့်နေ့ နံနက်အချိန်ဝယ် ထားဝယ်မြို့ ဇရစ်ရပ် သူဌေး "ဖိုးစစ်စပ်" သူဌေးကတော် "ဒေါ်မပွင့်" တို့ လှူဒါန်းသည့် အပရာဇိတ ပလ္လင်တော် ပေါ်သို့ ပင့်တင် ပူဇော်တော်မူကြလေသတည်း။"

## ကမ္ဘာပေါ်တွင် အကြီးဆုံးသော
# လောကသရဖူ လျောင်းတော်မူ၏ ရုပ်ပွားတော်ကြီး သမိုင်း

| | |
|---|---|
| ဦးခေါင်းတော် လုံးပတ် | အတောင်-၆၀၊ |
| ရောင်လျှံတော် | ၁၀-တောင်၊ |
| မျက်နှာတော် | ၂၂-တောင်၊ |
| မျက်လုံးတော် | ၇-တောင်၊ |
| နှုတ်ခမ်းတော် | ၅-တောင်၊ |
| နားတော် | ၁၉-တောင်၊ |
| လည်တိုင်တော် | ၇-တောင်၊ |
| လက်မောင်းတော် | အတောင်-၄၀၊ |
| ခြေဖဝါးတော် | ၂၂-တောင်၊ |

ရောင်လျှံတော်ထိပ်မှ ခြေဖျားတော်အထိ ဉာဏ်တော် အလျား ၁၆၂-တောင်၊ တြင်းကြေ၊ နဝင်းကြေ၊ သတ္တဗီသကြေတည်း။

ပလ္လင်တော်အလျား မြောက်မှ တောင်အဆုံး အတောင် ၂၀၀၊ ရင်းအနံတော် အတောင်-၄၀၊

မြေမှ အမြင့်-၅၂-တောင် ဖြစ်လေသည်။


ယင်း လောကသရဖူ လျောင်းတော်မူ ရုပ်ပွားတော်ကြီး သည်ကား ထားဝယ်မြို့မှ အရှေ့တောင် ခပ်ယွန်းယွန်း ၄-မိုင်ခန့် ခရီး အကွာ **"ကူးတို့ရွာ အရှေ့ဘက်အနီးရှိ"** ရှေးအခေါ် (အောက်ပုပ္ပါးတောင်) ယခုအခေါ် **"စပါးတောင်"** ခြေရင်း ပိဋကတ်တိုက်ကျောင်းအနီးတွင် တည်ရှိလေသည်။

## ၁။ ပိဋကတ်တိုက်ဆရာတော်ဘုရားကြီး ဦးဣန္ဒဝံသ

ပိဋကတ်တိုက်ကျောင်းကို ရှေးဦးပဌမ တည်ထောင်တော်မူသည့် ဆရာတော် အရှင်သူမြတ်သည် **ထားဝယ်မြို့ ကညဲ့ရပ် မြို့အုပ်မင်း "ဦးခွေးဖြူ" မင်းကတော် "ဒေါ်မြတ်ဧ" တို့မှ ကောဇာသက္ကရာဇ် ၁၁၉၃-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉-ရက် တနင်္ဂနွေနေ့တွင် ဖွားသန့်စင်သည့် သားရတနာကို "မောင်ရွှေဆင်" ဟူ၍ အမည်မှည့် လေသည်။**

မောင်ရွှေဆင် အရွယ်ရောက်သောအခါ ကညဲ့ရပ် မြေတိုက်ကျောင်းဆရာတော်ထံတွင် ပညာ သင်ကြားလျက် ၉-နှစ်အရွယ်၌ ရှင်သာမဏေအဖြစ်ဖြင့် မန္တလေး ရတနာပုံနေပြည်တော်သို့ တက်ရောက်လျက် ပညာသင်ကြားရင်း ရဟန်းသိက္ခာ ၆-ဝါအရတွင် ဇာတိ-ထားဝယ်သို့ ပြန်လည်ကြွရောက်တော်မူခဲ့လေသည်။ **"ရဟန်းဘွဲ့တော်ကား ဦးဣန္ဒဝံသ"** ဖြစ်ပေသည်။

ယင်းနောက် မူလဆရာတော်အရင်းများ ဖြစ်တော်မူသည့် မြေတိုက်ကျောင်း, ၎င်းမှတဖန် ကူးတို့ ကျောင်းတွင် စာပေပို့ချ သီတင်းသုံးနေထိုင်တော်မူပြီးနောက် ကူးတို့အရှေ့ဘက် အောက်ပုပ္ပားခေါ် **"စပါးတောင်"** ခြေရင်းရှိ တောရကျောင်း၌ စာပေပို့ချ သီတင်းသုံး နေထိုင်တော်မူစဉ် မန္တလေးရတနာပုံနေပြည်တော်မှ ပဥ္စမ သင်္ဂါယနာတင် ဘဝသျှင်မင်းတုန်းမင်းတရားကြီးနှင့် ရဟန်းအမ မိဖုရားခေါင်းကြီးတို့က လှူဒါန်းတော်မူလိုက်သော ပိဋကတ်စာပေ အထွေထွေတို့ကို ပူဇော်ထားရှိရန် ထားဝယ်မြို့ **"အနောက်ရပ် ဦးစစ်ထိုင်-ဒေါ်ကျော့" တို့က ကောဇာသက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် ၂-ထပ် အုတ်ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းပြီး ယင်းတိုက်တော်ကြီး အတွင်း၌ ဆရာတော် ဘုရားကြီး၏ တင်ပလ္လင်ခွေ ရုပ်လုံးတော်ကိုပါ ထုလုပ်ပူဇော်ထားရှိသဖြင့် စပါးတောင် - ပိဋကတ်တိုက် ဟူ၍ ယနေ့တိုင် ထင်ရှားကျော်ကြား**



ကမ္ဘာပေါ်တွင် အကြီးဆုံး လောကသရဖူ
ထားဝယ် "လျောင်းတော်မူဘုရားကြီး" အား အဝေးမှ ဖူးမြော်ရပုံ။
(ညာဏ်တော် အလျား ၁၆၂ တောင်)

### ၁။ ပိဋကတ်တိုက်ဆရာတော်ဘုရားကြီး ဦးကဣန္ဒဝံသ


ပိဋကတ်တိုက်ကျောင်းကို ရှေးဦးပဌမ တည်ထောင်တော်မူသည့် ဆရာတော် အရှင်သူမြတ်သည် **ထားဝယ်မြို့ ကည့်ုရပ် မြို့အုပ်မင်း "ဦးခွေးဖြူ" မင်းကတော် "ဒေါ်မြတ်ဇ" တို့မှ ကောဇာသက္ကရာဇ် ၁၁၉၃-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉-ရက် တနင်္ဂနွေနေ့တွင် ဖွားသန့်စင်သည့် သားရတနာကို "မောင်ရွှေဆင်" ဟူ၍ အမည်မှည့် လေသည်။**

မောင်ရွှေဆင် အရွယ်ရောက်သောအခါ ကည့်ုရပ် မြေတိုက် ကျောင်းဆရာတော်ထံတွင် ပညာ သင်ကြားလျက် ၉-နှစ်အရွယ်၌ ရှင်သာမဏေအဖြစ်ဖြင့် မန္တလေး ရတနာပုံနေပြည်တော်သို့ တက်ရောက် လျက် ပညာသင်ကြားရင်း ရဟန်းသိက္ခာ ၆-ဝါအရတွင် ဇာတိ- ထားဝယ်သို့ ပြန်လည်ကြွရောက်တော်မူခဲ့လေသည်။ **"ရဟန်းဘွဲ့တော်ကား ဦးကဣန္ဒဝံသ"** ဖြစ်ပေသည်။

ယင်းနောက် မူလဆရာတော်အရင်းများ ဖြစ်တော်မူသည့် မြေတိုက်ကျောင်း, ၎င်းမှတဖန် ကူးတို့ ကျောင်းတွင် စာပေပို့ချ သီတင်းသုံး နေထိုင်တော်မူပြီးနောက် ကူးတို့အရှေ့ဘက် အောက်ပုပ္ပားခေါ် **"စပါးတောင်"** ခြေရင်းရှိ တောရကျောင်း၌ စာပေပို့ချ သီတင်းသုံး နေထိုင်တော်မူစဉ် မန္တလေးရတနာပုံနေပြည်တော်မှ ပဉ္စမ သင်္ဂါယနာတင် ဘဝသျှင်မင်းတုန်းမင်းတရားကြီးနှင့် ရဟန်းအမ မိဖုရားခေါင်းကြီးတို့က လှူဒါန်းတော်မူလိုက်သော ပိဋကတ်စာပေ အထွေထွေတို့ကို ပူဇော် ထားရှိရန် ထားဝယ်မြို့ **"အနောက်ရပ် ဦးစစ်ထိုင်-ဒေါ်ကျော့" တို့က ကောဇာသက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် ၂-ထပ် အုတ်ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းပြီး ယင်းတိုက်တော်ကြီး အတွင်း၌ ဆရာတော် ဘုရားကြီး၏ တင်ပလ္လင်ခွေ ရုပ်လုံးတော်ကိုပါ ထုလုပ်ပူဇော်ထားရှိသဖြင့် စပါးတောင် - ပိဋကတ်တိုက် ဟူ၍ ယနေ့တိုင် ထင်ရှားကျော်ကြား**



ကမ္ဘာပေါ်တွင် အကြီးဆုံး လောကသရဖူ
ထားဝယ် "လျောင်းတော်မူဘုရားကြီး" အား အဝေးမှ ဖူးမြော်ရပုံ။
(ဉာဏ်တော် အလျား ၁၆၂ တောင်)



လောကသရဖူ "လျောင်းတော်မူဘုရားကြီး "ကို
အနီးကပ် သပ္ပါယ်စွာ ဖူးမြော်ရပုံ။

လေသည်။ ဦးဣန္ဒဝံသ အရှင်သူမြတ်လည်း "ပိဋကတ်တိုက် ဆရာတော်" ဟူ၍ ထင်ပေါ်လေသည်။"

## ၂။ ဘုရားမတည်မီ ပုဗ္ဗနိမိတ်
## မျစ်နှာမာ-သံကွေ့ာစေ့
## ပါးတော်န်ခေရင်းကေ့။

တစ်နေ့သ၌ ဆရာတော်သည် နေ့ဆွမ်းဘုဉ်းပေးပြီး ကျိန်းစက်တော်မူနေခိုက် (မျစ်နှာမာ သံကွေ့ာစေ့- ပါးတော်န်ခေရင်းကေ့) မြန်မာလိုကား (မျက်နှာမာ သံကျောက်စိ-စပါးတောင်ခြေရင်းကြည့်) ဟူ၍ ကျောင်းသား သူငယ်များ သီဆိုကစားကြသည့် **"သံချပ်"** ကို ကြားရလေသည်။ ယင်းသို့ ကျောင်းသားသူငယ်များ သီဆို ကစားကြသည်မှာ တစ်ရက်သာမဟုတ် ၂-ရက်လည်းမက ၃, ၄-ရက်ကျော်မျှ နေ့တိုင်း သီဆို၍ ကစားကြသည်ကို ဆရာတော် ကျိန်းစက်ရာမှ ကြားရတော်မူလေသည်။

ယင်းနောက် ဆရာတော်သည် ကျောင်းတိုက်အတွင်းရှိ ဦးပဥ္စင်းများအား ပင့်ခေါ်၍ ကျောင်းသား သူငယ်များ သီဆိုကြသည့် သံချပ် ရွတ်ပြပြီး အဓိပ္ပာယ်ကို မေးရာ ဦးပဥ္စင်းတစ်ပါးမျှ တိကျစွာ မဖြေဆိုတတ်သဖြင့် ဆရာတော်က ရှင်းသည်မှာ -

ဦးပဥ္စင်းတို့ **"စပါးတောင်ခြေရင်းကြည့်"** ဆိုသော သံချပ်သီချင်း အရ ကျုပ်အသက် အနှစ်တစ်ရာပြည့်လျှင် ကျုပ်မရှိသော်လည်း ဒီစပါးတောင်ခြေရင်းကို ရှင်လူအများ အံ့သြစွာ ကြည့်ရလိမ့်မယ်။ ဦးပဥ္စင်းတို့ မှတ်ထားကြပါ။ **"ကျုပ်မွေးသက္ကရာဇ်ကား ၁၁၉၃-ခုနှစ်ဖြစ်တယ်"** ဟု ဆရာတော်က ပြောလေ၏။

## ၃။ ဘုရားတည်ဆောက်ရန် အစည်းအဝေး ပြုလုပ်ကြခြင်း

ပိဋကတ်တိုက် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးသည့်နောက် နှစ်များစွာ မကြာမီတွင် ကောဇာ သက္ကရာဇ် ၁၂၉၂-ခုနှစ်တွင် ဆရာတော်ဘုရားကြီး၏တပည့် ကည့်ုရပ် မြေတိုက်ကျောင်းဆရာတော် **"ဦးဣသိန္ဒရ"** အရှင်သူမြတ်သည် အကြီးဆုံးသော လျောင်းတော်မူ ရုပ်ပွားတော်ကြီးတစ်ဆူ တည်လုပ်ရန် သဲများကို စုပုံထားပြီး ယခု တည်ထားသည့်နေရာ အောက်ဘက်တွင် ပလ္လင်တော် အုတ်မြစ်အတွက် မြေနေရာကို ညီညွတ်အောင် ပြုပြင်ထားပြီးလျှင် ယင်း ၁၂၉၂-ခုနှစ် တပေါင်းလအတွင်း အုတ်မြစ်ချရန်အတွက် ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် ဒကာ, ဒကာမများအား ပင့်ဖိတ်ကာ အစည်းအဝေး ပြုလုပ်ကြလေသည်။

ယင်းအခါ သံဃာတော် အရှင်သူမြတ်များက -

**"ယခု တည်လုပ်မည့် ဘုရားကြီးနှင့် နှိုင်းချိန်ကာ အုတ်မြစ်ချမည့် နေရာသည် အနိမ့်ဘက်ကဖြစ်နေ၍ အထက်ဘက် နေရာအမြင့်သို့ ပြောင်းရွှေ့ရန် သင့်လျော်ကြောင်း"** အများ သဘောတူ ဆုံးဖြတ်တော်မူကြသဖြင့် အထက်ဘက်နေရာ တောင်စွယ်ကုန်းမြင့်ကို ရှင်းလင်း သုတ်သင် ပြုပြင်ရဦးမည်ဖြစ်၍ ယခုနှစ်တွင် အုတ်မြစ် မချနိုင်တော့ဘဲ ရှေ့နှစ် ၁၂၉၃-ခုနှစ်သို့ ရွှေ့ပြောင်းလိုက်ရလေသည်။

(ယင်းသို့ ရွှေ့ပြောင်းလိုက်သည့် ၁၂၉၃-ခုနှစ်တွင် ပိဋကတ်တိုက် ဆရာတော်ဘုရားကြီး၏ သက်တော် အနှစ်တစ်ရာနှင့် ကိုက်ညီ၍ ဆရာတော်မိန့်ကြားခဲ့သည့် **"စပါးတောင် ခြေရင်းကော့ - (ကြည့်)"** ဆိုသော သံချပ်နှင့် ကိုက်ညီလေတော့၏။)

မြေတိုက်ကျောင်း ဆရာတော်သည် ရှေ့နှစ်တွင် အုတ်မြစ်ချရန်အတွက် အထက်ဘက် တောင်စွယ် ကုန်းမြင့်နေရာကို ညီညွတ်အောင် ဒကာ, ဒကာမများအား ကုသိုလ်လုပ်အားပေးအနေဖြင့် တူးဖို့ပြုလုပ်

စေပြီး "ကောဇာသက္ကရာဇ် ၁၂၉၃-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃-ရက်နေ့ နံနက် နေဝန်းပေါ်အချိန်ဝယ် သံဃာတော် အရှင်သူမြတ်များနှင့် တကွ ဒကာ, ဒကာမအပေါင်းတို့ပါ ညီညွတ်ကြလျက် အငြိမ်းစား မြို့အုပ်မင်း ပညာရှိ "ဦးနှင်းလှိုင်က အောင်ခြင်းမင်္ဂလာ ဩဘာရတု ဖတ်ကြားပြီး အုတ်မြစ်ချကြလေသည်။"

**မျက်နှာမှာ သံကျောက်စေ့ (စိ)**

ရုပ်ပွားတော်ကြီး တည်လုပ်ရန်အတွက် လက်ရာမြောက် ပန်းရံဆရာကြီးများဖြစ်ကြသော ထားဝယ်မြို့ ဇာတိ ဆရာကြီး **"ဦးစောဖေ"** နှင့် **"ဦးဘဝေး"** တို့ တပည့်များပါ တည်လုပ်ကြလေသည်။

**၄။ တစ်ကမ္ဘာလုံးတွင် အကြီးဆုံး လျောင်းတော်မူ ရုပ်ပွားတော်ကြီး**


ယင်းသို့ တည်လုပ်ကြရာ ဦးခေါင်းတော်နှင့် မျက်နှာတော် အတွက် သံဆန်ခါခံ၍ အင်္ဂတေသရွတ်နှင့် ပြုလုပ်ရာ ခြောက်သွေ့လျှင် မျက်နှာတော်မှာ အကြိမ်ကြိမ် ကွဲအက်သဖြင့် မကွဲရအောင် နည်းအမျိုးမျိုး ဖြင့် စမ်းသပ်ကြံစည် ပြုလုပ်ကြသည်တွင် နောက်ဆုံး၌ သိပ္ပံနည်းတစ်ရပ် ဖြစ်သော **"ကျောက်စေ့"** ခေါ် **"ကျောက် စရစ်ဖြူ"** လုံးကလေးများကို ညက်စွာထောင်းပြီး အင်္ဂတေနှင့် ရောစပ်ပြုလုပ်မှ မျက်နှာတော်တွင် အမာခံရကာ မကွဲမအက်ပဲ အောင်မြင်လေတော့သည်။ (ဤသည်ကား "မျက်နှာမှာ-သံကျောက်စေ့" ဟူသော ကျောင်းသား သူငယ်များ သီဆိုကြသည့် သံချပ်သီချင်း၏ အဓိပ္ပာယ်ပင်တည်း။)

ရုပ်ပွားတော်၏ ဘွဲ့တော်မှာ တစ်ကမ္ဘာလုံးတွင် အကြီးဆုံး ဖြစ်သောကြောင့် **"လောကသရဖူ လျောင်းတော်မူ"** ရုပ်ပွားတော်ကြီး ဟူသော ဘွဲ့အမည်တော် သမုတ်ကြလေသည်။

ယင်းရုပ်ပွားတော်ကြီးကို ငွေအင်အား လူထုအင်အားနှင့် တဖြည်းဖြည်း တည်လုပ်ကြရာ ယခုအခါ သံတန်ဆောင်းကြီးနှင့်တကွ

မားမားမတ်မတ် တင့်တယ်သပ္ပာယ်စွာ ရှင်လူအများ ဖူးမြော်နိုင်ကြသဖြင့် **"တနင်္သာရီတိုင်း ထားဝယ်မြို့တော်၏ ကျက်သရေဆောင် ကမ္ဘာကျော် ရုပ်ပွားတော်ကြီး တစ်ဆူပင် ဖြစ်ပေသည်။"**

တနင်္သာရီတိုင်း တိုင်းကုန်သွယ်ရေး ဦးစီးမန်နေဂျာ ဗိုလ်ကြီး ဗိုလ်သိန်းညွန့် ခေါင်းဆောင်လျက် ဂေါပက အဖွဲ့များနှင့် ယင်း ရုပ်ပွားတော်ကြီးအား သပ္ပာယ်သည်ထက် သပ္ပာယ်ခြင်းဖြစ်စေရန် နှစ်စဉ် တပို့တွဲလပြည့် ကျရောက်တိုင်း ဘုရားပွဲတော်ကျင်းပ၍ အလှူငွေများ လက်ခံလျက် ရှိကြလေသည်။ သပ္ပုရိသန္တယ်ဝင် စေတနာရှင် ပါရမီရှင် အပေါင်းကလည်း အချိန်မရွေး ထည့်လှူပူဇော်လိုပါက အဖွဲ့တွင် အလှူငွေများ ထည့်ဝင်လှူဒါန်းနေကြ လေသည်။



တနင်္သာရီတိုင်းတွင် အကြီးဆုံးနှင့် အရှည်လျားဆုံးဖြစ်လာမည့် ထားဝယ်မှ မောင်းမကန်သွားကားလမ်း "ကမြောကင်းတံတား" တည်ဆောက်နေပုံ တစ်စိတ်တစ်ဒေသပုံ။



"ကမြောကင်းတံတား" ဖွင့်ပွဲမြင်ကွင်း

## ကမြောကင်းတံတားကြီး အုတ်မြစ်ချပွဲ

ထားဝယ်မြို့မှ အနောက်မြောက်ဘက် ၂-မိုင်ခန့်အကွာ မောင်းမကန်ရွာသွား မော်တော်ကားလမ်း အဆက် ကမြောကင်းကျေးရွာ ကူးတို့ဆိပ်မှ တောင်ဘက် ၂-ဖာလုံခန့်အကွာ **"ဖြတ်ကူးကျွန်းတန်း"** ခေါ် အရှေ့ဘက်ကမ်း နေရာမှ အနောက်ဘက်ကမ်း **"အဗူတောင်"** ခြသေ့် ၂-ကောင်ရုပ်အနီးရှိ နေရာသို့ တံတားကြီး တည်ဆောက်ရန် **"ကောဇာသက္ကရာဇ် ၁၃၃၃-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅-ရက် (လကွယ်) (၁၅-၁-၇၂) နေ့ နံနက် ၈-နာရီ ၁၅-မိနစ်အချိန် ဖြတ်ကူးကျွန်းတန်းနေရာတွင် အုတ်မြစ်ချ အခမ်းအနားပွဲကို ကျင်းပပြုလုပ်ရာ စံပြုလုပ်သားကြီး "ဦးစံဝင်း" က အုတ်မြစ်ချပေးလေသည်။"**

### ၁။ တိုင် ၉-ခွင် အရှည်ပေ ၁၀၀၀

ယင်းအခါ ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးဌာန ဝန်ကြီး **"ဗိုလ်မှူးချုပ် ဦးစိန်ဝင်း"** (ယခု ဝန်ကြီးချုပ်) မှာ အစီအစဉ်များကို ချမှတ်ပေးခဲ့ပြီး အကြောင်းကိစ္စရှိ၍ ရန်ကုန်မြို့သို့ ပြန်လည်သွားရာ ၎င်း၏ ကိုယ်စား ယင်းဌာန အတွင်းဝန် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထင်ကျော် (ယခု ဆောက်လုပ်ရေးဝန်ကြီး) နှင့် ထားဝယ်မြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌ ဗိုလ်ကြီးဟန်ပ၊ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သောင်းတန်တို့က ကမြောကင်းတံတားကြီးကို တည်ဆောက်ထားခြင်းဖြင့် ဖြစ်ထွန်းလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြား ကြလေသည်။

ယင်းကမြောကင်းတံတားကြီး၌ တိုင် ၉-ခွင်နှင့် အရှည်ပေပေါင်း ၁၀၀၀ ခန့်မျှ ရှည်မည်ဖြစ်၍ ပြီးစီးက တနင်္သာရီတိုင်းတွင် အရှည်ဆုံးသော တံတားကြီးဖြစ်လိမ့်မည်။ ရေးမြို့ တံတားသစ်ကြီးကို တည်ဆောက်သကဲ့သို့ပင် ပြည်တွင်းဖြစ်ပစ္စည်းများကိုသုံး၍ မြန်မာ့ အင်ဂျင်နီယာများက တည်ဆောက်ကာ အားဖြည့်ကွန်ကရစ် နည်း

စနစ်ဖြင့် ပြုလုပ်၍ ၄-နှစ်စီမံကိန်းအရ ဆောင်ရွက်ကြမည် ဖြစ်လေသည်။ (ယခုအချိန်တွင် တစ်ဝက်နီးပါး ပြီးစီးနေပြီ ဖြစ်ပေသည်။)

## ၂။ တံတားအုတ်မြစ်ချ ပျော်ပွဲရွှင်ပွဲများ

ခရစ်သက္ကရာဇ် ၁၉၇၂-ခုနှစ်၊ ဇန်နဝါရီ (၁၅-၁၆-၁၇) ယင်း ၃-ရက်များတွင် မွန်းလွဲအချိန် လှေပြိုင်ပွဲ များနှင့် ည ၈-နာရီ ၃၀-မိနစ် အချိန်ကစ၍ မိုးသောက်ယံအထိ ရန်ကုန်မြို့မှ လာရောက် ကပြ ဖြေဖျော်ကြသည့် **"စန္ဒာဦး ယဉ်ကျေးမှုအဖွဲ့"** ကပွဲဖြင့် ဗလာပွဲကျင်းပရာ လာရောက်ကြည့်ရှုအားပေးကြသူ ပရိသတ်ပေါင်း ညစဉ် သောင်းနှင့်ချီ၍ ကြိတ်ကြိတ်တိုး စည်ကားလေသည်။

ယင်း စန္ဒာဦး ယဉ်ကျေးမှုအဖွဲ့ ကပွဲတွင် ဤစာရေးသူ စီစဉ်ပေးသည့် **"ထားဝယ်ရိုးရာ ယဉ်ကျေးမှုတစ်ရပ် ဖြစ်သည့် ဖားထီး၊ ဖားမ မိုးခေါ်ပွဲတစ်ခဏ်းကို ထားဝယ်သီချင်းဖြင့် သီဆိုပြသ သရုပ်ဖော်ကြလေသည်။"**

● ● ●



"ရှုခင်းသာ မောင်းမကန် ပင်လယ်ကမ်းခြေ" ကို
စိတ်ကြည်နူးဖွယ်တွေမြင်ရပုံ



ရှုခင်းသာ "မောင်းမကန် ပင်လယ်ကမ်းခြေ "တွင် လူအများ
လွတ်လပ်စွာ မြူးတူး ပျော်ရွှင် အနားယူအပန်းဖြေနေကြပုံ။

## ရှုခင်းသာဟန် မောင်းမကန်

ကောဇာသက္ကရာဇ် ၅၁၇-ခုနှစ် အချိန်ဝယ် အလောင်းစည်သူမင်းကြီးသည် ဖောင်တော်နှင့် ထားဝယ် ဒေသသို့ ရောက်ရှိခဲ့ရာ ပင်လယ်ကမ်းခြေတစ်နေရာ၌ ဖောင်တော်ကို ရပ်နား ဆိုက်ကပ်ထားလေသည်။

ယင်းအခါ မောင်းမမိဿံ အခြွေအရံများသည် ရေချိုးရရှိရန်အတွက် ကမ်းသို့တက်ကာ ရေကန်တူးဖော်ကြသည်ကိုစွဲ၍ **"မောင်းမကန်"** ဟု ယနေ့တိုင် ခေါ်တွင်ကြလေသည်။

**၁ - မောင်းမကန်ရေချိုး ဆွေမျိုးကိုမေ့တယ်**

မောင်းမကန်သည် ထားဝယ်မြို့မှနေ၍ ယခု တည်ဆောက်ဆဲဖြစ်သည့် တံတားကြီးအနီး ကူးတို့ဆိပ်မှ မြစ်အနောက်ဘက်ရှိ ကမြောကင်းရွာသို့ကူးပြီး ယင်းမှတစ်ဆင့် ၆ မိုင်ခရီးခန့် မော်တော်ကားဖြင့် သွားရောက် နိုင်လေသည်။

**"မောင်းမကန်ရေချိုး ဆွေမျိုးကိုမေ့တယ်"** ဟူ၍ အချို့သူတို့က ပြောဆိုကြသည့်အတိုင်း အလုပ် အားလပ်သည့် တနင်္ဂနွေနေ့များတွင် ခြေဆန့် လက်ဆန့် ဆိုသလို အလွမ်းဖြေ, အပန်းဖြေ မောင်းမကန်၏ သဘာဝရှုခင်းကို ကြည့်ရှုရင်း ရေချိုးရန် ရောက်ရှိကြသူ အများအပြားပင် ဖြစ်လေသည်။ ၄-နှစ်စီမံကိန်းအရ တည်ဆောက်ဆဲ ကမြောကင်း တံတားကြီး ပြီးစီးပါမူ ယခုထက် ပိုမိုများပြားစွာ အလည်အပတ် သွားကြမည်မှာ ပြောဖွယ်ရာ မရှိတော့ချေ။


နှစ်စဉ်နှစ်တိုင်း ရုံးအားလပ်ရက်များ, ကျောင်းအားလပ်ရက်များ, မဟာသင်္ကြန်ကျချိန် ရက်အားများတွင် ရေချိုး လေညင်းခံရန် ဗမာတစ်ပြည်လုံး အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များ လာရောက် လည်ပတ် ကြိတ်ကြိတ်တိုး ရေဆိပ်တည်းခိုအိမ် (ဘန်ဂလို) များပင် မအားရဘဲ ရှိတတ်လေသည်။

"ပန်းတက်အင်း သွားလမ်း ရေပူစမ်း"
"မကျန်းမာသူအများ ရေချိုးသွား"

မောင်းမကန်ရွာကလေးမှ မြောက်ဘက် တစ်မိုင်ခန့်မျှသာ ကွာဝေးသော ပန်းတက်အင်းရွာသို့သွား မော်တော်ကားလမ်း၏ လက်ဝဲဘက်နံဘေးတွင် **"ရေပူစမ်း"** ရှိပါသည်။ ၎င်းရေပူစခန်းသို့ ခြေလျင်ဖြစ်စေ၊ မော်တော်ကားနှင့်ဖြစ်စေ သွားရောက် ရေချိုးနိုင်ကြလေသည်။

မောင်းမကန် ပင်လယ်ကမ်းခြေသို့ အနားယူ အပန်းဖြေလာကြသူများ, မကျန်းမာ နာလံထစလူများ အမြဲမပြတ် သွားရောက်၍ ရေပူချိုးကြရာ နံနက်နှင့် ညနေတိုင်း လူစည်ကားသော **"ရေပူစမ်း"** ကလေး ဖြစ်နေလေသည်။

၎င်းအပြင် သဘာဝဖြစ်ပေါ်နေသော ရေပူစမ်း နောက်ထပ် ၃-ခု ထားဝယ်တွင် ရှိပါသေးသည်။ ၎င်းတို့မှာ ထားဝယ်မှ ၄၂-မိုင်ကွာသော **"ဝဇွမ်းချောင်း ရေပူစမ်း"** ၆၄-မိုင်ကွာသော **"ပဲဒက်ရေပူစမ်း"** ၁၂-မိုင်ကွာသော **"ရှစ်ငုတ် ရေပူစမ်း"** တို့ ဖြစ်ကြပြီး ပဲဒက်ရေပူစမ်းသည် အပူဆုံးဖြစ်၍ ကာဖီ, လက်ဖက်ရည်များပင် ဖျော်နိုင်လေသည်။



လျှပ်စစ်ရေအားသုံးပြီး တောင်ကို ရေပန်းထိုးဖြိုချ၊
ခဲသတ္တုထုတ်လုပ်နေသော
"ဟိန္ဒားသတ္တုတွင်း" တောင်ထိပ်တစ်နေရာတွင် တွေ့မြင်ရသောပုံ။



ဟာမြင်းကြီးသတ္တုတွင်းတောင်ပေါ်ရှိ "သတ္တုထုတ်လုပ်ရာအလုပ်စခန်း" တစ်စိတ်တစ်ဒေသကို တွေ့မြင်ရပုံ။

## ထားဝယ် ခဲ, သံ သတ္တုတွင်းများ

ထားဝယ်မြို့တွင် ဟိန္ဒားသတ္တုတွင်း, ဟာမြင်းကြီး, ကံဘောက်, တောင်သုံးလုံး, ကျောက်မဲတောင်, ပကာရီ, သက်န်းတုံး, ဝကုန်း, ဘဝပင်, ကလုံးထာ အစရှိသည့် သတ္တုတွင်းပေါင်း များစွာရှိသည့်အနက် အကြီးဆုံးဖြစ်သော သတ္တုတွင်းအသီးသီးကို နိုင်ငံတော်အစိုးရက စီမံကိန်း အမျိုးမျိုးချ၍ ခဲ, သံ သတ္တုများ ထုတ်လုပ်လျက် ရှိလေသည်။

### ၁။ ဟိန္ဒား သတ္တုတွင်း

၎င်း ခဲသတ္တုတွင်းကို အစိုးရက လုပ်သားလခစား (၅၀၀) ကျော်နှင့် လုပ်သား နေ့စား (၁၀၀) နီးပါးဖြင့် တစ်နှစ်လျှင် ခဲသတ္တုတန်ချိန် (၂၅၀) ကို ဟိန္ဒားသတ္တုတွင်းမှ "အရှေ့မြောက်ဘက် ၁၂-မိုင်ကွာရှိ ဖောင်းတောမှ ပို့လွှတ်သော ရေအားလျှပ်စစ်ဖြင့် ထုတ်လုပ်လျက် ရှိလေသည်။"

ယနေ့တွင် ဂျာမဏီ (ဂျာမန်) စီမံကိန်းဖြင့် တစ်နှစ်လျှင် ခဲမဖြူတန်ချိန် (၁၀၀၀) ခန့် ထုတ်လုပ်နိုင်ရန် ခေတ်မီ နောက်ဆုံးပေါ် (THCKERNA) ခေါ် မြေ, ခဲ ခွဲစက်ကြီးကို တည်ဆောက်လျက်ရှိပြီး သံ, ခဲ သတ္တုများ သယ်ယူပို့ဆောင်ရေးအတွက် ထရပ်ကားကြီးများ (PAYLOADER) ခေါ် မြေသယ် မြေပို့ ထရပ်ကြီးများ၊ ဘူလ်ဒိုဇာခေါ် မြေတူးစက်ကြီးများ၊ ကောင်းကင် ကရိန်းစက်ကြီးများ ထပ်မံရောက် ရှိလျက် ကျွမ်းကျင်သူ ဂျာမန်အင်ဂျင်နီယာများဖြင့် အားသွန်ခွန်စိုက် ထုတ်လုပ်လျက် ရှိလေသည်။

ဟိန္ဒားသတ္တုတွင်းသည် ထားဝယ်မြို့မှ အရှေ့ဘက် ၄၂-မိုင်အကွာတွင် တည်ရှိပြီး ဆေးရုံ, စစ်တပ်, သမဝါယမဆိုင်, ဈေး, အစိုးရအလယ်တန်းကျောင်းများရှိပြီး အလွန်စည်ကားသော ထားဝယ်မြို့တွင် အကြီးဆုံးသော သတ္တုတွင်းဖြစ်လေသည်။



"ထားဝယ်မြို့မြူနီစီပါယ်ဈေးကြီး အရှေ့ဖက်" ပုံ
အတွင်းဖက်တွင် ကုန်စိမ်းတန်း၊ ငါးစို ငါးခြောက်တန်း၊ အထည်တန်း၊
အလှကုန်တန်း ခွဲခြားတည်ဆောက်ထားပုံ စည်းကမ်းကျသည်၊
(ဒုတိယကမ္ဘာစစ်အတွင်း မြို့မီးလောင်ရာတွင် မပါဘဲ ကျန်ခဲ့သည်။)



ထားဝယ်မြို့ မင်္ဂလာဈေးသစ်ကြီး ပြန်လည်တည်ဆောက်ပြီးစီးပုံ။

## ၂။ ကံဘောက် သတ္တုတွင်း

ရေဖြူမြို့နယ်အတွင်းရှိ ကံဘောက် သတ္တုတွင်းသည် ယခုအခါ ကုလသမဂ္ဂဖွံ့ဖြိုးရေး စီမံကိန်း ကျွမ်းကျင်မှု အကူအညီဖြင့် စီမံကိန်း များချကာ တစ်တပ်တစ်အား သတ္တုများကို တိုးတက်ထုတ်လုပ်လျက် ရှိနေလေသည်။

**ကံဘောက် ခဲမဖြူ ထုတ်လုပ်မှုလုပ်ငန်း**

နောက်ထပ် တစ်ဆင့်တက်၍ ယခုအခါ ဓာတ်သတ္တုနှင့် ဘူမိဗေဒ လေ့လာရေးနှင့် ရှာဖွေရေးဦးစီးဌာနမှ ကံဘောက်အနီး ဟိန်းဇဲ ချိုင့်ဝှမ်းတွင် ကုလသမဂ္ဂ စီမံကိန်း အကူအညီဖြင့် ဆောင်ရွက်နေသော သန့်စင် ခဲမဖြူ ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှာဖွေနိုင်ရန်အတွက် **သဲစုပ်စက်ကြီးများ ဇကာနှင့် လှုပ်ခုံ သက်ဆိုင်ရာ စက်အမျိုးမျိုးကို** တပ်ဆင် လုပ်ကိုင်သွားရန် အားသွန်ခွန်စိုက် လုပ်ဆောင်နေကြလေသည်။

၎င်းလုပ်ငန်း ပြီးစီးပါက တစ်နှစ်တစ်နှစ်လျှင် ခဲမဖြူတန်ချိန် (၁၀၀၀၀) တစ်သောင်းခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားရာ နိုင်ငံခြားဝင်ငွေ ကောင်းစွာ ရရှိမည် ဖြစ်ပေသည်။

ကျန်သတ္တုတွင်းများဖြစ်သော ဟာမြင်းကြီး, တောင်သုံးလုံး, ကျောက်မဲတောင်, ပကာရီ, သင်္ကန်းတုံး, ဘဝပင်, ကလုံးသာ စသည်ဖြင့် သတ္တုတွင်းပေါင်းများစွာကိုလည်း စီမံကိန်းအမျိုးမျိုးချကာ လုပ်သားများစွာဖြင့် ထုတ်လုပ်လျက် ရှိလေသည်။

၎င်း ထားဝယ်မြို့ သတ္တုတွင်း စခန်းကြီးများသို့ တက္ကသိုလ်မှ ကျောင်းသား, ကျောင်းသူများ၊ ဆရာ, ဆရာမများ၊ တစ်ပြည်လုံးမှ ဒေသန္တရ, ဘာသန္တရ ဗဟုသုတ ရှာဖွေစုဆောင်းသူ သုတေသီများ အမြဲမပြတ် လာရောက် လည်ပတ် လေ့လာကြလေသည်။

**ထားဝယ်ရာဇဝင်သမိုင်း ပြီးပြီ၊**



"ထားဝယ်မြို့ မြူနီစီပါယ်ဈေးကြီး အရှေ့ဖက်" ပုံ
အတွင်းဖက်တွင် ကုန်စိမ်းတန်း၊ ငါးစို ငါးခြောက်တန်း၊ အထည်တန်း၊
အလှကုန်တန်း ခွဲခြားတည်ဆောက်ထားပုံ စည်းကမ်းကျသည်၊
(ဒုတိယကမ္ဘာစစ်အတွင်း မြို့မီးလောင်ရာတွင် မပါဘဲ ကျန်ခဲ့သည်။)



ထားဝယ်မြို့ မင်္ဂလာဈေးသစ်ကြီး ပြန်လည်တည်ဆောက်ပြီးစီးပုံ။

## ၂။ ကံဘောက် သတ္တုတွင်း

ရေဖြူမြို့နယ်အတွင်းရှိ ကံဘောက် သတ္တုတွင်းသည် ယခုအခါ ကုလသမဂ္ဂဖွံ့ဖြိုးရေး စီမံကိန်း ကျွမ်းကျင်မှု အကူအညီဖြင့် စီမံကိန်း များချကာ တစ်တပ်တစ်အား သတ္တုများကို တိုးတက်ထုတ်လုပ်လျက် ရှိနေလေသည်။

**ကံဘောက် ခဲမဖြူ ထုတ်လုပ်မှုလုပ်ငန်း**

နောက်ထပ် တစ်ဆင့်တက်၍ ယခုအခါ ဓာတ်သတ္တုနှင့် ဘူမိဗေဒ လေ့လာရေးနှင့် ရှာဖွေရေးဦးစီးဌာနမှ ကံဘောက်အနီး ဟိန်းဇဲ ချိုင့်ဝှမ်းတွင် ကုလသမဂ္ဂ စီမံကိန်း အကူအညီဖြင့် ဆောင်ရွက်နေသော သန့်စင် ခဲမဖြူ ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှာဖွေနိုင်ရန်အတွက် **သဲစုပ်စက်ကြီးများ ဇကာနှင့် လှုပ်ခုံ သက်ဆိုင်ရာ စက်အမျိုးမျိုးကို** တပ်ဆင် လုပ်ကိုင်သွားရန် အားသွန်ခွန်စိုက် လုပ်ဆောင်နေကြ လေသည်။

၎င်းလုပ်ငန်း ပြီးစီးပါက တစ်နှစ်တစ်နှစ်လျှင် ခဲမဖြူတန်ချိန် (၁၀၀၀၀) တစ်သောင်းခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားရာ နိုင်ငံခြားဝင်ငွေ ကောင်းစွာ ရရှိမည် ဖြစ်ပေသည်။


ကျန်သတ္တုတွင်းများဖြစ်သော ဟာမြင်းကြီး, တောင်သုံးလုံး, ကျောက်မဲတောင်, ပကာရီ, သင်္ကန်းတုံး, ဘဝပင်, ကလုံးသာ စသည်ဖြင့် သတ္တုတွင်းပေါင်းများစွာကို လည်း စီမံကိန်းအမျိုးမျိုးချကာ လုပ်သားများစွာဖြင့် ထုတ်လုပ်လျက် ရှိလေသည်။

၎င်း ထားဝယ်မြို့ သတ္တုတွင်း စခန်းကြီးများသို့ တက္ကသိုလ်မှ ကျောင်းသား, ကျောင်းသူများ၊ ဆရာ, ဆရာမများ၊ တစ်ပြည်လုံးမှ ဒေသန္တရ, ဘာသန္တရ ဗဟုသုတ ရှာဖွေစုဆောင်းသူ သုတေသီများ အမြဲမပြတ် လာရောက် လည်ပတ် လေ့လာကြလေသည်။

**ထားဝယ်ရာဇဝင်သမိုင်း ပြီးပြီ၊**



ထားဝယ်မြို့၊ ကျန်းမာရေးလမ်းခေါ် (လမ်းမသစ်)ရှုခင်းပုံ။
(နံနက်–ညနေတိုင်း လေညှင်းခံ လမ်းလျှောက်ကြသည်။)



ရှင်ပင်ခရု (ကရပ်ပြင်)

## ရှင်ပင်ခရုဘုရားသမိုင်းအကျဉ်း

ရှင်ပင်ခရုဘုရားသည် ထားဝယ်မြို့၊ ကရပ်ပြင်ရပ်၏ ရွာဘုရား၊ ရပ်ဘုရားဖြစ်ပါသည်။

ဘုရားတည်ရှိသော နေရာတွင် ထားဝယ်အခေါ် ရှားပင် "ခရေပင်" နှစ်ပင် ညီနောင် ပေါက်ရောက်စည်ပင်ခဲ့ရာ ထိုခရေပင်နှစ်ပင် အလယ်တွင် ရောမခရုကြီးတစ်ကောင် ပေါ်လာရာမှ ခရုခွံပေါ်တွင် စေတီတည်ခဲ့သည်ဟု ဆိုပါသည်။ (ရှေးယခင်က စာပေပြုစု စုဆောင်းသူ ရှားပါးသဖြင့် သက္ကရာဇ် ရှာမတွေ့တော့ပါ။)

"ရှားပင် (ခရေပင်) နှစ်ပင်နှင့် ခရုပေါ်မှဘုရား" ဟူ၍ "ရှားပင် ခရု" ဘုရားဟု ခေါ်လာရာမှ "ရှင်ပင်ခရုဘုရား" ဟူ၍ အမည်တွင်လာသည်ဟု ဆိုရိုးရှိပါသည်။

ခရေညီနောင်နှစ်ပင်သည် သက်တမ်းအတော်ကြာသည့်အပင် ဖြစ်သော်လည်း ဘုရားပွဲပြုလုပ်ကျင်းပသည့်အခါ ဇာတ်စင်ဆောက်လုပ်ရာမှ ချိုင်ခြင်း၊ ဖြတ်ခြင်းဖြင့် သေသွားပါသည်ဟု သိရှိရပါသည်။

ကရပ်ပြင်ရပ် အချို့နေရာများတွင် ရေတွင်းတူးသောအခါ မြေအောက်မှ ကမ်းစပ်နုန်းမြေများ၊ ခရေရွက်ခြောက်များ တွေ့ရှိသဖြင့် တစ်ချိန်က ရေလွှမ်းမိုးရာ ကမ်းစပ်၊ ပေါက်တိုင်းချောင်းမှ ဒီရေတက် မိုးကြီးလာသည့်အခါ ကရပ်ပြင်ရွာအစပ်အထိ၊ အရှေ့ဘက်ခြမ်း ဇလွန်းရွာ၊ သပြေချောင်းရွာ၊ ဇာဟာရွာ၊ မောင်မယ်ရှောင်ရွာစပ်အထိ ဒီရေနှင့် မိုးရေများ အလျှံပယ် မြစ်ကြီးသဖွယ် ရေလွှမ်းမိုးနေပါသည်။

**စေတီတော်ကြီးနှင့် ဘုရားပရဝဏ်၊ ဂန္ဓကုဋီတိုက်တော်ကြီးတို့အား မီးမကျွမ်းဘဲ ကွင်းကျော်သွားခြင်း**

ရှင်ပင်ခရုစေတီတည်သော ခရုကြီးတစ်ကောင် မည်၍မည်ပုံ ဤဒေသသို့ ရောက်လာသည်ကို မှန်းဆနိုင်ပါသည်။



ရှင်ပင်ခရ (ကာရပ်ပြင်)

ဤရှင်ပင်ခရုဘုရားကြီးတည်ရှိသော တောင်ကရပ်ပြင်ရပ်ကွက်တွင် (သက္ကရာဇ် - ၂၆-၃-၉၆) မွန်းလွဲ (၁)နာရီကျော်မှစ၍ ရပ်ကွက်မီးလောင်မှုဖြစ်ပွားရာ ဂန္ဓကုဋီတိုက်တော်ကြီးနှင့် ဆင်းတုတော်၊ ရုပ်ပွားတော်များ၊ ဘုရားစေတီတော်နှင့် ဆောင်းတန်းများ၊ ဘုရားပရဝဏ်အားလုံးကို မီးမခဘဲ ကွင်းကျော်ပြီး တစ်ရပ်ကွက်လုံးလိုလို မီးလောင်ကျွမ်းသွားသည်ကို အံ့ဩဖွယ်ရာ တွေ့မြင်ခဲ့ရပါသည်။ ကိုယ်တွေ့အမြင်ပင် ဖြစ်ပါသည်။ ၎င်းအချိန်မှ ဘုရားဖူးပရိသတ်များ တစ်နှစ်ထက်တစ်နှစ် ပိုမို၍ လာရောက်ဖူးမြော် အမိဌာန်ဝင်ကြပါသည်။

## စိန်ဖူးတော်အား သူခိုးခိုးရန် အားထုတ်ခြင်း

သက္ကရာဇ် (၃၀-၉-၂၀၀၅) ခု ညသန်းခေါင်ယံတွင် စိန်ဖူးတော်အား သူခိုးတက်ခိုးရာ၊ သူခိုးရော စိန်ဖူးတော်ပါ မြေခခဲ့သည်။ သူခိုးသည် မေ့လဲနေရာမှ နံနက် (၅)နာရီခန့်တွင် သူခိုးတွင် ပါလာသည့် မော်တော်ဆိုင်ကယ်အား စီး၍ ထွက်ပြေးခဲ့ရာ ပြေးမလွတ်ဘဲ ပုထိုးကျောင်းလမ်းထိပ် အာဇာနည်လမ်းပေါ်တွင် မေ့လဲကျနေခဲ့သည်။ နံနက် (၆)နာရီခန့်တွင် ဘုရားဝင်းအပြင်ဘက် အိမ်တစ်ဆောင်ပြတင်းပေါက်မှ လူတစ်ယောက် အိပ်ရာထ မျက်နှာသစ်စဉ် ဘုရားစေတီတော်တွင် စိန်ဖူးတော် မရှိကြောင်း တွေ့ရှိရ၍ ဘုရားဝင်း၏ ညစောင့်ကို အော်ခေါ်ကာ၊ နံနက်အချိန် ဘုရားဖူးလာ လူအများကိုလည်း အကူအညီတောင်းရာ စိန်ဖူးတော် မြေခသည်ကို တွေ့ရှိရပြီး ဘုရားဖူးလာသူတစ်ဦးက အာဇာနည်လမ်းပေါ်တွင် ဆိုင်ကယ်နှင့် လူတစ်ဦးလဲနေကြောင်းပြော၍ ထားဝယ်မြို့မရဲစခန်းသို့ အကြောင်းကြားပြီးလက်ရဖမ်းကာ ရဲစခန်းသို့ ပို့ဆောင်ခဲ့ပါသည်။ သူခိုးအား ရဲက စစ်ဆေးမေးမြန်းရာ စိန်ဖူးတော်အား ခိုးယူနေစဉ် လူမဲကြီးက သူ့ကို ဘုရားပေါ်မှ တွန်းချလိုက်ကြောင်း၊ မိမိအနေဖြင့်လည်း ဆိုင်ကယ်စီးပြီး ထွက်ပြေးရာပြေးမလွတ်ဘဲ လမ်းပေါ်တွင် မေ့လဲကျခဲ့ကြောင်း၊ ၎င်းဘုရားအပြင်ထားဝယ်မြို့ရှိ အခြားတန်ခိုးကြီးဘုရား (၄)ဆူရှိ စိန်ဖူးတော်ကိုလည်းခိုးယူခဲ့ကြောင်း အစစ်ခံပါသည်။ ထိုအချိန်မှစ၍ ဤရှင်ပင်ခရုဘုရားသည် မီးကွင်းသည့်အပြင် သူခိုးဖမ်းဘုရားအဖြစ် တန်ခိုးတော် ပိုမိုပွင့်လင်းလာပြီး ကျော်ကြားလာခဲ့သည်။



ရှင်တောက်ထိန် (ကမြောကင်းရွာ)

## ရှင်တောက်ထိန်ဘုရားသမိုင်းအကျဉ်း

ရှင်တောက်ထိန်ဘုရားသည် ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ကမြောကင်းရွာကြီးတွင်တည်ရှိပါသည်။ ထားဝယ်မြို့မှ တစ်မိုင်ကျော်ခန့်မျှ ဝေးကွာ၍ မောင်းမကန်သွားလမ်း၊ ကမြောကင်းတံတားအလွန်၊ ရွာဝင်လမ်းသွယ် တစ်ဖာလုံကျော်၌ ရှင်တောက်ထိန်ဘုရားကို ဖူးမြော်နိုင်ပါသည်။


ကောဇာသက္ကရာဇ် (၁၀၃) ခုနှစ်တွင် ဦးဖိုးတုတ်-ဒေါ်စောသီးတို့ ဇနီးမောင်နှံသည် ယင်းနေရာတွင် တောင်ယာလုပ်ကိုင်ရင်း မြေတူးဆွရာမှ ရုပ်ပွားတော်၏ ဦးခေါင်းကို ပေါက်တူးဖြင့် ခိုက်မိ၍ တူးဖော်သောအခါ ဦးခေါင်းတော်ပိုင်း ပေါ်ထွက်လာသည်ဟု သိရှိရပါသည်။

ဦးဖိုးတုတ်-ဒေါ်စောသီး ဇနီးမောင်နှံနှင့် ကမြောကင်းရွာသူရွာသားတို့ ပူးပေါင်း၍ ရုပ်ပွားတော်ပေါ်လာသည်အထိ မြေများဖယ်ရှားကာ တူးဖော်ခဲ့ကြပါသည်။ ရွာသူရွာသားတို့သည် ဤဘုရားကို မြေပေါက်ဘုရား (ပေါ်တော်မူဘုရား) ဟူ၍ ဤအချိန်မှစပြီး (ဓာတ်ဘုရား) ဟူ၍လည်း ခေါ်ဆိုခဲ့ပါသည်။ ၎င်းနေရာ၌ပင် ရာဇမတ်ကာ၍ အမိုးယာယီပြုလုပ် ပူဇော်နေကြပါသည်။

စတင်တွေ့ရှိချိန်မှစ၍ ရုပ်ပွားတော်သည် ရုပ်ရှင်တော်ဖြစ်သဖြင့် တဖြည်းဖြည်း ကြီးလာသည်ဟု အဆိုရှိပါသည်။ အမိဋ္ဌာန်ဝင်သူအချို့ပြောပြချက်အရ ရုပ်ပွားတော်သည် မျက်တောင်ခတ်ခြင်း၊ ပြုံးတော်မူခြင်းစသည့် တန်းခိုးပြာဋိဟာ ပြတော်မူတတ်သည်ဟုလည်း သိရှိရပါသည်။

ရုပ်ပွားတော်၏ ဉာဏ်တော်သည် တရွေ့ရွေ့ ကြီးမြင့်လာခဲ့ရာ ယခုအခါတွင် ဉာဏ်တော်အမြင့် ၅ပေ ၆လက်မခန့် ရှိနေပြီဖြစ်ပါသည်။

"ရှင်တောက်ထိန်" ဘုရားကို တစ်နည်းအားဖြင့် "ကုန်းမြင့်တောင်ငယ်ပေါ်မှဘုရား" ဟူ၍ အဓိပ္ပာယ်ရသည်ဟု သိရှိရပါသည်။ ယခုလက်ရှိ ရှင်တောက်ထိန်ဘုရားသည် စေတီဖြစ်သော်လည်း စင်စစ်အားဖြင့် ထိုစေတီအရှေ့ဘက် သိမ်အတွင်း တဝဂူအတွင်းရှိ ရုပ်ပွားတော်သည်သာ ရှင်တောက်ထိန်ဘုရား ဖြစ်ပါသည်။



ရှင်ဥညြ (ပိန္နဲတောရပ်)

## ရှင်ဥညြဘုရားသမိုင်းအကျဉ်း

မင်းရှင်ဇော်သည် သက္ကရာဇ် (၁၁၂၂) ခုနှစ်တွင် လက်ရှိ ပိန္နဲတောရပ်၊ ရွှေကျောင်းကြီးနေရာ၌ နန်းတော်တည်ဆောက်ကာ နန်းစံသည်။ ရွှေတောင်စားမင်းဟုလည်း အမည်တွင်သည်။ နန်းတော်နှင့် တပြိုင်တည်း "နန်းဦးဘုရား" ကိုတည်၍ "ရှင်ဥကြွ" ဟု ဘွဲ့တော်သသည်။ မင်းရှင်ဇော် (ဝါ) ရွှေတောင်စားမင်းသည် သက္ကရာဇ် (၁၁၂၄) ခုနှစ်တွင် ရွှေတောင်စားစေတီကိုတည်သဖြင့် ရှင်ဥညြသည် ရွှေတောင်စားစေတီထက် (၂)နှစ်စောသည်ဟု ဆိုနိုင်ပါသည်။

သက္ကရာဇ် (၁၁၂၆) ခုနှစ်တွင် အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်မင်းလက်ထက် ဗိုလ်မှူးနော်ရထာ ယိုးဒယားသို့ ချီတက်ရာ ထားဝယ်၊ မြိတ်၊ တနင်္သာရီနယ်များကို နှိမ်နင်းရန် ထားဝယ်မြို့သို့ ရောက်ရှိလေလျှင် မင်းရှင်ဇော်က မြို့နယ်နှင့် တကွ "မြွေကြီးရစ်" (ဖောင်းရစ်)မျှ ပြီးစီးနေသည့် စေတီကိုပါ ဗိုလ်မှူးနော်ရထာလက်သို့ အပ်နှင်းလိုက်လေသည်။

ယင်းအခါ ဗိုလ်မှူးနော်ရထာသည် ဆင်ဖြူရှင်မင်းတရား၏ အမိန့်တော်အရ မင်းရှင်ဇော်ပင်လျှင် ထီးတော်တင်သည်အထိ ပြီးစီးအောင် တည်ဆောက်မြဲ တည်ဆောက်စေဟု အမိန့်တော်ပေးသဖြင့် ဆက်လက်တည်ဆောက်တော်မူရာ "တစ်ရာသံတောင် ဉာဏ်တော် အမြင့်ဆောင်သည့် စေတီတော်ကြီး ပြီးစီးအောင်မြင်လေ၏။"

မင်းရှင်ဇော်သည် ဗိုလ်မှူးနော်ရထာ၏ လက်အောက်တွင် နေရသည့်အခါ နန်းတော်နှင့် မနေရသဖြင့် နန်းတော်ဟောင်းကို ကျောင်းအဖြစ် လှူဒါန်းပြီး "ရွှေကျောင်းကြီး" ဟု အမည်တွင်သည်။

## ရှင်ဥသြဘုရားသမိုင်းအကျဉ်း

မင်းရှင်ဇော်သည် သက္ကရာဇ် (၁၁၂၂) ခုနှစ်တွင် လက်ရှိ ပိန္နဲတောရပ်၊ ရွှေကျောင်းကြီးနေရာ၌ နန်းတော်တည်ဆောက်ကာ နန်းစံသည်။ ရွှေတောင်စားမင်းဟုလည်း အမည်တွင်သည်။ နန်းတော်နှင့် တပြိုင်တည်း "နန်းဦးဘုရား" ကိုတည်၍ "ရှင်ဥကြ" ဟု ဘွဲ့တော်သသည်။ မင်းရှင်ဇော် (ဝါ) ရွှေတောင်စားမင်းသည် သက္ကရာဇ် (၁၁၂၄) ခုနှစ်တွင် ရွှေတောင်စားစေတီကိုတည်သဖြင့် ရှင်ဥသြသည် ရွှေတောင်စားစေတီထက် (၂)နှစ်စောသည်ဟု ဆိုနိုင်ပါသည်။

သက္ကရာဇ် (၁၁၂၆) ခုနှစ်တွင် အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်မင်းလက်ထက် ဗိုလ်မှူးနော်ရထာ ယိုးဒယားသို့ ချီတက်ရာ ထားဝယ်၊ မြိတ်၊ တနင်္သာရီနယ်များကို နှိမ်နင်းရန် ထားဝယ်မြို့သို့ ရောက်ရှိလေလျှင် မင်းရှင်ဇော်က မြို့နယ်နှင့် တကွ "မြွေကြီးရစ်" (ဖောင်းရစ်)မျှ ပြီးစီးနေသည့် စေတီကိုပါ ဗိုလ်မှူးနော်ရထာလက်သို့ အပ်နှင်းလိုက်လေသည်။

ယင်းအခါ ဗိုလ်မှူးနော်ရထာသည် ဆင်ဖြူရှင်မင်းတရား၏ အမိန့်တော်အရ မင်းရှင်ဇော်ပင်လျှင် ထီးတော်တင်သည်အထိ ပြီးစီးအောင် တည်ဆောက်မြဲ တည်ဆောက်စေဟု အမိန့်တော်ပေးသဖြင့် ဆက်လက်တည်ဆောက်တော်မူရာ "တစ်ရာသံတောင် ဉာဏ်တော်အမြင့်ဆောင်သည့် စေတီတော်ကြီး ပြီးစီးအောင်မြင်လေ၏။"

မင်းရှင်ဇော်သည် ဗိုလ်မှူးနော်ရထာ၏ လက်အောက်တွင် နေရသည့်အခါ နန်းတော်နှင့် မနေရသဖြင့် နန်းတော်ဟောင်းကို ကျောင်းအဖြစ် လှူဒါန်းပြီး "ရွှေကျောင်းကြီး" ဟု အမည်တွင်သည်။

ထိုကျောင်းနေရာတွင် ထပ်မံဆောက်လုပ်သော ကျောင်းကိုလည်း "ရွှေကျောင်းကြီး" ဟု ဆက်လက်အမည်တွင်ပြီး "ရှင်ဥသြ" ဘုရားသည် ရွှေကျောင်းကြီး ကျောင်းဝင်းအတွင်း၌ တည်ရှိနေခြင်းဖြစ်ပါသည်။

# ရှင်ကိုးရှင်ဘုရားများ

## ၁။ ရှင်ပင်ခရုဘုရား

ထားဝယ်မြို့၊ ကရပ်ပြင် (တောင်)ရပ်၊ ရပ်ဘုရား-ရွာဘုရား ဖြစ်သည်။

## ၂။ ရှင်မုတ္ထီးဘုရား

ရှင်မုတ္ထီးဘုရားကြီးရှိသောရွာတွင် ရှိသည်။ ထားဝယ်မှ မြိတ်မြို့သွားလမ်း (၆)မိုင်ကွာ၊ ရှင်မုတ္ထီးရွာကြီး ကားလမ်းနံဘေးတွင် ရှိပါသည်။

## ၃။ ရှင်တောင့်ပုံဘုရား

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ် မြို့၏အရှေ့ဘက် မနီးမဝေး တောင်တန်းတွင် တည်ထားသည်။ ထားဝယ်မှ မြိတ်မြို့သွား ကားလမ်း (၁၈)မိုင် ကွာဝေးသည်။

## ၄။ ရှင်မျှော်တောင်ဘုရား

ထားဝယ်မြို့မှ မိုင် (၃၀)ကျော်ဝေးသော လောင်းလုံးမြို့နယ်၊ ကျောက်ဝပ်ပြင်ရွာ၊ (ကျောက်နီမော်တို့သို့ ကားဖြင့်သွားရသည်။ ထိုမှ တဆင့် ရှင်မျှော်တောင်ခြေရင်းသို့ မိုင် (၂၀)ခန့်ရှိသည်။) ကြက်လွတ်ရွာ အထိရောက်ပြီး ၎င်းမှ တစ်ဆက်တည်း တောင်ပေါ်သို့ (၃)မိုင်ခန့်ကို ကားဖြင့် တိုက်ရိုက်တက်နိုင်ပြီး တောင်ထိပ်ရှိ ရှင်မျှော်တောင်ဘုရားသို့ ရောက်ပါသည်။ သားဆုတောင်းပါက အောင်မြင်ကြကြောင်း သိရပါသည်။ နေ့ချင်းပြန် ဘုရားဖူး သွားရောက်နိုင်ကြကြောင်းလည်း သိရပါသည်။

## ၅။ ရှင်တောက်ထိန်ဘုရား

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကမြောကင်းရွာတွင် တည်ရှိပါသည်။ မောင်းမကန်သွား ကားလမ်းမကြီး တံတားကြီးမှ (၁/၂)မိုင်ခန့်မျှရှိရာ ရွာလယ်မှ လမ်းသွယ် တစ်ဖာလုံခန့် ဝင်သွားက ရှင်တောက်ထိန်ဘုရားကို ဖူးတွေ့ရပါသည်။

### ၆။ ရှင်ဥသြဘုရားစေတီ

ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ ရွှေကျောင်းကြီး ကျောင်းဝင်းအတွင်း တည်ရှိပါသည်။

၎င်းဘုရားကို ရွှေတောင်စားမင်းသည် နန်းတော်နှင့် တစ်ပြိုင်တည်း တည်၍ နန်းဦးဘုရားဟုလည်း ဘွဲ့တော်သသည်။

### ၇။ ရှင်ဇလွန်ဘုရား

ထားဝယ်မြို့မှ ကမြောကင်းရွာကိုဖြတ်၍ ခံတောရွာကိုပါ ဖြတ်ကျော်ပြီး ထားဝယ်မြို့မှ (၇)မိုင်ခန့်ဝေးသော လောင်းလုံးမြို့နယ်၊ မြို့ဟောင်းကျေးရွာ (ရှေးအခေါ်) သာဂရမြို့တွင် တည်ရှိသည်။ ထားဝယ်မြစ် အနောက်ဘက်ကမ်းတွင် ရှိသည်။ ရှင်ဇောက ဓာတ်တော် ပွားကို ရရှိပြီး ရှင်ဇလွန်ဘုရားကို တည်သည်။ “ရှင်ဇလွန်” ဟု ဘွဲ့တော် သသည်။

### ၈။ ရှင်ဓာတ်ဝဲဘုရား

ရှင်ဓာတ်ဝဲဘုရားသည် ထားဝယ်မှ မြောက်ဘက် ရေးမြို့သွား ကားလမ်း (၇)မိုင်ခန့်တွင် ရှိသည်။ ကားလမ်းမကြီးမှ အတွင်းဘက်သို့ (၂ ဖာလုံခန့်)ဝင်သွား၍ ဖူးမြော်နိုင်ပါသည်။ ထားဝယ်မြစ်အရှေ့ဘက် ကမ်းတွင် ရှိသည်။

### ၉။ ရှင်ဆံတော် (ကလိန်အောင်)ဆံတော်

ရှင်ဘုရားဟုလည်း ဘွဲ့တော်သသည်။ ဆုတောင်းတိုင်းပြည့်၍ ဆုတောင်းပြည့် ဆံတော်ရှင်ဘုရားဟုတွင်သည်။ မြောက်ဘက် ထားဝယ် မြို့မှ ရေးမြို့သွား ကားလမ်း (၄၇)မိုင်ကွာတွင် တည်ရှိသည်။ ကလိန်အောင်ရွာကြီးအနောက်ဘက် ထားဝယ်မြစ်ကမ်းဘေး တောင် ပေါ်တွင် တည်ရှိသည်။ ရှင်ဆံတော်-ကလိန်အောင်ဆံတော်ရှင် ဘုရားသည် နေ့ကောင်းရက်မြတ်များတွင် တစ်နေ့တည်း (၂)ကြိမ် (၃)ကြိမ်အထိ ရောင်ခြည်တော်များ ကွန့်မြူးလေ့ရှိကြောင်း သိရပါသည်။



အောင်ဗောဓိ(၂၇)တောင်ရပ်တော်မူဘုရားကြီး



ဘုရားရှစ်မြောင့်စေတီတော်

## အောင်ဗောဓိ(၂၇)တောင်ရပ်တော်မူဘုရားကြီး

(၂၇)တောင် ရပ်ပွားဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရန် အတွက် ဘုရားတကာကြီး ဦးဘိုးကျော်နှင့် ဇနီးဒေါ်ငြိမ်းခင် တို့က ထားဝယ်မြို့၊ ဘုမွှော်ရပ်ရှိ ဘုမွှော်ကျောင်း ဆရာတော် ဦးရေဝတထံ ခွင့်ပြုချက် လျှောက်ထားခဲ့ပါသည်။ဆရာတော် ဦးရေဝတကကိုးကွယ် ဆောက်လုပ်ရန် ကိစ္စများကို ဆွေးနွေးတိုင်ပင်၍ မြေနေရာကို ဘုမွှော် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်)ကိုရွေးချယ် သတ်မှတ်၍ ရပ်တော်မူဘုရား တည် ထားကိုးကွယ်ရန် ဆရာတော်ဦးရေဝတမှခွင့်ပြုခဲ့ပေသည်။

ထိုသို့ ခွင့်ပြုချက် ရရှိပြီးနောက် ပန်းရံဆရာကြီး၊ ပန်းပုဆရာ ကြီးများနှင့် တိုင်ပင်၍ အများပြည်သူများ သွားရင်းလာရင်းဖူးမြော်နိုင် အောင်(၂၇) တောင် (၃၇ပေ ၆လက်မ)ရှိ ရပ်တော်မူရုပ်ပွါးတော်မြတ် ကြီးကို ဒါယကာ ဦးဘိုးကျော် နှင့် ဒါယိကာမကြီး ဒေါ်ငြိမ်းခင်တို့က လှူဒါန်းခဲ့ပါသည်။ ကောဇာသက္ကရာဇ် (၁၃၀၂ခုနှစ် တပေါင်းလဆုတ် (၆) ရက်(တနင်္လာ)နေ့တွင် ဦးဘိုးကျော်ကိုယ်တိုင် သန့်စင်ပြီး အုတ်မြစ် (၂၇) ချပ်ကို မင်္ဂလာအခါ၌ အုတ်မြစ်စီချပေးခဲ့ပါသည်။၁၃၀၃ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၁၄) ရက်နေ့ နံနက်(၅) နာရီတွင် သံဃာ တော်(၂၇)ပါးမှ တနင်္ဂနွေထောင့်တွင် စံပယ်နေသည့်အမြင့်(၂၇) တောင် ရပ်တော်မူရုပ်ပွါးတော်မြတ်ကြီးကို အောင်ဗောဓိ(၂၇)တောင် ရပ်တော်မူရုပ်ပွါးတော်မြတ်ကြီး ဟူ၍ ဘွဲ့ချီသမုတ်ပြီး ဗုဒ္ဓါဘိသေက မင်္ဂလာကို ပူဇော်ချီးမြှင့်ကြပါသည်။

ရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးသည် ဘုရားဝင်းအတွင်း ငွါးငွါးစွင့်စွင့် ထည်ထည်ဝါဝါ ကိန်းဝပ် စံပယ်တော် မူရသော်လည်း အမိုးအကာ မရှိဘဲ (၂၀) နှစ် တိုင်တိုင် ရာသီဥတု သဘာဝဒဏ်ကို ရင်ဆိုင်ခဲ့ရ၏။သို့ဖြစ်၍ ၁၃၂၄ခုနှစ် တပေါင်းလဆန်း(၅)ရက်နေ့တွင်

ထားဝယ်မြို့ ဒေါင်းငူရပ်နေ သူဌေးကြီးတယ်လူဖေနှင့် ဇနီးဒေါ်အေး မြသွယ် သားသမီးတစ်စုတို့က သဒ္ဓါထက်သန်စွာဖြင့် အချင်း (၂၇)ပေ ရှိသော ထီးတော်မြတ်ကို လှူဒါန်းခဲ့ကြပါသည်။ ရုပ်ပွါးတော် မြတ်ကြီး မျက်ရှင်တော်တစ်စုံကိုလည်း ဗိုလ်မှူးတင်လှ(ရေ) မှလှူဒါန်း သည်ကို ရတနာသုံးပါး ဝေယျာဝစ္စအဖွဲ့က (၁၉၈၁) ခုနှစ် ဩဂုတ်လ (၇) ရက်နေ့ တွင် လက်ခံရယူခဲ့ပါသည်။ ထို့နောက် မျက်ရှင်တော်ကို(၁၉၈၁)ခုနှစ် ဒီဇင်ဘာလ(၁၈)ရက် နံနက်(၈)နာရီ တွင် ဘုမ္မော်ကျောင်းထိုင်နာယက ဆရာတော်ဦးသီဟဓဇ အမှူးထား ၍ရတနာသုံးပါးဝေယျာဝစ္စအဖွဲ့မှ ဦးဆောင်ကာ ရုပ်ပွါးတော်မြတ်ကြီးအား မျက်ရှင်တော်တပ်ဆင်ပူဇော် ခဲ့ကြပါသည်။

(၂၇)တောင်ရုပ်ပွါးတော်မြတ်ကြီးသည် (၃၃)နှစ်တိုင်တိုင် ထုံးသင်္ကန်းဖြင့်သာ စံပယ်တော်နေရပေသည်။ ထို့ကြောင့် ထားဝယ် မြို့ ဒေါင်းငူရပ်နေ သူဌေးကြီးတယ်လူဖေ ဇနီးဒေါ်အေးမြသွယ် နှင့် သားသမီးတစ်စုတို့က ၁၃၃၆ ခုနှစ်တွင် ကိုယ်လုံးတော်ပြည့်ရွှေသင်္ကန်း ကိုဆက်ကပ် လှူဒါန်းခဲ့ပါသည်။ ရွှေသင်္ကန်းကို ဒုတိယ အကြိမ်အဖြစ် ၁၃၄၇ခုနှစ် တွင်ကပ်လှူပူဇော်ပြီး တတိယအကြိမ်အဖြစ် ၁၃၅၇ ခု နှစ်တွင် ထားဝယ်မြို့သူမြို့သားများနှင့် စေတနာရှင်အပေါင်းတို့က လှူဒါန်းခဲ့ကြပြီးဖြစ်၍ ယခုအခါ တင့်တယ်သပ္ပါယ်စွာ ဖူးတွေ့နိုင်ပြီ ဖြစ်ပါသည်။

## ကြီးပွားရေးမိသားစုကြီး၏
## လှူဒါန်းခဲ့ဖူးသည့် အလှူတော်ကြီးများ
### ကုသိုလ်ပွားများနိုင်ကြရန် ဖော်ပြပါသည်။

၁။ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလတွင် ဆင်ဆိပ်ကျောင်းသစ်၌ ကထိန်ခင်း၊ ကိုယ်တိုင်ရဟန်းဘောင်ဝင်၊ သားများရှင်ပြု၊ သံဃာတော်များအားလှူဒါန်း၍ ဆွမ်းကျွေးမင်္ဂလာ (၂)ရက် ကျင်းပပြီး ကြွလာသည့် ပရိသတ်များအား ကျွေးမွေးလှူဒါန်းကာ ရေစက်ချတရားတော် နာယူကြပါသည်။

၂။ ၁၉၇၉ ခုနှစ်၊ ဧပြီလတွင် ကည့်ရပ်မြေတိုက်ကျောင်း၌ သားများ ရဟန်းခံ၊ ရှင်ပြု အလှူတော် နှစ်ရက်ကျင်းပသည်။ သံဃာတော်များ သင်္ကန်းဒွိစုံနှင့် ငွေပဒေသာပင်များကပ်လှူ၍ သီလရှင်များအား ငွေပဒေသာပင်ကပ်လှူကာ ကြွလာသူ ရဟန်း ရှင် လူ များအား စူဠသောတာပန်စာအုပ်ငယ်များ၊ ပြက္ခဒိန်၊ ဓမ္မစကြာစာရွက်စာတမ်းများ ဓမ္မဒါနအဖြစ်လှူဒါန်းကာ ရေစက်ချပွဲ ကျင်းပပါသည်။

၃။ ၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလတွင် စစ်ကိုင်းတောင်ရိုး ဥမင်သုံးဆယ် အလယ်ဗဟိုရှိ မြတ်စွာ ဘုရားကြီးအား တံငါတော်နှင့်တကွ မှန်စီရွှေချ ပလ္လင်တော်၊ တစ်ကိုယ်လုံး ရွှေသင်္ကန်း ဆက်ကပ်ခြင်း။ [၁၃၄၄ ခုနှစ်တွင် ထာဝရအလှူတော် ခံယူထားခဲ့ပါသည်။] ဘုရားအနေကဇာတင်၊ သံဃာတော်များအား ထီး၊ ဖိနပ်၊ သင်္ကန်းကပ်လှူ၍ ဆွမ်းကျွေး အလှူရေစက်ချခြင်း မင်္ဂလာပွဲ ကျင်းပသည်။

၄။ ၁၉၈၄ ခုနှစ်၊ ဧပြီလတွင် ဝဲကျွန်းတဂူသိမ်တော်ကြီးအတွင်း အမိအဖများ လှူဒါန်းပူဇော် ထားခဲ့သော လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား ပလ္လင်တော်နှင့်တကွ မှန်စီရွှေချပြီး ထာဝရ အလှူတော်အဖြစ်တာဝန်ယူ လှူဒါန်းခဲ့ပါသည်။

၅။ ၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဇလွန်းရွာ အရှေ့ကျောင်းရှိ အရိုးတိုက်သိမ်ဘုရားအား အမိုးအကာမှ စ၍ ပျက်စီးယိုယွင်းနေသမျှ အားလုံးအားပြင်ဆင်ခြင်း၊ မြတ်စွာဘုရားနှင့် ပလ္လင်တော် တံဂဲတို့အား ရွှေသက်န်းကပ်လှူခြင်း၊ ဆရာတော်ကြီးများအား ဆွမ်းကပ်လှူပြီး ကြွလာပရိသတ် များအား ကျွေးမွေးလှူဒါန်းကာ ဘုရားအနေကဇာတင် ရေစက်ချ အမျှဝေ သာခုခေါ်ပွဲကြီး ကျင်းပသည်။

၆။ ၁၉၈၉ ခုနှစ်၊ ဧပြီလတွင် ယောသီတာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက်၌ ကိုယ်တိုင်နှင့် သားများကို ပဓာနနာယက ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ယောသိတာဘိဝံသ ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ ရေစက်ချ အမျှပေးဝေပွဲကြီး (၂)ရက်ကျင်းပပြီး အနာဂန္ထဝင် ကျမ်းစာအုပ်လှူဒါန်းခဲ့ပါသည်။

၇။ ၁၉၉၉ ခုနှစ်၊ မတ်လတွင် မူလပရိယတ္တိကျောက်ရပ်ကျောင်းကြီး ကျောက်ရပ်ရွာ၌ ကြီးပွားရေးမိသားစုကြီး၏ ရွှေရတုမင်္ဂလာ ပိဋကတ်သုံးပုံ၊ သိက္ခာတော်ထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်ပွဲကြီး (၂)ရက်ကျင်းပ၊ ပိဋကတ်သုံးပုံလျှင် မှန်ဘီရိုတစ်လုံး၊ ကားတစ်စီး၊ စုစုပေါင်း ကားသုံးစီးတွင် သုံးစုံတင်၍ သိက္ခာထပ် ဆရာတော်ကြီးများ၊ ရဟန်းလောင်းများ၊ ရှင်လောင်း၊ သီလရှင်လောင်းများပါ ကားတစ်စီးလျှင် တစ်ပါးစီ၊ ကားတန်းကြီးစီလျက် လူပရိသတ်များက ကားကိုယ်စီဖြင့် မြို့တစ်ပတ်လှည့် ပူဇော်ခံပြီး၊ တန်ခိုးကြီး ဘုရားများ လိုက်လံဖူးမြော်၍ ဒုတိယနေ့ တရားတော်နာ ရေစက်ချ သာခုခေါ်ပွဲကြီးကျင်းပပြီးဆုံး။ တစ်နာရီခန့်အကြာ အလှူ မဏ္ဍပ်များဖျက်အပြီး ညနေ (၄)နာရီခန့်တွင် လက်သန်းဖျားအရွယ်ရှိ မိုးသီးမိုးပေါက်များ ဒလကြမ်းကျကာ သဲသဲမဲမဲ ရွာသည့် တပေါင်းလပြည့် မိုးထူးဆန်းပါဘိ တပေါင်းလပြည့် ဖြစ်ပါသည်။

၈။ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် မျှော်ရစ်ဆံတော်ရှင် ဘုရားကြီးအား အနေကဇာတင်ခြင်း၊ ဂန္ဓကုဋိတိုက်တော်ကြီး၏

အပြင်ဘက် (၄)မျက်နှာနှင့် အနောက်ဘက်အနန္တဇိန ဘုရားသိမ်တော် အပြင်ဘက်၊ မြောက်ဘက်မျက်နှာစာ၌ ကြွေပြားများ ကပ်လှူခြင်း၊ မီးလုံး၊ မီးချောင်း၊ မီးပဒေသာ၊ မီးစကြာများ အတွင်းအပြင် တပ်ဆင်ပူဇော်ခြင်း၊ ဆရာတော် ကြီးများ၊ သီလရှင်များအား သင်္ကန်းဒွိစုံ၊ ငွေပဒေသာပင် ဆက်ကပ်၊ ဆွမ်းဆက်ကပ်လှူဒါန်းကျွေးမွေး၊ တရား တော်နာ ရေစက်ချ လှူဒါန်းခဲ့ပါသည်။

၉။ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလတွင် ယောသိတာရာမ ပါဠိ တက္ကသိုလ်ကျောင်းတိုက်ကြီး၌ ယနေ့ယခု ကျင်းပသော အလှူတော်ကြီးသည် မွေးနေ့၊ မွေးရက်၊ မွေးလ အလွန် တိုက်ဆိုင်ခဲ့ လှသော ဦးတိုးစိန် + ဒေါ်လှ (ကြီးပွားရေးမိသားစု)၏ စိန်ရတုသဘင် မွေးနေ့အလှူတော်ကြီး ဖြစ်ပါသည်။ ကထိန်ခင်း၊ သိက္ခာတော်ထပ် ဆရာတော်ကြီး (၅)ပါး၊ ရဟန်းဘောင်ဝင် (၄)ပါး၊ ရှင်သာမဏေ (၇)ပါး၊ သီလရှင် (၃)ပါးတို့အား သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှင့်ပြီး ပင့်သံဃာတော် (၁၂၀)ပါး ပဒေသာပင် ၁၀၀၀ဝိ/-စီ၊ သီလရှင် (၅၀)ပါး ပဒေသာပင် ၅၀၀ဝိ/-စီ၊ တိုက်အတွင်းရှိ စာချ၊ စာသင်သံဃာများ၊ ရှင်သာမဏေများကို တစ်ပါး ၅၀၀ဝိ/- နှင့် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်မှအစ သင်္ကန်းဒွိစုံ၊ ထီး၊ ဖိနပ်၊ ယပ်၊ ဆွမ်းဆန်တော်အိတ်၊ ဆွဲခြင်းနှင့် ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်၍ ဆွမ်းဘောဇဉ် စသည်တို့ကို ကျွေးမွေးလှူဒါန်းပြီး "ကိုးဌာနပဒေသာပင် စိုက်ထူ" ရေစက်ချ အလှူတော်ပွဲကြီး ဖြစ်ပါသည်။

### "၉-ဌာနအလှူတော်"

(၁) ရွှေတောင်စားစေတီတော် ရွှေသင်္ကန်း ကပ်လှူ ရန်ပုံငွေ ငွေပဒေသာပင် - ၁၀၀၀၀ဝိ/-

(၂) ယောသိတာရာမပါဠိတက္ကသိုလ် ကျောင်းတိုက် ဆွမ်းပဒေသာပင် - ၁၀၀၀၀ဝိ/-

(၃) ဇေယျဝတီစာသင်တိုက် ဆွမ်းပဒေသာပင် - ၁၀၀၀၀ဝိ/-

(၄) ရတနာမာန်အောင် သီလရှင်စာသင်တိုက် - ၁၀၀၀၀ဝိ/-
ဆွမ်းပဒေသာပင်

(၅) အ. ထ. က (၁) ကျောင်းရန်ပုံငွေ - ၁၀၀၀၀ဝိ/-

(၆) အ. ထ. က (၂) ကျောင်းရန်ပုံငွေ - ၁၀၀၀၀ဝိ/-

(၇) အ. ထ. က (၃) ကျောင်းရန်ပုံငွေ - ၁၀၀၀၀ဝိ/-

(၈) အ. ထ. က (၄) ကျောင်းရန်ပုံငွေ - ၁၀၀၀၀ဝိ/-

(၉) ပြည်သူ့ဆေးရုံကြီးဆေးပဒေသာပင် - ၁၀၀၀၀ဝိ/-

အသီးသီး လှူဒါန်းခဲ့ပါသည်။

၁၀။ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လတွင် ကျောက်ရပ်၊ သန္တိသုခ ဓမ္မာရုံကြီး၊ ဘုရားခန်း အတွင်း၌ ဉာဏ်တော် (၃၆)လက်မ၊ ထိုင်တော်မူ ကြေးသွန်းဘုရား၊ ရွှေပလ္လင်၊ ရွှေတံဂဲတော်၊ ဘုရားကို မန္တလေးမြို့မှ သွားရောက် ပင့်ဆောင်ခဲ့ပြီး မှန်လုံအခန်းတံခါးကြီးများနှင့် ရွှေထီး၊ ထီးဖြူ ယပ်၊ အသုံးအဆောင် သပိတ်၊ သက်န်း၊ မီးလုံး၊ မီးချောင်း၊ မီးစကြာ၊ မီးပဒေသာ၊ မီးဆိုင်းများနှင့်တကွ ကြည်ညိုဖွယ်ရာ အဖြာဖြာတို့ကို တာဝန်ယူ လှူဒါန်း ပူဇော်ခဲ့ပါသည်။

၁၁။ ဆက်လက်၍ ၎င်းနှစ်တွင်ပင် အများစုပေါင်း လှူဒါန်းလာခဲ့သော ကျောက်ရပ်ရွာ မူလပရိယတ္တိကျောင်းကြီး၏ "မဟာသန္တိသုခ ဓမ္မဗိမာန်တော်ကြီး" ၌ ကြီးပွားရေးမိသားစုတို့သည် အတွင်းအပြင် နံရံကြွေပြားများကပ်ခြင်း၊ အခင်းကြွေပြားများကို အပြင်ရော အတွင်းပါ ခင်းခြင်း၊ မျက်နှာစာအဝင် သံဘာဂျာတံခါးကြီးတစ်ပေါက်၊ အဖီ မျက်နှာကျက်နှင့် မီးချောင်းများ၊ လေကား စတီးလက်ရမ်းများ လှူဒါန်း တပ်ဆင်ခြင်း၊ **ဓမ္မာရုံဖွင့်ပွဲ** သက္ကရာဇ် ၂၀၀၇ ခုနှစ် တန်ခူးလပြည့်နေ့တွင် ကျင်းပပြုလုပ်သော "ဓမ္မဗိမာန်တော်ကြီး" ၌ သံဃာတော်များအား လှူဒါန်းရာတွင် ကျပ် ၁၀၀၀၀ဝိ/- (တစ်သိန်း) ပါဝင်လှူဒါန်းပါသည်။

၁၂။ ၎င်းကျောင်းတိုက်ကြီးဝင်းအတွင်းရှိ ပျက်စီးယိုယွင်းနေသော "သမုတ်သိမ်တော်ကြီး" နှင့် ကြေးဆင်းတုတော်၊ ရွှေပလ္လင်တံဂံပါ ရွှေသင်္ကန်း ကပ်လှူခြင်း၊ လုံခြုံရေးအတွက် ပြတင်းပေါက်နှင့် အဝင်အထွက် တံခါးကြီးများပါ သံဘာဂျာတံခါးများ တပ်ဆင်ကာ ထာဝရ အလှူတော်အဖြစ်ဖြင့် ခံယူလှူဒါန်းပါသည်။

ရွှေထီးတော်၊ ရွှေယပ်တော်၊ ထီးဖြူတော်၊ မီးလုံး၊ မီးချောင်း၊ မီးစကြာ၊ သင်္ကန်း၊ မြသပိတ်တော်၊ ပရိက္ခရာစုံ လှူဒါန်းပါသည်။

သမုတ်သိမ် သံဃာတော်များ အဝင်အထွက် သိမ်လောင်းလှူ ကြွရာလမ်းကို သမံတလင်းခင်း လှူဒါန်းပါသည်။

၁၃။ ထားဝယ်မြို့၊ ဆင်ဆိပ်ရပ် ရေးလမ်းသွယ် တစ်ဖာလုံခန့်ရှိ ခာင်ဆိပ်ကျောင်းသစ်သို့ အဝင်လမ်း (မြေနီလမ်း)ကို ဝယ်ယူ လှူဒါန်းခဲ့ပါသည်။

၁၄။ ထားဝယ်မြို့မှ (၁၈)မိုင်ဝေးသော မျှော်ရစ်ဆံတော်ရှင်ဘုရားသို့ အဝင်လမ်း အသစ်ပြန်လည်တည်ဆောက်ရာတွင် သံကူကွန်ကရစ်ခင်း ပင်လယ်ကူး တံတားသစ်ကြီးတွင် "တိုင်တစ်ခွင် အပြီးအပြီမ်း" ကျပ် ၅၅၀၀၀၀/- (ငါးသိန်းငါးသောင်းကျပ်တိတိ) လှူဒါန်းခဲ့ပါသည်။

၁၅။ **ကွန်ကရစ်တိုင်ရှည်နှစ်လုံး လှူဒါန်းခြင်း**

ထားဝယ်မြို့၊ကရပ်ပြင်တောင်ရပ်၊ရတနာမာန်အောင်သီလရှင်စာသင်တိုက်တိုးချဲ့သုံးထပ်တိုက်ဆောက်လုပ်ရာတွင်ကျပ်၉၅၀၀၀၀/- (ကျပ်ကိုးသိန်းငါးသောင်းကျပ်တိတိ)ကိုလှူဒါန်းခဲ့ပါသည်။

၁၆။ **ဘုရား၊ ဘုရားခန်း ပူဇော်လှူဒါန်းခြင်း**

ဆောက်လုပ်ဆဲရှိသော တနင်္သာရီတိုင်း၊ ပိတောက်ရွှေဝါ ရပ်ကွက်၊ ဆရာတော် ဦးပဏ္ဍိတ၊ ဝနဝါသီကျောင်းတိုက်၊ ရွှေမင်းဝံ၊ ကော့သောင်းမြို့ရှိ သုံးထပ် ဓမ္မဗိမာန်သိမ်တော်ကြီးတွင် ပူဇော်ထားရှိရန်

ကြေးသွန်းဘုရား ဉာဏ်တော် (၃)ပေ၊ ရွှေပလ္လင်၊ ရွှေတံငါ၊ ထီးဖြူ၊ ရွှေထီး၊ ရွှေယပ်၊ သက်န်းပရိက္ခရာ၊ မြသပိတ်တော်၊ မီးစကြာ၊ မီးလုံး၊ မီးချောင်း၊ ဘုရားခန်းကို မှန်စီရွှေချ။ ကြွေပြားခင်း၊ မျက်နှာကျက် ကျောက်ပြားကပ်၊ မှန်လုံတံခါး၊ သံဘာဂျာတံခါး စသည်တို့ကို တာဝန်ယူ လှူဒါန်းပါသည်။

## ၁၇။ ဆုတောင်းအမျှဝေ

ဘဝတစ်လျှောက် ဤလှူဒါန်းလာမှု အစုစုနှင့် (၁) ဆရာကြီး ရွှေဝယ်ဇ (ယခုကွယ်လွန်ပြီး) ရေးသားပေး၍ ထုတ်ဝေဖြန့်ချိရသော ထားဝယ်ရာဇဝင်သမိုင်းတော်ကြီး ပထမအကြိမ်ကို ကောဇာသက္ကရာဇ် ၁၃၃၆-ခု တစ်ကြိမ်၊ ယခု (၂) ကောဇာသက္ကရာဇ် ၁၃၆၇-ခုတွင် ဖြန့်ချိမည့် ဒုတိယအကြိမ်ထုတ် ထားဝယ်ရာဇဝင်သမိုင်းတော်ကြီးတို့ကို လှူဒါန်းရသော ဒါနကောင်းမှုကံစေတနာ၊ ကျင့်သုံးဆောက်တည် အပ်သော သီလကောင်းမှုကံစေတနာ၊ ပွားများအပ်သော သမထ ဝိပဿနာ၊ ဘာဝနာ ကောင်းမှုကံ စေတနာတို့ကြောင့် ဘုရား တပည့်တော်နှင့် မိသားစုတို့သည် အိုခြင်းကင်းရာ၊ နာခြင်းကင်းရာ၊ သေခြင်းကင်းရာ အပါယ်အစရှိသော ဆင်းရဲဒုက္ခတို့မှ ကင်းလွတ် ငြိမ်းချမ်းရာဖြစ်သော မြတ်နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရပါလို၏။ ယခု ဘဝမှစ၍ နောင်ဖြစ်လေရာ ဘဝတိုင်း၊ ဘဝတိုင်း ကောက်ကျစ်စဉ်းလဲ၊ မနာလိုဝန်တို မသူတော်တို့နှင့် ကင်းဝေး၍ ကာယဒုက္ခ၊ စိတ္တဒုက္ခ ကင်းဝေးရာ၊ သူတော်ကောင်း သူမြတ်လောင်းများနှင့် ပေါင်းဖော်ရ၍ အလိုရှိအပ်၊ တောင့်တအပ်သော မင်္ဂလာတို့နှင့် ပြည့်စုံပြီးလျှင် နိဗ္ဗာန် ရောက်ကြောင်း ကောင်းမှုတို့ကို ဆထက်တန်ပိုး ပွားများအားထုတ် နိုင်သည် ဖြစ်ရပါလိုကုန်၏။

ဤကောင်းမှုအဖို့ဘာဂကို . . .

နှစ်ဖက်သော မိခင်၊ ဖခင် ကျေးဇူးရှင်တို့အားလည်းကောင်း၊ ဆရာသမားတို့အားလည်းကောင်း၊ ဆွေမျိုးဉာတိ မိတ်သင်္ဂဟအပေါင်း တို့အားလည်းကောင်း၊

ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အိမ်စောင့်နတ်၊ ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ သိကြားမင်း၊ ယမမင်း၊ စတုလောကပါလနတ်မင်း အစရှိသော နတ်ကောင်းနတ်မြတ်၊ နတ်အပေါင်းတို့အားလည်းကောင်း၊

ကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အားလည်းကောင်း၊ အမျှပေးဝေပါကုန်၏။

ကျွန်ုပ်တို့နှင့်အတူတကွ ထပ်တူထပ်မျှ ပတ္တိဒါန၊ ပတ္တာဒါန၊ အမျှရကြ၍ ဝမ်းမြောက်ဝမ်းသာ ပီတိဖြာလျက် သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။

(အမျှ . . . အမျှ . . . အမျှ ယူတော်မူကြပါကုန်လော့)

( သာဓု . . . သာဓု . . . သာဓု )